မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက် ၂၀၁၅ ခုနှစ်၊ ဧပြီ ၂၀ ရက်၊ တနင်္လာနေ့ အတွဲ [၅၄]၊ အမှတ် [၁၉၇]

ဝီရိယနှင့် ဆန္ဒအကျိုး

ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။

ဝီရိယရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။

ဆန္ဒရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

(မူလဋီ၊ ၃၊ ၁၆၉။)

မြန်မာ့လက်မှု လုပ်ငန်း ဈေးကွက် ချဲ့ထွင်နိုင်ရေး ကြိုးပမ်းမည်

သတင်း၊ စာမျက်နှာ-၁၀

ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံရှိ မြန်မာ့လက်မှုပညာ ယွန်းထည်လုပ်ငန်းတစ်ခုတွင် ယွန်းထည်များပြုလုပ်နေသည်ကို ဤသို့တွေ့ရသည်။ ဓာတ်ပုံ-ကျော်သူဝင်း

မန္တလေး၊ မကွေးနှင့် ရှမ်းပြည်နယ်တို့တွင် လေပြင်းများ တိုက်ခတ်

နေပြည်တော် ဧပြီ ၁၉

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်း ဧပြီ ၁၈ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ ခန့်က မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် အောက်တောင်ကိုင်းကျေးရွာ အမှတ် ၉၄ အခြေခံပညာ အလယ်တန်းကျောင်းခွဲရှိ သွပ်မိုး၊ အုတ်ကာ တစ်ထပ် ၁၂ ခန်းတွဲ ကျောင်းဆောင်ဟောင်းမှ (၉×၃၉) ပေ စာသင်ခန်းနှစ်ခန်းနှင့် ဆရာ၊ ဆရာမများနားနေခန်း

စာမျက်နှာ ၅ ကော်လံ ၁ ❍

တာချီလိတ်မြို့နယ် မိုင်းဖုန်း (ခ) ကျေးရွာအုပ်စု ဇော်လေလန် ကျေးရွာတွင် လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်ကြီးများပြိုလဲရာ ပြည်သူများ ဝိုင်းဝန်းခုတ်ထွင်ရှင်းလင်းစဉ်။

ဓာတ်ပုံ-မောင်ယဉ်ကျေး

ယနေ့ မာတိကာ

ရုရှားဆိုက်ဘာ တိုက်ခိုက်သူများက အမျိုးအမည်မသိ နည်းပညာသုံး၍ အချက်အလက် ဖောက်ထွင်းမှုများ ကျူးလွန် *စာမျက်နှာ-၄*

ကျောက်ပန်းတောင်း မြို့နယ် ဖက်တောရေ ကျေးရွာ၌ ဝမ်းပျက် ဝမ်းလျှောရောဂါ ဖြစ်ပွား ဘုန်းတော်ကြီးကျောင်း တွင် ယာယီဆေးခန်း ဖွင့်လှစ်ကာ ကျန်းမာရေး စောင့်ရှောက်မှု ပေးလျက်ရှိ *စာမျက်နှာ-၈*

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပြုဖွယ်

လွန်ခဲ့သည့်မတ်လက စတင်ကာ မြန်မာနိုင်ငံတစ်ဝန်း ခရမ်းလွန်ရောင်ခြည်ကျရောက်မှု အညွှန်းကိန်းသည် သိသိသာသာ တိုးလာလျက်ရှိရာ ခရမ်းလွန်ရောင်ခြည်ကြောင့် ဘေးအန္တရာယ် မဖြစ်ပွားရေး ကျန်းမာရေးပညာရှင်များက သတိပေးနှိုးဆော်လျက်ရှိပါသည်။ နေ၏ပူပြင်းလှသော အပူရှိန်နှင့်အတူ ခရမ်းလွန်ရောင်ခြည်ကျရောက်ခြင်းကြောင့် နေလောင်ခြင်း၊ အသားအရောင်ညိုလာခြင်းဖြစ်ပြီး ထိတွေ့မှုကြာလာသည့်အခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများအိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်းနှင့် အရေပြားကင်ဆာဖြစ်ခြင်း စသော ရောဂါများဖြစ်ပွားနိုင်ပါသည်။

ပူပြင်းသောနေရောင်ခြည်ကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း အလုပ်လုပ်ကိုင်သူများ၊ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားသူများနှင့် ကလေးငယ်များအား သတိပြုသွားလာနေထိုင်ကြရန် ကျန်းမာရေးဝန်ကြီးဌာနက သတိပေးနှိုးဆော်လျက်ရှိပါသည်။ ပူပြင်းသော နေရောင်ခြည်အောက်တွင် အလုပ်လုပ်ကြရသူများအနေဖြင့် မိမိတို့၏ အသားအရေကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့နိုင်အောင် ကာကွယ်ထားသင့်ပါသည်။ နေရောင်ခြည်အောက်တွင် မဖြစ်မနေသွားလာလုပ်ကိုင်ကြသူများအနေဖြင့် မျက်နှာ၊ လည်ပင်း၊ ပခုံးတို့ကိုပါ လုံခြုံသောဦးထုပ်၊ ထီး၊ အင်္ကျီလက်ရှည်များ ဝတ်ဆင်ထားသင့်သည်။ နေရောင်ခြည်နှင့်ထိတွေ့နိုင်သော နေရာများတွင် သနပ်ခါးထူထူလိမ်းထားသင့်သည်။ သို့မဟုတ် နေရောင်ခံလိမ်းဆေးများကို နေပူထဲမထွက်မီ ကြိုတင်၍လိမ်းထားသင့်သည်။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိထိခိုက်နိုင်သဖြင့် နေပူထဲထွက်သည့်အခါ နေကာမျက်မှန်များလည်း တပ်ဆင်အသုံးပြုသင့်ပါသည်။

ခရမ်းလွန်ရောင်ခြည်သည် လူကြီးများထက် ကလေးငယ်များအား ထိခိုက်မှုအန္တရာယ်ပိုမိုဖြစ်စေနိုင်ပါသည်။ အထူးသဖြင့် အသားဖြူသူများ နေရောင်ခြည်ပူပြင်းစွာ ထိခိုက်ခံရပါက အသားအရေပျက်စီးနိုင်ပါသည်။ သို့ရာတွင် အများစုမှာ ဖြစ်ကာမှဖြစ်ဆိုပြီး နေပူကျဲကျဲတွင် သွားလာလှုပ်ရှားနေတတ်ကြသည်။ ယခုအချိန်သည် အခြားသာမန်အချိန်များနှင့်မတူဘဲ ခရမ်းလွန်ရောင်ခြည်ကျရောက်မှုအမြင့်ဆုံးအနေအထားရှိနေကြောင်း ပညာရှင်များက အသိပေးထားပြီးဖြစ်ပါသည်။ ထိုသို့အသိပေးမှုများကို သတိပြုဆင်ခြင်၍ ရှောင်ကြဉ်နိုင်လျှင် အကောင်းဆုံးဖြစ်ပါသည်။ မကြာသေးသည့်နှစ်များက ကမ္ဘာ့မြေပြင်အထက်ရှိ အိုဇုန်းလွှာမှာ တဖြည်းဖြည်းပါးလာခြင်းကြောင့် နေမှခရမ်းလွန်ရောင်ခြည်ကျရောက်မှု ဧရိယာမှာလည်း ကျယ်ပြန့်လာလျက်ရှိပါသည်။ အထူးသဖြင့် နွေရာသီကာလအတွင်း ခရမ်းလွန်ရောင်ခြည်သည် စိုးရိမ်ရသောအနေအထားဖြင့် ရင်ဆိုင်နေကြရပါသည်။ သို့ပါ၍ ယခုကဲ့သို့ ပူပြင်းသောနွေရာသီကာလအတွင်း ခရမ်းလွန်ရောင်ခြည်ကြောင့် ဆိုးရွားသော ဘေးအန္တရာယ်များ မဖြစ်ပွားစေရေး သတိပြုလိုက်နာ ဆောင်ရွက်သင့်ပါကြောင်း။ ။

စာကြည့်တိုက်တွင် အင်္ဂလိပ်စာသင်တန်းဖွင့်

ရေနံချောင်း ဧပြီ ၁၉

ရေနံချောင်း ညောင်လှရပ်ကွက် အားမာန်စာကြည့်တိုက် ကြီးကြပ်မှုကော်မတီက ကြီးမှူးဖွင့်လှစ်သော စတုတ္ထအကြိမ်မြောက် အင်္ဂလိပ်ဘာသာစကား သင်တန်းဖွင့်ပွဲ အခမ်း အနားကို ယနေ့နံနက်ပိုင်းက အားမာန်စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

သင်တန်းတက်ရောက်လာသော သင်တန်းသားများကို အင်္ဂလိပ်စကားပြော၊ အရေး၊ အဖတ်ကို ကျွမ်းကျင်တတ်မြောက်သည်အထိ သင်ကြားပေးသွားမည်ဟု သင်တန်းနည်းပြဆရာများက ပြောကြားကြောင်း သိရသည်။

သိန်းဇော်

မြန်မာနှစ်ဆန်း ၁ ရက် (ဧပြီ ၁၇ ရက်နေ့)က စာရေးဆရာ/ သတင်းထောက် ပုသိမ်လှကြည် မိသားစုက စတုဒိသာကုသိုလ်အဖြစ် ဆန်၊ ဆီ၊ ဆားအပါအဝင် ကျောင်းသုံးဗလာစာအုပ်များကို ပြည်သူများအား အလှူဒါနပြုနေစဉ်။ ပုသိမ်(လှကြည်)

အာဆီယံနိုင်ငံများ၏ လူကုန်ကူးမှုတိုက်ဖျက်ရေး (၂၈) ကြိမ်မြောက်အစည်းအဝေး ဘရူနိုင်း၌ ကျင်းပမည်

နေပြည်တော် ဧပြီ ၁၉

အာဆီယံနိုင်ငံများ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အထူးတပ်ဖွဲ့၊ တပ်ဖွဲ့မှူးများ၏ (၂၈) ကြိမ်မြောက် အစည်းအဝေးကို ဘရူနိုင်းနိုင်ငံတွင် ဧပြီ ၂၂ ရက်နှင့် ၂၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(၂၆) ကြိမ်မြောက်အစည်းအဝေးကို ၂၀၁၄ ခုနှစ် မတ်လတွင် ဗီယက်နမ်နိုင်ငံ၌လည်းကောင်း၊ (၂၇)ကြိမ်မြောက်အစည်းအဝေးကို ၂၀၁၄ ခုနှစ် ဇွန်လတွင် ဘရူနိုင်းနိုင်ငံ၌ လည်းကောင်း ကျင်းပခဲ့ပြီးဖြစ်သည်။ ထိုအစည်းအဝေးတွင် ဗီယက်နမ်နိုင်ငံမှ ဘရူနိုင်းနိုင်ငံသို့ အလှည့်ကျသဘာပတိတာဝန် လွှဲပြောင်းပေးခဲ့သည်။

ယခုကျင်းပမည့် အစည်းအဝေးတွင်ဘရူနိုင်းနိုင်ငံမှ အလှည့်ကျသဘာပတိအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။

HSU Work Plan ၂၀၁၄-၂၀၁၅ ကို (၂၆)ကြိမ်မြောက် အစည်းအဝေးက အတည်ပြုခဲ့ကြသည်။ ထိုလုပ်ငန်းအစီအမံတွင် လူကုန်ကူးခံရသူများကို စိစစ်ခြင်းနှင့် အန္တရာယ်ကင်းရှင်းစေခြင်း၊ သံသယရှိသူကို စိစစ်ခြင်း၊နယ်စပ်ဖြတ်ကျော်ပူးပေါင်းစုံစမ်းစစ်ဆေးခြင်း၊ ပြည်တွင်းအချက်အလက်များ စုဆောင်းမှုစနစ်ထူထောင်ခြင်းနှင့် တပ်ဖွဲ့မှူးများအချင်းချင်း ဆက်သွယ်မှုနည်းလမ်းကျင့်သုံးခြင်းတို့ ပါဝင်ကြသည်။

လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံနိုင်ငံကွန်ဗင်းရှင်း (ASEAN Convention on Trafficking in Persons) နှင့် ဒေသတွင်းလုပ်ငန်းစီမံချက် (Regional Plan of Action) များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဟု ယခင်ဆွေးနွေးပွဲများက သဘောတူညီထားသည်။

HSU Process ကို ၂၀၀၄ ခုနှစ် ဧပြီလက စတင်ထူထောင်ခဲ့ကြသည်။ ၂၀၁၀ ပြည့်နှစ်ကတည်းက နယ်စပ်ဖြတ်ကျော်မှုခင်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ လုပ်ငန်းအဖွဲ့၊ ဦးဆောင်မှုအောက်တွင် လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းများကို အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်ထွန်းနှင့်အဖွဲ့ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

လျှပ်စစ်ဆိုလာမီးဖြင့် ရွာလုံးကျွတ်မီးလင်း

နေပြည်တော် ဧပြီ ၁၉

နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ဒက္ခိဏသီရိမြို့နယ် ကူနှစ်လုံးဆည်စုကျေးရွာအုပ်စု ဆည်စုကျေးရွာ (အ. မ. က မူလွန်)တွင် ပိတောက်ကုန်းကျေးရွာ၊ ဆည်စုကျေးရွာနှင့် သာယာစုကျေးရွာ သုံးရွာအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီ ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လျှပ်စစ်ဆိုလာမီး ရွာလုံးကျွတ်ပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၁၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ကိုကိုရူပ(နေပြည်တော်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၉-၄-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၈၆၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၄၆၁၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၈၆၅၀၀

စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၅
ဒီဇယ်	တစ်လီတာ	ကျပ် ၆၈၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၆၄၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၉၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၁၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၄၈၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၅၀၀-၃၇၀၀
၃။	ငါးရံ့	တစ်ပိဿာ	၄၅၀၀-၆၈၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၄၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၇၀၀၀-၃၃၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၆၅၀၀-၁၄၅၀၀
၈။	ကြက်	တစ်ပိဿာ	၄၅၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၀၀၀-၈၅၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၁၂၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၃၀၀၀-၁၈၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၄၂၀၀-၉၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၁၀၈၃-၁၀၈၆
ဥရောပ	တစ်ယူရို	၁၂၂၀-၁၂၃၅
စင်ကာပူ	တစ်ဒေါ်လာ	၇၈၀-၇၈၂
ထိုင်း	တစ်ဘတ်	၃၀.၅-၃၂
အိန္ဒိယ	တစ်ရူပီး	၁၅.၇-၁၆.၃
တရုတ်	တစ်ယွမ်	၁၆၅-၁၇၀
မလေးရှား	တစ်ရင်းဂစ်	၃၃၀-၃၄၃

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။

လျှပ်စစ်ဓာတ်အားသုံးလျှင်

- ဟောင်းနွမ်းနေသည့် လျှပ်စစ်ကြိုးများကို လဲလှယ်ပေးပါ။
- လျှပ်စစ်ဒဏ်ခံကြိုး (Fuse)များကို ခံနိုင်သည်ထက် ပိုမထည့်ပါနှင့်။
- လျှပ်စစ်မီးဖို၊ မီးပူများကို သုံးစွဲပြီးလျှင်(သို့မဟုတ်) လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားပါ။
- လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်လျှင် ပင်မခလုတ်ကို ပိတ်ပြီး ခြောက်သွေ့သောအဝတ်၊ ပိတ်စ စသည်တို့ဖြင့် ရိုက်ပုတ်၊ ဖုံးအုပ်ငြိမ်းသတ်ပါ။
- လျှပ်စစ်ဝိုင်ယာကြိုးများကို ခံနိုင်ဝန်အားထက် ပိုမသုံးပါနှင့်။
- ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးပါနှင့်။

ရေစကြိုမြို့နယ် ရှင်မတောင်-ကံပေါက်မှ မြိုင်မြို့နယ်သို့ ကျေးရွာချင်းဆက် ကုန်ထုတ်လမ်း မြေသားလမ်းဖောက်လုပ်

နေပြည်တော် ဧပြီ ၁၉

ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့်အဖွဲ့သည် ဧပြီ ၁၅ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က ရေစကြိုမြို့နယ် ရှင်မတောင် တောင်တော်သို့ ရောက်ရှိပြီး ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကဝိန္ဒောဘာသအား နဝကမ္မ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရှင်မတောင်စေတီတော်အား ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ရှင်မတောင်-ကံပေါက်မှ မြိုင်မြို့နယ်သို့ဖောက်လုပ်နေသည့် ၁၃ မိုင်အရှည်ရှိ ကျေးရွာချင်းဆက်ကုန်ထုတ်လမ်း မြေသားလမ်းဖောက်လုပ်ပြီးစီးမှုကိုကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများအား လမ်းဘေးဝဲယာ ရေနုတ်မြောင်းများ ဆက်လက်ဖောက်လုပ်ရန် ပုသိမ်-မုံရွာလမ်းမကြီးသို့ ဆက်သွယ်ဖောက်လုပ်မည့် လိုအပ်ချက်များကို မှာကြားသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ဂျာမနီနိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာ

ရန်ကုန် ဧပြီ ၁၉

ပြည်သူ့လွှတ်တော်ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သောင်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံသို့ ဧပြီ ၁၉ ရက်မှ ၃၀ ရက်ထိ လေ့လာရေးခရီး သွားရောက်ရန် ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

မွန်သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၉

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)က ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော(၄၂)ကြိမ်မြောက် မွန်သက်ကြီးပူဇော်ပွဲနှင့် (၁၂)ကြိမ်မြောက် ပညာရည်ချွန် ဆုချီးမြှင့်ပွဲအခမ်းအနားကို ၁၃၇၇ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက် (ဧပြီ ၁၇ ရက် သောကြာနေ့) နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေတိဂုံဘုရာလမ်းရှိ မွန်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (ရန်ကုန်)ဥက္ကဋ္ဌ နိုင်စိုးအောင်က အခမ်းအနားကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အသက် ၇၅ နှစ်နှင့်အထက် ရန်ကုန်မြို့ရောက် မွန်သက်ကြီးဘိုးဘွား ၁၉၁ တို့ကို ဂါရဝပြုငွေနှင့်အတူ အလှူပစ္စည်းများပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့်ထူးချွန်စွာအောင်မြင်ခဲ့ကြသော ငါးဘာသာဂုဏ်ထူးရှင် ငါးဦးအပါအဝင် ဂုဏ်ထူးရ မွန်ကျောင်းသားကျောင်းသူ ၂၁ ဦးတို့ကို ဆုချီးမြှင့်ကြောင်း သိရသည်။

ကိုချစ်

◈ ကျောဖုံးမှ

နေလင်းထွန်း၊ ဝင်းဇင်ဦး၊ တင်ဝင်းအောင်၊ ရဲကိုဦး၊ ဇွန်မိုးအောင်၊ အောင်ကျော်နိုင်၊ သီဟဇော်၊ **ရှေ့တန်း**- သန်းထက်အောင်၊ ကောင်းဆက်နိုင်၊ ချစ်စုမိုးနှင့် ရှိုင်းသူရတို့ ပါဝင်ကြသည်။

ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို မဲခွဲရာတွင် မြန်မာအသင်းသည် အုပ်စု(က)တွင် ပါဝင်ခဲ့ပြီး အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားအသင်းတို့နှင့် နှစ်ကြိမ်ဆက်တွေ့ဆုံခဲ့သည်။

အုပ်စုခွဲဝေမှုအရ အုပ်စု(က)တွင် အိမ်ရှင် စင်ကာပူ၊ အင်ဒိုနီးရှား၊ မြန်မာ၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ အုပ်စု(ခ)တွင် ထိုင်း၊ မလေးရှား၊ ဗီယက်နမ်၊ လာအို၊ ဘရူနိုင်းနှင့် တီမောတို့ပါဝင်ကြသည်။ မြန်မာ ယူ-၂၃ အသင်းသည် ဆီးဂိမ်းမတိုင်မီ ပြည်ပနိုင်ငံများ၌ သွားရောက်လေ့ကျင့်မည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

စာပေမြင့်မှ လူမျိုးတင့်မည်

ကျန်းမာရေးညီညွတ်သည့် ကျေးရွာဖြစ်ရေး နယ်လှည့် ဆေးကုသပေး

ဖာပွန် ဧပြီ ၁၉

ကရင်ပြည်နယ် ဖာပွန်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ ကျန်းမာရေးညီညွတ်စေရေးရည်ရွယ်၍ ဖာပွန်မြို့နယ် ဆရာဝန်ကြီး ဒေါက်တာနေဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ဧပြီ ၁၉ ရက် နံနက် ၈ နာရီတွင် ဖာပွန်မြို့ အမှတ်(၄)ရပ်ကွက်ရှိ ယောကျောင်းအေးသုခဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးကြသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် မြို့ပေါ်ရပ်ကွက်များအပါအဝင် မေနန်းနွယ်ကျေးရွာ၊ ခေါပုတ်ကျေးရွာ၊ မဲဝါကျေးရွာများရှိ တိုင်းရင်းသားပြည်သူ ၁၅၆ ဦးကို အခမဲ့ဆေးဝါးများကုသပေးပြီး အိမ်ထောင်စု ၂၀၀ အတွက် ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သိန်းစိုးမြင့်

သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ (၂၉) ရပ်ကွက်လုံးဆိုင်ရာ တတိယအကြိမ်မြောက် အသက် (၈၀)နှစ်အထက် ဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကို ဧပြီ ၁၉ ရက် နံနက် ၈ နာရီက ရပ်ကွက်ရုံးရှေ့စင်မြင့်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်နှင့်ဇနီး၊ မြို့နယ်ဖွံ့ဖြိုးရေးဥက္ကဋ္ဌ ဦးခင်ဝေ၊ (၂၉) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက အဘိုးအဘွား ၂၃၃ ဦးတို့အား ဂါရဝပြု လှူဒါန်းငွေစုစုပေါင်း ငွေကျပ်သိန်း ၂၀ ကျော်တို့ဖြင့် ပူဇော် ကန်တော့ကြစဉ်။

တင်ကြည်(သဃ်န်းကျွန်း)

နွေရာသီ ဂေါက်သီးရိုက်အားကစားနည်း အခြေခံသင်တန်း ကျင်းပပြီးစီး

ရန်ကုန် ဧပြီ ၁၉

အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော နွေရာသီဂေါက်သီးရိုက် အားကစားနည်း အခြေခံသင်တန်း အမှတ်စဉ်(၇)ကို ရန်ကုန်မြို့ ကျောက်ရေတွင်းရှိ မြန်မာဂေါက်သီးလေ့ကျင့်ရေးကွင်း၌ မတ် ၂၃ ရက်မှ ဧပြီ ၁၀ ရက်အထိ ဖွင့်လှစ်ခဲ့ရာ အခြေခံပညာကျောင်းများမှ သင်တန်းသား ၁၇ ဦး တက်ရောက်ခဲ့ကြပြီး HAN Golf Academy မှ သင်တန်းနည်းပြဆရာများက လက်တွေ့သင်ကြားပို့ချပေးခဲ့သည်။

သင်တန်းဆင်းပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဧပြီ ၁၀ ရက် နံနက်ပိုင်းကကျင်းပရာ HAN Golf Masters Pte.,Ltd မှ CEO ဦးချမ်းဟန်က အမှာစကားပြောကြားပြီး ဆုများနှင့် အမှတ်တရပစ္စည်းများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ သင်တန်းသားများ၏ မိဘများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဖိုးသော်ဇင်

ဖာပွန်မြို့နယ်၌ သက်ကြီးပူဇော်ပွဲနှင့် ခုနစ်ရက်တရားစခန်းဖွင့်

ဖာပွန် ဧပြီ ၁၉

ကရင်ပြည်နယ် ဖာပွန်မြို့နယ်တွင် သင်္ကြန်ဖြစ်မြောက်ရေးကော်မတီက ကြီးမှူးကျင်းပသော သက်ကြီးပူဇော်ကန်တော့ပွဲအခမ်းအနားကို ဧပြီ ၁၇ ရက် နံနက် ၈နာရီက အမှတ် (၂)ရပ်ကွက် မြို့မရွှေကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဖာပွန်မြို့နယ်အတွင်းရှိ သက်ကြီးအဘိုးအဘွား ၈၆ ဦးကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးစိုင်းသန်းနိုင်နှင့် ဦးစောထွန်းမြအောင်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးဦးဆန်းဦး၊ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များက လှူဖွယ်ပစ္စည်းများနှင့် အလှူငွေ များဖြင့် ပူဇော်ကန်တော့ကြသည်။

အလားတူ ဖာပွန်မြို့ ဝေလုဝန်ကျောင်းတိုက်ဆရာတော် ဦးစန္ဒိယ ဦးစီးဆောင်ရွက်သော ဧပြီ ၁၂ ရက်မှ ၁၈ ရက်အထိ (၇) ရက် တရားစခန်း ဖွင့်လှစ်ရာ သင်္ကြန်ကာလ သာသနာ့ဘောင်သို့ ဝင်ရောက်လာသော သီလရှင် အပါး ၇၁ ပါးနှင့် လူယောဂီ ၁၈၀ တို့က နိဗ္ဗာန်ရောက်ကြောင်း တရားများ ကျင့်ကြံအားထုတ်ကြကြောင်း သိရသည်။

သိန်းစိုးမြင့်

အထက်ပိုင်းဒေသများ မိုးထစ်ချုန်းရွာမည်

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ ယနေ့ လှိုင်းအသင့်အတင့်ရှိမည်။
နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်အတွက် မနက်ဖြန်ညနေအထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မနက်ဖြန်ညနေအထိ ခန့်မှန်းချက်မှာ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။
မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

ဂါဇာကမ်းမြောင်ဒေသရှိ ဥမင်လိုဏ်ခေါင်းများ အီဂျစ်တပ်ဖွဲ့ဝင်များဖြိုချ

ကိုင်ရို ဧပြီ ၁၉

အီဂျစ်တပ်ဖွဲ့ဝင်များက ဂါဇာကမ်းမြောင်ဒေသနယ်စပ်ရှိ ဒါဇင်ပေါင်းများစွာသော ဥမင်လိုဏ်ခေါင်းများကို ဖြိုချဖျက်ဆီးလိုက်ကြောင်း တာဝန်ရှိသူများက ပြောသည်။

လွန်ခဲ့သော ရှစ်နှစ်ကာလက အစ္စရေး၏ ပိတ်ဆို့မှုကို ခံနေရသည့် ဂါဇာကမ်းမြောင်ဒေသသည် ဥမင်လိုဏ်ခေါင်းများကို အသုံးပြုပြီး စားနပ်ရိက္ခာများတင်သွင်းခဲ့ရသည်။ ဆိုင်းနိုင်းကျွန်းဆွယ် အီဂျစ်ကင်းလှည့်တပ်ဖွဲ့ဝင်များက မတ် ၂၈ ရက်မှ ဧပြီ ၁၅ ရက်အထိ မြေအောက်ဥမင်လိုဏ်ခေါင်း ၆၉ ခုကို ဖြိုချဖျက်ဆီးနိုင်ခဲ့ကြောင်း အီဂျစ်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ မိုဟာမက်ဆာမီယာက စနေနေ့က ဖေ့စ်ဘွတ်ခ်တွင် ရေးသားဖော်ပြသည်။

အဆိုပါ မြေအောက်ဥမင်လိုဏ်ခေါင်းများကို တွေ့ရှိခဲ့ပြီးနောက် စစ်ဘက်အင်ဂျင်နီယာများက ဖြိုချခဲ့ခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူ စစ်ဘက်တာဝန်ရှိသူများက ပြောသည်။

ယခုလအစောပိုင်းတွင် အီဂျစ်သမ္မတအယ်လ်စီစီက ဂါဇာကမ်းမြောင်ဒေသရှိ နယ်စပ်ဥမင်များကို ရှာဖွေဖြိုဖျက်ပစ်ရန် အမိန့်တစ်ရပ်ထုတ်ပြန်ခဲ့သည်။ ပြည်ပနှင့်ဆက်သွယ်လိုသော ရည်ရွယ်ချက်ဖြင့် အဆိုပါ ဥမင်လိုဏ်ခေါင်းများကို အသုံးပြုပါက အကျဉ်းချထားခြင်းခံရမည် ဖြစ်ကြောင်း ဧပြီ ၂ ရက်တွင် အီဂျစ် သမ္မတက အမိန့်ထုတ်ပြန်ခဲ့သည်။ ယင်းအမိန့်ဒီဂရီအရ ဥမင်လိုဏ်ခေါင်းများကိုအသုံးပြုပြီး ပြည်ပနိုင်ငံနှင့် အဆက်အသွယ်ပြုလုပ်ပါက ထောင်ဒဏ် ၂၅ နှစ်အထိ ချမှတ်ခံရနိုင်သည်ဟု ဆိုသည်။ ပါလက်စတိုင်းတို့သည် ယင်းဥမင်များကို အသုံးပြုပြီး ဂါဇာသို့ မရှိမဖြစ်လိုအပ်သည့် အစားအသောက်နှင့် စက်သုံးဆီများတင်သွင်းလျက်ရှိသည်။ ၂၀၀၇ ခုနှစ်က အစ္စရေးတို့၏ ပိတ်ဆို့မှုကို ခံနေရသော ပါလက်စတိုင်းတို့က ယင်းဥမင်များကို အသုံးပြုနေခြင်း ဖြစ်သည်။ ဂါဇာကမ်းမြောင်ဒေသရှိ လူပေါင်း ၁ ဒသမ ၈ သန်းတို့သည် အစ္စရေးတို့ကဝေဟင်၊ရေပြင်နှင့်ပိုင်နက် နယ်မြေများကို ထိန်းချုပ်ထားသဖြင့် ကမ္ဘာ့အကြီးဆုံး လဟာပြင်အကျဉ်းထောင်ကြီးအတွင်း နေထိုင်နေကြရသည်ဟု ဆိုသည်။ **(ပရက်စ်တီဗွီ)**

အမည်မသိရောဂါကြောင့် နိုင်ဂျီးရီးယားတွင် လူ ၁၈ဦး သေဆုံး

အွန်ဒို ဧပြီ ၁၉

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့တောင်ပိုင်းတွင် လွန်ခဲ့သောရက်များအတွင်း အမည်မသိရောဂါတစ်ခုကြောင့် လူ ၁၈ ဦးထက် မနည်း သေဆုံးခဲ့သည်ဟု အာဏာပိုင်များက ပြောသည်။

အွန်ဒိုပြည်နယ် Ode- Irele မြို့တွင် ယင်းထူးဆန်းသောရောဂါ စတင်ဖြစ်ပွားခဲ့ပြီးနောက် လျင်မြန်စွာ ပျံ့နှံ့ခဲ့သည်။ ရောဂါလက္ခဏာများမှာ အမြင်အာရုံမှုန်ဝါးလာခြင်း၊ ခေါင်းကိုက်ခြင်းနှင့် သတိလစ်ခြင်းတို့ဖြစ်ပြီး ၂၄ နာရီအတွင်း သေဆုံးခဲ့သည်။ ဒေသတွင်း ကျန်းမာရေးအရာရှိများနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းမှ ကျွမ်းကျင်ပညာရှင်များသည် ယခုအခါ အဆိုပါမြို့သို့ ရောက်ရှိပြီး ရောဂါဖော်ထုတ်နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။ အီဘိုလာသို့မဟုတ် အခြားသောဗိုင်းရစ်ပ်ဟု ယခုအချိန်ထိ အတည်ပြုနိုင်ခြင်း မရှိဟု အွန်ဒိုပြည်နယ်အစိုးရ ပြောရေးဆိုခွင့်ရှိသူက AFP သတင်းဌာနသို့ပြောခဲ့သည်။

အဆိုပါ ရောဂါမှာ ထူးဆန်းအံ့ဩဖွယ်ကောင်းသည်ဟု ၎င်းက ပြောခဲ့သည်။ ဧပြီ ၁၃ ရက်မှ ၁၅ ရက်ကြားတွင် ရောဂါလက္ခဏာများ စတင်ဖြစ်ပေါ်ခဲ့သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ပြောရေးဆိုခွင့်ရှိသူ Gregory Hartl က AFP သို့ ပြောခဲ့သည်။ အဆိုပါရောဂါသည် ဗဟိုအာရုံကြောစနစ်ကို ထိခိုက်စေပုံရကြောင်း ပြည်နယ်ကျန်းမာရေးကော်မရှင်နာ ဒေယိုအဒီရန်ဂျူက ပြောခဲ့သည်။ **(ဘီဘီစီ)**

ရုရှားဆိုက်ဘာတိုက်ခိုက်သူများက အမျိုးအမည်မသိနည်းပညာသုံး၍ အချက်အလက်ဖောက်ထွင်းမှုများကျူးလွန်

ဆန်ဖရန်စစ္စကို ဧပြီ ၁၉

အမေရိကန်ပြည်ထောင်စုနှင့် အခြားနေရာများရှိ သံတမန်များကို ပစ်မှတ်ထားကာ ရုရှားဆိုက်ဘာလုံခြုံရေး နည်းပညာဖောက်ထွင်းရေး သူလျှိုလှုပ်ရှားမှုတစ်ရပ်သည် တိုက်ခိုက်လိုသော ကွန်ပျူတာများကို ဖောက်ထွင်းဝင်ရောက်နိုင်ရန် ဆော့ဖ်ဝဲများတွင် အမျိုးအမည်မသိသော နည်းပညာများသုံး၍ တိုက်ခိုက်ခဲ့ကြောင်း လက်ရှိနည်းပညာများကို စောင့်ကြည့်နေသော လုံခြုံရေးဆိုင်ရာ ကုမ္ပဏီတစ်ခုက ဧပြီ ၁၈ ရက်က ပြောကြားသည်။ထင်ရှားသော အမေရိကန်လုံခြုံရေးဆိုင်ရာ ကုမ္ပဏီတစ်ခုဖြစ်သည့် ဖိုင်းယားအိုင်းက ယခုကဲ့သို့ လုပ်ဆောင်ခြင်းသည် ခေတ်မီနည်းပညာများကိုကြည့်ရှုသည့် အဒိုဘီစနစ်တစ်ခုလုံးကို အကျိုးသက်ရောက်မှုရှိစေနိုင်ကြောင်းနှင့် မိုက်ခရိုဆော့ဖ် ဝင်းဒိုးစနစ်များကိုပါ အကျိုးသက်ရောက်မှုရှိနိုင်ကြောင်း ပြောခဲ့သည်။

၎င်းလုပ်ဆောင်ချက်သည် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ကွန်ပျူတာများကို အကြီးအကျယ် ထိခိုက်စေကြောင်း ဆိုသည်။

အခြားအမျိုးတူ နည်းပညာဖောက်ထွင်းရေးသမားများသည် အမျိုးအမည်မသိသော နည်းပညာများသုံး၍ အိမ်ဖြူတော်ရှိ ကွန်ပျူတာများကို ဖောက်ထွင်းဝင်ရောက်ခဲ့သည်ဟု ယုံကြည်ရသည်။

အမေရိကန် လုံခြုံရေးဆိုင်ရာ ကုမ္ပဏီတစ်ခုဖြစ်သည့် ဖိုင်းယားအိုင်းသည် ဆိုက်ဘာတိုက်ခိုက်မှုများကို အတည်ပြုရန် ဖောက်ထွင်းခံရသော အေဂျင်စီများကို ကူညီလျက်ရှိသည်။ သို့သော် အိမ်ဖြူတော်ကို ဆိုက်ဘာသူလျှိုတိုက်ခိုက်သူနှင့် နိုင်ငံခြားရေးဌာနကို တိုက်ခိုက်သူများမှာ တစ်ဖွဲ့တည်းဖြစ်သည်ကို အတည်ပြုမှတ်ချက်မပေးနိုင် သေးပေ။ အဒိုဘီသည် လက်ရှိဗားရှင်းအသုံးပြုသူများကို ကာကွယ်ပေးသည့် ၎င်း၏လုံခြုံရေးဆိုင်ရာ ချို့ယွင်းမှုများကို ပြန်လည်ကောင်းစေမည့် နည်းပညာတစ်ခုကို အင်္ဂါနေ့က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မိုက်ကရိုဆော့ဖ်နည်းပညာသည် ယခင်ကတည်းက ပိုမိုတိုးတက်အောင် ပြုလုပ်ထားသည့်အတွက် သုံးစွဲသူများအတွက် အန္တရာယ်ဖြစ်မှုနည်းပါးသည်။ မိုက်ကရိုဆော့ဖ်ပြောရေးဆိုခွင့်ရှိသူက ဖိုင်းယားအိုင်း ကုမ္ပဏီသည် လုံခြုံရေးဆိုင်ရာနည်းပညာပြဿနာများကို ဖြေရှင်းနိုင်ရန် ကြိုးစားနေကြောင်း ပြောခဲ့သည်။

အခြားလုံခြုံရေးဆိုင်ရာ နည်းပညာကုမ္ပဏီတစ်ခုဖြစ်သော ထရန်မိုက်ခရို (၄၇၀၄ ဒသမ ၅) က မွန်းစထရောင်းဟုခေါ်သော လုံခြုံရေးနည်းပညာဖောက်ထွင်းသည့် လှုပ်ရှားမှုတစ်ခုသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုရှားအစိုးရနှင့် သဘောထားကွဲလွဲသူများ၊ နေတိုးနှင့် အခြားဥရောပ အရှေ့ပိုင်းနိုင်ငံများကို ဦးတည်တိုက်ခိုက်ခဲ့ကြောင်း ဖော်ပြခဲ့သည်။

မွန်းစထရောင်း ကွန်ပျူတာဖောက်ထွင်းဝိဇ္ဇာများသည် မကြာသေးမီက ၎င်းတို့၏ နည်းပညာဆိုင်ရာဗဟုသုတများ တိုးမြင့်လာကြောင်းနှင့် အမေရိကန်သမ္မတ ဘားရတ်အိုဘားမားကို အင်တာဗျူးလုပ်ခဲ့သည့် ဘလော့ဂါများကို ဦးတည်ချက်ထား တိုက်ခိုက်ခဲ့ကြောင်း ထရန်မိုက်ကရိုကုမ္ပဏီက ပြောသည်။ **(ရိုက်တာ)**

တရုတ်ကားဈေးကွက်ကို ရယူနိုင်ရေး နိုင်ငံခြားကားထုတ်လုပ်သူများ ကြိုးပမ်း

ရှန်ဟိုင်း ဧပြီ ၁၉

ရာစုနှစ်တစ်ခု၏ ထက်ဝက်ကျော်ခန့်အထိ ကားအရောင်းဈေးကွက်ကျဆင်းခဲ့သော်လည်း နိုင်ငံခြားကားထုတ်လုပ်သူများသည် ကမ္ဘာ့အကြီးမားဆုံး ကားဈေးကွက်ရှိရာ တရုတ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ကြိုးပမ်းလျက်ရှိသည်။

ကားဈေးကွက်ကို ဦးဆောင်နေသော Volkswagen AG (VOWG-P.DE) နှင့် General Motors (GM.N) ကားကုမ္ပဏီတို့က ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် လက္ခဏာမျိုး ဖော်ပြခြင်းမရှိသော်လည်း Toyota Motor (7203.T) နှင့် Ford Motor(F.N) မော်တော်ကားကုမ္ပဏီနှစ်ခုမှာမူ တရုတ်ဈေးကွက်ကို ချဲ့ထွင်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

ဇန်နဝါရီလမှ မတ်လအထိ ကားဈေးကွက် အရောင်းအဝယ်ကျဆင်းခဲ့သည့်အပြင် စီးပွားရေးကျဆင်းခဲ့သော်လည်း ပြီးခဲ့သည့်တစ်နှစ်အကြာက ရောင်းချမှုနှုန်း ၉ ဒသမ ၂ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်လျှင် ၃ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ ယခုနှစ်အတွက် တရုတ်နိုင်ငံ ကားထုတ်လုပ်ရေးအသင်းက ခန့်မှန်းထားသည့် နှုန်းအောက် ၇ ရာခိုင်နှုန်းလျော့ကျခဲ့သည်။

နိုင်ငံခြားကားထုတ်လုပ်သူတစ်စုတို့မှာ ပထမသုံးလပတ်အတွင်း ၉ ရာခိုင်နှုန်း အရောင်းတိုးတက်အောင်ပြုလုပ်ခြင်းဖြင့် ဖို့ဒ်ကားဖြင့် ဈေးကွက်ရယူနိုင်ရေး ကြိုးပမ်းလျက်ရှိသည်။ **(ရိုက်တာ)**

မြေထဲပင်လယ်၌ သင်္ဘောတိမ်းမှောက်မှု လူ ၇၀၀ ထက်မနည်း သေဆုံး

ဂျိနီဗာ ဧပြီ ၁၉

မြေထဲပင်လယ်၌ တရားမဝင်ရွှေ့ပြောင်းသူများ တင်ဆောင်လာသော သင်္ဘောတစ်စင်း တိမ်းမှောက်ခဲ့ရာ လူ ၇၀၀ ထက်မနည်း သေဆုံးသည်ဟု ယူဆရကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) က ပြောသည်။

(UNHCR) မှ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ကာလော့တာဆမီက ဧပြီ ၁၆ ရက်တွင် ဖြစ်ပွားသည့် အဆိုပါမတော်တဆဖြစ်ရပ်၌ ၂၈ ဦးသာ အသက်ရှင်ကျန်ရစ်သည်ဟု တနင်္ဂနွေနေ့က ပြောခဲ့သည်။ အဆိုပါ ငါးဖမ်းသင်္ဘော၌ ခရီးသည်ဦးရေ ၇၀၀ ကျော် တင်ဆောင်လာပြီး အသက်မသေဘဲ ကျန်ရှိနေသူများမှာ ပင်လယ်ပြင်၌ မျောပါနေစဉ် ဟယ်လီကော်ပတာတစ်စင်းက တွေ့ရှိခဲ့ပြီး ကယ်ဆယ်ခဲ့ရကြောင်း သိရသည်။

သို့သော် မော်လ်တာတိစ်ရေတပ်က သေဆုံးသူဦးရေမှာ ၆၅၀ ရှိပြီဟု ပြောခဲ့သည်။ ကျွမ်းကျင်ပညာရှင်များနှင့် အီတလီမှ လူများပူးပေါင်းကာ တပ်ဖြန့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ပြုလုပ်နေသည်ဟု မော်လ်တာရေတပ်မှ ပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။ အဆိုပါ သင်္ဘောသည် အီတလီနိုင်ငံ လမ်ပီဒူဆာကျွန်း၏ တောင်ဘက် ၁၀ မိုင်အကွာ လစ်ဗျားကမ်းရိုးတမ်းမှ မိုင် ၆၀ ခန့်အကွာတွင် တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ **(ပရက်(စ်)တီဗွီ)**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်းများပျက်စီး

❍ ရှေ့ဖုံးမှ

နှစ်ခန်းတို့၏ အမိုးသွပ် ၄၄ ချပ်နှင့် ဒိုင်း/မြား ၁၀ ချောင်းခန့် အမိုးလန်ပျက်စီးပြီး စုစုပေါင်းတန်ဖိုးငွေကျပ် လေးသိန်းခန့်ဆုံးရှုံးခဲ့ရာ မတ္တရာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ကျေးရွာနေပြည်သူများနှင့် ပူးပေါင်း၍ ကူညီရှင်းလင်းခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်မှ ညနေ ၃ နာရီ ၁၅ မိနစ်ထိ မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် သံချိတ်ကျေးရွာအခြေခံပညာအလယ်တန်းကျောင်းရှိ (၇၂×၂၈) ပေ စာသင်ကျောင်းဆောင်၏ အမိုးသွပ် ၈၁ ချပ်၊ ဒိုင်း/မြားတန်း ၅၆ ချောင်းနှင့် ကျောင်းဝန်ထမ်းအဆောင်၏ အမိုးသွပ် ၅၂ ချပ်၊ ဒိုင်း/မြားတန်း သစ်သားချောင်း ၄၈ ချောင်းတို့ လွင့်ပါပျက်စီးပြီး စုစုပေါင်းတန်ဖိုးငွေကျပ် ၁,၅၁၃,၀၀၀ ခန့်ဆုံးရှုံးခဲ့ရာ ကျောက်ပန်းတောင်းရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များက ကျောင်းကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများနှင့် ပူးပေါင်း၍ ပြန်လည်ပြင်ဆင်ရေးဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ထို့နေ့ညနေ ၅ နာရီက ရှမ်းပြည်နယ် နမ့်ခမ်းမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နမ့်ခမ်းမြို့ ရပ်ကွက် (၈) အခြေခံပညာအလယ်တန်းကျောင်း(ကောင်းဆာ)ရှိ (၇၂×၂၄×၁၂)ပေ အုတ်ညှပ်/သွပ်မိုး တစ်ထပ်ကျောင်းဆောင်၏ အမိုး/ဒိုင်း/မြားတန်းများနှင့် ရပ်ကွက်(၁၂) အခြေခံပညာမူလတန်းကျောင်း(မန့်နား)ရှိ (၉၀×၂၀×၁၂)ပေ အုတ်ညှပ်/သွပ်မိုး တစ်ထပ်ကျောင်းဆောင်၏ အမိုးသွပ် ခုနစ်ချပ်တို့ လွင့်ပါပျက်စီးခဲ့၍ စုစုပေါင်းတန်ဖိုးငွေကျပ် ၃၁၀,၅၀၀ ခန့်ဆုံးရှုံးခဲ့ရာ နမ့်ခမ်းမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများနှင့်ပူးပေါင်း၍ အပျက်အစီးများအား ကူညီဖယ်ရှားရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

ကိုရဲ

တာချီလိတ်၌ လေပြင်းတိုက်၍ သက်တမ်းနှစ် ၁၀၀ ကျော်ရှိ ညောင်ပင်ကြီးလဲကျရာ တစ်ဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

တာချီလိတ် မေ ၁၉

မေ ၁၉ ရက် ညနေ ၃ နာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ) ကျေးရွာအုပ်စု ဝှေလေလန်ကျေးရွာအတွင်းရှိ သက်တမ်းနှစ် ၁၀၀ ကျော်ရှိ ညောင်ပင်ကြီးလဲကျခဲ့ကာ လူတစ်ဦးသေဆုံးပြီး သုံးဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဝှေလေလန်ကျေးရွာ ဘုန်းတော်ကြီးကျောင်းရှေ့ရှိ သက်တမ်းနှစ် ၁၀၀ ကျော်ရှိ ညောင်ပင်ကြီးသည် လေပြင်းတိုက်ခတ်မှုဒဏ်ကြောင့် အနီးရှိ ဦးအိုက်တွီ၏ ဆိုင်ကယ်ပြင်ဆိုင်ပေါ်သို့ လဲကျခဲ့ရာ ဆိုင်အတွင်း ဆိုင်ကယ်လာရောက်ပြုပြင်နေကြသူ ခုနစ်ဦးအနက် အိုက်လတ်၊ အိုက်ဖစ်၊ အိုက်ဆွန်ဖွန်း၊ အိုက်ကျော်သဲတို့လေးဦးမှာ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြပြီး အိုက်ကျိုင်းလုံ၊ အိုက်ဥခမ်း၊ အိုက်ကျန်ကျောက်တို့မှာ ပွန်းပဲ့ဒဏ်ရာများ ရရှိခဲ့ကြသည်။

အခင်းဖြစ်ပွားရာသို့ တာချီလိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်နိုင်နှင့်တာဝန်ရှိသူများ၊ သန္တေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ကယ်ဆယ်ရေးနှင့် ရှင်းလင်းရေး လုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခဲ့ကြပြီး ဒဏ်ရာရရှိသူများအနက် အိုက်လတ်(၁၆နှစ်) မှာတာချီလိတ်ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ဆေးကုသရန်ပို့ဆောင်စဉ် ရရှိဒဏ်ရာများကြောင့် လမ်းတွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

လေပြင်း တိုက်ခတ်မှုကြောင့် ဝှေလေလန်ကျေးရွာ အတွင်းရှိ နေအိမ်အလုံး ၂၀ ခန့် အမိုးလန်ခြင်း၊ ခြံစည်းရိုးများ ပြိုပျက်ခြင်း ဖြစ်ပွားခဲ့ကာ မော်တော်ကားတစ်စီး၊ မော်တော်ဆိုင်ကယ်လေးစီး ပျက်စီးခဲ့ရပြီး လေပြင်းတိုက်ခတ်မှုဒဏ်ကြောင့် တာချီလိတ်မြို့နှင့် အိမ်နီးချင်း ထိုင်းနိုင်ငံ မယ်ဆိုင်မြို့တို့တွင်လည်း ဈေးဆိုင်များနှင့် လျှပ်စစ်ဓာတ်တိုင်အချို့ ပြိုလဲခဲ့ကာ လျှပ်စစ်မီး ခေတ္တပြတ်တောက်ခဲ့ကြောင်း သိရသည်။

မောင်ယဉ်ကျေး

အရက်မူးပြီး ရထားသံလမ်းပေါ်အိပ်ပျော်နေသူ ရထားကြိတ်မိ၍ ယာခြေထောက်ပြတ်ဒဏ်ရာရ

နေပြည်တော် မေ ၁၉

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အုတ်ကျင်းဘူတာနှင့် သမိုင်းဘူတာကြား ရထားလမ်းမိုင်တိုင်အမှတ် (၇/၄-၅)ကြားတွင် မေ ၁၆ ရက် ည ၈ နာရီ ၅ မိနစ် ခန့်က အမှတ်(၁၁)ဆဒ္ဒန်မြို့ပတ်ရထားက အမျိုးသားတစ်ဦးအားကြိတ်မိခဲ့သဖြင့် ရထားလုံခြုံရေးလိုက်ပါဆောင်ရွက်သည့် ရထားရဲတပ်ဖွဲ့၊ အမှတ်(၁၄)တပ်ခွဲ၊ တပ်စု(၃) အင်းစိန်မှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ မြောက်ဒဂုံမြို့နယ်နေ စန်းမောင်(၃၀)နှစ်အား ယာခြေထောက် ဒူးအောက်ပိုင်းမှ ပြတ်၊ ဝဲဖနောင့်ကွဲဒဏ်ရာများဖြင့် တွေ့ရှိရသည်။

စစ်ဆေးချက်အရ စန်းမောင်သည် အရက်မူးပြီး ရထားသံလမ်းပေါ်အိပ်နေရာက ရထားဖြင့်ကြိတ်မိ၍ ဒဏ်ရာများရရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသောကြောင့် ၎င်းအား တပ်စု(၃)အင်းစိန်မှ တပ်ဖွဲ့ဝင်များက အင်းစိန်ပြည်သူ့ဆေးရုံကြီးသို့ ကူညီပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ကိုရဲ

အရက်မူးပြီး ရထားသံလမ်းဖြတ်ကူးသူ ရထားကြိတ်ခံရ၍ ဝဲဘက်ဒူးခေါင်းပြတ်

နေပြည်တော် မေ ၁၉

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် တောင်ငူဘူတာနှင့် ကျေးတောဘူတာကြား ရထားလမ်းမိုင်တိုင်အမှတ်(၁၆၈/၁၃-၁၄)ကြားတွင် မေ ၁၆ ရက်ည ၉ နာရီ ၁၀ မိနစ်ခန့်က ရထားသံလမ်းဖြတ်ကူးသူ အမျိုးသားတစ်ဦးအား အမှတ်(၂)အစုန် မန္တလေး-ရန်ကုန် စာပို့ရထားကတိုက်မိခဲ့သဖြင့် ရထားလုံခြုံရေးလိုက်ပါဆောင်ရွက်သည့် ရထားရဲတပ်ဖွဲ့ အမှတ်(၁၀)တပ်ခွဲ တပ်စု(၃) ရေနီမှတပ်ဖွဲ့ဝင်များနှင့် တောင်ငူရထားရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ တောင်ငူမြို့နယ် ညောင်သုံးပင်ရွာနေ လပြည့်အောင် ၁၉ နှစ်အား ဝဲဒူးခေါင်းပြတ်ဒဏ်ရာဖြင့် တွေ့ရှိရသည်။

စစ်ဆေးချက်အရ လပြည့်အောင်သည် အရက်မူးပြီး ရထားသံလမ်းအားဖြတ်ကူးစဉ် ရထားဖြင့်ကြိတ်မိရာက ဒဏ်ရာများရရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသောကြောင့် ၎င်းအား တပ်စု(၃)ရေနီမှ တပ်ဖွဲ့ဝင်များက တောင်ငူပြည်သူ့ဆေးရုံကြီးသို့ ကူညီပို့ဆောင်ပေးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အရေးယူပေးရန် တောင်ငူဘူတာရုံပိုင်ကြီးက တရားလိုပြုလုပ်တိုင်တန်းရာ လပြည့်အောင်အား တောင်ငူမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

ကိုရဲ

ရွှေကျင်မြို့၌ ဓာတ်ဆီဖြည့်စဉ် မီးလောင်မှုဖြစ်ပွား

သတင်း-ခင်အောင်လှိုင်(ညောင်လေးပင်)
ဓာတ်ပုံ-နေလင်း(ညောင်လေးပင်)

ရွှေကျင် မေ ၁၉

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ပွဲကုန်းရပ်ကွက် မင်းလမ်းတွင် ယနေ့ မွန်းလွဲ ၁ နာရီက ဆီဖြည့်စဉ် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေကျင်မြို့နယ် ပွဲကုန်းရပ်ကွက် မင်းလမ်းတွင် ဖွင့်လှစ်ထားသော ဦးစိုးလင်းပိုင် ရောရွှေဝါစက်သုံးဆီ အရောင်းဆိုင်တွင် မေ ၁၉ ရက် မွန်းလွဲ ၁ နာရီက ဓာတ်ဆီဖြည့်ယာဉ်မှ ဓာတ်ဆီများကို ဆီသိုလှောင်ကန်ထဲသို့ ထည့်နေစဉ် ဆီထည့်သော ဝါက်နှင့် သိုလှောင်ကန်ထိပ်ဝတို့ရိုက်မိပြီး မီးစတင်လောင်ကျွမ်းခဲ့ကြောင်း၊ မီးလောင်ရာသို့ ရွှေကျင်မြို့နယ်မှ မီးသတ်ယာဉ်သုံးစီး၊ ညောင်လေးပင်မြို့နယ်မှ မီးသတ်ယာဉ်သုံးစီး၊ ပြွန်တန်ဆာမြို့နယ်မှ မီးသတ်ယာဉ်နှစ်စီး၊ ဒိုက်ဦးမြို့နယ်မှနှစ်စီး၊ သန္တေမီးသတ်တပ်ဖွဲ့ဝင် ၂၉ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၅ ဦး၊ ရွှေကျင်မြို့နယ်နှင့် ညောင်လေးပင်မြို့နယ်မှ ကြက်ခြေနီတပ်ဖွဲ့ဝင် ၃၀ ခန့်၊ ရဲတပ်ဖွဲ့ဝင် ၅၁ ဦး၊ တပ်မတော်သား ၁၀၀ ခန့်တို့က ရေဂါလန် ၃၉၈၀၀၊ ဓာတုဆေးရည် ၅၅ ပုံးတို့နှင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ဓာတ်ဆီဆိုင်လုပ်သား ဝေယံဖြိုး(၁၈ နှစ်) ကွင်းဆိပ်ရွှေကျင်မြို့နေသူ ဒဏ်ရာရရှိ(မစိုးရိမ်ရ)သဖြင့် ရွှေကျင်မြို့နယ်ဆေးရုံသို့ ပို့ဆောင်ခဲ့ရပြီး ဆီသယ်ယာဉ်မောင်းထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း၊ ဆီသယ်ယာဉ် မီးလောင်ဆုံးရှုံး ပျက်စီးသွားခဲ့ပြီး ဓာတ်ဆီသိုလှောင်တိုင်ကီ ရှစ်လုံးခန့် မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာသို့ ရွှေကျင်မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ ရောက်ရှိလာကာ လိုအပ်သည်များကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရမည်းသင်းတွင် တမာပင်အရိပ်အောက်မိုးခိုသည့် အမျိုးသမီးတစ်ဦး မိုးကြိုးပစ်၍သေဆုံး

ရမည်းသင်း မေ ၁၉

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ လျှပ်စစ်ဓာတ်အားခွဲရုံရှေ့ တမာပင်အရိပ်တွင် မိုးခိုနေသည့်အမျိုးသမီးတစ်ဦး မေ ၁၃ ရက်ညနေ ၅နာရီ ၁၅မိနစ်က မိုးကြိုးပစ်ခံရ၍ သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ မြို့မရဲစခန်းမှူးဒုရဲမှူးကျော်ကိုကိုသည် မိုးကြိုးပစ်ခံရ၍ အမျိုးသမီးတစ်ဦးလဲကျနေကြောင်း သတင်းအရ ဒုစခန်းမှူး ရဲအုပ်ဇော်မင်းထွေးနှင့် တပ်ဖွဲ့ဝင်များ၊ သက်သေများနှင့်အတူ အခင်းဖြစ်ရပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ မပိုးဥ(၂၉ နှစ်)အောင်မင်္ဂလာရပ်ကွက် ရမည်းသင်းမြို့နေသူမှာ ပြင်ပဒဏ်ရာ တစ်စုံတစ်ရာမတွေ့ရှိရဘဲ လဲကျနေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ခရိုင်ပြည်သူ့ ဆေးရုံသို့ပို့အပ်ခဲ့သည်။

မပိုးဥမှာမိုးရွာနေစဉ် လျှပ်စီးများလက်နေသဖြင့် တမာပင်အရိပ်အောက်သို့ ဝင်ရောက်မိုးခိုစဉ်မိုးကြိုးပစ်ခံရကြောင်း စစ်ဆေးတွေ့ရှိရပြီး ဆေးရုံအရောက်တွင် သေဆုံးသွားခဲ့သဖြင့် ရမည်းသင်းဆေးရုံ တာဝန်ကျဆရာဝန် ဒေါက်တာဇော်ထက်က လက်ခံစစ်ဆေးခဲ့ပြီး မပိုးဥသေဆုံးခြင်းနှင့်ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးခြင်းဟုတ်/မဟုတ်မြို့မစခန်းမှူးက စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

(၀၁၁)

မီးဘေးရှောင် မလောင်ခင်တား

ငြိမ်းချမ်းရေး ရေရှည်ဖွံ့ဖြိုးမှုအထောက်အကူပြုအင်အား

ပျိုမေခင်

ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်တိုင်းပြည်၊ ဘယ်နိုင်ငံမှာမဆို မိမိတို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို နိုင်ငံသားတိုင်းအလိုရှိကြတာဟာ အမှန်တရားတစ်ခုပါပဲ။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှလည်း နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်ရုံသာမက ဖွံ့ဖြိုးမှုနောက်ဆက်တွဲ ရလဒ်တွေကပါ နိုင်ငံသားတို့ ရရှိခံစားနိုင်ကြမယ်ဆိုတာမြေကြီးလက်ခတ် မလွဲပါပဲ။

စီးပွားရေးတောင့်တင်းဖို့လို

အများစုအနေနဲ့ မိမိတို့နိုင်ငံရှေ့တန်းရောက်ဖို့ အလိုအပ်ဆုံးအရာဆိုရင် စီးပွားရေးတောင့်တင်းခိုင်မာဖို့ (တစ်နည်းချမ်းသာတဲ့နိုင်ငံဖြစ်ဖို့) ကမ္ဘာ့အလယ်မှာ ကြွယ်ဝချမ်းသာတဲ့နိုင်ငံဖြစ်ဖို့လို့ ဆိုကြပါမယ်။ ဟုတ်ပါတယ်။ မှန်တာပေါ့။ ကမ္ဘာ့အလယ်မှာ နိုင်ငံတစ်နိုင်ငံ ရှေ့တန်းရောက်ဖို့ (Powerful) ဖြစ်ဖို့ဆိုရင် အဲဒီနိုင်ငံရဲ့ စီးပွားရေးအရ ကြွယ်ဝချမ်းသာမှုကလည်း အဓိကနေရာမှာ ရပ်တည်နေတယ်လို့ ဆိုနိုင်ပါတယ်။ ဒါကြောင့် စီးပွားရေးအရ ချမ်းသာတဲ့နိုင်ငံဖြစ်ဖို့ လိုအပ်ပါတယ်။ မိမိတို့နိုင်ငံအနေနဲ့လည်း ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီးဖြစ်အောင် ဦးတည်ကြိုးပမ်းဆောင်ရွက်ရာမှာ တိုင်းပြည်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဟာ အဓိကကျတဲ့အခန်းကဏ္ဍမှာ ပါဝင်နေပါတယ်။

ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ

ဒီနေရာမှာ နိုင်ငံတော်အစိုးရနဲ့အတူ ပြည်သူတွေရဲ့ လိုလားချက်တစ်ရပ်ဖြစ်တဲ့ ဖွံ့ဖြိုးတိုးတက်မှုဆိုရာမှာတော့ နိုင်ငံရဲ့ စီးပွားရေးအခြေအနေကောင်းတာ (နိုင်ငံချမ်းသာတာ) တစ်ခုတည်းကိုကြည့်ပြီး ပြောရင်တော့ မပြည့်စုံနိုင်ပါဘူး။

တူညီတဲ့သဘောထား

နိုင်ငံတစ်ခုနဲ့တစ်ခုဟာ တည်နေရာ၊ ရေမြေ၊ လူဦးရေ၊ ပြည်တွင်းပြည်ပအခြေအနေနဲ့ ဖြတ်သန်းခဲ့ကြရတဲ့ သမိုင်းကြောင်းတွေဟာ မတူညီကြတဲ့အတွက် စီးပွားရေးအခြေအနေတွေဟာလည်း ထပ်တူမညီနိုင်ပါဘူး။ ဘယ်လိုပဲ မတူကွဲပြားကြစေဦးတော့ ခေတ်ကာလ အဆက်ဆက်နဲ့ ပြည်သူများက အခြားနိုင်ငံတွေနဲ့ ရင်ပေါင်တန်းပြီး တိုးတက်ဖွံ့ဖြိုးအောင် ရည်မှန်းကြိုးစားကြတာချင်းတော့ တူညီကြတာချည်းပါပဲ။ ထို့အတူပါပဲ မိမိတို့မြန်မာနိုင်ငံရဲ့အစိုးရနဲ့ ပြည်သူတူညီတဲ့ဆန္ဒဟာ မိမိတို့ရဲ့နိုင်ငံတော်ကြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ပါ။

အား(၃)အား

ဒီနေရာမှာ နိုင်ငံတစ်နိုင်ငံ ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ဆိုရင်တော့ စီးပွားရေးခိုင်မာတောင့်တင်းခြင်းဆိုတဲ့ စီးပွားရေးအင်အား၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအင်အားလို့ ခေါ်ဆိုနိုင်တဲ့ နိုင်ငံရေးအင်အားနဲ့ တပ်မတော်အင်အားလို့ တစ်နည်းခေါ်ဆိုနိုင်တဲ့ နိုင်ငံတော်ကာကွယ်ရေးအင်အားဆိုတဲ့ အား(၃)အား တောင့်တင်းခိုင်မာနေဖို့ အဓိကလိုအပ်ပါတယ်။ အမှန်တော့ ဒီအား(၃)အားဟာ တစ်ခုနဲ့တစ်ခု အညမည ဖြစ်လို့နေပါတယ်။ မိမိတို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ရေရှည်ထိန်းထားနိုင်ဖို့အတွက် ဒီအား(၃)အားဟာ အခြေခံကျကျ ထည့်သွင်းစဉ်းစားသင့်တဲ့ အချက်တွေပဲ ဖြစ်ပါတယ်။

စီးပွားရေးအင်အား တောင့်တင်းဖို့လို

နိုင်ငံတစ်နိုင်ငံ ရှေ့တန်းရောက်ဖို့ (Powerful) ဖြစ်ဖို့ဆိုရင် စီးပွားရေးအင်အားတောင့်တင်းမှုဟာလည်း အရေးပါတဲ့အင်အားတစ်ရပ်ပါပဲ။ စီးပွားရေးအင်အားမတောင့်တင်းရင် သူတစ်ပါးရဲ့အထင်အမြင်သေးနိမ့်ချမှုကို ခံရနိုင်တဲ့အပြင် စီးပွားရေးအင်အားတောင့်တင်းရင်တော့ နိုင်ငံသားတွေအနေနဲ့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ စားဝတ်နေရေးပြည့်စုံရုံသာမက ခေတ်နဲ့အညီ ရင်ပေါင်တန်းနိုင်မှာလည်း အမှန်ပဲဖြစ်ပါတယ်။ ဒီနေရာမှာအခြေခံကျတဲ့ သဘောတရားတစ်ခုကို တင်ပြလိုပါတယ်။ မိသားစုတစ်စု၊ အိမ်ထောင်စုတစ်စု၊ ရပ်ကွက်တစ်ခု၊ ကျေးရွာတစ်ခု၊ မြို့နယ်တစ်ခု၊ နိုင်ငံတစ်ခုမှသည် နိုင်ငံတိုင်း၊ နိုင်ငံတိုင်း၊ တစ်ကမ္ဘာလုံးအတိုင်းအတာအထိ တည်ငြိမ်အေးချမ်းမှု (Peace) ဟာ အရေးကြီးပါတယ်။ တည်ငြိမ်အေးချမ်းမှုရှိမှ ဖွံ့ဖြိုးတိုးတက်မှုဆိုတာ ဖြစ်ပေါ်နိုင်တာပါ။ မျှော်မှန်းနိုင်တာပါ။ အကယ်၍ ဖွံ့ဖြိုးမှု (Development) ရှိနေတဲ့ နိုင်ငံမှာလည်း တည်ငြိမ်အေးချမ်းမှု (Peace) ပျောက်ဆုံးသွားပြီဆိုရင် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဟာ စဉ်ဆက်မပြတ် (Substainable Development) ဖြစ်ပေါ်ဖို့ဆိုတာ မလွယ်ကူပါဘူး။ ဆိုကြပါစို့၊ စီးပွားတက်ပြီးချမ်းသာနေတဲ့ အိမ်တစ်အိမ်မှာ အိမ်တွင်းရေး ပဋိပက္ခတစ်ခုခုဖြစ်ခဲ့ရင် (ဘေးပယောဂကြောင့်ပဲဖြစ်ဖြစ်၊ အချင်းချင်းစိတ်ဝမ်းကွဲလို့ပဲဖြစ်ဖြစ်) အဲဒီအိမ်စီးပွားရေးကို အနည်းနဲ့အများတော့ ထိခိုက်မှုရှိစေတာ အမှန်ပါပဲ။

ယနေ့ကမ္ဘာမှာ Globalခေတ်၊ (Information Technology) လို့ခေါ်တဲ့ IT ခေတ်။ ဒီခေတ်ကြီးမှာ တိုးတက်တာတွေ တိုးတက်နေတာ ငြင်းမရပါဘူး။ တိုးတက်မှုတွေနဲ့အတူ ယနေ့ ကမ္ဘာ့နိုင်ငံ တော်တော်များများဟာ ပြည်တွင်း၊ ပြည်ပပဋိပက္ခတွေနဲ့ ရင်ဆိုင်တွေ့ကြုံနေကြရတာတွေဟာ မျက်မြင်ပါပဲ။ ဖွံ့ဖြိုးတိုးတက်မှု (Development)ဟာ တည်ငြိမ်အေးချမ်းမှု (Peace)နဲ့ တိုက်ရိုက် အချိုးကျနေပါတယ်။

အားလုံးသိကြတဲ့အတိုင်းပါပဲ၊ လတ်တလော ပြည်တွင်းရေးပဋိပက္ခနဲ့ ကြုံတွေ့နေရတဲ့ နိုင်ငံတစ်ခုဖြစ်တဲ့ ယူကရိန်း (Ukarine)အပါအဝင် ကမ္ဘာ့အင်အားကြီးနိုင်ငံများရဲ့ တောင့်တင်းခိုင်မာပါတယ်ဆိုတဲ့ စီးပွားရေးအင်အားတွေကို တည်ငြိမ်အေးချမ်းမှုပျောက်ဆုံးသွားတဲ့အခါ ရေရှည်ထိန်းမထားနိုင်ကြတော့တာဟာ ကမ္ဘာ့နိုင်ငံများကြား အထင်ကရသာဓကများအနေနဲ့ သမိုင်းတစ်လျှောက် တွေ့မြင်နိုင်ပါတယ်။ စီးပွားရေးဂယက်ဟာ ဖွံ့ဖြိုးတိုးတက်မှု (Development)နဲ့ တည်ငြိမ်အေးချမ်းမှု (Peace)တို့ရဲ့ အဓိကဆက်နွယ်မှုကို အထင်ကရဖော်ပြနေတဲ့ သက်သေခံတစ်ခုလို့လည်း ဆိုနိုင်ပါရဲ့။

နိုင်ငံရေးအင်အားဆိုသည်မှာ

နိုင်ငံရေးအင်အားညီမျှခြင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအင်အားလို့ ဆိုနိုင်ပါတယ်။ မှန်ပါတယ်။ တိုင်းရင်းသားတွေ စည်းလုံးညီညွတ်မှုရှိမှသာ နိုင်ငံတော်ကြီး ဥမကွဲသိုက်မပျက် အခွန့်ရှည်တည်တံ့ခိုင်မြဲနိုင်မှာ၊ တည်ငြိမ်အေးချမ်းနိုင်မှာ မဟုတ်ပါလား။ ဒီလိုဆို စည်းလုံးညီညွတ်မှုဟာ တည်ငြိမ်အေးချမ်းမှုရဲ့ အရင်းခံတစ်ခုလို့ မှတ်ယူနိုင်ပါတယ်။ မိမိတို့နိုင်ငံကြီးရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုဟာ အင်အားတစ်ရပ်ပါပဲ။ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရင် တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်နိုင်ပြီး နိုင်ငံရဲ့ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အားပေးပါတယ်။ လူမျိုးစုပေါင်း ၁၀၀ ကျော်နဲ့ စုစည်းနေထိုင်ကြတဲ့ မြန်မာနိုင်ငံအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအင်အား (နိုင်ငံရေးအင်အား)ဟာ နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် မရှိမဖြစ်အရေးပါတဲ့ အင်အားဖြစ်နေတာကိုတွေ့ရမှာ ဖြစ်ပါတယ်။

တပ်မတော်ကာကွယ်ရေးအင်အား

မြန်မာနိုင်ငံအနေနဲ့ သူ့ကျွန်ဘဝရောက်ခဲ့ရခြင်းနဲ့ နှစ်ပေါင်း ၁၀၀ ကျော်မျှ ကျွန်သက်ရှည်ခဲ့ရခြင်းများရဲ့ အဓိကအကြောင်းအရင်းတစ်ချက်ဟာ ထိုစဉ်က နိုင်ငံကို ကာကွယ်နိုင်စွမ်းရှိတဲ့ စနစ်တကျဖွဲ့စည်းထားတဲ့ အမြဲတမ်းတပ်မတော်တစ်ရပ်မရှိခဲ့လို့ဆိုရင် မည်သူမျှငြင်းနိုင်မှာမဟုတ်ပါဘူး။ ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်ထီးကိုယ့်နန်းနဲ့ နှစ်ပေါင်းထောင်ချီပြီး နေလာခဲ့ကြတဲ့ လူမျိုးဘဝက ကုန်းဘောင်ခေတ်ဇာတ်သိမ်းခန်းမှာ နယ်ချဲ့လက်အောက်ကို လွယ်လွယ်လေးနဲ့ ကျရောက်ခဲ့ခြင်းဟာ ခေတ်မီတဲ့ တပ်မတော်တစ်ရပ် မရှိခဲ့လို့ဖြစ်ပါတယ်။

ဒီနေရာမှာ နိုင်ငံရေးအင်အားနဲ့ တပ်မတော်ကာကွယ်ရေးအင်အားတို့ရဲ့ အညမညဖြစ်ပုံလေးကို ဖော်ပြပါရစေ။ အဲဒီအချိန်မှာ တိုင်းရင်းသားတွေဟာ စည်းလုံးညီညွတ်မှုမရှိခဲ့လို့၊ မျိုးချစ်စိတ်ဓာတ်မရှိခဲ့လို့ သူ့ကျွန်ဘဝမှာ ရှည်ကြာခဲ့ရတာ မဟုတ်ပါဘူး။ မျိုးချစ်သူရဲကောင်းတွေဟာ ရရာလက်နက်ကိုစွဲကိုင်ပြီး နယ်ချဲ့ကိုတော်လှန်ခဲ့ကြတာပါပဲ။ မျိုးချစ်စိတ်ဓာတ် ဘယ်လောက်ပဲ လွှမ်းခြုံပါစေ၊ စနစ်မကျတဲ့ အကွဲကွဲအပြားပြားဖြစ်နေတဲ့ မြန်မာ့တော်လှန်ရေးအင်အားစုတွေရဲ့ နယ်ချဲ့ဆန့်ကျင်တိုက်ပွဲတွေဟာ မထိရောက်ခဲ့ဘဲ နှစ် ၁၀၀ ကျော် သူတစ်ပါးလက်အောက် ကျွန်သဘောက်ဘဝနဲ့ ကျွန်သက်ရှည်ခဲ့ကြရခြင်းဟာ နိုင်ငံကိုကာကွယ်နိုင်စွမ်းရှိတဲ့ စနစ်တကျဖွဲ့စည်းထားတဲ့ အမြဲတမ်းတပ်မတော်တစ်ရပ်မရှိခဲ့လို့ဆိုရင် မမှားပါဘူး။ တစ်ဖန် မြန်မာ့လွတ်လပ်ရေးကို အရယူပေးနိုင်ခဲ့တဲ့ နယ်ချဲ့နဲ့ ဖက်ဆစ်စနစ်ကို မြန်မာ့မြေမှ အပြီးတိုင်မောင်းထုတ်နိုင်ခဲ့တဲ့ အဓိကလက်နက်ဟာလည်း တပ်မတော်နဲ့ပြည်သူ ညီတူစွာလက်တွဲပြီး တစ်သွေးတည်း၊ တစ်သားတည်း၊ တစ်စိတ်တည်း၊ တစ်ဝမ်းတည်း၊ ခိုင်မာအင်အားကြီးမားလှတဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးအင်အားကြောင့်ပင်ဖြစ်ကြောင်း သမိုင်းကြောင်းက မီးမောင်းထိုးပြနေတဲ့ ဥပမာတစ်ခုပဲဖြစ်ပါတယ်။

နိုင်ငံတော်ကာကွယ်ရေးအင်အားကတော့ မိမိတို့နိုင်ငံနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် သားစဉ်မြေးဆက် တည်ဆောက်သွားကြရမယ့် ကိစ္စဖြစ်ပါတယ်။ ပထဝီအနေအထားအရရော စီးပွားရေးအရပါ အချက်အချာကျတဲ့ မိမိတို့မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတော်ကို ကာကွယ်ဖို့အတွက် ကမ္ဘာ့အဆင့်မီ တပ်မတော်တစ်ရပ်ရှိဖို့ လိုအပ်ပါတယ်။ ဒါမှလည်း မိမိတို့နိုင်ငံကို တိုင်းတစ်ပါးရန်မှ ကာကွယ်နိုင်မှာဖြစ်သလို ယင်းကာကွယ်နိုင်စွမ်းက မိမိတို့နိုင်ငံရဲ့ တည်ငြိမ်အေးချမ်းမှုကို ဖြစ်ထွန်းစေနိုင်မှာ ဖြစ်ပါတယ်။ ယင်းတည်ငြိမ်အေးချမ်းမှုဟာ နိုင်ငံတော်ရဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေနိုင်မှာ ဖြစ်ပါတယ်။

> **ပြည်သူများရဲ့ဆန္ဒနဲ့ လိုလားတောင့်တမှုဟာလည်း ငြိမ်းချမ်းရေးပင်ဖြစ်ပြီး အခက်အခဲများ၊ စိန်ခေါ်မှုများ အမျိုးမျိုးရှိနေသော်လည်း ငြိမ်းချမ်းရေးရယူလိုတဲ့ သဘောထားကတော့ အဖွဲ့အစည်းအသီးသီးမှာရှိနေတဲ့ တူညီတဲ့အချက်ပဲဖြစ်**

အဓိကကျတဲ့ ငြိမ်းချမ်းရေး

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီကို တက်လှမ်းရာမှာ ငြိမ်းချမ်းရေးက အဓိကကျပါတယ်။ ငြိမ်းချမ်းရေးဟာ တိုင်းရင်းသားပြည်သူအားလုံးရဲ့ တူညီတဲ့လိုလားချက်၊ ဆန္ဒနဲ့ မျှော်လင့်ချက်လည်းဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အပါအဝင် နိုင်ငံတော်အစိုးရအနေနဲ့ကလည်း ယနေ့မိမိတို့တိုင်းပြည်အတွက် အလိုအပ်ဆုံးမှာ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်ပြီး ပြည်သူများရဲ့ဆန္ဒနဲ့ လိုလားတောင့်တမှုဟာလည်း ငြိမ်းချမ်းရေးပင်ဖြစ်ပြီး အခက်အခဲများ၊ စိန်ခေါ်မှုများ အမျိုးမျိုးရှိနေသော်လည်း ငြိမ်းချမ်းရေးရယူလိုတဲ့ သဘောထားကတော့ အဖွဲ့အစည်းအသီးသီးမှာရှိနေတဲ့ တူညီတဲ့အချက်ပဲ ဖြစ်တယ်ဆိုတာကို သိရှိနားလည်ပြီး ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဖော်ဆောင်ခဲ့ကြတာလည်း ဖြစ်ပါတယ်။ တကယ်တော့ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရာမှာ ငြိမ်းချမ်းရေးဖော်ဆောင်မှုဟာ အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်နေတယ်ဆိုတာကိုတွေ့ရမှာ ဖြစ်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များကို ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်နိုင်မှသာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှုများကို အချိန်တိုကာလအတွင်းမှာ အောင်မြင်အောင် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ နိုင်ငံတစ်ခုဟာ မငြိမ်းချမ်းဘူးဆိုရင် မတည်ငြိမ်နိုင်ပါဘူး။ မတည်ငြိမ်တဲ့နိုင်ငံတစ်ခုက ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်လို့မရနိုင်ပါဘူး။ ဒါကြောင့်မို့ ငြိမ်းချမ်းခြင်း၊ တည်ငြိမ်ခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းဆိုတာ ဆက်စပ်နေပြီး နိုင်ငံတစ်နိုင်ငံ ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ငြိမ်းချမ်းရေးက အဓိကကျလှပါတယ်။

ငြိမ်းချမ်းရေးတံခါးပွင့်ပြီ

မိမိတို့နိုင်ငံဟာ လွတ်လပ်ရေးရပြီးတဲ့ ၁၉၄၈ ခုနှစ်ကတည်းက ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခတွေကို နှစ်ပေါင်းများစွာ ကြုံတွေ့လာခဲ့ရတာဖြစ်ပါတယ်။ ဒီကနေ့အချိန်မှာတော့ ကာလရှည်ကြာဖြစ်ပွားခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခတွေကို အဆုံးသတ်ရပ်စဲပြီး နိုင်ငံရေးအရ ဖြေရှင်းနိုင်ဖို့အတွက် အရေးကြီးဆုံးမှတ်တိုင်တစ်ခုဖြစ်တဲ့ တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုးနိုင်ဖို့အတွက် စာချုပ်ပါအချက်အလက်များအားလုံးကို သဘောတူညီမှုရရှိသွားပြီ ဖြစ်ပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနဲ့ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့တို့ရဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ်ချုပ်ဆိုနိုင်ရေးအတွက် (၇)ကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲကို ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန၌ ကျင်းပခဲ့ရာ မတ် ၃၀ ရက်မှာ စာချုပ်ပါအချက်အားလုံးကို သဘောတူညီမှုရရှိခဲ့ပြီး မတ် ၃၁ ရက်နေ့မှာ အတည်ပြုလက်မှတ်ရေးထိုး နိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC) မှာ ကျင်းပလျက်ရှိတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနဲ့ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့တို့ရဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို နှစ်ဖက်သဘောတူ ညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်ကို လက်မှတ်ရေးထိုးတဲ့ အခမ်းအနားကို ၃၁-၃-၂၀၁၅ ရက်နေ့မှာ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ (MICC-1) မှာ ကျင်းပနိုင်ခဲ့ပါတယ်။ တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ်ပါ အချက်အလက်များအားလုံးကို ပြည်တွင်း ငြိမ်းချမ်းရေး

စာမျက်နှာ ၇ သို့

သီပေါမြို့နယ်တွင် အန္တရာယ်ကင်းပရိတ်ရွတ်၊ သက်ကြီးပူဇော်

သီပေါ ဧပြီ ၁၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်တွင် မြန်မာနှစ်ဆန်း ၁ ရက်နေ့က မြို့ပေါ် ၁၁ ရပ်ကွက်နှင့် ကျေးရွာများ၌ ရှေးရိုးရာယဉ်ကျေးမှုအစဉ်အလာမပျက် အန္တရာယ်ကင်းပရိတ်တရားတော် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းနှင့် သက်ကြီးအဘိုးအဘွားများ ပူဇော်ကန်တော့ပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမနှင့် သက်ဆိုင်ရာရပ်ကွက်ရုံးများ၌ ကျင်းပခဲ့ကြသည်။

အလားတူ တောင်မြို့ရပ်ကွက်ရုံးခန်းမ၌လည်း အသက် ၇၅ နှစ်အထက် အဘိုးအဘွား ၄၅ ဦးအား ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုင်းသန်းအေး အမှူးပြုသော ဒေသခံပြည်သူများက လှူဒါန်းပူဇော်ကြပြီး ပင့်သံဃာတော်ငါးပါးတို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းလျက် အနုမောဒနာတရားနာကြားကာ ပရိတ်တရားတော်များရွတ်ဖတ်၍ လှူဒါန်းမှုအစုစုအတွက်ရေစက်သွန်းချ အမျှပေးဝေကြသည်။ **စိုင်း(သီပေါ)**

ကျေးရွာမီးလင်းရေးဖွင့်ပွဲနှင့် စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များလှူဒါန်းပွဲကျင်းပ

ညောင်ဦး ဧပြီ ၁၉

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် တုရင်းတိုင်ကျေးရွာအုပ်စု လက်ဝဲကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးလက်မီးလင်းရေးဖွင့်ပွဲနှင့် ကျေးရွာစာကြည့်တိုက်များသို့ စာအုပ် စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၁၉ ရက် နံနက် ၈ နာရီက အဆိုပါကျေးရွာ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးအေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင်နှင့် ကျေးရွာနေပြည်သူများတက်ရောက်ခဲ့သည်။

ရှေးဦးစွာ အခမ်းအနားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင်၊ ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းဇော်ဦးနှင့် လက်ဝဲကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးစိန်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဒုတိယဝန်ကြီးများက မီးခလုတ်နှိပ် ဖွင့်လှစ်ပေးကာအမွှေးနံ့သာရည်များပက်ဖျန်းကြသည်။

ဆက်လက်၍ဒုတိယဝန်ကြီးများသည် ကျေးရွာကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးအတွက် အလှူငွေပေးအပ်ပွဲ၊ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခြင်းနှင့် ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ် စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီးသည် လက်ဝဲကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့သော သုတဂဝေသီနန္ဒာစာကြည့်တိုက်တွင် ပြည်သူများ အသိပညာဗဟုသုတများပိုမိုလေ့လာဆည်းပူးနိုင်ရန်ရည်ရွယ်၍ Public Digital Library Service (PDLS) စက်ကို လှူဒါန်းရာကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးရဲတင့်က လက်ခံယူခဲ့သည်။

ဆက်လက်၍ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာစေရန်အတွက် စာအုပ် စာစောင်များပေးအပ်လှူဒါန်းခဲ့ရာ ကန်နီပေါက်၊ ကျောက်ကန်၊ မကျည်းကန်၊ သဲပြင်တော၊ ကံကြီးကုန်း၊ ကံကြီးကုန်း (ရွာသစ်)၊ ဖိုးနီကန်၊ တောင်ဘ၊ လက်ဝဲ၊ တုရင်းတိုင်ကျေးရွာများမှ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌများက လက်ခံယူခဲ့သည်။

ညောင်ဦးမြို့နယ်ရှိ လက်ဝဲကျေးရွာသည်ညောင်ဦး-ကျောက်ပန်းတောင်းကားလမ်း၏ အနောက်ဘက် နှစ်မိုင်ခန့်အကွာတွင် တည်ရှိပြီး ကျေးရွာ၌ အိမ်ခြေ ၄၄၅ အိမ်၊ လူဦးရေ ၂၂၀၀၊ နေထိုင်လျက်ရှိကြောင်း၊ကျေးရွာတစ်ရွာဖွံ့ဖြိုးတိုးတက်ရေးတွင် လျှပ်စစ်မီးလင်းရေးသည်အဓိကပါဝင်လျက်ရှိကြောင်း၊ လျှပ်စစ်မီးလင်းရေး ဆောင်ရွက်နိုင်ခြင်းကြောင့် ကျေးရွာအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများ ပိုမိုအဆင်ပြေစွာဆောင်ရွက်နိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

ရဲသူရအောင်

ရာဇဂြိုဟ်ဆည် တူးမြောင်းမကြီးမှ ကျေးရွာများ သောက်သုံးရေရရှိရေးနှင့် လျှပ်စစ်မီးရရှိရေးဆောင်ရွက်ပေးမည်

ကလေး ဧပြီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မြောက်ဘက် ရာဇဂြိုဟ်ဘက်စုံရေလှောင်တမံစီမံကိန်း တူးမြောင်းမကြီးမှနေ၍ ဆည်တည်ဆောက်ရေးအောက်ဘက်ရှိ ကျေးရွာများအတွက် ရေအခက်အခဲမရှိစေရေး တူးမြောင်းမကြီးအတွင်းရှိ ရေစစ်ကန်မှ ရေပေးဝေနိုင်ရန်နှင့် လျှပ်စစ်မီးရရှိစေရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ရာဇဂြိုဟ်ကျေးရွာအတွက်ရေပေးဝေနိုင်ဖို့ ရေဂါလန် ၁၀၀၀၀ ဆံ့ရေကန်နဲ့ ရေဂါလန် ၂၃၄၀၀ ဆံ့ရေကန်တည်ဆောက်ပေးသွားမှာပါ။ ကံလှကျေးရွာအတွက် ဆိုရင်လည်း ဂါလန် ၅၀၀၀ ဆံ့ ရေကန်နဲ့ ၂၃၄၀၀ ဆံ့ရေကန်တွေကနေ ရေပေးဝေသွားမှာပါ။ နောက်ပြီး ကံဦးကျေးရွာအတွက် ရေပေးဝေနိုင်ဖို့ ဂါလန်၂၃၄၀၀ ဆံ့ ရေကန်ကို စုံလာမြိုင်ကျေးရွာ တူးမြောင်းမကြီးကနေ ကျေးရွာအတွက် ရေဂါလန် ၁၀၀၀၀ ဆံ့ ရေကန်တွေနဲ့ ရေပေးသွားမှာပါ" ဟု တည်ဆောက်ရေး(၄) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမော်မော်နိုင်က ပြောသည်။

"ရာဇဂြိုဟ်ရေလှောင်တမံ စီမံကိန်း ကုန်းကျောတမံမကြီး ချောင်းပိတ်ခြင်း လုပ်ငန်းဆောင်ရွက်တဲ့အခါ တမံအောက်ပိုင်းမှာရှိတဲ့ ကျေးရွာတွေမှာ သောက်သုံးရေရရှိနိုင်ဖို့အတွက်ရေတွင်း ၂၈ တွင်း၊ ရေကန် ၂၁ ကန်၊ ဘုံဘိုင် ၄၈ ခု၊ အုတ်ရေကန်လေးခုနှင့် ကျွဲ၊ နွားတွေ သောက်သုံးနိုင်ဖို့အတွက် ရေကန်ခြောက်ခုကို တည်ဆောက်ပေးပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း ဆောင်ရွက်ပေးနေပါတယ်။ ကျေးရွာတွေကနေ အများသုံးရေကန် လိုအပ်ပါသေးတယ်။ တူးပေးပါဦးလို့ ပြောလာရင် တူးပေးဖို့ အဆင်သင့်ပါပဲ။ ရေတွင်းတွေ မလုံလောက်ရင်လည်း လွယ်လင့်တကူ တူးပေးနိုင်ဖို့ မြေတူးစက်တစ်စီးကိုလည်း အမြဲအဆင်သင့်ထားပေးပါတယ်"ဟု ရာဇဂြိုဟ်ဆည်တည်ဆောက်ရေးမှ ဦးစီးအရာရှိ ဦးကောင်းမြတ်က ပြောသည်။

ရာဇဂြိုဟ်ဆည်တည်ဆောက်ရေးလုပ်ငန်းပြီးစီးသွားပါက ပင်မတမံကြီးမှ ကလေးမြို့သို့ လျှပ်စစ်ဓာတ်အား ၄မဂ္ဂါဝပ် ထုတ်လွှတ်ပေးမည့်အပြင် ရာဇဂြိုဟ်ကျေးရွာအတွက် DY2 မြောင်းမှနေ၍ကီလိုဝပ် ၂၀ ဝန်းကျင်ရှိလျှပ်စစ်ဓာတ်အား အသေးစားနှင့် နန်းကျင်းဆောင်ကျေးရွာ အတွက် DY1မြောင်းမှနေ၍ ကီလိုဝပ် ၂၀ ဝန်းကျင်ရှိလျှပ်စစ်ဓာတ်အားများလည်း ထုတ်လုပ်ပေးသွားမည် ဖြစ်ကြောင်းသိရသည်။

ချင်းတွင်းသား(iprd)

ကြို့ပင်ကောက်မြို့နှင့် ဘော်လခဲမြို့တို့တွင် အပူချိန် ၄၂ ဒီဂရီစင်တီဂရိတ်စီရှိ

နေပြည်တော် ဧပြီ ၁၉

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်များအရ ထူးခြားသည့် နေ့အပူချိန်များမှာ ကြို့ပင်ကောက်မြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီနှင့် ကလေးဝမြို့၊ ရေဦးမြို့၊ မြင်းခြံမြို့နှင့် မင်းဘူးမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နောင်ချိုမြို့တွင် ၂ ဒသမ ၀၁ လက်မ၊ ပူတာအိုမြို့တွင် ၀ ဒသမ ၄၇ လက်မ၊ ခန္တီးမြို့တွင် ၀ဒသမ ၄၃ လက်မ၊ မြစ်ကြီးနားမြို့တွင် ၀ ဒသမ ၃၉လက်မ၊ မချမ်းဘောမြို့တွင် ၀ ဒသမ ၃၅ လက်မနှင့် ဗန်းမော်မြို့၊ စစ်ကိုင်းမြို့နှင့် မိတ္ထီလာမြို့တို့တွင် ၀ ဒသမ ၃၂ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှထုတ်ပြန်ချက်အရ သိရသည်။

(မြန်မာ့အလင်း)

စာမျက်နှာ ၆ မှ

ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနဲ့ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့တို့ အပြန်အလှန်အတည်ပြုချက်ရယူပြီး သဘောတူညီထားကြောင်း ပဏာမအဆင့် လက်မှတ်ရေးထိုးပွဲကို နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ကိုယ်တိုင်တက်ရောက် အသိအမှတ်ပြုခဲ့ပါတယ်။ ၂၀၁၁ ခုနှစ် မတ်လ ၃၁ ရက်နေ့မှာ နိုင်ငံတော်သမ္မတကြီးက ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို လမ်းညွှန်ချပြခဲ့ပြီး ပြည်သူများအတွက် ပြုပြင်ပြောင်းလဲရေးတံခါးဖွင့်ရန် အစပြုခဲ့ပြီးနောက် ထိုကာလမှစ၍ ငြိမ်းချမ်းရေးမူကြမ်းကို အကြိမ်ကြိမ်အခါခါဆွေးနွေးခဲ့ရကာ ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် အောင်မြင်မှုရရှိခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ရေရှည်တည်တံ့ပြီးခိုင်မြဲတဲ့ ငြိမ်းချမ်းရေးပေါ်ပေါက်လာနိုင်ဖို့အတွက် သမိုင်းတွင်မယ့် ခြေလှမ်းသစ်လို့ ယူဆနိုင်ပါတယ်။ ငြိမ်းချမ်းရေးတံခါးပွင့်ပါပြီ။

ဂုဏ်ယူဝမ်းမြောက်ဖွယ်

တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို အစိုးရနဲ့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား သဘောတူညီမှုရရှိခဲ့ခြင်းဟာ နိုင်ငံတော်သမ္မတကြီးက ပြည်သူများအတွက် ဖွင့်လှစ်ပေးခဲ့တဲ့ငြိမ်းချမ်းရေးမော်ကွန်းသမိုင်းမှတ်တိုင်သစ်လို့လည်း ဆိုနိုင်ပါတယ်။တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများဟာ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်မူကြမ်းကို နိုင်ငံတော်သမ္မတကြီးရှေ့မှောက်မှာ တညီတညွတ်တည်း လက်မှတ်ရေးထိုးလိုက်ခြင်းဖြင့် ငြိမ်းချမ်းရေး မှတ်တိုင်သစ်ကို စိုက်ထူပြလိုက်ခြင်းဟာ မိမိတို့နိုင်ငံရဲ့ ပြည်သူများအတွက် အင်မတန်မှ ဂုဏ်ယူဝမ်းမြောက်ဖွယ်ပဲဖြစ်ပါတယ်။ အနာဂတ်နိုင်ငံတော်နဲ့ မျိုးဆက်သစ်လူငယ်များအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်ကြီးကိုဖန်တီးပေးနိုင်ဖို့ လုပ်ကိုင်ဆောင်ရွက်နိုင်တော့မှာဖြစ်လို့ မိမိတို့နိုင်ငံနဲ့လူမျိုးအတွက် ဝမ်းမြောက်ဂုဏ်ယူဖွယ်ပဲ ဖြစ်ပါတယ်။ ဒီအချက်ဟာ အခြေခံအကျဆုံးလိုအပ်ချက်တစ်ခုကို ဆောင်ရွက်နိုင်ခဲ့တယ်လို့ ရှုမြင်သုံးသပ်နိုင်ပါတယ်။ ငြိမ်းချမ်းရေးအတွက် အခြေခံကျတဲ့ ဒီလိုထက်မြက်တဲ့ ခြေတစ်လှမ်းအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်ပါတယ်။

အားလုံးက သောင်းသောင်းဖြဖြကြိုဆို

ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နဲ့ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT)တို့အကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) မူကြမ်းကို နှစ်ဖက်သဘောတူညှိနှိုင်းပြုစုရေးဆွဲပြီး အောင်မြင်စွာအတည်ပြုလက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံးဝမ်းသာအားရ နှစ်ထောင်းအားရရှိကြရုံသာမက မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများကလည်း ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာချက်များထုတ်ပြန်ခဲ့ကြတဲ့အပြင် ပြည်ထောင်စုလွှတ်တော်က ကြိုဆိုထောက်ခံပါကြောင်းနှင့် ပါဝင်ဆောင်ရွက်ခဲ့တဲ့ လူပုဂ္ဂိုလ်နဲ့အဖွဲ့အစည်းအားလုံးကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုဂုဏ်ပြုမှတ်တမ်းတင်ခဲ့တာတွေကိုပါ ဂုဏ်ယူဝမ်းမြောက်ဖွယ် ကြားသိနေကြရပါတယ်။ ဒီလိုဆောင်ရွက်နိုင်တာဟာ နိုင်ငံတော်အစိုးရအဖွဲ့ရဲ့ အောင်မြင်မှုတစ်ရပ်ဖြစ်သလို တိုင်းပြည်အေးချမ်းသာယာရေးနဲ့ တိုးတက်ရေးကို ကြီးစွာအထောက်အပံ့ပေးနိုင်တဲ့ လမ်းကောင်းတစ်ခုကို စတင်နိုင်ခဲ့ပြီလို့ ဆိုနိုင်ပါတယ်။ ဒီလိုသဘောတူညီမှုရရှိတာဟာ ဝမ်းသာစရာလည်းကောင်း ဂုဏ်ယူစရာလည်းကောင်းပါတယ်။ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေကို နှစ်ပေါင်းများစွာကြုံတွေ့လာခဲ့ရတဲ့ မြန်မာနိုင်ငံအနေနဲ့ နှစ်ပေါင်းများစွာကြာလာခဲ့တဲ့ တိုင်းရင်းသားအချင်းချင်းကြား ဖြစ်ပွားနေတဲ့ ပဋိပက္ခတွေကို ငြိမ်းချမ်းအောင်ဆောင်ရွက်နိုင်ဖို့ ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ရပ်လုံးမှာ နိုင်ငံနဲ့လူမျိုးအကျိုးစီးပွားနဲ့တိုင်းရင်းသားတွေရဲ့ ရှေ့ရေးကိုရှေးရှုဆောင်ရွက်ကြတာဟာ အထူးကျေးဇူးတင်ဖို့ ကောင်းပါတယ်။ ဒီလုပ်ငန်းစဉ်တွေကို ဦးစီးဦးဆောင်ပြုခဲ့ကြတဲ့ နိုင်ငံတော်သမ္မတကြီးနဲ့ တိုင်းရင်းသားအဖွဲ့အားလုံးကိုလည်း သူတို့ရဲ့အောင်မြင်မှုအတွက် အထူးဂုဏ်ယူမိပါတယ်။

ရေရှည်ဖွံ့ဖြိုးမှုကို မျှော်မှန်းနိုင်ပြီဖြစ်

ငြိမ်းချမ်းရေးဟာ ပြည်သူများရဲ့ မျှော်လင့်ချက်၊ လိုလားချက်၊ ဆန္ဒနဲ့မျှော်လင့်ချက်ပဲဖြစ်ပါတယ်။ မျှော်လင့်ချက်များနဲ့ စောင့်စားနေကြတဲ့ ပြည်သူများအတွက် ငြိမ်းချမ်းရေးရရှိနိုင်ရန် ဆောင်ကြဉ်းပေးနိုင်သူများကိုလည်း များစွာကျေးဇူးတင်ဂုဏ်ယူဖို့ ကောင်းလှပါတယ်။ ယခုသဘောတူညီချက်ဟာ NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် တွန်းအားတစ်ရပ်ဖြစ်ပါတယ်။ ဒါ့ကြောင့် ယခုဧပြီလအတွင်း NCA လက်မှတ်ရေးထိုးနိုင်ဖို့ကို သမ္မတကြီးအပါအဝင် တာဝန်ရှိသူအားလုံးက ဆက်လက်ဖော်ဆောင်သွားကြမယ်လို့လည်း သိရပါတယ်။ NCA လက်မှတ်ရေးထိုးနိုင်ပြီဆိုရင်တော့ နိုင်ငံရဲ့ Political Dialogue အတွက် တံခါးပေါက်ပွင့်သွားပြီလို့ ဆိုနိုင်ပါတယ်။ ယခုဆောင်ရွက်ချက်များဟာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အောင်မြင်မှုပဲဖြစ်ပါတယ်။ သမ္မတကြီးရဲ့ အဆိုအရ ဆိုရင်တော့ "ဒုတိယပင်လုံရဲ့ အောင်ပွဲ" လည်း ဖြစ်ပါတယ်။ တိုင်းရင်းသားတွေအားလုံးကလည်း ဒီလိုကောင်းမွန်တဲ့အစဉ်အလာကို ဆက်လက်ထိန်းသိမ်းပြီး မြန်မာနိုင်ငံကြီးကို ငြိမ်းချမ်းဖွံ့ဖြိုးတဲ့ နိုင်ငံအဖြစ်ဆက်လက်ရပ်တည်သွားနိုင်အောင် ဆက်လက်ဆောင်ရွက်ကြဖို့လိုပါတယ်။ ငြိမ်းချမ်းရေးအတွက် ပထမခြေလှမ်း စတင်နိုင်ခြင်းဟာ နိုင်ငံတည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်တော့မယ့် အချက်ပေးခေါင်းလောင်းသံလို့ ယူဆရင်လည်း မမှားပါဘူး။ တည်ငြိမ်အေးချမ်းမှုသာ မိမိတို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို မျှော်မှန်းနိုင်ရုံသာမက နိုင်ငံသားတို့ရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနဲ့ လူမှုရေးအစရှိတာတွေကိုလည်းတည်ဆောက်နိုင်မှာဖြစ်ပါတယ်။ မကြာတဲ့ကာလမှာ အရာရာဖွံ့ဖြိုးတိုးတက်ဖို့ မျှော်မှန်းနိုင်လာမှာ ဖြစ်ပါတယ်။ ဒီလိုနဲ့ ငြိမ်းချမ်းရေးကို ဆက်လက်ဆောင်ရွက်နိုင်ရင် မြန်မာနိုင်ငံတော်ကြီးကို အလျင်အမြန်တိုးတက်မှုရရှိအောင် ဆောင်ရွက်နိုင်လိမ့်မယ်လို့ ယုံကြည်မိပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးရှိရင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်ပဲ အထူးကြိုးစားဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ တိုင်းပြည်တစ်ခုမှာ နိုင်ငံရဲ့တည်ငြိမ်အေးချမ်းမှုက အလွန်အင်မတန်မှ အရေးပါလှပါတယ်။ တိုင်းရင်းသားအားလုံးညီညွတ်ပြီး ပစ်ခတ်ရပ်စဲရေးသဘောတူညီချက်ကို ရယူသွားနိုင်တာဟာ နိုင်ငံနဲ့ပြည်သူတစ်ရပ်လုံးနဲ့ ငြိမ်းချမ်းရေးအတွက် အလင်းရောင်တစ်ခုပါပဲ။ တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက်ဘဲ မြန်မာနိုင်ငံသားအဖြစ် မြန်မာနိုင်ငံရဲ့အကျိုးကို သယ်ပိုးဆောင်ရွက်ဖို့ရာ ရှေ့ပြေးအလင်းရောင်တန်းတစ်ခုကို မြင်တွေ့ရပြီလို့ ယူဆနိုင်ပါတယ်။ ပဏာမသဘောတူညီမှုကို လက်တွေ့မှာပါ အကောင်အထည်ဖော်နိုင်မယ်လို့လည်း ယုံကြည်ပါတယ်။ အောင်မြင်အောင် ဆောင်ရွက်ဖို့ဆိုရာမှာ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC)နဲ့ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့တို့အပြင် နိုင်ငံသားအားလုံးကပါ ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ သို့မှသာ ပိုမိုအောင်မြင်နိုင်မှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးနဲ့အတူ နိုင်ငံရဲ့ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို မျှော်မှန်းနိုင်ပြီ မဟုတ်ပါလား။ ။

ပုသိမ်မြို့၌ ဘေးမဲ့ငါးလွှတ်ပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

ပုသိမ် ဧပြီ ၁၉

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့်ဇနီး ဒေါ်ခင်ဌေးမြင့်တို့သည် ဧပြီ ၁၇ ရက် နံနက် ၇ နာရီက တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယ ဥက္ကဋ္ဌ၊ သမဝါယမဒုတိယဝန်ကြီး ဦးသန်းထွန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူး၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့်တာဝန်ရှိ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့်အတူ ပုသိမ်မြို့ ကန်သုံးဆင့်(ကန်သာယာ)၌ ကျင်းပသည့် ဇီဝိတဒါန(အဘယဒါန)ဘေးမဲ့ငါးလွှတ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဇီဝိတဒါနအဖြစ်ငါးများကို ကန်သုံးဆင့်(ကန်သာယာ) ကန်အတွင်းသို့ လွှတ်ပေးခဲ့သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင်အကြိမ် (၈၀)မြောက် မြောင်းမြမြို့နယ်လုံးဆိုင်ရာ သံဃဒါနဆွမ်းဆန်စိမ်းလောင်းလှူပွဲတော် အခမ်းအနားသို့ တက်ရောက်ကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခဲ့ပြီး ပုသိမ်မြို့သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည့် နှစ်သစ် မင်္ဂလာပရိတ်တရားတော်နာယူပွဲ၊ ဩဝါဒခံယူပွဲနှင့် သင်္ကြန်ပူဇော်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ပုသိမ်မြို့ မရမ်းချိုကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကာ သံဃာတော်အရှင်သူမြတ်များက အန္တရာယ်ကင်းပရိတ် တရားတော်များ ရွတ်ပွားချီးမြှင့်ပေးခဲ့သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကုန်းသာကျောင်းတိုက် ဆရာတော်ထံမှ ဩဝါဒခံယူကာ သာသနာရေးဆိုင်ရာ ကိစ္စရပ်များ လျှောက်ထားပြီး ကြွရောက်လာကြသည့် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဖိတ်ကြားထားသည့် သက်ကြီးဘိုးဘွားများအား အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းကာ ဘိုးဘွားများကိုယ်စား အဘိုးဦးတင်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြာအင်းဆိပ်ကြီး၌ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့

ကြာအင်းဆိပ်ကြီး ဧပြီ ၁၉

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧပြီ ၁၇ ရက် နံနက် ၉ နာရီက သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကျင်းပသည်။

အဆိုပါ သက်ကြီးပူဇော်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနှင့် ဌာနဆိုင်ရာများ၊ အထောက်အကူပြုအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များက အသက်(၈၅)နှစ်နှင့် အထက် ဘိုးဘွား ၁၄ ဦးကို တစ်ဦးလျှင် ငွေကျပ် ခြောက်သောင်းကျော်နှင့် ဆေးဝါးများဖြင့် ပူဇော်ကန်တော့ခဲ့ကြပြီး ချောင်းဝကျေးရွာရှိ အသက်(၁၀၀)ကျော် အဘွားနှစ်ဦးကိုလည်း သွားရောက်ကန်တော့ခဲ့ကြောင်း သိရသည်။

နှင်းကြည် (iprd)

ကျောက်ပန်းတောင်းမြို့နယ် ဖက်တောရေကျေးရွာ၌ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွား ဘုန်းတော်ကြီးကျောင်းတွင် ယာယီဆေးခန်းဖွင့်လှစ်ကာ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိ

ကျောက်ပန်းတောင်း ဧပြီ ၁၉

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ဖက်တောရေကျေးရွာတွင် ကျေးရွာအများသုံး သောက်သုံးရေကန်ဖြစ်သော မိုးရေလှောင်ကန်မှရေမသန့်ရှင်းမှုကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

စတင်ဖြစ်ပွားသည်မှာ အဆိုပါကျေးရွာအိမ်အမှတ် ၄၉ မှ ဒေါ်စိန်မြ (၇၈နှစ်)က ဧပြီ ၁၂ ရက်က ဝမ်းလျှောရောဂါစတင်ဖြစ်ပွားခဲ့ကြောင်း သိရပြီး မနန်းဥမ္မာထွေး(၈နှစ်)သည် ဧပြီ ၁၆ ရက် ညနေ ၆ နာရီခန့်က စတင်ဝမ်းလျှောခဲ့ကြောင်းနှင့် အဆိုပါနေ့တွင်ဝမ်းလျှောမှု သုံးကြိမ်ဖြစ်ခဲ့ပြီး ဧပြီ ၁၇ ရက် နံနက် ၇ နာရီက သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကို ကျေးရွာတာဝန်ရှိသူများ၏သတင်းပေးမှုအရ ဧပြီ ၁၇ ရက်က ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမြင့်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသက်ထားမောင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ စိုးစိုးနိုင်၊ လက်ပံပျား တိုက်နယ်ဆေးရုံတာဝန်ခံ ဒေါက်တာဦးမျိုးနှင့် မြို့နယ်ကျန်းမာရေးဝန်ထမ်း ၁၇ ဦးပါဝင်သော ပူးပေါင်းအဖွဲ့တို့သည် ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ယာယီဆေးခန်းဖွင့်လှစ်၍ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခြင်း၊ ရေတွင်း ရေကန်များတွင် ဆေးခတ်ခြင်း၊ ယင်လုံ အိမ်သာများစစ်ဆေးခြင်းတို့ကို ဆောင်ရွက်၍ လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ရေသန့်ဘူး လီတာ ၇၂၀၊ ခေါက်ဆွဲထုပ် ၂၅၀ နှင့် အားဖြည့်အာဟာရများ ပံ့ပိုးလှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ ဖက်တောရေကျေးရွာတွင် အိမ်ခြေ ၁၅၀ ရှိပြီး လူဦးရေ ၆၈၁ ဦးနေထိုင်ကြောင်း၊ သောက်ရေအတွက် အဝီစိစက်ရေတွင်း ၁၂ တွင်း ရှိကြောင်းနှင့် သုံးရေချိုးရေနှင့် တိရစ္ဆာန်သောက်သုံးရေများအတွက် အများသုံးရေကန်ဖြစ်သော မိုးရေလှောင်ကန်မှ ရေကိုတစ်ရွာလုံး သုံးစွဲကြခြင်းဖြစ်ရာ အဆိုပါ ရေမသန့်ရှင်းမှုကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခဲ့ခြင်းဖြစ်သဖြင့် ဧပြီ ၁၇ ရက် မှစတင်၍ အဆိုပါရေကန်မှရေကို သုံးစွဲခြင်း မပြုကြရန် တားမြစ်ထားကြောင်း သိရသည်။

အဆိုပါ ဝမ်းပျက်ဝမ်းလျှော လူနာများကို ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ရာတွင် ဧပြီ ၁၇ ရက်တွင် လက်ပံပျားတိုက်နယ် ဆေးရုံတွင် အတွင်းလူနာ ၁၅ ဦး၊ အပြင်လူနာ ခုနစ်ဦးနှင့်အတူ ဆေးတိုက်ကျွေးသူ ၉၂ဦးရှိခဲ့ပြီး ဧပြီ ၁၈ ရက်က လက်ပံပျားတိုက်နယ်ဆေးရုံ၌ အတွင်းလူနာသစ် သုံးဦး၊ ဖက်တောရေကျေးရွာ၌ ပြင်ပလူနာလေးဦး၊ အတူနေ ဆေးတိုက်ကျွေးသူ ၂၂ ဦးရှိကြောင်းသိရပြီး ကျောက်ပန်းတောင်း ဆေးရုံသို့အတွင်းလူနာ ငါးဦးလွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆေးရုံတက်ရောက်ကုသမှုခံယူသည့် အတွင်းလူနာများ အနက် ဧပြီ ၁၉ ရက်တွင် လူနာခြောက်ဦးမှာ ရောဂါပျောက်ကင်း၍ ဆေးရုံမှဆင်းခွင့်ပေးခဲ့ပြီး လူနာသစ်ဆက်လက်ဖြစ်ပွားမှုမရှိကြောင်း သိရသည်။ ဖက်တောရေကျေးရွာတွင် ယာယီဆေးခန်း ဆက်လက်ဖွင့်လှစ်ထားရှိပြီး ပြင်ပလူနာလေးဦးနှင့် အတူနေဆေးတိုက်ကျွေးသူ ၁၅ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပြီး ကျေးရွာအတွင်း ပိုးသတ်ဆေးဖျန်းခြင်း၊ ထုံးဖြူးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် လက်ရှိတွင် လက်ပံပျားတိုက်နယ် ဆေးရုံတွင်လူနာ ၁၂ ဦး၊ ကျောက်ပန်းတောင်း ဆေးရုံတွင် လူနာငါးဦး ဆက်လက်ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

နေအောင်(iprd)

အလိမ္မာ စာမှာရှိ

သက်ကြီးပူဇော်ပွဲကျင်းပ

မြစ်ကြီးနား ဧပြီ ၁၉

မြစ်ကြီးနားမြို့၌ ဖွဲ့စည်းထားသည့် ကချင်ပြည်နယ်ရောက် ရခိုင်တိုင်းရင်းသားမျိုးနွယ်စုစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဇေယျာမင်း၊ ဒုတိယဥက္ကဋ္ဌ ဦးဖြူသာချေနှင့်အဖွဲ့ဝင်များ၊ ရခိုင်တိုင်းရင်းသားများနှင့် မိသားစုများသည် ဧပြီ ၁၈ ရက်က မြစ်ကြီးနားမြို့ ခေမာသီဝံပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒာဝရာဘိဝံသ အမှူးပြုသောအဖွဲ့ နာယကသံဃာတော် ၁၀ ပါး၊ ကချင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သန်းအောင်ဦးဆောင်သောအဖွဲ့ နာယကလူပုဂ္ဂိုလ် ငါးဦးနှင့်အသက် ၈၅ နှစ်ရှိ အဘွားဒေါ်ဝင်းသာဖြူတို့ကို အလှူငွေများ၊ အသုံးအဆောင်ပစ္စည်းများ၊ ဆေးဝါးများ၊ စားသောက်ဖွယ်ရာများဖြင့် လိုက်လံပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။

(၀၆၂)

မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၂၀-၄-၂၀၁၅(တနင်္ဂနွေနေ့)

၆း၀၀	-	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ကာလပေါ်တေး အရသာဂီတရိပ်သာ(အပိုင်း-၃၃)
၆း၂၀	-	နေရယ်၊ လရယ်၊ အမှန်တရားရယ်(အပိုင်း-၁) **အပြစ်မဲ့သက်သေ**
၇း၂၀	-	နိုင်ငံခြားဇာတ်လမ်းတွဲ **တောင်းတဲ့ဆု**(အပိုင်း-၁)
၈း၄၀	-	တေးဂီတအစီအစဉ်
၉း၀၀	-	ပြည်သူ့နီတိ **အမြင်ပျံ့ငှက်**
၉း၂၅	-	China In Myanmar Cultural Show
၁၀း၀၀	-	မြန်မာဗီဒီယိုဇာတ်လမ်း **ပင်လယ်ဂျစ်ပစီ**

ဓာတ်ဆီဖြည့်လျှင်၊ ဓာတ်ဆီဖလှယ်လျှင်

- စက်နှိုးထားစဉ် ဆီမထည့်ရ၊ ဆီထည့်စဉ် လက်ကိုင်ဖုန်းမသုံးရ။
- ဖယောင်းတိုင်မီးဖြင့် ကြည့်ခြင်း၊ ဆေးလိပ်သောက်ခြင်း မပြုလုပ်ရ။
- ရာသီဥတုပူပြင်းချိန် ပလတ်စတစ်ပုံးသုံးခြင်း ရှောင်ပါ။
- လောင်စာဆီကို အင်ဂျင်ပန့်ဖြင့် တွန်းပို့ရွှေ့ပြောင်းခြင်းမပြုရ။
- ပွတ်တိုက်မှု (Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static electricity) ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်နိုင်သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ တောင်ကြီးတက္ကသိုလ်၌ တွေ့ဆုံပွဲကျင်းပ

တောင်ကြီး ဧပြီ ၁၉

ရှမ်းပြည်နယ် တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ်၌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီနှင့် တွေ့ဆုံပွဲကို ဧပြီ ၁၉ ရက် ညနေ ၃ နာရီက တောင်ကြီးတက္ကသိုလ် ဘက်စုံခန်းမ ကျောင်းကြီးစုရပ်ကွက်၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ပြည်နယ်အတွင်းရှိ ပညာရေး ဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း၊ တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမူမူမြင့်က တောင်ကြီးတက္ကသိုလ်၏ သမိုင်းကြောင်းနှင့် တောင်ကြီးတက္ကသိုလ်တွင် ယခု ဆရာ ဆရာမများ နေအိမ်တိုက်ခန်းနှင့် ကျောင်းဆောင်သစ်များ ဆောက်လုပ်နေမှုကို ရှင်းလင်း၍လည်းကောင်း၊ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဦးချစ်ဆွေက တောင်ကြီးမြို့နှင့် မြို့နယ်များ၏ ပညာရေး ဆောင်ရွက်ချက်များနှင့် လူရည်ချွန်မောင်မယ်များ လေ့လာရေးစခန်းဖွင့်လှစ်မှုအတွက် ကြိုတင်ပြင်ဆင် ထားရှိမှုများကိုလည်းကောင်း အသီးသီးတင်ပြဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော တာဝန်ရှိသူများ၏ တင်ပြချက်များကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီက ထပ်မံဖြည့်စွက်၍ ပညာရေးအဆင့်မြှင့်နိုင်ရန်အတွက် ဆရာ ဆရာမများက အထူးအလေးထား ဆောင်ရွက်ကြရန်နှင့် ဆရာ ဆရာမများကလည်း ဘက်စုံပညာရေးကိုလိုက်နာဆောင်ရွက်ပြီး အောင်မြင်အောင်ကြိုးစားသွားကြရန် ပြောကြားခဲ့သည်။

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီနှင့် တွေ့ဆုံပွဲသို့ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမူမူမြင့်၊ တောင်ကြီး ပညာရေးကောလိပ် ဆရာမကြီး၊ ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူး ဦးချစ်ဆွေ၊ တောင်ကြီးတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ပညာရေးကောလိပ်မှ သင်တန်းသူ ဆရာမများ၊ ပညာရေးဌာနမှ တာဝန်ရှိ ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

စိုင်းသန်းကျော်(တောင်ကြီး)

---

(၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ

"မဟာဂီတ"

၁။ **ဝါသနာရှင်(ပထမတန်း) အဆင့်(အမျိုးသား၊အမျိုးသမီး)**
(က) ဟေဝန်စုံမြိုင် (ပတ်ပျိုး)
(ခ) သီတင်းကျွတ်လဘွဲ့ (ပဒေသာ)
(ဂ) မင်းခမ်းတော်စုံ (သီချင်းခံ)
(ဃ) လွမ်းခလေ့ (ပတ်ပျိုး)
(င) ဘုန်းမျှော့မျှော့မင်း (ပတ်ပျိုး)
(စ) ခွာပြာသင်း (ပတ်ပျိုး)
(ဆ) စိန်ခြယ်ခြူးသန်း (ပတ်ပျိုး)
(ဇ) စိန်မြရံခြယ် (မွန်)
(ဈ) ဘုန်းပဒေသာ (လူးတား) (အမျိုးသား)
(ည) ပလိပ်စား (ဧချင်း)(အမျိုးသမီး)

၂။ **ဝါသနာရှင်(ဒုတိယတန်း) အဆင့်(အမျိုးသား၊အမျိုးသမီး)**
(က) ဒီပါဓမြ (ပတ်ပျိုး)
(ခ) တောမြိုင်ခြေလမ်း (ယိုးဒယား)
(ဂ) အိုကမ်းလေရေယမုန် (ပတ်ပျိုး)
(ဃ) စိန်ကြယ်ညီးလင်း (မွန်)
(င) ပန်းမြိုင်လယ် (ယိုးဒယား)

၃။ **အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) သောင်းလုံးမြေချာ (မွန်)
(ခ) ခါနွေဆန်း (ယိုးဒယား)
(ဂ) မြန်ချာမြေကို (ပတ်ပျိုး)
(ဃ) မန်းတောင်လက်ယာ (ယိုးဒယား)

၄။ **အခြေခံပညာ(၁၅-၂၀) အဆင့်(အမျိုးသား၊ အမျိုးသမီး)**
(က) ရွှန်းရွှန်းမြ (သီချင်းခံ)
(ခ) မိုးလုံးပတ်လည် (ပတ်ပျိုး)
(ဂ) ခိုင်ပန်းစုံမှုန်မာလာ (ယိုးဒယား)
(ဃ) ပြည်ပြည်မင်းပေါင်း (သီချင်းခံ)

၅။ **အခြေခံပညာ(၁၀-၁၅) အဆင့်(အမျိုးသား၊ အမျိုးသမီး)**
(က) သည်ဆောင်းဟေမာန် (ဘွဲ့)
(ခ) နံ့သာနီတောင် (ပတ်ပျိုး)
(ဂ) မှော်ရုံဟေဝန် (ယိုးဒယား)
(ဃ) မြိုင်တန်းမှောင်ဝေ (ကရင်သြ)

"ခေတ်ဟောင်းတေး/ကာလပေါ်တေး"

၁။ **ဝါသနာရှင်(ပထမတန်း)အဆင့်(အမျိုးသား)**
(က) မုန်းရစ်လေဦး (ကိုမင်းနောင်)
(ခ) တောသားကြီး (ခင်မောင်ရင်)
(ဂ) စိမ့်ကြီးမြိုင်ကြီး (ကိုအံ့ကြီး)
(ဃ) ရပ်ကြီးသူ (ဦးသိန်းကြွယ်)
(င) တောင်သမန် (နန်းတော်ရှေ့ဆရာတင်)
(စ) ဘုံခမ္မတာ (ဉာဏ်ဘသောင်)
(ဆ) ကျောင်းတော်ရာ (ပြည်ဘရှင်)
(ဇ) ပန်းစုံတဲ့တော (ခင်မောင်ရင်)
(ဈ) နတ်ဒေဝီ (ခင်မောင်ရင်)
(ည) မင်္ဂလာတော် (ဉာဏ်ဘသောင်)

၂။ **ဝါသနာရှင်(ပထမတန်း)အဆင့်(အမျိုးသမီး)**
(က) ချစ်မိုးကြီး (ငွေးငွေးမြင့်)
(ခ) မဟာတြိရတနာ (ရီရီသန့်)
(ဂ) နီးအောင်ပင်လှမ်း (ဒေါ်ကြည်အောင်)
(ဃ) ဂီတအခြေခံ (အဖွဲ့)
(င) ပိတောက်လမ်း (မာမာအေး)
(စ) နွေဦးတေးသံ (မေလှမြိုင်)
(ဆ) ဝေဿန္တရာ (ရီရီသန့်)
(ဇ) ပျံသန်းရမည့်နေ့ (စိန်စိန်မြိုင်)
(ဈ) မြိုင် (ရီရီသန့်)
(ည) ဆယ့်နှစ်လရာသီ (မေမေဝင်း)

၃။ **ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား)**
(က) ငါ့အိမ် (ကိုမင်းနောင်)
(ခ) စိမ်းလဲ့ညို (မောင်မောင်ကြီး)
(ဂ) စိမ်း (ကိုမြင့်ဆွေ)
(ဃ) လွမ်းအိပ်မက်ကသံသရာရှည် (မောင်မောင်ကြီး)
(င) ရွှေတိဂုံသမိုင်း (ဒေါ်ကြည်အောင်)
(စ) ချစ်ရတုထံတျာ (ကိုလေးမြင့်)

၄။ **ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသမီး)**
(က) စခန်းအောင်မြေ (တင်တင်မြ)
(ခ) ကျေးစေတမန် (မေရှင်)
(ဂ) ကထိန်သင်္ကန်း (စိန်ပါတီ)
(ဃ) အာရောဂျံ (ဒေါ်ကြည်အောင်)
(င) စိမ်းရောင်စို (လေဘာတီမြရင်)
(စ) သားမောင်မောင် (တင်တင်မြ)

၅။ **အဆင့်မြင့်ပညာအဆင့်(အမျိုးသား)**
(က) အမှတ်မထင် (မောင်ထွန်းမင်း)
(ခ) မိုးကြိုးတေးအလှ နယုန်လ (ခနေဖြူစိုးသိန်း)
(ဂ) မဲဇာရွှေလီ (လေဘာတီမြရင်)
(ဃ) ဖန်တီးသူတို့အပြုံးများ (ဂီတလုလင်ဦးကိုကို)

၆။ **အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး)**
(က) ဖူးရွှေလက်တင် (အေဝမ်းတင်တင်လှ)
(ခ) မင်္ဂလာသတင်း (ညွန့်ညွန့်စိန်)
(ဂ) ဘုတ်တလုတ်ကန် (ထား)
(ဃ) ရွှေမိုးရယ်မှောင် (တင်တင်မြ)

၇။ **အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား)**
(က) သစ်ခြောက်ပင်အောက် ပန်းကောက်သူ (မောင်မောင်ကြီး)
(ခ) ဇာတိမာန် (ဉာဏ်ဘသောင်)
(ဂ) ဖူးပွင့်ဝေစည်ဆယ့်နှစ်ရာသီ (ကိုသန်းလှိုင်)
(ဃ) ဆုတောင်းပါလေ အိမ်သူဆွေ (ကိုမင်းနောင်)

၈။ **အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသမီး)**
(က) လမြတ်တန်ဆောင် (ထား)
(ခ) တစ်ကျော့နှစ်ကျော့တေးကိုသီ (တင်တင်မြ)
(ဂ) သုဝဏ္ဏသာမ (စိန်ပါတီ)
(ဃ) သူရကန်အရောင်မှိတ်သော်လည်း (မေလှမြိုင်)

၉။ **အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား)**
(က) ဗုဒ္ဓဂုဏ်ရည်ခြောက်ရောင်ခြည် (ကိုမင်းနောင်)
(ခ) အမေ့အကြောင်းသတင်းကောင်း (တွံတေးသိန်းတန်)
(ဂ) အမေ့ပါးကသနပ်ခါး (တွံတေးသိန်းတန်)
(ဃ) ဖြူနီညိုပြာ (ကိုတင်အောင်သန်း)

၁၀။ **အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသမီး)**
(က) အဝေယျာဟောန္တု (သန်းသန်းဆင့်)
(ခ) မိဘကျေးဇူးဆပ်ဖူးပြီလားရှင် (စိန်မြင့်လတ်)
(ဂ) ဗုဒ္ဓသာသနံစိရံတိဋ္ဌတု (ချိုပြုံး)
(ဃ) မြန်မာ့မူမှန် (အဖွဲ့)

(ဆက်လက်ဖော်ပြပါမည်)

သက်ကြီးဘိုးဘွား ၈၃ ဦးအား ပူဇော်ကန်တော့

မိုးညို ဧပြီ ၁၉

ပဲခူးတိုင်းဒေသကြီးသာယာဝတီခရိုင် မိုးညိုမြို့နယ် သာယာကုန်းအုပ်စု သပြေပင် ရွာလယ်ဓမ္မာရုံ၌ နှစ်ဆန်း ၁ ရက်(ဧပြီ ၁၇ ရက်)နံနက် ၉ နာရီက မြန်မာ့ရိုးရာအစဉ်အလာမပျက် သက်ကြီးရွယ်အို အဘိုးအဘွားများအား ပူဇော်ကန်တော့ကြသည်။

ပူဇော်ကန်တော့ပွဲတွင် သာယာကုန်းအုပ်စုအုပ်ချုပ်ရေးမှူး ဦးအောင်သန်းဦးနှင့် ကျေးရွာနေပြည်သူများ၊ အလှူရှင်များက အသက် ၇၅ နှစ်နှင့်အထက် အဘိုးအဘွား ၈၃ ဦးကို တစ်ဦးလျှင် ငွေကျပ် ၁၁၀၀၀ နှင့် မျက်နှာသုတ်ပဝါတစ်ထည်စီဖြင့် ပူဇော်ကန်တော့ကြကြောင်း သိရသည်။

ခင်လတ်(မိုးညို)

ကော့သောင်းမြို့ ဘိုးဘွားရိပ်သာ အဘွားတိုးချဲ့ဆောင်ဆောက်လုပ်ရေး အလှူငွေပေးအပ်

ကော့သောင်း ဧပြီ ၁၉

ဘိုးဘွားရိပ်သာ အဘွားတိုးချဲ့ဆောင် ဆောက်လုပ်ရေးအလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၁၉ ရက် နံနက် ၉ နာရီက ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ဘိုးဘွားရိပ်သာ အဘွားတိုးချဲ့ဆောင်ခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ ဘိုးဘွားရိပ်သာကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးမင်းလွင်က ဘိုးဘွားရိပ်သာ အဘွားတိုးချဲ့ဆောင် ဆောက်လုပ်နေမှု ရန်ပုံငွေ အလှူခံရရှိထားမှုနှင့် အသုံးပြုမှုအခြေအနေများကို ရှင်းလင်းသည်။

ဆက်လက်၍ ခမောက်ကြီးနှင့် ကော့သောင်းတပ်နယ်မိသားစု အလှူရှင်များနှင့် ရပ်မိရပ်ဖအလှူရှင် စေတနာရှင်များက ဘိုးဘွားရိပ်သာ အဘွားတိုးချဲ့ဆောင် ဆောက်လုပ်မှု အလှူငွေများ ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာကော်မတီ ဂုဏ်ထူးဆောင်နာယက၊ နာယက၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့က လက်ခံယူကြသည်။

ထို့နောက် ဘိုးဘွားရိပ်သာ ဒုတိယဥက္ကဋ္ဌက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး တပ်နယ်မိသားစုများက ရိပ်သာရှိ ဘိုးဘွားတစ်ဦးချင်းစီသို့ အလှူငွေများ လှူဒါန်းကြသည်။ ယင်းနောက် လှူဒါန်းမှုအစုစုအတွက် ဆရာတော် သံဃာတော်များထံမှ ရေစက်သွန်းချအမျှပေးဝေကြသည်။

အဆိုပါ အဘွားတိုးချဲ့ဆောင်ကို အာရ်စီနှစ်ထပ်အဆောက်အအုံအဖြစ် စေတနာရှင်အလှူရှင်များ လှူဒါန်းငွေဖြင့် တည်ဆောက်လျက်ရှိရာ လုပ်ငန်းအားလုံး၏ ၅၀ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီ ဖြစ်သည်။ လုပ်ငန်းအားလုံးပြီးစီးသည်အထိ ငွေကျပ်သိန်း ၅၀၀ ကျော်ခန့် ကုန်ကျမည်ဖြစ်ရာ အလှူရှင်များ လာရောက်လှူဒါန်းငွေကျပ် ၁၃၄ သိန်းကျော်ခန့် ရရှိပြီဖြစ်သည်။ ခမောက်ကြီးတပ်နယ်၊ ကော့သောင်းတပ်နယ်မိသားစုများ၊ ရပ်မိရပ်ဖ စေတနာရှင် အလှူရှင်များ လှူဒါန်းငွေမှာ ငွေကျပ်သိန်း ၈၀ ကျော်ခန့် ဖြစ်ကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

မြန်မာ့လက်မှုလုပ်ငန်းဈေးကွက် ချဲ့ထွင်နိုင်ရေးကြိုးပမ်းမည်

မြတ်စန္ဒီသင်းဇော်

ရန်ကုန် မေ ၁၉

မြန်မာ့လက်မှုအနုပညာပစ္စည်းများကို အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်လာစေရန်အတွက် လက်မှုပစ္စည်းထုတ်လုပ်ရောင်းချသူများအား စနစ်တကျစုစည်း၍ အဆင့်မြင့်ပြည်တွင်းထုတ်ကုန်များဖန်တီးကာ ပြည်ပဈေးကွက် ချဲ့ထွင်လုပ်ဆောင်သွားရန်၊ အာဆီယံအပြင် ဥရောပဈေးကွက်သို့ပါ ကျယ်ပြန့်စွာခြေလှမ်းနိုင်ရန် ပြည်ပမှ နည်းပညာပိုင်းဆိုင်ရာ အဆင့်မြင့်ပံ့ပိုးမှုများလိုအပ်လျက်ရှိကြောင်း မြန်မာ့လက်မှုအနုပညာအသင်းဥက္ကဋ္ဌ ဦးသာခုက ဆိုသည်။

"မြန်မာ့လက်မှုအနုပညာပစ္စည်းတွေကို ပိုပြီးအရည်အသွေးမြှင့်ဖို့ လိုအပ်နေပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အသင်းအနေနဲ့ ပြည်တွင်းမှာရှိတဲ့ ထုတ်လုပ်ရောင်းချသူတွေကိုစုစည်းပြီး အင်အားတောင့်တင်းအောင် ဆောင်ရွက်မယ်။ ပြီးတော့ ပြည်ပမှာကျင်းပတဲ့အစည်းအဝေးတွေ၊ သင်တန်းတွေ လေ့လာရေးခရီးတွေ တက်ရောက်မယ်။ နောက်ပိုင်းပြပွဲကြီးတွေမှာ ပါဝင်ခင်းကျင်းပြသမှုတွေကို ဆောင်ရွက်ထားဖို့ ရည်ရွယ်ထားတယ်။ အနုပညာဦးစီးဌာန၊ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွေနဲ့ UMFCCI ကလည်း အားပေးတယ်။

"နိုင်ငံတကာပြပွဲတွေကို ၁၀ နှစ်ကျော် သွားရောက်လေ့လာခဲ့တဲ့ အတွေ့အကြုံတွေရယ်၊ ကောင်းမွန်တဲ့နိုင်ငံရဲ့ ပြယုဂ်တစ်ရပ်အနေနဲ့ ဖော်ဆောင်ဖို့ လိုအပ်တယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့တည်ထောင်ခဲ့တာပါ။ အခုချိန်မှာ အာဆီယံမှာ မြန်မာပါဝင်လာနိုင်အောင်ဖော်ဆောင်ဖို့လိုနေတယ်။ အိမ်နီးချင်းနိုင်ငံတွေကတောင်တချို့လက်ရာတွေကို Made In Myanmar ဆိုတာ မသိကြတဲ့အနေအထားမှာရှိနေတယ်။ နိုင်ငံတကာဈေးကွက်ထဲကို ရောက်သွားဖို့တော်တော်လေးလိုနေပေမယ့် တစ်နေ့မှာရောက်ရမယ်ဆိုတဲ့ ရည်မှန်းချက်တော့ရှိတယ်" ဟုလည်း ၎င်းက ပြောကြားသည်။

အဆိုပါမြန်မာ့လက်မှုအနုပညာအသင်းကို တည်ထောင်သူ ခြောက်ဦးနှင့် စတင်ဖွဲ့စည်းခဲ့ကြပြီး ယခုအချိန်အထိ အသင်းဝင် ၆၀ ခန့်ရှိနေကြောင်း၊ အသင်းဝင်ရောက်ရာတွင် အသင်းဝင်ကြေးနှင့် ရန်ပုံငွေကောက်ခံခြင်းမရှိကြောင်း၊ တစ်နိုင်ငံလုံးအင်အားစုစည်းကာ ခိုင်မာသည့်အဖွဲ့အစည်းအဖြစ် ရပ်တည်သွားရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ မြန်မာ့လက်မှုများကို နှစ်ခြိုက်သည့်ပုံစံမှာ နိုင်ငံအလိုက်ကွဲပြားမှုများရှိနေသည်။ ဥရောပနိုင်ငံများက ယွန်းထည်ပစ္စည်းများ၊ ပန်းပုရုပ်များကိုနှစ်သက်ပြီး ဂျပန်နှင့် ကိုရီးယားတို့က ကနုတ်မာနှင့်ကြိမ်ထည်များ၊ ကျောက်စီပန်းချီများကို နှစ်သက်ကြကြောင်း၊ တရုတ်နိုင်ငံကမူ ကျောက်စိမ်းလက်ရာများကိုသဘောကျကြောင်း သိရသည်။

မြန်မာ့လက်မှုပညာ ယွန်းထည်လုပ်ငန်းလုပ်ကိုင်သည့် ပုဂံဒေသရှိ ယွန်းထည်လုပ်ငန်းခွင်ကို တွေ့ရစဉ်။ ဓာတ်ပုံ-သက်ထက်

ယခုခေတ်တွင် လက်မှုလက်ရာများကို အိမ်တွင်းအလှဆင်ခြင်းနှင့် ဇိမ်ခံအသုံးအဆောင်များအတွက် အဓိကဝယ်ယူကြလျက်ရှိသည်။ ဝယ်လိုအားအများဆုံးမှာ အနောက်နိုင်ငံများ ဖြစ်ကြသည်။

"ဥပမာပြောရရင် ထိုင်းနိုင်ငံရဲ့ လက်မှုလုပ်ငန်းတွေဟာ အံ့သြဖွယ်ရာကောင်းလောက်အောင် ဖန်တီးထားနိုင်တာတွေ့ရတယ်။ ဒါကလည်း ဒီပစ္စည်းတွေကိုသုံးစွဲနေကြတဲ့ အနောက်ဥရောပနိုင်ငံတွေရဲ့နည်းပညာပံ့ပိုးမှုနဲ့ ဈေးကွက်လိုအပ်ချက်ကိုသိရှိလို့လုပ်ဆောင်နိုင်ကြတာဖြစ်တယ် ။ ဒါ့ကြောင့် ဒီမှာလည်း အသင်းအင်အားတောင့်တင်းပြီး နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုတွေရရှိလာရင်တော့ နိုင်ငံတကာဈေးကွက် ခိုင်ခိုင်မာမာရရှိလာလိမ့်မယ်လို့ ယုံကြည်ပါတယ်" ဟု အသင်းအတွင်းရေးမှူး ဒေါ်အိအိထွေးက ပြောကြားသည်။

လက်မှုလုပ်ငန်းအများစုကို အခြေခံနှင့်လူလတ်တန်းစားများက အဓိကလုပ်ဆောင်ခြင်းဖြစ်ပေရာ ယင်းလုပ်ငန်းကို အောင်မြင်အောင် ဖော်ဆောင်ခြင်းဖြင့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများတိုးတက်မှုကို အထောက်အကူပြုရာရောက်ကြောင်း၊ ထို့အပြင်ပြည်တွင်းမှ လက်မှုကုန်ကြမ်း အရင်းအမြစ်များ ရေရှည်တည်တံ့ရေးအတွက် ထိန်းသိမ်းရန်လိုအပ်ကြောင်းလည်း သိရသည်။

မုံရွာ-မန္တလေးကားလမ်းမကြီး ရေကျော်တံတားနှစ်စင်း အသစ်တိုးချဲ့တည်ဆောက်ပြီးစီး

မြင်းမူ မေ ၁၉

မိုးရာသီတွင် မြင်းမူမြို့နယ်၏ မြောက်ဘက်ခြမ်းရှိ ကျေးရွာများ၌ ရွာသွန်းသောမိုးရေများ စီးဆင်းလာမှုကြောင့် ရေကျော်လေ့ရှိသည့် မုံရွာ-မန္တလေးကားလမ်းမကြီး မိုင်တိုင်အမှတ်(၅၃/၂)နှင့် (၅၃/၄)အကြားရှိ တံတားအမှတ်(၁/၅၄)နှင့် (၂/၅၄) တို့ကို အသစ်တိုးချဲ့ တည်ဆောက်ပြီးစီးသွားပြီဖြစ်သည်။ **(ဝဲပုံ)**

မြင်းမူမြို့နယ် အလ္လကပ္ပကျေးရွာအနီးရှိ မုံရွာ-မန္တလေးကားလမ်းမကြီး မိုင်တိုင်အမှတ်(၅၃/၂)နှင့် (၅၃/၃) အကြားရှိ သုံးပေပိုက်နှစ်လုံးဖြင့် ပြွန်တံတားအမျိုးအစားအဖြစ် တည်ဆောက်ထားသည့် တံတားအမှတ် (၁/၅၄)ကို ရေထွက်ပေါက်အကျယ် ၁၀ ပေရှိ ကွန်ကရစ်တံတားအမျိုးအစားအဖြစ်လည်းကောင်း၊ မိုင်တိုင်အမှတ် (၅၃/၃)နှင့် (၅၃/၄)အကြားရှိ ရေထွက်ပေါက် ရှစ်ပေအကျယ် တည်ဆောက်ထားသည့် တံတားအမှတ်(၂/၅၄)အား ရေထွက်ပေါက်အကျယ်ပေ ၂၀ ရှိ ကွန်ကရစ်တံတားအမျိုးအစားအဖြစ် လည်းကောင်း အသစ်တိုးချဲ့ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကွန်ကရစ်တံတားနှစ်စင်းသည် ကတ္တရာလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်းအကျယ် ၃ ပေစီဖြင့် စုစုပေါင်းတံတားအကျယ် ၃၄ ပေစီဖြစ်ပြီး ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ကြောင်း သိရသည်။

ဖိုးခါး (iprd)

ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ ဥရုချောင်း ရှင်းလင်းရေးလုပ်ငန်းဆောင်ရွက်

ဖားကန့် မေ ၁၉

ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် ဥရုချောင်းရှင်းလင်းရေးလုပ်ငန်းဆောင်ရွက်ထားမှု အခြေအနေကို သက်ဆိုင်ရာတာဝန်ရှိသူများက မေ ၁၈ ရက် နံနက် ၉ နာရီက ကွင်းဆင်းကြည့်ရှု စစ်ဆေးဆောင်ရွက်ခဲ့ကြသည်။ **(ယာပုံ)**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် နှစ်စဉ် မိုးတွင်းကာလ၌ ဥရုချောင်းရေကြီးမှုကို ပြည်သူများ ခံစားကြရပြီး ယခုနှစ်တွင် ဥရုချောင်းဆယ်ယူရေးလုပ်ငန်းများကို ကျောက်မျက်လုပ်ငန်းရှင်မှ ဆယ်ယူလုပ်ဆောင်မှုကို သတ္တုတွင်းဌာန ကျောက်မျက်ရုံးမှ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးများ၊ မြို့နယ်အထောက်အကူပြုကော်မတီအတွင်းရေးမှူး၊ နှစ်ခြင်းအသင်းတော်မှ သိက္ခာတော်ရဆရာနှင့် လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ လိုက်ပါလျက် မေ ၁၈ ရက် နံနက်က ဥရုချောင်းတစ်လျှောက် ချောင်းဆယ်ယူထားမှုအခြေအနေကို လိုက်လံကွင်းဆင်းကြည့်ရှု၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ဖဇင)**

ပုဏ္ဏားကျွန်း၌နွေရာသီ ပညာဒါန အခမဲ့သင်တန်းများဖွင့်

ပုဏ္ဏားကျွန်း ဧပြီ ၁၉

ဒေသတွင်း လူငယ်များအသိပညာတိုးပွားလျက်ကောင်းမွန်သောဘဝတစ်ခု တည်ဆောက်နိုင်စေရန်၊ အသိပညာပြည့်ဝသော ရပ်ရွာလူ့အသိုင်းအဝိုင်း ဖြစ်လာစေရန် ရည်ရွယ်ချက်များဖြင့် နွေရာသီပညာဒါနအခမဲ့ အခြေခံအင်္ဂလိပ်သဒ္ဒါနှင့်စကားပြောသင်တန်း၊ အခြေခံကွန်ပျူတာသင်တန်းနှင့် အခြေခံသတင်းမီဒီယာသင်တန်းများကို ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ ရွှေတောင်တန်းဘုန်းတော်ကြီးကျောင်း၌ ဧပြီ ၁၉ ရက် နံနက် ၉ နာရီက ဖွင့်လှစ်ရာ မြို့နယ်သံဃနာယက ဆရာတော်နှင့် ဆရာတော်ကြီးများ တက်ရောက်သြဝါဒစကား မြွက်ကြားခဲ့ကြသည်။

သင်တန်းများကို အရှင်ပညိန္ဒြိယ (M.Phil) ကေလနိယတက္ကသိုလ် သီရိလင်္ကာ၊ အရှင်စန္ဒိမာ (Ph. D. Research) ဆန်စကရစ်တက္ကသိုလ် အိန္ဒိယ၊ အရှင်ရေဝတ(M.BA) စီယမ်တက္ကသိုလ်ထိုင်း၊ အရှင်ရဝိန္ဒ (ဓမ္မာစရိယ) ရွှေတောင်တန်းပုဏ္ဏားကျွန်း၊ အရှင်တေဇ (B.A) မဟာချုလာတက္ကသိုလ် ထိုင်း၊ အရှင်ဝရဗုဒ္ဓိ (B.A) မဟာချုလာ တက္ကသိုလ်ထိုင်းနှင့် အရှင်ပညာသီရိ(M.A) မဟာချုလာတက္ကသိုလ်ထိုင်းတို့က ဦးဆောင်ပုဂ္ဂိုလ်များအဖြစ် မတည်ငွေများထည့်ဝင်လှူဒါန်းကာ ကိုယ်တိုင်သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။

သင်တန်းကာလမှာ ဧပြီ ၂၀ ရက်မှ မေ ၃၁ ရက်အထိ တစ်ပတ် ၆ ရက် စုစုပေါင်း ၄၃ ရက်ကြာမြင့်မည်ဖြစ်ပြီး တနင်္ဂနွေရက်များကို လေ့လာရေးခရီး သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ညသူ**

မြင်းမူမြို့နယ်၌ အဆင့်မြင့်လယ်ယာမြေ ဧက ၇၀ ဖော်ထုတ်ပြီးစီး၍ ပဲတီစိမ်းများ စတင်စိုက်ပျိုး

မြင်းမူ ဧပြီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် စက်မှုလယ်ယာဦးစီးဌာနနှင့် ဇေယျာအောင်မြေကုမ္ပဏီတို့ ပူးပေါင်းပြီး မြင်းမူမြို့နယ် ပျော့ရွာကျေးရွာ ကွင်းအမှတ်(၃၆၅)တွင် အဆင့်မြင့်လယ်ယာမြေ ဧက ၇၀ ဖော်ထုတ်ပြီးစီးပြီဖြစ်၍ ဒေသခံတောင်သူများက ပဲတီစိမ်းများကို စတင်စိုက်ပျိုးနေကြပြီဖြစ်ကြောင်း သိရသည်။

ပျော့ရွာကျေးရွာမှ တောင်သူ ၃၈ ဦး ပိုင်ဆိုင်သည့် လယ်ယာမြေ ဧက ၇၀ ကို လယ်တစ်ကွက်လျှင် အလျား ၃၆၃ ပေ၊ အနံပေ ၁၂၀ နှုန်းဖြင့် ဖော်ထုတ်ခဲ့ရာ အဆင့်မြင့်လယ်ကွက်ပေါင်း ၈၂ ကွက်ကို ဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။

"အဆင့်မြင့်လယ်ယာမြေ ဧက ၇၀ အတွင်းကို ရေသွင်းထားပြီးဖြစ်ပါတယ်။ ရေအစိုဓာတ် လုံလောက်စွာ ရရှိတဲ့အတွက် ယခုအခါမှာ ထွန်ယက်ပြီး ပဲတီစိမ်းများကို စတင်စိုက်ပျိုးကြပြီ ဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပြီးရင်လည်း လာမယ့် မိုးရာသီမှာ ပုလဲသွယ်စပါးမျိုးများကို စိုက်ပျိုးကြမှာ ဖြစ်ပါတယ်"ဟု မြင်းမူမြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်းမင်းထွန်းက ပြောပြသည်။

အဆိုပါ အဆင့်မြင့်လယ်ယာတွင် ကုန်ထုတ်လမ်းရှိခြင်း၊ စက်စွမ်းအားပြည့် အသုံးပြုနိုင်ရန် လုံလောက်သော အကျယ်အဝန်းရှိခြင်း၊ ထောင့်မှန်စတုဂံဖြစ်၍ အလျား၊ အနံ (၃း၁)ခန့် ရှိခြင်း၊ လယ်မြေ မျက်နှာပြင် ညီညာမှုရှိခြင်း၊ ရေသွင်းမြောင်းရှိခြင်း၊ ရေနုတ်မြောင်းရှိခြင်း၊ ကန်သင်းများ ကောင်းမွန်ခြင်းနှင့် သဘာဝမြေဩဇာပြည့်စုံကောင်းမွန်ခြင်းစသည့် အင်္ဂါရပ်များနှင့်အညီ စနစ်တကျ ဖော်ထုတ်ခဲ့ခြင်း ဖြစ်သည်။

အဆင့်မြင့် လယ်ယာမြေများသည် ရေသွင်း၊ ရေထုတ်မြောင်း ပါရှိသည့်အတွက် ရေကိုလိုသလို သွင်းထုတ်နိုင်ပြီး လယ်ကွက်အတွင်းမှ ရေအနည်းအများကိုလည်း ထိန်းညှိပေးနိုင်သည့်အတွက် စပါးပင်ပွားကို မျှတစွာရရှိနိုင်ခြင်းကြောင့် သီးနှံအထွက်နှုန်း ၂၀ ရာခိုင်နှုန်းအထိ တိုးတက်စေကြောင်း သိရသည်။

ဖိုးခါး(iprd)

ငဖဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ခေါင်းရွက်ဈေးသည်များအား ငွေကျပ် သိန်း ၃၀ ချေး

ငဖဲ ဧပြီ ၁၉

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ငဖဲမြို့ဈေးကြီးတွင်ရောင်းချသော ခေါင်းရွက်ဗျပ်ထိုးဈေးသည်များအား စည်ပင်သာယာရေးအဖွဲ့ပိုင်ငွေကျပ်သိန်း ၃၀ ကို ယခုနှစ်အတွက် ထုတ်ချေးပေးပြီဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်သမ္မတ ဖော်ဆောင်နေသော လမ်းစဉ်တစ်ခုဖြစ်သည့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ငဖဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့ကတတ်အားသရွေ့ ဆောင်ရွက်လျက်ရှိရာ ယခုနှစ်အတွက် ငဖဲဈေးကြီးအတွင်း၌ ရောင်းချနေသော ခေါင်းရွက် ဗျပ်ထိုးဈေးသည်များအတွက် တစ်ဦးလျှင်ငွေကျပ် ၇၅၀၀၀ နှုန်းဖြင့် ဈေးသည် ၄၀ အားစည်ပင်သာယာရေးအဖွဲ့ပိုင် ငွေကျပ်သိန်း ၃၀ ကို အတိုးနှစ်ကျပ်နှုန်းဖြင့် ချေးပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့အဖွဲ့က ငွေထုတ်ချေးပေးတာ ဒီနှစ်ပါဆို သုံးနှစ်ရှိသွားပြီ။ ပထမဆုံးစပြီး ချေးပေးတဲ့နှစ်က ဦးရေ ၆၀ ကျော်ရှိတယ်။ ဒီနှစ်မှ နည်းသွားတာ။ အတိုးက နှစ်ကျပ်နှုန်းသတ်မှတ်ထားပေမယ့် ရရှိအမြတ်ငွေကို ၁၆ ရာခိုင်နှုန်းဘဏ်သွင်းပြီး ကျန်တဲ့၄ရာခိုင်နှုန်းက ချေးတဲ့သူတွေရဲ့ သားသမီးတွေ ပညာရေးအတွက် လိုအပ်ရင် ပြန်လည်ထောက်ပံ့ပေးပါတယ်။ တစ်နှစ်ထက်တစ်နှစ်တိုးတိုးပြီး ထုတ်ချေးပေးနိုင်အောင် ကြိုးစား ဆောင်ရွက်သွားမှာပါ" ဟု စည်ပင်ဦးစီးက ပြောပြသည်။

ပိုင်ဇေ(မကွေး)

ပုဇွန်တောင်မြို့နယ်တွင် ရှစ်ထပ်တိုက်သုံးလွှာမှ မိန်းကလေးတစ်ဦးကျ၍သေဆုံး

ရန်ကုန် ဧပြီ ၁၉

ပုဇွန်တောင်မြို့နယ်အတွင်း ရှစ်ထပ်တိုက် သုံးလွှာမှ မိန်းကလေးတစ်ဦး ပြုတ်ကျသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုဇွန်တောင်မြို့နယ် အမှတ်(၂)ရပ်ကွက် နေကြာသာယာကုန်းလမ်း တိုက်အမှတ်(၃၄)နေ အထက(၂)ဗိုလ်တထောင်ကျောင်းမှ နဝမတန်းကျောင်းသူ မဇွန်လေးနွယ်(၁၅ နှစ်)သည် ဧပြီ ၁၈ ရက် နံနက် ၈ နာရီခွဲက ပေ ၃၀ ခန့်အမြင့်ရှိ တိုက်ရှေ့ဝရန်တာပေါ်မှ ခုန်ချသေဆုံးသွားကြောင်း ရပ်ကွက်မှရာအိမ်မှူး ဦးထွန်းစိန်၏သတင်းပို့အကြောင်းကြားချက်အရ ပုဇွန်တောင်မြို့မရဲစခန်းမှ ဒုရဲမှူး သိန်းအောင်နှင့် တာဝန်မှူးရဲအရာခံ ဇင်မောင်မောင်ဝင်းတို့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ တိုက်ရှေ့လမ်းမပေါ်၌ ပက်လက်အနေအထားဖြင့် နောက်စေ့ပေါက်ပြဲ၊ ဝဲနားသွေးထွက်၊ နှာခေါင်းသွေးထွက်၊ ယာလက်ကောက်ဝတ် ဖူးရောင်ဒဏ်ရာရအနေအထားဖြင့် သေဆုံးနေသည်ကို တွေ့ခဲ့ရသည်။ ဖြစ်စဉ်အား စုံစမ်းရာ အနီးဝန်းကျင်နေသူများ၏ပြောပြချက်အရ အဆိုပါမိန်းကလေးမှာ နဝမတန်းစာမေးပွဲဖြေဆိုပြီး စာမေးပွဲကျရှုံးသဖြင့် ၎င်းနေထိုင်ရာတိုက်ပေါ်မှ ခုန်ချသေဆုံးခြင်းဖြစ်သည်ဟု ဆိုသည်။

မဇွန်လေးနွယ်မှာ ကျောင်းတွင် အနေအေးသူဖြစ်ကြောင်း၊ ကျောင်းအတွင်းမှာလည်း ဘာပြဿနာမှမရှိကြောင်း၊ ဘောဂဗေဒဘာသာတွဲ နဝမတန်း(င)မှ ကျောင်းသူဖြစ်ကြောင်း၊ ကလေးဆုံးသည်ကိုကြားသိရ၍ ဆရာမကြီးကိုယ်တိုင် ဆေးရုံသို့လိုက်ခဲ့ကြောင်း၊ သေဆုံးသူ၏မိဘများနှင့် အစ်မဖြစ်သူတို့၏ ပြောကြားချက်အရ ၎င်းအနေဖြင့် ခုန်ချသေဆုံးစရာအကြောင်းမရှိဟု သိရကြောင်း၊ စာမေးပွဲကျရှုံးမှုနှင့်ပတ်သက်၍လည်း ယခုနှစ်ကျရင် နောက်နှစ်ဖြေလို့ရသည်ဟု ဆိုပါကြောင်း၊ ထို့အပြင် ဝရန်တာမှ လျှောကျသည်ဟု သိရပါကြောင်း၊ ယခင်က ခွေး၊ ကြောင်များပင် လျှောကျဖူးသည်ဟု သိရကြောင်း၊ မဇွန်လေးနွယ်မှာ ယင်းနေရာတွင် အမြဲထိုင်နေကျဖြစ်၍ ၎င်း၏မိဘများက မကြာခဏတားဆီးပြောကြားရသည်ဟု သိရကြောင်း အထက(၂)ဗိုလ်တထောင် ပညာရေးအသိုင်းအဝိုင်းမှ စုံစမ်းသိရှိရသည်။

အဆိုပါသေဆုံးအလောင်းကို ယင်းနေ့ နံနက် ၉ နာရီက ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့၍ PR-၁၇၉ ဖြင့် မှုခင်းဆရာဝန်က စစ်ဆေးလက်ခံဆောင်ရွက်လျက်ရှိကြောင်းနှင့် သေဆုံးမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ အမှုဖွင့်ကာ စခန်းမှူး ဒုရဲမှူးသိန်းအောင်က စုံစမ်းစစ်ဆေးလျက်ရှိသည်ဟု သိရသည်။

တင်လှမောင်

မိတ္ထီလာတွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

မိတ္ထီလာ ဧပြီ ၁၉

မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့မှူးရုံး ခရိုင်မှုခင်းနှိမ်နင်းရေးဌာနဒုရဲအုပ် လှစိုးမိုး၊ ဒုရဲအုပ် ဇော်ထွန်းမင်းနှင့်တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာရပ်ကွက်တာဝန်ရှိသူများပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဧပြီ ၁၉ ရက် နံနက် ၁၁ နာရီခွဲက မူးယစ်ဆေးဝါး သတင်းအရ ပေါက်ချောင်းဈေးတန်းအနီး စောင့်ကြည့် သတင်းစုံစမ်းနေစဉ် စိတ်ကြွရူးသွပ်ဆေးပြားများ လက်ဝယ်ကိုင်ဆောင်ထားရှိသူ အမျိုးသားတစ်ဦးကို ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒုရဲအုပ်လှစိုးမိုးနှင့် ပူးပေါင်းအဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ ပေါက်ချောင်းရပ်ကွက် ခေတ်သစ်ဦး လက်ဖက်ရည်ဆိုင် အနီးစောင့်ကြည့်ကာ သတင်းစုံစမ်းနေစဉ် မြတ်ကျော်သူ(ခ) ဖိုးထောင်(၂၅ နှစ်) အောင်ဆန်းရပ်ကွက်နယ်မြေ ကျောက်ဖူးရပ်နေထိုင်သူသည် ၄၁ယ/------ ရှာရမ်း ၁၁၀ အနက်ရောင်ဆိုင်ကယ်ကိုစီးနင်းရောက်ရှိလာပြီး လက်ဖက်ရည်ဆိုင်ရှေ့စားပွဲခုံတွင် ဝင်ရောက်ထိုင်နေစဉ် ၎င်း၏ခန္ဓာကိုယ်အားစစ်ဆေးရှာဖွေရာ Dahila စာတန်းပါပန်းရောင်တစ်ရှူးအိတ်ခွံဖြင့်ထည့်လျက် WYစာတန်းပါပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၉ ပြား၊ အစိမ်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁ ပြား စုစုပေါင်း ၃၀၊ အလေးချိန် ၃ ဂရမ် တန်ဖိုး ၁၂၀၀၀ ကျပ်ခန့်ကို ဖမ်းဆီးရမိပြီးခရိုင်ရဲ တပ်ဖွဲ့မှူး၏ မူးယစ်ဆေးဝါး ရှာဖွေဝရမ်းအမှတ်ဖြင့် မြတ်ကျော်သူ(ခ)ဖိုးထောင်၏နေအိမ်အား ဆက်လက်ရှာဖွေရာ နေအိမ်ခေါင်းရင်းအဖီ၏ တိုင်ကြားတွင် အပြာရောင်ကပ်ခွာ အိတ်ဖြင့်ထည့်လျက် WYစာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၂၅ ပြား၊ အစိမ်းရောင်ဆေးပြား ၁ ပြား စုစုပေါင်း ၂၆ ပြားအလေးချိန် ၂ ဒသမ ၆ ဂရမ် တန်ဖိုး ၁၀၄၀၀၀ ကျပ်ခန့်နှင့် အဖီအတွင်း ခုတင်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြားသုံးစွဲရာတွင် အသုံးပြုသည့် အဖြူရောင်ပိုက်တပ်လျက် အစိမ်းရောင်အချိုရည်ဘူးခွံ တစ်ခု၊ အစိမ်းရောင်ဂက်စ်မီးခြစ်တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ မူးယစ်ဆေးဝါးလက်ဝယ်ထားရှိသုံးစွဲသူ မြတ်ကျော်သူ(ခ)ဖိုးထောင်အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ သက်ဆိုင်ရာကအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ (၄၃၅)

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

မိဘရပ်ထံပြန်လိုသည့် ခင်ပွန်းဖြစ်သူအား မပြန်ရန်တားမြစ်ပြောဆိုရာမှ ဇနီးဖြစ်သူ၏ဓားချက်ဖြင့် ခင်ပွန်းသည် သေဆုံး

သာစည် ဧပြီ ၁၉

သာစည်မြို့နယ် ဝမ်းသာကျေးရွာ မူလတန်းကျောင်းတောင်ဘက် ဦးချစ်လှ ယာကွက်အတွင်း လှည်းလမ်းပေါ်တွင် မောင်သက်နိုင်ဦး(၁၉ နှစ်)ကို ၎င်း၏ ဇနီးဖြစ်သူ မနှင်းဆီက ဓားဖြင့်ထိုးသဖြင့် သေဆုံးသွားသောကြောင့် မနှင်းဆီကို အရေးယူပေးပါရန် မောင်သက်နိုင်ဦး၏ ဖခင် ဦးရွှေသီးက ဧပြီ ၁၇ ရက် ညနေ ၃ နာရီက ဟံဇားရဲတပ်ဖွဲ့စခန်းသို့ လာရောက်တိုင်တန်းအမှုဖွင့်သဖြင့် ဟံဇားရဲစခန်းက အမှုဖွင့်အရေးယူခဲ့သည်။

ဖြစ်စဉ်မှာ မောင်သက်နိုင်ဦးနှင့် မနှင်းဆီတို့ ဇနီးမောင်နှံသည် ဟံဇားရဲစခန်းပိုင် ဝမ်းသာကျေးရွာတွင် နေထိုင်ပြီး မနှင်းဆီက ကျပန်းလုပ်ကိုင်၍ မောင်သက်နိုင်ဦးက သာစည်မြို့မှ ရေခဲချောင်း၊ ရေခဲထုပ်များ ရောင်းချစီးပွားရှာ နေထိုင်ခဲ့ကြကြောင်း၊ ဧပြီ ၁၇ ရက်တွင် မောင်သက်နိုင်ဦးက ဇနီးဖြစ်သူကို မိဘများကို ကန်တော့လို၍ သာစည်သို့ ပြန်ခွင့်ပြုရန်ပြောဆိုရာ မနှင်းဆီက ဧပြီ ၁၈ ရက်မှ ပြန်ရန်ပြောဆိုသဖြင့် တစ်ဦးနှင့်တစ်ဦး စကားများကြပြီး မောင်သက်နိုင်ဦးက ဇနီးဖြစ်သူ၏တားမြစ်ချက်ကို လက်မခံဘဲ ရေခဲချောင်းထည့်သည့်ပုံးကိုယူ၍ နေအိမ်မှ ထွက်ခွာခဲ့ကြောင်း၊ ထိုသို့ ထွက်ခွာသွားသည့်အတွက် မနှင်းဆီက မခံမရပ်နိုင်ဖြစ်ကာ မောင်သက်နိုင်ဦးနောက်သို့ အမီလိုက်ခဲ့ရာ ဝမ်းသာကျေးရွာ အမှတ်(၄)ရပ်ကွက် မူလတန်းကျောင်းတောင်ဘက် ဦးချစ်လှယာကွက်အတွင်း လှည်းလမ်းပေါ်အရောက်တွင် မီခဲ့ပြီး မနှင်းဆီက မောင်သက်နိုင်ဦးကို သာစည်သို့ မပြန်ရန်ပြောဆို၍ အတင်းဆွဲခေါ်ရာ မောင်သက်နိုင်ဦးက ပြန်မလိုက်လိုကြောင်း ပြောဆိုကာ ရေခဲချောင်းထည့်သည့်ပုံးအတွင်းမှ ရေခဲမုန့်လှီးရာတွင် အသုံးပြုသည့် အရိုးအသွားခြောက်လက်မခန့်ရှိ ဓားဦးချွန်ကို မနှင်းဆီလက်ထဲသို့ ထည့်၍ "နင်မကျေနပ်ရင် ငါ့ကို ဒီဓားနဲ့ ထိုးသတ်လိုက်တော့" ဟု ပြောခဲ့သည်။ မနှင်းဆီက လက်ထဲတွင် ရောက်ရှိနေသည့် ဓားနှင့် မောင်သက်နိုင်ဦး၏ ဝဲဘက်ရင်အုံကို ထိုးသွင်းလိုက်ရာ မောင်သက်နိုင်ဦးမှာ ဇနီးဖြစ်သူ ထိုးလိုက်သည့် ဓားဒဏ်ရာ တစ်ချက်တည်းနှင့်ပင် နေရာ၌ ပွဲချင်းပြီး သေဆုံးသွားခဲ့သည်ဟု သိရသည်။

အဆိုပါ ဖြစ်ရပ်နှင့်ပတ်သက်၍ ဟံဇားရဲစခန်းက မနှင်းဆီကို အမှုဖွင့် ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

မောင်ကို(သာစည်)

မိုးကောင်းမြို့၌ သက်ကြီးပူဇော်ပွဲကျင်းပ

မိုးကောင်း ဧပြီ ၁၉

ကချင်ပြည်နယ် မိုးကောင်းမြို့ ရွာသစ်ရပ်ကွက်တွင် တည်ထားကိုးကွယ်သည့် ရွှာန်စေတီတော်မြတ်အား ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ပွဲကို ဧပြီ ၁၉ ရက် နံနက် ၉ နာရီက အဆိုပါစေတီတော်ဓမ္မာရုံ၌ ကျင်းပရာ မြို့ပေါ်ကျောင်းတိုက် ၂၁ တိုက်မှ ပင့်သံဃာတော်များ ကြွရောက်အနေကဇာတင်ပူဇော်ကြပြီး ပင့်သံဃာတော်များအား တက်ရောက်လာသူများက လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရပ်ကွက်နေပြည်သူများစုပေါင်း၍ သက်ကြီးပူဇော်ပွဲကို ဆက်လက်ကျင်းပရာ အသက် ၇၀ နှစ်အထက် ဘိုးဘွားများအား အလှူငွေများ၊ စားသောက်ဖွယ်ရာများဖြင့် ပူဇော်ကန်တော့ကြသည်။ **ဝင်းအောင်**

ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲကျင်းပ

ကြာအင်းဆိပ်ကြီး ဧပြီ ၁၉

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့ ဇမိမြစ်မြို့မဆိပ်ကမ်း၌ ဧပြီ ၁၇ ရက် နံနက်က ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲ ကျင်းပသည်။

အဆိုပါ စုပေါင်းငါးလွှတ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများက ကုသိုလ်ပြုပါဝင်ကြပြီး ကြာအင်းဆိပ်ကြီးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ရွှေဝါငါးကြင်းကောင်ရေ ၁၀၀၀၀၊ ငါးခုံးမကောင်ရေ ၅၀၀၀ တို့ကို လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မန္တလေးသင်္ကြန်ပွဲတော်ကာလအတွင်း မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ ထိခိုက်ဒဏ်ရာရရှိပြီး တက်ရောက်ကုသသူ ၇၅၀ အထိရှိ

မန္တလေး ဧပြီ ၁၉

မန္တလေးသင်္ကြန်ပွဲတော်ကာလအတွင်း အကြိုနေ့မှ အတက်နေ့အထိ မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးသို့ ထိခိုက်ဒဏ်ရာရရှိမှုများကြောင့် အတွင်းလူနာအဖြစ် တက်ရောက်ကုသသူ ၃၁၀ နှင့် ပြင်ပလူနာအဖြစ် လာရောက်ကုသသူ ၄၄၀ စုစုပေါင်း ၇၅၀ အထိ ရှိခဲ့ကြောင်း ဆေးရုံကြီး၏ လူနာမှတ်တမ်းများအရ သိရသည်။

"သင်္ကြန်ပွဲတော်ကာလအတွင်းမှာ ဖြစ်ပွားခဲ့တဲ့ ယာဉ်မတော်တဆမှု၊ ယာဉ်တိုက်မှုနှင့် ခိုက်ရန်ဖြစ်ပွားမှုတွေကြောင့် ဒဏ်ရာရရှိသူတွေကို သင်္ကြန်ကာလမှာ အများဆုံး ကူညီမှုပေးနေတဲ့ လူမှုကူညီရေးအသင်းအဖွဲ့တွေရဲ့ ကူညီစောင့်ရှောက်မှုတွေနဲ့ ဆေးရုံကို ရောက်လာကြပြီး ကျွန်တော်တို့ဌာနကလည်း လိုအပ်တဲ့ဆေးဝါးတွေ၊ ကုသမှုပိုင်းဆိုင်ရာတွေကို သင်္ကြန်မတိုင်မီကတည်းက ကြိုတင်ပြင်ဆင်ထားတဲ့အတွက် ချက်ချင်းပဲ စစ်ဆေးကုသမှုတွေကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ သင်္ကြန်လေးရက်တာ ကာလအတွင်းမှာ သေဆုံးသူအနေနဲ့က အမျိုးသား ၂၅ ဦးနဲ့ အမျိုးသမီး သုံးဦး ပေါင်း၂၈ ဦး ရှိခဲ့ပါတယ်။ ဒီလို သေဆုံးမှုပမာဏကလည်း မန္တလေးမြို့တစ်ခုတည်း ဖြစ်ပွားခဲ့တာမဟုတ်ပါဘူး။ ကျွန်တော်တို့ ဆေးရုံကြီးရဲ့ ကုသမှုကို အားကိုးပြီး ရောက်လာကြတဲ့ မိုးကုတ်၊ ကျောက်ဆည်၊ သာစည်၊ မြင်းခြံ၊ ရွာငံ၊ စဉ့်ကူးစတဲ့ မြို့တွေကလည်း ဒီလို ဒဏ်ရာရရှိသူတွေ ရောက်လာကြပြီး ကုသမှုခံယူလို့ သက်သာပျောက်ကင်းသွားတဲ့သူတွေ ရှိသလို သေဆုံးသူတွေလည်း ပါဝင်ပါတယ်" ဟု ဆေးရုံကြီး၏ ဆေးလူမှုဆက်ဆံရေး အရာရှိက ပြောသည်။

၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ သုံးနှစ်တာကာလအတွင်း မန္တလေးသင်္ကြန်ပွဲတော်ကာလတွင် ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှုများ၊ ထိခိုက်ဒဏ်ရာရရှိမှုများနှင့် သေဆုံးမှုစာရင်းများမှာ ဆေးရုံမှတ်တမ်းများအရ ၂၀၁၃ ခုနှစ်တွင် ပြင်ပလူနာ ၄၄၄ ဦး၊ အတွင်းလူနာ ၂၉၅ ဦးရှိပြီး သေဆုံးသူ အမျိုးသား ၁၂ ဦးနှင့် အမျိုးသမီးတစ်ဦးရှိခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ပြင်ပလူနာ ၆၁၀၊ အတွင်းလူနာ ၃၂၂ ဦးရှိပြီး သေဆုံးသူ အမျိုးသား ၁၈ ဦးနှင့် အမျိုးသမီး လေးဦး ရှိခဲ့ကြောင်း၊ ယခု ၂၀၁၅ ခုနှစ်တွင် သေဆုံးသူ များပြားသော်လည်း ယာဉ်မတော်တဆမှု၊ ယာဉ်တိုက်မှုနှင့် ခိုက်ရန်ဖြစ်ပွားမှုများမှာ လျော့နည်းခဲ့ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

မြင်းမူမြို့နယ်မီးသတ်စခန်း ဆောက်လုပ်ပြီးစီး

မြင်းမူ ဧပြီ ၁၉

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရန်ပုံငွေကျပ် ၅၁၁၁ သိန်းဖြင့် ဆောက်လုပ်ခဲ့သည့် မြင်းမူမြို့နယ် မီးသတ်စခန်းနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ်များအားလုံး ပြီးစီးပြီဖြစ်သည်။ **(အပေါ်ပုံ)**

မြို့နယ်မီးသတ်စခန်း အဆောက်အအုံသစ်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေကျပ် ၁၅၁၁ သိန်းဖြင့် အလျား ၆၅ ပေ၊ အနံ ၅၂ ပေ၊ အမြင့် ၂၅ ပေရှိ ၅ ယူနစ် သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံနှင့် ရန်ပုံငွေကျပ်သိန်း ၁၈၀၀ စီဖြင့် အလျား ပေ ၁၀၀၊ အနံ ပေ ၄၀၊ အမြင့် ၂၂ ပေစီရှိ လေးခန်းတွဲ သံကူကွန်ကရစ် နှစ်ထပ်ဝန်ထမ်းအိမ်ရာ အဆောက်အအုံနှစ်လုံးကို ကျော်စွာဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အောင်စိုးဖေ(iprd)

စက်မှုဇုန်မှစွန့်ပစ်သောရေဆိုးများကြောင့် တောင်သမန်အင်းအတွင်း ငါးများသေဆုံးမှုဖြစ်ပေါ်

မန္တလေး ဧပြီ ၁၉

မန္တလေး အမရပူရမြို့နယ် တောင်သမန်အင်းအတွင်း ဝင်ရောက်လျက်ရှိသည့် စက်မှုဇုန်မှစွန့်ပစ်သောရေဆိုးများကြောင့် အင်းအတွင်းငါးများသေဆုံးမှုဖြစ်ပေါ်လျက်ရှိနေကြောင်း သိရသည်။

စက်မှုဇုန်မှတစ်ဆင့် ပရံတော်ချောင်းမှစီးဝင်လာသော စွန့်ပစ်ရေဆိုးများမှာ ပြန်လည်သန့်စင်မှုမပြုလုပ်ဘဲ တိုက်ရိုက် စွန့်ထုတ်မှုများကြောင့် အင်းအတွင်းငါးများမှာ အောက်ဆီဂျင်ပြတ်တောက်၍ သေဆုံးမှုများဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း သိရသည်။

ယင်းဖြစ်စဉ်ကို အင်းလုပ်ငန်းပိုင်ရှင်က တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနသို့ အကြောင်းကြားခဲ့ရာ တိုင်းဦးစီးမှူးကိုယ်တိုင် ဧပြီ ၁၂ ရက်က ငါးများသေဆုံးမှုကို လာရောက်ကြည့်ရှုပြီး ငါးများသေဆုံးမှု အများဆုံးဖြစ်ပွားသောနေရာကို ရေစစ်ဆေးတိုင်းတာမှုများ ပြုလုပ်ခဲ့ကာ ရေဆိုးကြောင့် ငါးများ သေဆုံးခြင်းဖြစ်ကြောင်း အတည်ပြုခဲ့သည်။

"အင်းအတွင်းမှာငါးတွေသေဆုံးမှုဖြစ်ပေါ်နေတာ သိသိချင်းမှာပဲ တိုင်း ငါးလုပ်ငန်းဦးစီးဌာနနဲ့ မန်းစည်ပင်ကို အသိပေးအကြောင်းကြားခဲ့တယ်။ ငါးလုပ်ငန်းက တိုင်းဦးစီးကိုယ်တိုင်လာပြီးတော့ ကြည့်သွားတယ်။ ရေကိုလည်းစစ်ဆေးသွားတယ်။ ရေကြောင့်ဖြစ်တာဆိုတာကိုလည်း မှတ်ချက်ပြုသွားတယ်။ ကျွန်တော်တို့အနေနဲ့ အင်းအတွင်း ငါးသေတွေကို ဧပြီ ၁၁ ရက်က နေစပြီး လိုက်လံသိမ်းဆည်းမှုတွေ ပြုလုပ်ခဲ့တာ ယနေ့အထိပါပဲ။ နောက်ပြီး အင်းအတွင်းရေအနံ့ဆိုးတွေပျောက်အောင်၊ ငါးတွေသေဆုံးမှုနည်းပါးပြီး ရေတွေအနည်ထိုင်အောင် အင်းအတွင်း ထုံးတွေလိုက်လံပက်ဖျန်းနေပါတယ်။ သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ ဆွေးနွေးတိုင်ပင်ပြီး လုပ်သင့်လုပ်ထိုက်တာကို လုပ်ဆောင်သွားမှာပါ"ဟု တောင်သမန်အင်းအတွင်း ငါးမွေးမြူရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နှစ်စဉ်နှစ်တိုင်း သင်္ကြန်ကာလအတွင်း တောင်သမန်အင်းသို့ မြို့ခံပြည်သူများနှင့် အမြို့မြို့အနယ်နယ်မှ ပြည်သူများ၊ နိုင်ငံခြားသားခရီးသည်များ လာရောက်အပန်းဖြေကြပြီး အင်းအတွင်းရေကစားမှုများရှိခဲ့သည်။ ယခုနှစ်တွင် တောင်သမန်အင်းသို့ လာရောက်သူများပြားသော်လည်း စက်မှုဇုန်မှစွန့်ပစ်ရေဆိုးကြောင့် ငါးများသေဆုံးပြီး ရေအနံ့အသက်ကောင်းမွန်မှုမရှိသောကြောင့် အင်းအတွင်း ရေကစားသူများမှာ ယမန်နှစ်ထက်စာလျှင် အလွန်နည်းပါးခဲ့သည်။

"ဒီနှစ်သင်္ကြန်မှာတော့ ခါတိုင်းနှစ်တွေလို တောင်သမန်အင်းမှာ သူငယ်ချင်းတွေနဲ့ ရေကစားဖို့ သွားခဲ့ပေမယ့် အခုမြင်တဲ့အတိုင်းပဲ ငါးသေတွေက ကမ်းဘေးမှာကပ်ပြီး ပေါ်နေတာတွေ့ရတယ်။ နောက်ပြီး ရေတွေကလည်း အနံ့အသက်မကောင်းတာနဲ့ ရေထဲမဆင်းဖြစ်တော့ဘဲ သူငယ်ချင်းတွေနဲ့တွေ့တဲ့ဆိုင်မှာထိုင်ပြီး ပြန်လာခဲ့ရတယ်"ဟု သင်္ကြန်အကြတ်နေ့ နေ့လယ်ပိုင်းက တောင်သမန်အင်းသို့ လာရောက်အပန်းဖြေသူ မန္တလေးမြို့ခံ ကိုနေမျိုးက ပြောသည်။

အင်းအတွင်း စက်မှုဇုန်မှရေဆိုးများဝင်ရောက်မှုကြောင့် ငါးသေဆုံးမှုပမာဏမှာ ပိဿာချိန်အားဖြင့် ၁၀၀ ကျော်ရှိပြီး ငါးအမျိုးအစားပေါင်းခြောက်မျိုးကျော် သေဆုံးလျက်ရှိနေကြောင်း၊ သေဆုံးနေသောငါးများကို စားသုံးမိလျှင် ဘေးဥပဒ်အန္တရာယ်ဖြစ်ပွားမှုမရှိသော်လည်း အင်းလုပ်ငန်းပိုင်ရှင်က သေဆုံးငါးများအား လိုက်လံသိမ်းဆည်းပြီး မြေမြှုပ်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ဝါးချွန်ထိုးမိ၍ ရရှိသည့်ဒဏ်ရာဟုပြောဆို၍ ဆေးကုသမှုခံယူနေသူအား စစ်ဆေးရာက တူမီးသေနတ်ကျည်ပေါက်ထွက်ပြီး ဒဏ်ရာရရှိခြင်းဖြစ်ကြောင်း သိရှိရ

နေပြည်တော် ဧပြီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကသာပြည်သူ့ဆေးရုံကြီးသို့ ဧပြီ ၁၇ ရက် ည ၈ နာရီ မိနစ် ၅၀ က ဝါးချွန်ထိုးမိ၍ ရရှိသည့်ဒဏ်ရာဟု ပြောဆို၍ ဆေးကုသမှုလာရောက်ခံယူသူ အမျိုးသားတစ်ဦးရောက်ရှိလာရာ ၎င်း၏ဒဏ်ရာမှာ တူမီးသေနတ်ဒဏ်ရာဖြစ်နေကြောင်း ဆေးရုံ၏အကြောင်းကြားချက်အရ အင်းတော်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ အင်းတော်မြို့နယ် ကျန်တောကျေးရွာနေ စိုးနိုင် (၃၈ နှစ်) ဖြစ်ပြီး ၎င်းသည် အင်းတော်မြို့နယ် နန့်ဟုန်ကြီးချောင်းဖျားသတွတ်ပင်တောင်တန်းတွင် တူမီးသေနတ်ဖြင့် တောလိုက်စဉ် ခလုတ်တိုက်လဲရာက တူမီးသေနတ် ကျည်ပေါက်ထွက်၍ ဒဏ်ရာရရှိခဲ့သဖြင့် သေနတ်အား တောထဲ၌ ဝှက်သိမ်းကာ ဆေးကုသမှုလာရောက်ခံယူခြင်းဖြစ်ကြောင်း သိရှိရသောကြောင့် ၎င်းဝှက်သိမ်းထားသည့် တူမီးသေနတ်ကို သွားရောက်ရှာဖွေသိမ်းဆည်းပြီး တရားမဝင် တူမီးသေနတ်ကိုင်ဆောင်သူ စိုးနိုင်အား အင်းတော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုရဲ

ဖားကန့်မြို့နယ်တွင် ဘိန်းစိမ်း ၁ ဒသမ ၂ ကီလို ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၁၉

ဧပြီ ၁၇ ရက်က နယ်မြေခံတပ်နှင့် မူးယစ်တပ်ဖွဲ့စု(၂)မြစ်ကြီးနားမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဝေ့ခါကျေးရွာထိပ်ရှိ ဝေ့ခါ-မကပင်ကျေးရွာသွား လမ်းဆုံ၌ အင်းတော်ကြီး ကျေးရွာဘက်မှ ဝေ့ခါကျေးရွာဘက်သို့ အောင်မောင်း မောင်းနှင်ပြီး စစ်အောင်လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စစ်အောင် လွယ်ထားသည့် အိတ်အတွင်းမှ ပလတ်စတစ်အိတ်ဖြင့်ထည့်လျက် ဘိန်းစိမ်း ၁ ဒသမ ၂ ကီလို သိမ်းဆည်းရမိသဖြင့် အောင်မောင်း(ခ)စိုင်းလုံ(၃၂ နှစ်) နှင့် စစ်အောင်(၃၁ နှစ်) တို့ နှစ်ဦးကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ကိုရဲ

လယ်ယာလုပ်ပိုင်ခွင့် ပုံစံ(၇) အတုပြုလုပ်ပေးပြီး ငွေလိမ်သူဆယ်အိမ်မှူးနှင့် မြေစာရင်းဝန်ထမ်းတစ်ဦးအား တိုင်တန်းမှုဖြစ်ပွား

မကွေး ဧပြီ ၁၉

မကွေးတိုင်းဒေသကြီး ထုံပေါက်တောတောင်ကျေးရွာနေသူ ဦးအောင်ရှိန် (၅၉)နှစ်သည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် တစ်ရွာတည်းနေ ဦးအောင်နိုင်ဝင်း(၃၆)နှစ်၊ ကျေးရွာဆယ်အိမ်မှူးထံသို့ လယ်ယာမြေလုပ်ကိုင်ခွင့် ပုံစံ(၇)အစစ်အမှန်လိုချင်သဖြင့် ငွေကျပ်သုံးသိန်းကိုလည်းကောင်း၊ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် ဦးအောင်ရှိန်သည် ဦးအောင်နိုင်ဝင်းနှင့် မကွေးမြို့နယ် မြေစာရင်းဦးစီးဌာနမှ မြေတိုင်းစာရေးမြေတိုင်း(၄) ကိုကြည်နိုင်ထွန်း (အသက်၊ လိပ်စာ စုံစမ်းဆဲ)တို့နှစ်ဦးထံသို့ Relex စားသောက်ဆိုင်၌ ငွေကျပ်နှစ်သိန်းကိုလည်းကောင်း စုစုပေါင်းငွေကျပ်ငါးသိန်းပေးအပ်ခဲ့ပြီးနောက် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် ကိုကြည်နိုင်ထွန်းက ပုံစံ(၇) လက်မှတ်ထုတ်ပေးခဲ့ရာ အဆိုပါပုံစံ(၇) လက်မှတ်တွင် တံဆိပ်အဝိုင်းမပါရှိခဲ့သောကြောင့် မကွေးမြို့နယ်ကြေး/မြေစာရင်းရုံးဦးစီးအရာရှိ ဦးပေါ်ဦးထံ သွားရောက်ပြသခဲ့ရာတွင် ပုံစံ (၇)မှာ အတုဖြစ်နေကြောင်း စစ်ဆေးသိရှိခဲ့ကြောင်း၊ ထို့ကြောင့် လယ်ယာလုပ်ပိုင်ခွင့်ပုံစံ(၇)အား အတုပြုလုပ်၍ ငွေကျပ်ငါးသိန်း အရယူသွားသူ ဦးအောင်နိုင်ဝင်းနှင့် ကိုကြည်နိုင်ထွန်းတို့နှစ်ဦးအား အရေးယူပေးပါရန် ဧပြီ ၁၁ ရက် ညနေ ၅ နာရီတွင် ဦးအောင်ရှိန်က တရားလိုပြုလုပ်တိုင်တန်းခဲ့သောကြောင့် မကွေးမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကျော်ဇေယျ



အများသိစေရန်သတိပေးကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ရန်ကင်းလမ်း၊ အမှတ် ၂၈၈(မြေညီထပ်)နေ ဦးသျှန်ထွဏ်း(မြန်မာစာ)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသျှန်ထွဏ်း(မြန်မာစာ)သည် အနုပညာလုပ်ငန်းကို ကောင်းသတင်းဖြင့် လုပ်ကိုင်ခဲ့သည်မှာ နှစ်ပေါင်း ၃၀ ခန့်ရှိပြီဖြစ်ကြောင်း အများသိရှိပါသည်။

ကျွန်ုပ်တို့မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမပါရှိဘဲနှင့် မည်သူတစ်စုံတစ်ဦးမှ ဦးသျှန်ထွဏ်း(မြန်မာစာ)၏အနုပညာလုပ်ငန်းနှင့်ပတ်သက်၍လည်းကောင်း၊ လူမှုရေးနှင့်ပတ်သက်၍သော်လည်းကောင်း၊ ဂုဏ်သိက္ခာကျဆင်းစေရန်၊ ထိခိုက်နစ်နာစေရန်၊ ချစ်ခင်သောပရိသတ်များ အထင်မြင်လွဲမှားစေရန် ရည်ရွယ်၍ ပြောဆိုခြင်း၊ ရေးသားခြင်း၊ ဖြန့်ဝေခြင်း၊ ထုတ်လုပ်ခြင်း၊ တစ်စုံတစ်ရာမပြုလုပ်ကြပါရန် တားမြစ်ပါကြောင်းနှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေ နှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ထာနွယ်ခင် LL.B, D.I.R, D.I.L (တရားလွှတ်တော်ရှေ့နေ၊ စဉ်-၈၀၂၁)

ဦးကျော်မိုးလွင်(စဉ်-၃၇၉၂၃)

ဒေါ်ခိုင်ဇင်ဝင်း (စဉ်-၃၇၉၅၁)

ဒေါ်ထွေးဇာခြည် (စဉ်-၃၈၀၂၀)

ရှေ့နေနားနေခန်း၊

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံးအတွင်း အထက်တန်းရှေ့နေများ

ဖုန်း-၀၉-၅၁၉၇၉၃၂၊ ၀၉-၇၃၀၂၇၂၀၄

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

မြောက်ဥက္ကလာပမြို့နယ်တရားရုံး

၂၀၁၅ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၃

ဦးသိန်းအောင် **နှင့်** ဦးဝင်းတင်

တရားနိုင် **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ မေဓာဝီလမ်း၊ အမှတ် ၃၈၀နေ ဦးဝင်းတင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်တရားရုံး ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၃၃တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဦးသိန်းအောင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုစေရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ခုနှစ် ဧပြီ ၂၂ရက် (၁၃၇၇ခုနှစ် ကဆုန်လဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် ဧပြီ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဓာ်ငွေး)

တွဲဖက်မြို့နယ်တရားသူကြီး

မြောက်ဥက္ကလာပမြို့နယ်တရားရုံး

အက်ဖ်အေဖလား အကြိုဖိုင်နယ်လုပွဲ ဒုတိယပွဲစဉ် ဗီလာအသင်း လီဗာပူးကိုအနိုင်ရ

အက်စ်တွန်ဗီလာအတွက် ဒုတိယဂိုးကို ဖာဘီယန်ဒဲလ်ဖီက လီဗာပူးဘက်သို့ ကန်သွင်းစဉ်။

အက်ဖ်အေဖလားအကြို ဖိုင်နယ်လုပွဲ ဒုတိယပွဲစဉ်အဖြစ်တနင်္ဂနွေည က အက်စ်တွန်ဗီလာနှင့် လီဗာပူးတို့ ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဗီလာအသင်း နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အက်စ်တွန်ဗီလာတို့ ပရီမီယာလိဂ်၌အခြေအနေမကောင်းသော်လည်း အက်ဖ်အေဖလားတွင် ဖိုင်နယ်လုပွဲတက်နိုင်ရေးအတွက် ကြိုးစား ကစားခဲ့၍ ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ဦးဆောင်ဂိုးကို လီဗာပူးက သွင်းယူခဲ့သည်။ ပထမပိုင်း မိနစ် ၃၀ တွင် လီဗာပူးတိုက်စစ်မှူး ကော်တင်ဟိုက သွင်းယူပေးခဲ့သည်။

ယင်းဂိုးသွင်းပြီး မကြာမီ ပွဲချိန် ၃၆ မိနစ်တွင် ဗီလာတိုက်စစ်မှူး ဘန်တီကီက ချေပဂိုး ပြန်လည်သွင်းယူပေးခဲ့သည်။ နှစ်သင်းစလုံး အပြန်အလှန် ဖိအားပေးကစားပြီး တစ်ဖက်တစ်ဂိုးစီဖြင့် ပထမပိုင်း ပြီးဆုံးခဲ့သည်။

ဒုတိယပိုင်း ၅၄ မိနစ်တွင် အက်စ်တွန်ဗီလာအတွက် ဒုတိယဂိုးကို ဖာဘီယန်ဒဲလ်ဖီက သွင်းယူပေးခဲ့သည်။ လီဗာပူးတို့ ချေပဂိုးသွင်းနိုင်ရေး ကြိုးစားသော်လည်း ဂိုးမသွင်းနိုင်ဘဲ ပွဲအပြီးတွင် အက်စ်တွန်ဗီလာတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ဖိုင်နယ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

အာဆင်နယ်အနိုင်ရ

ယမန်နေ့က ယှဉ်ပြိုင်ကစားခဲ့သည့် အာဆင်နယ်နှင့် ရီးဒင်းတို့၏ ပထမအကြိုဖိုင်နယ်လုပွဲမှာ**(အောက်ပုံ)** အာဆင်နယ်မှ ဆန်ချက်ဇ်က မိနစ် ၄၀ တွင် ဦးဆောင်ဂိုးသွင်းပြီး ဒုတိယပိုင်း ၅၄ မိနစ်တွင် ရီးဒင်းမှ ဂါရက်မက်ကလီယာရီက ချေပဂိုး သွင်းယူပေးသဖြင့် ပွဲအပြီးတွင် တစ်ဂိုးစီ သရေဖြစ်ခဲ့ရာ အချိန်ပိုတွင် ဆန်ချက်ဇ်၏ သွင်းဂိုးဖြင့် အာဆင်နယ်တို့အနိုင်ရခဲ့သည်။

အက်ဖ်အေဖလား ဖိုင်နယ်လုပွဲကို မေ ၃၀ ရက်တွင် လန်ဒန်မြို့ ဝင်ဘလေကွင်းတွင် အာဆင်နယ်နှင့် အက်စ်တွန်ဗီလာအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

သီဟ - ရေးသည်

ရိုးမားတို့ အိမ်ကွင်း၌ အတ္တလန္တာကို သရေကျ

အီတလီစီးရီးအေ ပွဲစဉ် (၃၁)အဖြစ် တနင်္ဂနွေနေ့ ညပိုင်းက ရိုးမားနှင့် အတ္တလန္တာတို့ ယှဉ်ပြိုင်ကစားရာ **(ဝဲပုံ)** ရိုးမားတို့ အနိုင်မရဘဲ သရေတစ်မှတ်ဖြင့် ကျေနပ်ခဲ့ရသည်။

ပွဲစပြီး သုံးမိနစ်တွင် ရိုးမားတို့ ပယ်နယ်တီကန်ခွင့်ရရှိပြီး အဆိုပါ ပယ်နယ်တီကို ဝါရင့်တိုက်စစ်မှူး တော့တီ ကန်သွင်းသဖြင့် ဂိုးရရှိခဲ့သည်။ အတ္တလန္တာတို့ ချေပဂိုးရရှိရန် ပြန်လည်ဖိအားပေးကစားခဲ့ရာ ၂၃ မိနစ်တွင် ပယ်နယ်တီရရှိပြီး ဒန်းနစ်က သွင်းယူခဲ့သည်။ ပထမပိုင်းအပြီး တစ်ဂိုးစီသရေကျပြီး ဒုတိယပိုင်းတွင်လည်း နှစ်သင်းစလုံး ဂိုးထပ်မံမသွင်းနိုင်ဘဲ သရေတစ်မှတ်စီ ခွဲယူခဲ့သည်။

ရိုးမားအသင်းက ရမှတ် ၅၈ မှတ်ဖြင့် အဆင့် (၃)၌ ရပ်တည်နေပြီး အတ္တလန္တာမှာ ရမှတ် ၃၀ ဖြင့် တန်းဆင်းဇုန်အထက် အဆင့် (၁၇)၌ ရပ်တည်နေသည်။ အခြားပွဲများအဖြစ် ဆက်ဆူအိုလိုနှင့် တိုရီနိုတို့ပွဲတွင် တစ်ဖက်တစ်ဂိုးစီဖြင့်လည်းကောင်း၊ အမ်ပိုလီနှင့် ပါးမားက နှစ်ဂိုးစီဖြင့် လည်းကောင်း၊ ချီယေဗိုနှင့် အူဒီးနိစ်က တစ်ဂိုးစီဖြင့်လည်းကောင်း သရေကျခဲ့ပြီး ပါလာမိုက ဂျီနိုအာကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသည်။

ပရီမီယာလိဂ်ပွဲစဉ်ဖြစ်သည့် နယူးကာဆယ်နှင့် စပါးတို့ပွဲတွင် စပါးက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရသည်။

ကျော်အောင် - ရေးသည်

အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့)၊ ရန်ကင်းပညာရေးကောလိပ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်ပါမည်။ ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပူဇော်ကန်တော့ခံ ကြွရောက်ပေးကြပါရန် ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၀၁၅ ခုနှစ် မေ ၁ ရက် (သောကြာနေ့)
အချိန် - နံနက် ၉:၀၀ နာရီ
နေရာ - မြတ်ပညာခန်းမ (ရန်ကင်းပညာရေးကောလိပ်)

ဆက်သွယ်ရန်ဖုန်း-၀၉-၅၂၀၂၉၈၆၊ ၀၉-၅၀၂၅၉၇၄၊ ၀၁-၅၆၆၆၁၅

(အာစရိယပူဇော်ပွဲကျင်းပရေးအဖွဲ့)

မွန်ပြည်နယ်၊ မြန်မာ့စီးပွားရေးဘဏ်
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၁) အဆောက်အအုံသစ် ၇၅'×၇၂' သံကူကွန်ကရစ်(၂)ထပ်ဆောက်လုပ်ခြင်း (ရေ၊ မီး၊ မိလ္လာအပါအဝင်)၊ ခြံစည်းရိုးကာရံခြင်း၊အဝင်အထွက်ကွန်ကရစ်ခင်းခြင်း ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူပါသည်။

၂။ တင်ဒါပုံစံများကို မြန်မာ့စီးပွားရေးဘဏ်၊ မွန်ပြည်နယ်ရုံးတွင် ၁၉-၄-၂၀၁၅ ရက်မှ ၁၉-၅-၂၀၁၅ အထိ ရုံးချိန်အတွင်းရောင်းချမည်ဖြစ်ပြီး ၁၉-၅-၂၀၁၅ ရက် နောက်ဆုံးထား တင်သွင်းရပါမည်။ ၂၀-၅-၂၀၁၅ ရက် နံနက် ၁၀:၀၀ နာရီတွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မြန်မာ့စီးပွားရေးဘဏ်၊ မွန်ပြည်နယ်ရုံး၊ ဖုန်း-၀၅၇-၂၇၀၅၉၊ ၀၅၇-၂၅၉၇၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးကော်မတီ

မွန်ပြည်နယ်ရုံး၊ မြန်မာ့စီးပွားရေးဘဏ်
ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ မော်လမြိုင်မြို့ကမ်းနားလမ်းရှိ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၁) မော်လမြိုင် အဆောက်အအုံဟောင်း(မြေမပါ)အား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ မြန်မာ့စီးပွားရေးဘဏ်၊ မွန်ပြည်နယ်ရုံးတွင် ၂၂-၄-၂၀၁၅ ရက်မှ ၂၉-၄-၂၀၁၅ ရက်အထိ ရုံးချိန်အတွင်း တင်ဒါပုံစံများ ရောင်းချမည်ဖြစ်ပြီး ၃၀-၄-၂၀၁၅ ရက် နံနက် ၉:၀၀ နာရီတွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံရောင်းချမည့် နေရာသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၅၇-၂၄၉၃၈၊ ၀၅၇-၂၇၀၅၉၊ ၀၅၇-၂၅၉၇၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဈေးပြိုင်တင်ဒါရောင်းချရေးအဖွဲ့

အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲများ ကျင်းပ

ရေတာရှည်

မြန်မာ့ဓလေ့ရိုးရာ အခါသင်္ကြန်ပွဲကြီးပြီးမြောက် ကာ နှစ်သစ်သို့ကူးပြောင်းရာတွင် ကောင်းမှုအဖြာဖြာ ဖြစ်ထွန်းစေခြင်းငှာ ပဲခူးတိုင်းဒေသကြီး ရေတာရှည် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေး ခန်းမ၌ ဧပြီ ၁၇ ရက်က သက်ကြီးပူဇော်ပွဲနှင့် ပရိတ် တရားတော်များစုပေါင်းနာယူခဲ့ကြသည်။ ရေတာရှည်မြို့ ပေါ် ရပ်ကွက်များရှိ ဘိုးဘွား ၁၂၇ ဦးတို့အား အဟာရ ဌာနနှင့် ပူဇော်ကန်တော့ငွေများ ပေးအပ်လှူဒါန်းသည့် ပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေးကျော်နှင့် ဝန်ထမ်း မိသားစုများ၊ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး ဆရာတော်ကြီးများ အန္တရာယ်ကင်း ပရိတ်တရားတော်များကို စုပေါင်းနာယူကာ လှူဖွယ် ပစ္စည်းများကပ်လှူခဲ့ကြောင်းသိရသည်။ **ကိုလွင်(ဆွာ)**

ကောလင်း

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် အထွေ ထွေအုပ်ချုပ်ရေးဦးစီးဌာန ဇာတိမာန်ခန်းမ၌ ဧပြီ ၁၇ ရက်က ကောလင်းမြို့နယ်အတွင်းရှိ အသက် ၈၅ နှစ် အထက် အဘိုး ၁၆ ဦး၊ အဘွား ၂၁ ဦးစုစုပေါင်း ၃၇ ဦးတို့ကို ထောက်ပံ့ငွေနှင့်ပစ္စည်းများအား ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်သော ဦးအောင်သန်း ဦးနှင့် ဦးတင်မြင့်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်တင့်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူ များ၊ မြို့ပေါ် (၆)ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှု ရေးအသင်းအဖွဲ့များက ထောက်ပံ့ပေးအပ်ကြသည်။

ထို့ပြင် ဆရာတော် သံဃာတော်များက အန္တရာယ် ကင်း ပရိတ်တရားတော်များကို မြို့အတွင်းလှည့်လည် ရွတ်ဖတ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

စဉ့်ကူး

နှစ်ဟောင်းလွန်မြောက် နှစ်သစ်အရောက်တွင် မင်္ဂလာအပေါင်းနှင့်ပြည့်စုံစေပြီး ဘေးအန္တရာယ် အပေါင်းတို့မှ လွတ်မြောက်စေရန်အတွက် မြန်မာ နှစ်ဆန်း ၁ ရက်က အန္တရာယ်ကင်းပရိတ်များ ရွတ် ဖတ်ခြင်းတို့ကို ဧပြီ ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် စဉ့်ကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှစတင် ၍ မြို့တွင်း/မြို့ပြင် တံခါးလေးရပ်တို့တွင် ကျောင်းတိုက် များမှ ဆရာတော်သံဃာတော်များက အန္တရာယ်ကင်း ပရိတ်များ လှည့်လည်ရွတ်ဖတ်ကြသည်။

အဆိုပါအန္တရာယ်ကင်းပရိတ်များ ရွတ်ဖတ်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်း၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ဘချစ်နှင့်ဌာနဆိုင်ရာများ၊ မြို့နယ် လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ နှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်နာယူကြပြီး ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်းသိရသည်။

ဝင်းမောင်

မြောင်းမြ

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြ မြို့တွင် မြန်မာနှစ်ဆန်း ၁ ရက်နေ့ဖြစ်သော ဧပြီ ၁၇ ရက် မွန်းလွဲ ၁ နာရီက မြောင်းမြမြို့နယ်အတွင်းရှိ မြို့ပေါ်နှင့် ကျေးရွာများမှ ကျောင်းပေါင်း ၃၄၅ ကျောင်း၊ သံဃာတော်ပေါင်း ၂၅၆၂ ပါးနှင့် သီလရှင်ဆရာ လေးများအား ဆွမ်းဆန်စိမ်း လောင်းလှူပွဲကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်၊ ဘဏ္ဍာရေးဝန်ကြီး ဦးဝင်းကိုကို၊ စည်ပင်သာယာရေး ဝန်ကြီး ဦးကျော်ဝင်းနိုင်၊ စိုက်ပျိုးရေးဝန်ကြီး ဦးစန်း မောင်နှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုး တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ကျောင်းပေါင်း ၃၄၅ ကျောင်းတို့အား စာရေးတံမဲပေါင်း ၄၉၂ မဲတို့ကို မဲ ဖောက်၍ သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာ များနှင့် ဗုဒ္ဓဘာသာဝင်ပြည်သူအပေါင်းတို့က သဒ္ဓါထက် သန်စွာဖြင့် တပျော်တပါး လောင်းလှူကြသည်။ စာရေး တံမဲ အလှူငွေတန်ဖိုးစုစုပေါင်းမှာ ငွေကျပ် ၈၃၅ သိန်း ကျော်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (၁၄)ကြိမ်မြောက် မျက်နှာသစ်တော်ရေ ဆက်ကပ်လှူဒါန်း

ရန်ကုန် ဧပြီ ၁၉

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကြို့ကုန်းရှေ့ရပ်ကွက် မင်းဓမ္မကုန်းတော်ပေါ်ရှိ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီး ဘုရား)၏ (၁၄)ကြိမ်မြောက် မျက်နှာ သစ်တော်ရေ ဆက်ကပ်လှူဒါန်း ခြင်းနှင့် ရောင်တော်ဖွင့်ခြင်းမင်္ဂလာ အခမ်းအနားကို ဧပြီ ၁၇ ရက်က ဘုရားကြီး၏ ဂန္ဓကုဋီတိုက်၌ ကျင်းပသည်။

အခမ်းအအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဩကာသကန်တော့ချိုးဖြင့် ဘုရားကန်တော့၍ အင်္ဂါ (၅)ရပ်နှင့် ပြည့်စုံသော ငါးပါးသီလတော်မြတ်ကို ခံယူဆောက်တည်ကြကာ ရန်ကုန် မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမြတ်ထွန်းဦးနှင့် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းနှင့် မြို့နယ်သာသနာရေးမှူး ဦးထိန်လင်း သိန်း၊ ခရိုင်/မြို့နယ် သာသနာ့နုဂ္ဂဟ အသင်းဥက္ကဋ္ဌ ဦးထိန်ဝင်းနှင့် ဦးသောင်းကြည်၊ ဂေါပကဥက္ကဋ္ဌ ဦးရွှေကျော်နှင့် ဂေါပကအဖွဲ့ဝင်များ က လောကချမ်းသာ အဘယလာဘ မုနိရုပ်ပွားတော်မြတ်ကြီးအား မျက်နှာ သစ်တော်ရေ ဆက်ကပ်လှူဒါန်း ကြကာ ရောင်တော်ဖွင့်ရန်အတွက် လက်ယာရစ် သုံးပတ်ပူဇော်ကာ မျက်နှာတော်သစ်ခြင်း၊ ဒန်ပူစား ခြင်းနှင့် ယပ်သွင်းပူဇော်ခြင်းတို့ကို မဟာသဒ္ဓမ္မဇောတိကဓဇ ဦးရှိန် အောင်ဗိုလ်က ဦးဆောင်ဆောင်ရွက် ခဲ့သည်။

လောကချမ်းသာ အဘယလာဘ မုနိ ရုပ်ပွားတော်မြတ်ကြီး (ကျောက် တော်ကြီးဘုရား) အား ပူဇော်သည့် တေးသီချင်းဖြင့် ပူဇော်ပြီး မြန်မာ့ရိုးရာ ဆိုင်းဝိုင်းကြီးဖြင့် ရေကင်းသံ ဓမ္မဂီတ ဖြင့် လည်းကောင်း၊ ထူးမခြားနားဓမ္မ တေးသီချင်းဖြင့် လည်းကောင်း၊ စွယ်တော်ကြိုး ဓမ္မတေးသီချင်းများဖြင့် လည်းကောင်း ပူဇော်ဖျော်ဖြေခဲ့သည်။

ယင်းနောက် ရုပ်ပွားတော်မြတ် ကြီးအား ဆွမ်း၊ ရေချမ်း၊ ပန်းနှင့် သစ်သီးဆွမ်းများ ဆက်ကပ်လှူဒါန်းပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုပြီး ဘုရား ကန်တော့ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်းနှင့် ဂေါပကအဖွဲ့ နှင့် ဖိတ်ကြားထားသော ဧည့်သည် တော်များက ဇီဝိတဒါနအလှူ ငှက် လွှတ်ခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြင့်ဦး(အင်းစိန်)

တည်ငြိမ်အေးချမ်းလာသော ရခိုင်ပြည်နယ်မှ လူမှုစီးပွားဘဝတိုးတက်ရေးလုပ်ငန်းများ

၂၀၁၂ ခုနှစ် ရခိုင်ပြည်နယ် အတွင်းဖြစ်ပွားခဲ့သော နှစ်ဖက် လူ့အဖွဲ့အစည်းများ၏ ပဋိပက္ခကြောင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားခဲ့ရာ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် လည်း အဟန့်အတား အခက်အခဲများ ရှိခဲ့သည်။ ထို့ကြောင့် ရခိုင်ပြည် နယ်အတွင်း ရေရှည်တည်ငြိမ် အေးချမ်းမှုကို အထောက်အကူဖြစ် စေရေးအတွက် ဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေး လျက်ရှိသည်။ အထူးသဖြင့် ဒေသ တွင်း လူငယ်များ၏ပညာရည်မြင့်မား ရေးနှင့် လူငယ်များအလုပ်အကိုင် အခွင့်အလမ်းရရှိရေးကို ရည်ရွယ်၍ နယ်စပ်ရေးရာ ဝန်ကြီးဌာနသည် မိမိတို့ဝန်ကြီးဌာန၏ ပင်မလုပ်ငန်း များဖြစ်သော ရခိုင်ပြည်နယ်အတွင်း နယ်စပ်ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် နည်းတူ အိမ်နီးချင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ရခိုင်ဒေသ၏ လူမှုစီးပွားဘဝ တိုးတက်ရေးလုပ်ငန်းများကို ဆောင် ရွက်ပေးလျက်ရှိသည်။

အင်ဒိုနီးရှား သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ သည် ရခိုင်ပြည်နယ်အတွင်း ပညာရေး မူလတန်းကျောင်းဆောင် များကို ဆောက်လုပ်ပေးလျက်ရှိ သည်။ ကျောင်းနေအရွယ် ကလေး ငယ်များ၏ ပညာသင်ကြားရေး အဆင်ပြေ ချောမွေ့စေရန်အတွက် အင်ဒိုနီးရှားသမ္မတနိုင်ငံမှ မူလတန်း ကျောင်းလေးကျောင်းကို ဆောက် လုပ်လှူဒါန်းခဲ့ရာ မင်းပြားမြို့နယ် သေကံကျေးရွာနှင့် စမ္ဗာလေကျေးရွာ များတွင်လည်းကောင်း၊ မောင်တော မြို့နယ် မောရဝတီကျေးရွာတွင် လည်းကောင်း၊ ဘူးသီးတောင်မြို့ သပြေကုန်းရပ်ကွက်တွင် လည်း ကောင်း စုစုပေါင်း ကျောင်းလေး ကျောင်း ဆောက်လုပ်လှူဒါန်းခဲ့သည်။

ထို့အတူ အိန္ဒိယသမ္မတနိုင်ငံ သည်လည်း စစ်တွေမြို့နယ်တွင် မူလတန်းကျောင်း လေးကျောင်း၊ မောင်တောမြို့နယ်တွင် မူလတန်း ကျောင်းလေးကျောင်း၊ သံတွဲမြို့နယ် တွင် မူလတန်းကျောင်း တစ်ကျောင်း၊ ကျောက်တော်မြို့နယ်တွင် မူလတန်း ကျောင်းတစ်ကျောင်း စုစုပေါင်း မူလတန်းကျောင်း ၁၀ ကျောင်း ဆောက်လုပ်လှူဒါန်းခဲ့သည်။

အဆိုပါ ကျောင်းများမှာ (၁၂၀× ၃၀) အာရ်စီတစ်ထပ်ကျောင်း ဆောင်များဖြစ်ပြီး အုတ်ရေကန် နှစ်လုံးစီ၊ လေးခန်းတွဲ ရေလောင်း အိမ်သာ နှစ်လုံးစီ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာမများအတွက် စာရေးစားပွဲ၊ ထိုင်ခုံ၊ ဗီရို၊ ပရိဘောဂ အပြည့်အစုံဖြင့် ဆောက်လုပ်ခဲ့ခြင်း ဖြစ်သည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ နယ် စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နှင့် BAJ တို့အကြား ရေးထိုးထားသော နားလည်မှုစာချွန်လွှာ (MoU)အရ BAJ သည် ၂၀၁၃ ခုနှစ် မှ ၂၀၁၈ ခုနှစ်အတွင်း ရခိုင်ပြည်နယ်၌ ကျောင်းပေါင်း ၁၀၀ တည်ဆောက် ရေးစီမံကိန်းကို ဆောင်ရွက်လျက်ရှိရာ စီမံကိန်းပထမနှစ်တွင် ကျောင်း ၁၀ ကျောင်း၊ စီမံကိန်းဒုတိယနှစ်တွင် ကျောင်းပေါင်း ၂၀၊ တတိယနှစ် ၌ ၂၂ ကျောင်း၊ စတုတ္ထနှစ်၌ ၂၄ ကျောင်း၊ ပဉ္စမနှစ်၌ ၂၄ ကျောင်း ဆောက်လုပ်သွားမည် ဖြစ်သည်။ စီမံကိန်းကာလကုန်ဆုံးမည့် ၂၀၁၈ ခုနှစ်၌ ကျောင်းပေါင်း ၁၀၀ ပြည့် မြောက်မည်ဖြစ်သည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန သည် ရခိုင်ဒေသအတွင်း လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး အတွက် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်း ကျောင်းကို မောင်တောတွင် ဖွင့်လှစ် ထားရှိပြီး မင်းပြားနှင့် အမ်းမြို့များတွင် ဆက်လက် ဖွင့်လှစ်သွားမည်ဖြစ် ကြောင်းလည်း သိရသည်။ အခြေခံ အိမ်တွင်းမှုသင်တန်းများအား ဖွင့် လှစ်သင်ကြားပေးလျက်ရှိရာ ကျောက် ဖြူတွင် ၈၄ ဦး၊ မင်းပြားတွင် ၁၆၂ဦး၊ သံတွဲတွင် ၈၀ တက်ရောက် သင်ယူပြီးဖြစ်သည်။ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းကို စစ်တွေမြို့တွင် ဖွင့်လှစ်ထားရှိပြီး မောင်တောနှင့် မင်းပြားမြို့များတွင် ဆက်လက်ဖွင့် လှစ်ပေးသွားမည်ဖြစ်သည်။ ကျောက် ဖြူမြို့၌ နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များ စက်မှုလက်မှုသင်တန်း ကျောင်းဖွင့်လှစ်ပေးရန် လျာထားပြီး ဖြစ်သည်။ ၎င်းအပြင် နယ်စပ်ရေးရာ ဝန်ကြီးဌာနက လှူဒါန်းထောက်ပံ့ လျက်ရှိသည့် စစ်တွေမြို့နယ် ခေမာ မဏ္ဍိုင်ကျောင်း၊ တောင်ပြိုလက်ဝဲမြို့ နဲ့သာတောင်ကျောင်း၊ မောင်တော မြို့နယ်ဇောတိကာရုံ ပရဟိတကျောင်း နှင့် အလိုတော်ပြည့် ပရဟိတကျောင်း၊ ကျောက်တော်မြို့နယ် အပေါက်ဝ ပရဟိတကျောင်း၊ ဘူးသီးတောင် မြို့နယ် ဂန္ဓာရီပရဟိတကျောင်းများရှိ ကျောင်းသား ကျောင်းသူများအတွက် လည်း လိုအပ်သည်များကို ဖြည့် ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ရခိုင်ပြည်နယ်တွင် ၂၀၁၄- ၂၀၁၅ ဘဏ္ဍာနှစ်၌ မြေလမ်း ၆၃ မိုင် ၂ ဖာလုံ၊ ကျောက်လမ်း ၅၆ မိုင် ၄ ဖာလုံ၊ ကတ္တရာလမ်း ၆ မိုင် ၁ ဖာလုံ ဖောက်လုပ်ခြင်း၊ ကွန်ကရစ် ခင်းခြင်း ၃ မိုင် ၅ ဖာလုံ နှင့် တံတား ကြီး/ငယ် ၁၅၃ စင်း၊ ရေပွြန် ၂၆၄ ခု၊ ရေရရှိရေးလုပ်ငန်း ကိုးခု၊ အထက ကျောင်း တစ်ကျောင်း၊ အမကကျောင်း တစ်ကျောင်း၊ တန်ဖိုးနည်းအိမ်ရာ အလုံး ၁၁၀၊ ခြောက်ခန်းတွဲ ဝန်ထမ်း အိမ်ရာနှစ်လုံး တည်ဆောက်ခြင်း၊ ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်း ပြုပြင်ခြင်း၊ ဆိုလာမီး ၈၆၆၈ စုံ တပ်ဆင်ပေးခြင်းတို့အတွက် ငွေကျပ် သန်းပေါင်း ၁၄၄၄၅ ဒသမ ၄၅ သန်း ခွင့်ပြုဆောင်ရွက်ပေးခဲ့သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လည်း ရခိုင်ပြည်နယ်အတွင်းရှိ လမ်းတံတားလုပ်ငန်း၊ ပညာရေးနှင့် ကျန်းမာရေးလုပ်ငန်းများ၊ စွမ်းအင်၊ ရေရရှိရေး၊ သာသနာရေးလုပ်ငန်း စသည်တို့အတွက် ငွေကျပ်သန်း ပေါင်း ၇၃၅၇ ဒသမ ၆၅၈ သန်းသုံးစွဲ ရန် လျာထားကြောင်း သိရသည်။

ယနေ့ ရခိုင်ပြည်နယ်သည် တည်ငြိမ်အေးချမ်းမှု ရရှိလာနေပြီ ဖြစ်သည်။

ရခိုင်ပြည်နယ်အတွင်း ရေရှည် တည်ငြိမ်အေးချမ်းမှုကို အထောက် အကူဖြစ်စေရေးအတွက် ဒေသ တစ်ခုလုံး အကြားအလပ်မရှိ ဖွံ့ဖြိုး တိုးတက်လာစေရန် အထူးလိုအပ်ပေ သည်။ ရခိုင်ပြည်နယ်တည်ငြိမ်အေး ချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟို ကော်မတီ၏ လမ်းညွှန်ချက်ဖြင့် လုပ်ငန်းကော်မတီခြောက်ခု ဖွဲ့စည်း ၍ ရခိုင်ပြည်နယ်တစ်ခုလုံး လွှမ်းခြုံ အကောင်အထည်ဖော် ဆောင်ရွက် နိုင်မည့် Development Plan ကို ရေးဆွဲလျက်ရှိရာ လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက် နေမှုများမှာ အားရစရာပင်ဖြစ်သည်။

ကောင်းစံရှိ

ခင်ဦး-ငှက်ပျောရွာ ကျေးလက်ကျောက်ချောလမ်း ရာနှုန်းပြည့်ပြီးစီး

ခင်ဦး ဧပြီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦး-ငှက်ပျောရွာ ကျေးလက်ကျောက်ချောလမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။

အဆိုပါကျောက်ချောလမ်းမှာ အရှည် ပေ ၅၁၀၀၊ အကျယ် ၁၂ ပေဖြစ်ပြီး စုစုပေါင်းကုန်ကျငွေကျပ် ၄၃ ဒသမ ၄၀ သန်း ကုန်ကျကြောင်း သိရသည်။ ယခင်က ခင်ဦး-ငှက်ပျောရွာလမ်းမှာ မြေသားလမ်းတစ်ဝက်၊ ကျောက်ကြမ်းလမ်းတစ်ဝက်ဖြစ်ပြီး မိုးရာသီတွင်သွားလာရခက်ခဲ့ကြောင်း ယခုအချိန်တွင် ကျောက်ချောလမ်းပြီးစီးသွားပြီဖြစ်သဖြင့် ရာသီမရွေး အဆင်ပြေစွာ သွားလာနိုင်ပြီဖြစ်ကြောင်း ဒေသခံများက ပြောသည်။

ခင်ဦးစိုးဝင်း

အရက်မူးလာသူအား သံတုတ်နှင့်ရိုက်၍ သေဆုံး

ပဲခူး ဧပြီ ၁၉

ဧပြီ ၁၄ ရက် ညနေ ၄ နာရီက ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာအုပ်စု ကျွဲတဲကျေးရွာနေသူ မခင်သက်ဦး (၂၄ နှစ်)သည် တစ်ရွာတည်း အစ်ကိုရင်းတော်သူ ကိုကျော်စိုး၏ နေအိမ်သို့ရောက်ရှိပြီး စကားပြောဆိုနေစဉ် မခင်သက်ဦး၏ခင်ပွန်း သက်ရှည် (၃၇နှစ်)မှာ အရက်သောက်စားမူးယစ်လျက်ရောက်ရှိပြီး ဇနီးဖြစ်သူအား အစ်ကိုနှင့်ပေးစား၍ ရှုန့်ရင်းကြမ်းတမ်းစွာပြောဆိုခဲ့ရာ ဇနီး၏အစ်ကို ကျော်စိုးက ဤသို့ မပြောရန်တားမြစ်ဆုံးမခဲ့သော်လည်း နာခံခြင်းမရှိသဖြင့် ကျော်စိုးက အနီးတွင်ရှိသော သံတုတ်နှင့်ရိုက်ခဲ့ရာ ဦးခေါင်းတွင် ပေါက်ကွဲပြဲဒဏ်ရာရရှိလျက် ထိုနေရာ၌ သေဆုံးခဲ့သည်။

အဆိုပါ ဖြစ်စဉ်အား ဒုံဇရစ်နယ်မြေရဲစခန်းတွင် မခင်သက်ဦးက အမှုဖွင့် တိုင်တန်းသဖြင့် အမှုဖွင့်ထားပြီး ပြစ်မှုကျူးလွန်သူ ကျော်စိုး (၃၈ နှစ်) ကို ဖမ်းဆီးခဲ့ကာ စခန်းမှူးရဲအုပ်လင်းထိန်က စစ်ဆေးနေကြောင်း သိရသည်။ **အောင်ရဲကျော်**

ဟိုပုံး-မိုင်းပွန် ၃၃ ကေဗွီဓာတ်အားလိုင်း ကြွေသီးလဲလှယ်

မိုင်းပွန် ဧပြီ ၁၉

လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိရေး၊ ဓာတ်အားဆုံးရှုံးမှုမရှိစေရေးအတွက် လွိုင်လင်မြို့နယ် မိုင်းပွန်မှ လျှပ်စစ်ဝန်ထမ်းများသည် မိုင်းပွန်- ဟိုပုံး ၃၃ ကေဗွီ ဓာတ်အားလိုင်း တစ်လျှောက် ဓာတ်တိုင်များတွင် ကြွေသီးများ အသစ်လဲလှယ်ခြင်းလုပ်ငန်းများကို ဧပြီဒုတိယပတ်က ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါ ဟိုပုံး-မိုင်းပွန် ဓာတ်အားလိုင်းပေါ်တွင် ပင်းပက်သံမဏိ စက်ရုံ၊ ဟိုပုံးမြို့၊ ကျောက်တန်းကျေးရွာနှင့် ထမ်စမ်းဂူတို့ လျှပ်စစ်မီးအသုံးပြုနေရကြောင်း မိုင်းပွန်မြို့မှ လျှပ်စစ်ဝန်ထမ်းများသည် ဟိုပုံးမြို့တွင်းအထိ တာဝန်များထမ်းဆောင်နေကြောင်း မိုင်းပွန်လျှပ်စစ်မှူး ဦးလှကျော်ထံမှ သိရသည်။ **မိုးလွင်ဦး(လွိုင်လင်)**

အဘိုးအဘွားများအား အခမဲ့ဆေးကုသ

နတ်တလင်း ဧပြီ ၁၉

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် မုံရွာကြီးအုပ်စု ကွေ့ကြီးရွာတွင် နှစ်ဆန်း ၁ ရက် ဧပြီ ၁၇ ရက်နေ့မှ နံနက် ၉ နာရီမှစ၍ စေတနာမွန်သက်ကြီးရွယ်အိုများ ကျန်းမာရေးစောင့်ရှောက်မှုအသင်းမှကြီးမှူး၍ ချဉ်ယုတ်ကွင်းရွာ ကျေးလက်ဆေးပေးခန်း ကျန်းမာရေးဌာနမှ ဆေးမှူး ဦးထွန်းဝင်းလတ်၊ ကျန်းမာရေးဆရာမ ဒေါ်မိုးစန္ဒာနှင့်အဖွဲ့တို့က အခမဲ့ဆေးကုသရေးများ ဆောင်ရွက်ပေးရာ အဘိုး ၄၃ ဦး၊ အဘွား ၆၄ ဦး စုစုပေါင်း ၁၀၇ ဦးတို့ကို ဆေးဝါးများကုသပေးသည်။

စေတနာမွန်အသင်းဥက္ကဋ္ဌ ဦးညွန့်လွင်က "သက်ကြီးရွယ်အိုများသာမက လူလတ်ပိုင်းနဲ့ ကလေးများပါမကျန် ကုသပေးပါတယ်။ ကျွန်တော်တို့ အခမဲ့ဆေးကုသရေးလုပ်ငန်းကို တစ်လနှစ်ကြိမ် လုပ်ပေးမှာဖြစ်ပါတယ်။ ကျန်းမာရေးဆေးမှူးနဲ့လည်း တိုင်ပင်ထားပြီးဖြစ်ပါတယ်။ ဆေးရုံနဲ့ဝေးကွာတဲ့ ကျွန်တော်တို့ ကျေးလက်ဒေသမှာ အခုလို ဆောင်ရွက်ပေးခြင်းအားဖြင့် ဒေသခံတွေကလည်း ဝမ်းသာပီတိဖြစ်သလို ဆေးဝါးအလှူရှင်တွေလည်း ပေါ်လာပါတယ်။ အခမဲ့ဆေးကုသရေးလုပ်ငန်းကို အမှတ်တရ နှစ်ဆန်း ၁ ရက်နေ့မှစပြီး ဖွင့်တာပါ"ဟု ပြောပြသည်။ **တင်မြင့်(နတ်တလင်း)**

ကားရေဆေးသူများပြားသဖြင့် ရေဆေးခုံလုပ်ကိုင်သူအဆင်ပြေ

ရေး ဧပြီ ၁၉

မြန်မာနှစ်သစ်ကူးအတာသင်္ကြန်ကာလ မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ အိမ်စီးကားများမှာ အတာသင်္ကြန် ကာလပြီးဆုံးသည်နှင့် တစ်ပြိုင်တည်း အိမ်စီးကားများကိုပါ အညစ်အကြေးများ သန့်ရှင်းဆေးကြောလာကြ၍ ရေဆေးခုံလုပ်ကိုင်သူအများအပြားလည်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

အဆိုပါ အတာသင်္ကြန်ရက်အတွင်းက အိမ်စီးကားများ၊ အငှားလိုက်ယဉ်များမှာ သင်္ကြန်ရက်များက မြို့ပတ်ရေပတ်ခံကစားကြပြီး ဖြတ်သန်းသွားလာလှုပ်ရှားနေကြသော ယာဉ်အများအပြားမှာ ပေကျံနေလျက်ရှိသည်။ ထိုပေကျံနေသည့် အညစ်အကြေးများအား သန့်ရှင်းရန် ရေဆေးခုံ၌ ကားများလာရောက် အပ်နှံယာဉ်များပြားလာကြသဖြင့် ရေဆေးခုံလုပ်ကိုင်သူများက ကားတစ်စီးကို အကြမ်းဆေးအချောဆေး နှစ်မျိုးဖြင့် ငွေကျပ် ၃၀၀၀ မှ ၆၀၀၀ အထိ တစ်ပိုင်တစ်နိုင်ရေဆေးကြသည်။

ကားရေဆေးကြသည့် ယာဉ်ပိုင်ရှင်များကလည်း ဈေးနှုန်းချိုသာပြီး ကားများ သန့်စင်သွားသည့်အတွက် ရေဆေးခုံလုပ်ကိုင်သူများနှင့် ယာဉ်ပိုင်ရှင်များအကြား အပေးအယူမျှတကြ၍ အဆင်ပြေကြကြောင်း သိရသည်။

နေမျိုးထွန်း (ရေး)

ပြင်ဦးလွင်ပိတ်ချင်းမြောင်ရှိ နဂါးရေအိုင်အတွင်း စည်းကမ်းမဲ့ အပျော်လွန်ခြင်းများရှိနေ

မြန်မာလူမျိုးတို့တွင် အလှူအတန်းနှင့် ပွဲလမ်းသဘင်များပြားသလောက် အဆိုပါပွဲတို့တွင် အပျော်လွန်ကြူးသူများမှာလည်း များပြားကြသည်။ "စည်းကမ်းလိုက်နာဘေးကင်းကွာ" ဟူသော ဆောင်ပုဒ်ကို သိရှိပါလျက် လိုက်နာမှုအားနည်းခြင်းတို့ကြောင့်လည်း မလိုလားအပ်သော ဘေးအန္တရာယ်ဒုက္ခနှင့် အသက်ဆုံးရှုံးမှုများ နေ့စဉ်နှစ်စဉ် ဖြစ်ပွားလျက်ရှိနေသည်ကို တွေ့မြင်နေရသည်။

ယခုနှစ် သင်္ကြန်ကာလအတွင်း ပြင်ဦးလွင်သို့ လာရောက်လည်ပတ်ကြသူများအနေဖြင့် ပိတ်ချင်းမြောင် လိုဏ်ဂူတော်သို့ သွားရောက်ကြရာ လိုဏ်ဂူတော်အနီးရှိ သဘာဝနဂါးရေအိုင် (ဒေသအခေါ် သုံးထပ်ရေတံခွန်) အတွင်းသို့ အန္တရာယ်ရှိသောကြောင့် တားမြစ်ပိတ်ပင်ထားသော်လည်း လိုက်နာမှုမရှိဘဲ သွားရောက်၍ ရေဆော့ကစားနေသူများကို တွေ့မြင်နေရသည်။

မှတ်တမ်းများအရ နဂါးရေအိုင်အတွင်းတွင် ၂၀၀၈ ခုနှစ်မှစတင်၍ ယနေ့အထိ အသက် ၁၇နှစ်မှ ၂၂ နှစ်အတွင်းရှိ လူငယ်များ နှစ်စဉ်ရေနစ်သေဆုံးလျက်ရှိနေရာ အမျိုးသားလူငယ် ခြောက်ဦး၊ အမျိုးသမီးလူငယ်နှစ်ဦး စုစုပေါင်း ရှစ်ဦးရှိနေပြီဖြစ်သောကြောင့် သက်ဆိုင်ရာမှ သတိပေးတားမြစ်ထားသော်လည်း မကြောက်မလန့် အပျော်လွန်ကာ စည်းကမ်းဖောက်ဖျက်လျက်ရှိနေကြသည်။

ပိတ်ချင်းမြောင်ရှိ သုံးထပ်ရေတံခွန် (နဂါးရေအိုင်) သည် အထက်အမြင့်အဆင့်ဆင့်မှ အရှိန်ပြင်းထန်စွာဖြင့် ကျဆင်းလာသောရေများသည် အောက်ခြေရှိ ကျောက်ဆောင်ကျောက်တုံးများနှင့် မြေပြင်ထုကို ထိုးခွဲတိုက်စားကာ အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ အလွန်ကြီးမားနက်ရှိုင်းသောရေအောက်ချိုင့်ဝှမ်းကြီးများ ဖြစ်ပေါ်လျက်ရှိနေသည်။

သို့သော်လည်း ထိုအချက်ကို မသိရှိသူများသည် ပေါ့ပေါ့တန်တန်ဖြင့် သတိပေးတားမြစ်ချက်ကို လိုက်နာမှုမရှိဘဲ သွားရောက် ပျော်ပါးကြခြင်းကြောင့် ယခုကဲ့သို့ သေဆုံးမှုများ နှစ်စဉ်ဖြစ်ပွားလျက်ရှိကြောင်း ဒေသခံတစ်ဦး၏ ပြောပြချက်အရ သိရသည်။

သက်နိုင် (ပြင်ဦးလွင်)

ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာဘေးကင်းကွာ

မြို့လုံးကျွတ်ဆွမ်းဆန်တော် လောင်းလှူ ကုသိုလ်ယူသူများဖြင့်အထူးစည်ကား

ကျောက်ပန်းတောင်း ဧပြီ ၁၉

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် နှစ်ဆန်းတစ်ရက် ဧပြီ ၁၇ ရက်က နှစ်စဉ်ကျင်းပမြဲဖြစ်သော မြို့လုံးကျွတ်ဆွမ်းဆန်တော်လောင်းလှူပွဲကြီးကို နံနက် ၆ နာရီမှစတင်၍ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

အဆိုပါ ဆွမ်းဆန်တော်လောင်းလှူပွဲကြီးကို ကျောက်ပန်းတောင်းမြို့နယ်တွင် နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုနှစ်သည် (၆၅) ကြိမ်မြောက်ဖြစ်ပြီး မြို့ပေါ်ရှိစာသင်တိုက်ကြီးများ၊ ကျောင်းတိုက်များနှင့် ပုပ္ပားဝန်းကျင်ကျောင်းတိုက်များနှင့် မြို့ဆင်ခြေဖုံးရှိကျောင်းတိုက်အသီးသီးတွင် သီတင်းသုံးတော်မူကြသော သံဃာတော်များ၊ သကြ်န်ကာလအတွင်း ကုသိုလ်ယူ၍ ဒုလ္လဘဝတ်ကြသော ရှင်ရဟန်းနှင့် သာမဏေများ၊ သီလရှင်များ စုစုပေါင်း အပါး ၄၀၀၀ ကျော်ကြွရောက်အလှူခံတော်မူကြသည်။

အဆိုပါအလှူခံပုဂ္ဂိုလ်များကိုမြို့ပေါ်ရှိရပ်ကွက်အသီးသီးမှ အလှူရှင်စေတနာရှင်များက ဆွမ်းဆန်တော်များ၊ ကြက်သွန်များ၊ ဆပ်ပြာ၊ ဆပ်ပြာမှုန့်ထုပ်များ၊ ဝတ္ထုငွေများကို မိမိတို့သဒ္ဓါတရားအလျောက် စုရပ်ဖြစ်သည့် သီရိမင်္ဂလာဓမ္မာရုံဝင်းမှ စတင်၍ မိတ္ထီလာလမ်းမကြီး ဘူတာလမ်းဆုံအဝိုင်း၊ ထိုမှမြင်းခြံလမ်းမကြီးအတိုင်း လောင်းလှူကြပြီး၊ မြင်းခြံလမ်းမကြီးမှ လွတ်လပ်ရေးလမ်း၊ ဈေးပတ်လမ်းမှ တစ်ဆင့်မြို့မတောင်ရပ်ကွက် ဗိုလ်ချုပ်လမ်းဆုံထိ နေရာယူလောင်းလှူကြသည်။ မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် မင်္ဂလာရှိလှသော ကြိုတောင့်ကြိုခဲ မြို့လုံးကျွတ်ဆွမ်းဆန်တော်လောင်းလှူပွဲကြီးကို တွေ့မြင်ကြရသည့် ဘုရားဖူးကားများနှင့် ခရီးသွားပြည်သူများမှာ ဝမ်းသာကြည်နူးမှုများဖြင့် လက်အုပ်ချီမိုးကာ သာဓုအနုမောဒနာ ခေါ်ဆိုသွားကြသည်များကိုလည်း ဝမ်းမြောက်ဖွယ်တွေ့မြင်ကြရသည်။

နှစ်ဆန်း ၁ ရက်နေ့နံနက်ပိုင်း ဆွမ်းဆန်တော်လောင်းလှူပွဲပြီးပါက ညနေပိုင်း၌ ရပ်ကွက်အသီးသီးရှိ လမ်းဆုံလမ်းခွများတွင်လည်း ဆရာတော်သံဃာတော်များ ပင့်ဖိတ်၍ အန္တရာယ်ကင်းပရိတ် ရွတ်ဖတ်ပူဇော်ပွဲများကို လမ်းအလိုက် ဆင်ယင်ကျင်းပကြကြောင်း သိရသည်။

နေအောင်(iprd)

သက်ကြီးအဘိုးအဘွားများအား ပူဇော်ကန်တော့

ကလေး ဧပြီ ၁၉

ကလေးခရိုင်အမျိုးသမီးရေးရာကော်မတီ၏ ဦးဆောင်မှုဖြင့် သက်ကြီးအဘိုးအဘွားတို့အား ပူဇော်ကန်တော့ပွဲကို ၁၃၇၇ ခုနှစ် မြန်မာသက္ကရာဇ် နှစ်ဆန်း ၁ ရက်နေ့ နံနက် ၁၀နာရီခွဲက မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကလေးခရိုင်အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ ဒေါ်သရဖီဝင်းနှင့်ကော်မတီဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများက သက်ကြီးအဘိုးအဘွားများအား ငွေသားကျပ် ၁၀၀၀၀ နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းကြပြီး အသက် ၉၀ ကျော်ရှိ အဘိုးဦးချစ်လှိုင်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက်အခမ်းအနားတက်ရောက်လာကြသူများက သက်ကြီးအဘိုးအဘွားတို့အား နှစ်ဟောင်းကိုလွန်မြောက်၍ နှစ်သစ်မင်္ဂလာသို့ ကျရောက်သောအချိန်အခါ၌ အပြစ်ခပ်သိမ်း ပပျောက်ငြိမ်း၍အသက်ရှည်စွာ အနာမဲ့ရေးရန်ဘေးကင်းကြောင်း ကောင်းမှုမင်္ဂလာ ဖြစ်ပါစေခြင်း အကျိုးငှာ မိမိတို့ထက်အသက်ဂုဏ်ဝါကြီးမားကြကုန်သော အဘိုးအဘွားတို့အား ပူဇော်ကန်တော့ကြကြောင်း သိရသည်။

ဂျူနိုင်း

ရမည်းသင်းမြို့လုံးကျွတ်စုပေါင်းသက်ကြီးပူဇော်

ရမည်းသင်း ဧပြီ ၁၉

မန္တလေးတိုင်းဒေသကြီး ရမည်းသင်း မြို့လုံးကျွတ်စုပေါင်းသက်ကြီးပူဇော်ပွဲအခမ်းအနားကို ဧပြီ ၁၇ ရက် နှစ်ဆန်း ၁ ရက် နံနက် ၉ နာရီက ရမည်းသင်းမြို့ ရန်အောင်မြင်သာသနဗိမာန်တွင် ကျင်းပရာ ရပ်ကွက်ပေါင်း ၂၄ ရပ်ကွက်မှ အသက် ၈၅ နှစ်အထက် ဘိုးဘွား ၁၁၉ ဦး တက်ရောက်သည်။

ရှေးဦးစွာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ကာ တက်ရောက်သူများက ဘိုးဘွားများကို မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံနှင့်အညီ ကန်တော့ကျိုးဖြင့် ရွတ်ဆိုကန်တော့ကြသည်။ ၄င်းနောက် ဘိုးဘွားတစ်ဦးလျှင်ငွေကျပ် ၆၀၀၀ စီ၊ မျက်နှာသုတ်ပဝါ တစ်ထည်စီကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများ ၊ ခရိုင်မြို့နယ်ဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေး အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မော်တော်ယာဉ်အဖွဲ့ ထွေအုပ်ဝန်ထမ်းများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေး အဖွဲ့ဝင်များက လှူဒါန်းငွေနှင့် ပစ္စည်းများဖြင့် လှူဒါန်းကြသည်။ ဘိုးဘွားများကိုယ်စား အဘိုး ဦးတင်အောင်က ကျေးဇူးတင်စကားနှင့် သြဝါဒစကား ပြောကြားသည်။

အလားတူ အကြိမ် (၂၀)မြောက် မြို့နယ် ပြည်ခိုင်ဖြိုးပါတီက အသက် ၈၀ နှစ်ထက် ဘိုးဘွား ၂၅ ဦးအား ပူဇော်ကန်တော့ပွဲကို ဧပြီ ၁၇ ရက် နံနက် ၈ နာရီက မြို့နယ် ပြည်ခိုင်ဖြိုးပါတီရုံးတွင်ကျင်းပသည်။

မြို့နယ် ပြည်ခိုင်ဖြိုးပါတီ အတွင်းရေးမှူး ဦးဇော်ဝင်းက သက်ကြီးပူဇော်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များပြောကြားကာ ဘိုးဘွားတစ်ဦးလျှင် ငွေကျပ် တစ်သောင်းစီ၊ ပစ္စည်းစုံတစ်ဦးလျှင်ငွေကျပ် ၁၇၀၀၀ ဖြင့် ဘိုးဘွားတို့အား တာဝန်ရှိသူများက ကန်တော့ပေးအပ်ပြီး ဦးခန့်ကြည် (၉၇)နှစ်က ကျေးဇူးတင်စကားပြောကြားကာ ညနေ ၃ နာရီတွင် ပြည်ခိုင်ဖြိုးပါတီက သံဃာအပါး ၂၀ ကျော်ဖြင့် မြို့တွင်းရပ်ကွက်များသို့ကားဖြင့် ပရိတ်များရွတ်ဖတ်ပူဇော်သည်။

ညွန့်ရွှေ (ရမည်းသင်း)

အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်

မိတ္ထီလာ ဧပြီ ၁၉

မိတ္ထီလာမြို့တွင် ကျေးရွာရပ်ကွက်နယ်မြေအလိုက် သံဃာတော်များ ပင့်ဖိတ်၍ ဧပြီ ၁၇ ရက်က အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြောင်းသိရသည်။

နှစ်ဆန်း ၁ ရက်နေ့ဆို မြန်မာလူမျိုးတို့ရဲ့ ထုံးတမ်းဓလေ့အရ သံဃာတော်များ ပင့်ဖိတ်ပြီး ကျေးရွာရပ်ကွက် နယ်မြေအလိုက် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်တာကို နာယူကြပါတယ်။ ပရိတ်ပန်းပါတဲ့ ပရိတ်အိုး၊ ပရိတ်အပ်ချည်လုံး၊ ပရိတ်သဲ၊ပရိတ်ရေပုလင်းတွေကို စုပေါင်းပြီး ပရိတ်ရွတ်ဖတ်တဲ့ အနီးကစင်ပေါ်မှာတင်ထားပြီးတော့ ပရိတ်အာနိသင်သက်ရောက်စေတယ်။ အဲဒီပရိတ်အိုးထဲက ပရိတ်ပန်းနဲ့ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်အပ်ချည်တွေကို လူနေအိမ်ဝိုင်း အနီးပတ်လည်မှာ ဖျန်းပက်အရံအတားပြုလုပ်ထားရင် ကျရောက်လာမယ့်မမြင်ရတဲ့ အန္တရာယ်အယှက်အန္တရာယ်တွေ ကင်းရှင်းပပျောက်စေတယ်လို့ ဗုဒ္ဓဘာသာဝင်တိုင်း ယုံကြည်သက်ဝင်ကြတယ်” ဟု မိတ္ထီလာမြို့ မြို့မိ မြို့ဖတစ်ဦးက ပြောသည်။

အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းကို ယခင်က ကျေးရွာရပ်ကွက် လမ်းဆုံလမ်းခွနေရာများတွင် ညနေပိုင်းအချိန်များ၌ ပြုလုပ်ခဲ့ကြပြီး ယခုအခါ နံနက်ပိုင်းအချိန်များ၌လည်း ပြုလုပ်လာကြသည်။ မိတ္ထီလာတွင် မြန်မာနှစ်ဆန်းတစ်ရက်နေ့က ကျေးရွာရပ်ကွက် နယ်မြေအလိုက် အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြသည့်အပြင် ဘုရားကျောင်းကန်များတွင် ဘုရားပန်း၊ ဆီမီးရေချမ်းကပ်လှူခြင်း၊ စတုဒိတာ အဖျော်ယမကာများဖြင့် တိုက်ကျွေးကုသိုလ်ယူခြင်း၊ သက်ကြီး ပူဇော်ပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

နှစ်ဆန်း ၁ ရက်နေ့တွင် မချမ်းဘော၌ဇီဝိတဒါနငါးလွှတ်

မချမ်းဘော ဧပြီ ၁၉

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ် မလိခကြိုးတံတား မလိခမြစ်တွင် ဧပြီ ၁၇ ရက် က ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပသည်။

အဆိုပါဇီဝိတဒါနငါးလွှတ်ပွဲတွင် မချမ်းဘောမြို့နယ် အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်၊ ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကိုကိုကျော်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ (NGO) အဖွဲ့အစည်းများ၊ ငါးလုပ်ငန်းဦးစီးဌာနဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ ဧည့်ပရိသတ်များက မလိခမြစ်တွင်းသို့ ငါးများကို ဇီဝိတ ဒါနဘေးမဲ့လွှတ်ပေးကြသည်။ နှစ်ဆန်း ၁ ရက်နေ့ ဇီဝိတဒါန ဘေးမဲ့ငါးလွှတ်ပွဲတွင် ရွှေဝါ၊ ငါးကြင်း(ငါးသန်) ကောင်ရေ ၂၀၀၀ ကျော်ခန့်ကို ဘေးမဲ့လွှတ်ပေးခဲ့ကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

သက်ကြီးပူဇော်ပွဲကျင်းပ

ရေစကြို ဧပြီ ၁၉

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့အမှတ် (၆) ရွှေပုလဲရပ်ကွက်တွင် ဧပြီ ၁၇ ရက်က သျှင်ပင်ဆုတောင်းပြည့်ဘုရား အာရုံခံအတွင်း၌ ရွှေပုလဲရပ်ကွက်ပြည်သူများ၏ (၉)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ ကျင်းပရာ ရွှေပုလဲရပ်ကွက်မှ အသက် ၇၅ နှစ် နှင့်အထက် အဘိုးသုံးဦး၊ အဘွား ၂၁ ဦး တို့ကို လှူဖွယ်ဝတ္ထုပစ္စည်း အစုစုတို့ဖြင့် ကာယကံမြောက် လက်အုပ်ချီမိုး ပူဇော်ကန်တော့ကြသည်။ ဆက်လက်၍ အဘိုး၊ အဘွားများကိုယ်စား အဘိုး ဦးလှတင်က ဆုတောင်းစကားချီးမြှင့်ပြောကြားသည်။

အဆိုပါ (၉)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲဖြစ်မြောက်ရန် ရွှေပုလဲရပ်ကွက် ဗုဒ္ဓဝေယျာဝစ္စအသင်း၊ လင်းရောင်ခြည် ပရဟိတလူမှုကူညီရေးအသင်းနှင့် အမျိုးသမီး ရေးရာအသင်းတို့မှ ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

ဖေထွဏ်းဇော် (ရေစကြို)

ညောင်တုန်းမြို့နယ်၌ မြန်မာနှစ်ဆန်း ၁ ရက်နေ့ ဇီဝိတဒါနငါးလွှတ်ပွဲကို ဇက်ဆိပ်ပန်းလှိုင်မြစ်ကမ်းဘေးတွင် ဧပြီ ၁၇ ရက်ကကျင်းပရာ ညောင်တုန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးနှင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆောက်လုပ်ရေးအထူးအဖွဲ့(၄) မြို့နယ်ဆောက်လုပ်ရေးအဖွဲ့နှင့် ငါးလုပ်ငန်းဦးစီးဌာနတို့က ငါးမျိုးစုံအကောင်ရေ ၂၅၀၀၀ ကို ပန်းလှိုင်မြစ်အတွင်းသို့ လွှတ်ပေးသည်ကို တွေ့ရစဉ်။ (ဝ၈၂)

ကျွန်တော်နဲ့တီကောင်အမြင်

ပါမောက္ခ
ဒေါက်တာအောင်ထွန်းသက်

ပညာဆိုတာ ဘယ်တော့မှ ပြီးပြည့်စုံတာမရှိပါဘူး။ ကိုယ်တတ်တဲ့ပညာလုံလောက်ပြီ၊ နောက်ထပ်လည်း သိစရာ လေ့လာစရာမလိုတော့ပါဘူးလို့ ယူဆခြင်းဟာ မဟာအမှားတစ်ခုဖြစ်ပါတယ်။ ကျွန်တော် စီးပွားရေး ပညာကို လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀ လောက်ကတည်းက လေ့လာသင်ယူခဲ့ပါတယ်။ ဘွဲ့ကြိုသင်တန်းတွေ၊ ဘွဲ့လွန်သင်တန်းတွေကို တက်ခဲ့ပြီး သုတေသန လုပ်ငန်းတွေကိုလည်း လုပ်ခဲ့ရတယ်။ ဒီလိုဆောင်ရွက် ရာမှာ အခြေခံစဉ်းစားချက်တစ်ရပ်က ကိစ္စတစ်ခုကို ဆန်းစစ်လိုရင်၊ လွှမ်းခြုံကြည့်ရမယ့် အပေါ်ယံအမြင် ရှိရမယ်။ တစ်နည်းပြောရရင် ငှက်အမြင် (Bird's Eye View) ဖြစ်ပါတယ်။ ဒီအယူအဆဟာ ကျွန်တော့်ရင်ထဲစွဲ နေမိတယ်။ ဘယ်တော့မဆို အခုလိုပဲ စဉ်းစားနိုင်ဖို့ ကြိုးစားနေမိတယ်။

တစ်နေ့က ကျွန်တော်မမျှော်လင့်ဘဲ မြန်မာနိုင်ငံ စက်မှုလက်မှုနဲ့ကုန်သည်ကြီးများအသင်းချုပ်က ကြီးမှူး ကျင်းပတဲ့ပွဲကိုရောက်ခဲ့တယ်။ အမှန်တော့ ဒီနေ့မှာ ငယ်သူငယ်ချင်းတွေနဲ့အိမ်မှာ ဆုံကြဖို့ချိန်းထားခဲ့တာ။ နေ့လယ်စာစားနေရင်း ပွဲကိုလာဖို့ တောင်းခံလာတာနဲ့ သူငယ်ချင်းတွေနဲ့ ဇနီးကိုတောင်းပန်ပြီး အပြေးအလွှား သွားခဲ့ရတယ်။ ဥက္ကဋ္ဌကြီး ဦးဝင်းအောင်က ကျွန်တော် လာမှ ပွဲစမယ်လို့ပြောထားတာမို့ ရောက်အောင် သွားခဲ့တယ်။ ဒါတောင် မိနစ် ၃၀ လောက် နောက်ကျ ခဲ့တာ။ အားနာလိုက်တာ၊ ပွဲက တခြားတော့မဟုတ် ဘူး၊ ကျွန်တော်အင်မတန်မှ လေးစားတဲ့ ပုဂ္ဂိုလ်ရေးရာ အရလည်း ရင်းနှီးတဲ့ ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ပါမောက္ခ မိုဟာမက်ယူနွတ်စ်၊ အမှန်တော့ ဒီပွဲမလုပ်မီ တစ်ရက်က နံနက်စာစားဖို့ ကျွန်တော့်အိမ်ကို သူလာ ခဲ့တယ်။ ဒါပေမယ့် ပွဲနဲ့ပတ်သက်ပြီး ကိုယ့်မှာတာဝန်မရှိ ဘူးထင်ခဲ့လို့ သူနဲ့မပြောဖြစ်ဘူး။ နောက်ဆုံးတော့ စီစဉ်ထားတဲ့အတိုင်းမဖြစ်တာမို့ ကျွန်တော်က လူစားထိုး ခဲ့တာ။

ပါမောက္ခယူနွတ်စ်ရဲ့ဟောပြောပွဲအခမ်းအနားကို ဥက္ကဋ္ဌကြီး ဦးဝင်းအောင်က နှုတ်ခွန်းဆက်အမှာစကား ပြောပြီး ဒီပွဲကိုဖြစ်မြောက်အောင် ပူးတွဲစီစဉ် ဆောင်ရွက် ပေးတဲ့ Action Aid အဖွဲ့အစည်းက ဌာနေကိုယ်စား လှယ်လုပ်သူက အမှာစကားပြောပါတယ်။ ဆက်လက်ပြီး ပါမောက္ခ ယူနွတ်စ်က ၁ နာရီကျော်ကျော် မိန့်ခွန်း ပြောပြီး အမေး၊ အဖြေကဏ္ဍကို ကျွန်တော်က သဘာပတိအဖြစ် ဆောင်ရွက်ရပါတယ်။ အခုလို နာမည်ကြီးပုဂ္ဂိုလ်တစ်ဦးအတွက် ဆောင်ရွက်ပေးရလို့ ကျွန်တော့်အနေနဲ့ အတိုင်းမသိဂုဏ်ယူမိပါတယ်။ အိမ်မှာ ထားခဲ့တဲ့ ငယ်သူငယ်ချင်းတွေကိုလည်း ဒီဆောင်းပါးက တစ်ဆင့် တောင်းပန်ရပါတယ်။ သူတို့က နားလည်မှု အပြည့်ရှိကြမှာ သေချာပါတယ်။

ပါမောက္ခယူနွတ်စ်ရဲ့ မိန့်ခွန်းအစမှာ သူ့ရဲ့ဘဝ ဖြစ်စဉ်ကို တင်ပြခဲ့ပါတယ်။ သူဟာ ၁၉၇၄ မှာ သူ့နိုင်ငံ ဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်ကို ပြန်လာပြီး စစ်တကောင်း တက္ကသိုလ်မှာ စီးပွားရေးဘာသာရပ်ကို ပါမောက္ခတစ်ဦး အနေနဲ့ သင်ကြားပို့ချခဲ့တယ်။ ဒီတုန်းက သူ့နိုင်ငံမှာ ငတ်မွတ်ခေါင်းပါးတဲ့ကပ်ကြီးဆိုက်ခဲ့တယ်။ စားစရာ မရှိဘဲလူတွေ သောင်းနဲ့ချီပြီး သေဆုံးခဲ့ကြတယ်။ တစ်ဖက် ကလည်း ဆင်းရဲမှု မြင့်မားနေတာတွေ့ရတယ်။ သူယူ တဲ့ စီးပွားရေးပညာဟာ လက်တွေ့ပြဿနာတွေကို ဖြေရှင်းနိုင်စွမ်း အားနည်းနေတာ သုံးသပ်မိတယ်။ ဘာကြောင့် ဒီလိုဖြစ်ရသလဲဆိုတာကို ဆင်ခြင်တဲ့အခါ ပညာရှိတွေ၊ ပညာတတ်တွေကျင့်သုံးတဲ့ ငှက်အမြင်ကြောင့် ဖြစ်တယ်လို့ သူက သုံးသပ်လိုက်တယ်။ ဆင်းရဲနွမ်းပါး မှုတွေ၊ ငတ်မွတ်ခေါင်းပါးတာတွေကို အပေါ်ကနေ အဝေးကြီးကနေကြည့်ပြီး အဖြေရှာတဲ့အခါ လုံလောက်တဲ့ အဖြေတွေမရတာကို သုံးသပ်မိတယ်။ ဒါကြောင့် သူ့ရဲ့ စိတ်နေသဘောထားကို လုံးဝပြောင်းပြီး ငှက်အမြင် အစား တီကောင်အမြင်ကို အသုံးပြုခဲ့တယ်။ တီကောင် ရဲ့ သဘာဝဟာ မြေကြီးမှာနေပြီး အနီးကပ်အသေးစိတ် ကြည့်တတ်မြင်တတ်တဲ့သဘောရှိတယ်။ လက်တွေ့ကျတဲ့ သုံးသပ်မှုဖြစ်တယ်။ အပေါ်ယံ မဟုတ်ကြောင်း သိရတယ်။ အခုလို တီကောင်အမြင်ကိုသုံးပြီး သူ့နိုင်ငံသားတွေ ဘာကြောင့် ဆင်းရဲနေကြသလဲဆိုတာကို စဉ်းစားတယ်၊ အဖြေထုတ်ခဲ့တယ်၊ သမားရိုးကျအမြင်ကို ပြောင်းပြန် လှန်ပြီး ဆန်းသစ်တဲ့အဖြေကိုထုတ်ခဲ့တယ်။ ဆင်းရဲတဲ့ သူတိုင်းဟာ အကြွေးတင်နေကြတယ်။ အကြွေးတင်တဲ့ နေရာမှာ များသောအားဖြင့် ငွေချေးတဲ့သူတွေမှာ အကြွေးတွေလည်နေတယ်။ အတိုးနှုန်းတွေဟာလည်း ကြောက်ခမန်းလိလိဖြစ်နေတာတွေ့ ရတယ်။ ဒါကြောင့် ပထမခြေလှမ်းအနေနဲ့ သူက ဆင်းရဲသားတွေကို ငွေစ ချေးခဲ့တယ်။ အခုလိုချေးတဲ့အခါမှာ သမားရိုးကျ ဘဏ်တွေရဲ့လုပ်ထုံးလုပ်နည်းတွေကို ပြောင်းပြန်လှန်ပစ် ခဲ့တယ်။ ဒါနဲ့ပတ်သက်ပြီး သူကဟောပြောပွဲပရိသတ် တွေကို မေးခွန်းထုတ်ခဲ့တယ်။ "ခင်ဗျားတို့ မြန်မာနိုင်ငံမှာ ရှိတဲ့ ဘဏ်တွေက ဘယ်သူ့ကို ငွေချေးသလဲ။" ဒီလို မေး ပြီး သူက "အမှန်တော့ ခင်ဗျားတို့ဘဏ်တွေဟာ ဆင်းရဲ တဲ့ သူတွေကို ငွေမချေးဘဲ ချမ်းသာတဲ့သူတွေကို ငွေချေး နေကြတာ" လို့ ပြောခဲ့တယ်။ သူပြောသလိုပါပဲ၊ ဘဏ်မှာ ငွေချေးဖို့ဆိုရင် အပေါင်ပစ္စည်းရှိဖို့ လိုတယ်။ ဆင်းရဲ တဲ့သူတွေမှာ အပေါင်ပစ္စည်းမရှိနိုင်ဘူး။ ဒါကြောင့် လည်း ဆင်းရဲသားတွေဟာ ဘဏ်နဲ့ မနီးစပ်နိုင်ဘူး။ ဒီ အတွေးတွေနဲ့ ပါမောက္ခယူနွတ်စ်ဟာ ယခုအချိန်မှာ ကမ္ဘာကျော်တဲ့ Gramean Bank ကို တည်ထောင်ခဲ့တယ်။

> **တီကောင်အမြင်ကိုသုံးပြီး သူ့နိုင်ငံသားတွေ ဘာကြောင့် ဆင်းရဲနေကြသလဲဆိုတာကို စဉ်းစားတယ်၊ အဖြေထုတ်ခဲ့တယ်၊ သမားရိုးကျအမြင်ကို ပြောင်းပြန် လှန်ပြီး ဆန်းသစ်တဲ့အဖြေကိုထုတ်ခဲ့တယ်**

အခုလိုတည်ထောင်ရာမှာ သမားရိုးကျဘဏ်တွေ လုပ်တာ ကို လေ့လာပြီး ဆန့်ကျင်ဘက် လုပ်ခဲ့တယ်။ သူ့ဘဏ်မှာ ငွေချေးချင်တဲ့ သူဟာ အပေါင်ပစ္စည်းပေးစရာ မလိုဘူး။ အပေါင်ခံပစ္စည်းမရှိတဲ့အတွက် စာရွက်စာတမ်းတွေလည်း မလိုတော့ဘူး။ စာရွက်စာတမ်းတွေ စာချုပ်တွေ မရှိတဲ့ အတွက် ရှေ့နေတွေလည်း မလိုတော့ဘူး။ သူပြောတာ သိပ်မှန်တယ်။ ဘဏ်တွေမှာ ရှေ့နေတွေ ခန့်ထားရ တယ်။ စာချုပ်တွေ၊ စာရွက် စာတမ်းတွေ အများကြီးပြုစု ရတယ်။ သူ့လိုတွေးပြီး ဆောင်ရွက်တဲ့အခါ ဒါတွေ ဘာမှမလိုတော့ဘူး။ နောက်တစ်ချက်က ပိုပြီးအံ့သြစရာ ဖြစ်တယ်။ သမားရိုးကျဘဏ်စနစ်မှာ လူတွေကဘဏ်ရှိတဲ့ နေရာကို သွားကြရတယ်။ ငွေစုတာတို့ ငွေချေးတာတို့ကို လုပ်ချင်ရင် ဘဏ်ရုံးကို သွားကြရတယ်။ ဒါကိုသူက ဆန့်ကျင်ပြီး ဘဏ်ကိုလူတွေဆီရောက်အောင်ပို့ခဲ့တယ်။ သူ့ရဲ့ဘဏ်ဟာ အဆောက်အအုံတွေမရှိဘဲ ဘဏ်ဝန်ထမ်း လုပ်သူတွေဟာ တစ်အိမ်တက် တစ်အိမ်ဆင်း အိမ်တိုင် ရာရောက်သွားခဲ့ကြတယ်။ သူက ငွေချေးတဲ့နေရာမှာ လည်း ဝိုင်းကြီးချုပ်စနစ်နဲ့ ချေးခဲ့တယ်။ တစ်ယောက်ကို ချေးရင် ကျန်တဲ့ပုဂ္ဂိုလ်ကိုးဦးက အာမခံပေးရတယ်။ အာမခံတဲ့နေရာမှာ အပေါင်ပစ္စည်းတွေမဟုတ်ဘဲ ယုံကြည်မှုနဲ့ ဆောင်ရွက်လျက်ရှိတယ်။

အထူးခြားဆုံးက အခုလို ငွေချေးတဲ့နေရာမှာ ချေးသူ တွေဟာ မိမိတို့မိသားစုတိုးတက်အောင် ဆောင်ရွက် ကြတယ်။ ငွေပမာဏဟာလည်း သေးတဲ့အတွက် အသေးစားချေးငွေလို့ ခေါ်ဝေါ်ကြတယ်။ အမေရိကန် ဒေါ်လာ ၃၀ လောက်ဖြစ်တယ်။ မြန်မာငွေနဲ့ဆို ကျပ် ၃၀၀၀၀ ခန့်ဖြစ်ကာ ဒီငွေကိုချေးပြီး စီးပွားရေး လုပ်ငန်းတွေလုပ်ကြတယ်။ ဥပမာ-ကြက်မွေး၊ နွားမွေး၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းတွေ လုပ်ဆောင်ခဲ့ကြ တယ်။ သမားရိုးကျဘဏ်တွေမှာ ဦးနှောက်စားရတဲ့ကိစ္စ က ငွေချေးပြီး ပြန်မရတာကို စိုးရိမ်ကြတယ်။ ဒါကြောင့် စွန့်စားမှုကိုတွက်ချက်ကြပြီး ချေးသင့်မသင့်ကို စဉ်းစား ကြရတယ်။ သူ့ဘဏ်တွေမှာ ဒီပြဿနာမရှိတော့ဘူး။ ငွေချေးတဲ့သူဟာ တတ်နိုင်တဲ့တစ်နေ့ပြန်ဆပ်လိမ့်မယ် လို့ အမြဲလက်ခံထားတယ်။ ပြန်မဆပ်နိုင်တာ၊ အဆင်မပြေ ချေးပြီး အဆင်ပြေတဲ့အခါပြန်ဆပ်လိမ့်မယ်လို့ လက်ခံ ထားတယ်။

အမှန်တော့ ပါမောက္ခယူနွတ်စ်ဟာ လူသားတွေအပေါ် သုံးသပ်တဲ့အမြင်ကို အခြေခံကျကျ ပြောင်းလဲလိုက်တာ ပဲဖြစ်တယ်။ စီးပွားရေးပညာရဲ့အခြေခံတစ်ခုက လူတွေ ဟာ တစ်ကိုယ်ကောင်းဆန်ကြတဲ့သူတွေဖြစ်တယ်။ မိမိ အကျိုးအတွက် အမြဲဦးထိပ်ထားကြတယ်လို့ လက်ခံတယ်။ သူက ဒါကိုလက်မခံဘဲ လူတိုင်းဟာ အတ္တရှိသလို ပရစိတ် လည်းရှိတယ်လို့ လက်ခံတယ်။ ကိုယ့်အတွက်ချည်းလုပ် တာမဟုတ်ဘဲ အများအတွက် လုပ်လိုတဲ့စိတ်ရှိတယ်လို့ ယူဆတယ်။ ဆရာကြီး တည်ထောင်ခဲ့တဲ့ဘဏ်ဟာ အခု ဆိုရင် တစ်ကမ္ဘာလုံးမှာ အသေးစားချေးငွေနဲ့ပတ်သက်ပြီး အကြီးဆုံးဘဏ် ဖြစ်နေတယ်။ ထူးခြားတဲ့ကိစ္စက ဒီဘဏ် ကို ဘယ်သူပိုင်သလဲလို့မေးရင် ပိုင်ရှင်တွေဟာ စောစော က ဘဏ်မှာငွေချေးတဲ့ ဆင်းရဲသားတွေဖြစ်ကြတယ်။ ဘဏ်ကရလာတဲ့ အကျိုးအမြတ်တွေကို ထုတ်ယူခြင်း မပြုဘဲ ဘဏ်ထဲပြန်လည်ရင်းနှီးမြှုပ်နှံတယ်။ ဒီလိုနဲ့ ဘဏ်ဟာ တဖြည်းဖြည်းကြီးထွားလာခဲ့တယ်။ ဆရာကြီး ပြောတာနားထောင်ရင်း တို့နိုင်ငံမှာရှိတဲ့ဘဏ်တွေ အသေးစားချေးငွေလုပ်နေကြသူတွေ သူပြောသလို သူလုပ်သလို လုပ်ကြရင် သိပ်ကောင်းမှာလို့ စဉ်းစားမိ တယ်။

ဆက်လက်ပြီး လူငယ်တွေ အလုပ်လက်မဲ့ဖြစ်ရတဲ့ ပြဿနာကို သူကဆွေးနွေးခဲ့တယ်။ ဒီနေရာမှာလည်း သူကမေးခွန်းတစ်ခုထုတ်ခဲ့တယ်။ ဘာကြောင့် လူငယ် တွေ အလုပ်လက်မဲ့ဖြစ်ရသလဲ၊ အလုပ်တွေလျှောက် လို့ အလုပ်လက်မဲ့ဖြစ်တယ်လို့ သူကပြောတယ်။ အလုပ် မလျှောက်ဘဲ အလုပ်ပေးနိုင်အောင်ကြိုးစားရင် သူတို့ အလုပ်လက်မဲ့မဖြစ်တော့ဘူးလို့ပြောတယ်။ အဓိပ္ပာယ် က ကိုယ်ပိုင်အလုပ်လုပ်ဖို့ တိုက်တွန်းအားပေးတာ ဖြစ်ပါတယ်။

ဆရာကြီးရဲ့ ဆွေးနွေးချက်တွေမှာ ကျွန်တော် နှစ်သက်ပြီး အားပေးနေတဲ့ လုပ်ငန်းအကြောင်း ထည့်ပြီး ပြောသွားတယ်။ ဒါကတော့ လူမှုစီးပွားရေး လုပ်ငန်း (Social Business) ဖြစ်တယ်။ စီးပွားရေး လုပ်ငန်းကို ဆောင်ရွက်တဲ့နေရာမှာ ဦးတည်ချက်နှစ်ရပ် ရှိနိုင်တယ်လို့ပြောတယ်။ ပထမကတော့ အမြတ်ရရှိရေးနဲ့ နောက်တစ်ခုကတော့ ပြဿနာတစ်ရပ်ကို ပြောင်းဖို့ ဖြစ်တယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး သူ့ရဲ့အဆိုတစ်ခုက သိပ်ပြီးမှတ်သားစရာဖြစ်တယ်။ အမြတ်ရရင် ချမ်းသာ တာ မှန်ပေမယ့် သူများပြဿနာကို ဖြေရှင်းပေးနိုင်ရင် ပိုပြီး စိတ်ချမ်းသာမှာကို သတိပေးခဲ့ပါတယ်။ လူမှု စီးပွားရေးလုပ်ငန်းနဲ့ ပတ်သက်ပြီး သူပေးခဲ့တဲ့ ဥပမာ က အတော်လေးမှတ်သားစရာဖြစ်ပါတယ်။

သူ့ရဲ့ဆောင်ရွက်မှုကြောင့် လူမှုစီးပွားရေးလုပ်ငန်း တွေဟာ ကမ္ဘာအနှံ့ ပျံ့နှံ့ခဲ့ပါတယ်။ ဒါကိုသိတဲ့အတွက် ပြင်သစ်နိုင်ငံက သူ့ကိုအကူအညီတောင်းခဲ့ပါတယ်။ ပြင်သစ်နိုင်ငံမှာ အာလူးတွေအကြီးအကျယ်စိုက်ပျိုးပါ တယ်။ ဒါပေမယ့် အာလူးသီးတွေကို မြေကြီးက တူးယူ တဲ့အခါ စက်ကိုအသုံးပြုကြပါတယ်။ စက်ကိုသုံးတဲ့ အတွက် မြေကြီးထဲမှာရှိတဲ့ အာလူး ၆ ရာခိုင်နှုန်းကို မတူးနိုင်တာတွေ့ရတယ်။ တစ်ဖက်ကလည်း တူးပြီးတဲ့ အာလူးတွေကို အာလူးကြော်ဖို့သုံးတဲ့အခါမှာလည်း အရွယ်အစားမပြည့်မီတဲ့အတွက် အာလူးတွေရဲ့ ၂၀ ရာခိုင်နှုန်းဟာ အလေအလွင့် ဖြစ်သွားပါတယ်။ ဒါကြောင့်မို့ စုစုပေါင်းအလေအလွင့် ၂၆ ရာခိုင်နှုန်းခန့် ရှိခဲ့ပါတယ်။ ဒီအလေအလွင့်ကြောင့် ဆုံးရှုံးမှုကြီးမား တဲ့အတွက် ပြဿနာကို လူမှုစီးပွားရေးလုပ်ငန်းတစ်ခု အနေနဲ့ အဖြေရှာဖို့ ပါမောက္ခယူနွတ်စ်ကို အကူအညီ တောင်းခံပါတယ်။ သူထုတ်ဖော်ခဲ့တဲ့အဖြေက ရိုးရိုး ဖြစ်ပေမယ့် အလွန်ထိရောက်တာတွေ့ရပါတယ်။ စက်နဲ့ တူးလို့မရတဲ့ အာလူး ၆ ရာခိုင်နှုန်းကို သူက အလုပ် လက်မဲ့ဖြစ်နေတဲ့ လူငယ်တွေကို စေခိုင်းခဲ့ပါတယ်။ အခုလိုလုပ်ခဲ့တာမို့ အလုပ်လက်မဲ့ဖြစ်နေတဲ့ လူငယ် တွေမှာ အလုပ်အကိုင်အခွင့်အရေးရသွားသလို စက်နဲ့ မတူးနိုင်တဲ့ အာလူး ၆ ရာခိုင်နှုန်းကိုလည်း ရယူ နိုင်ခဲ့ပါတယ်။ အရွယ်အစားပမာဏမမီတဲ့ ၂၀ ရာခိုင် နှုန်းသော အာလူးများကိုတော့ ပြင်သစ်နိုင်ငံမှာ နာမည်ကြီးစားဖိုမှူးတွေနဲ့ တိုင်ပင်ပြီး အာလူးစွပ်ပြုတ် အဖြစ် ချက်ပြုတ်စေခဲ့ပါတယ်။ ဒီအာလူးစွပ်ပြုတ်တွေ ကို နာမည်ကြီးလာတဲ့ စားဖိုမှူးတွေက ဂရုတစိုက် ချက်ပြုတ်ပေးလာလို့ အရောင်းသွက်ခဲ့ပါတယ်။

ကျွန်တော့်အဖို့ကတော့ အခုလို ပညာရှိလှတဲ့ ပုဂ္ဂိုလ်တစ်ဦးနဲ့ထိတွေ့ရင်းနှီးခွင့်ရတဲ့အတွက် ကုသိုလ် ထူးတယ်လို့ ခံယူမိပါတယ်။ ပါမောက္ခယူနွတ်စ်နဲ့တွေ့တိုင်း အသိပညာ နားလည်မှုတွေ တိုးခဲ့ပါတယ်။ ဒီအသိတွေ ဒီပညာတွေက အဖိုးမဖြတ်နိုင်အောင် တန်ဖိုးရှိလှပါ တယ်။

မြန်မာ့ရိုးရာအတာသင်္ကြန် ဆုပေးပွဲအခမ်းအနားကျင်းပ

မကွေး ဧပြီ ၁၉

မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာ သင်္ကြန်ပွဲတော်တွင် ပါဝင်ယှဉ်ပြိုင် သော တပင်တိုင်အက၊ ယိမ်းအက၊ အလှပြယာဉ်နှင့် မဏ္ဍပ်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဧပြီ ၁၆ ရက်က မကွေးမြို့ ကမ်းနားလမ်းရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

ပြိုင်ပွဲတွင် ယိမ်းအဖွဲ့ ၃၀ ကျော် ပါဝင်ယှဉ်ပြိုင်ပြီး မကွေးမြို့နယ်က ပထမ၊ ကျန်းမာရေးက ဒုတိယနှင့် သရက်ခရိုင်က တတိယရရှိခဲ့ကြ သည်။ ထို့နောက် တပင်တိုင်အက ပြိုင်ပွဲတွင် သရက်ခရိုင်က ပထမ၊ မင်းဘူးခရိုင်က ဒုတိယ၊ ကျန်းမာရေး က တတိယ တို့ရရှိပြီး အလှပြယာဉ် ပြိုင်ပွဲတွင် မကွေးမြို့နယ်က ပထမ၊ ရေနံချောင်းမြို့နယ်က ဒုတိယ၊ မင်းဘူးခရိုင်က တတိယရရှိသွားခဲ့ သည်။ ထို့နောက် အတက်ကြွဆုံး ရေကစားမဏ္ဍပ်(က)ကို လျှပ်စစ်စွမ်း အားဝန်ကြီးဌာနက လည်းကောင်း၊ အတက်ကြွဆုံးရေကစားမဏ္ဍပ်(ခ)ကို ဘဝလုပ်ငန်းကလည်းကောင်း ရရှိသည်။

အလှပြယာဉ်များကို မကွေးခရိုင် ကိုယ်စားပြုအနေဖြင့် ချောက်မြို့နယ်၊ ရေနံ ချောင်းမြို့နယ်၊ တောင်တွင်းကြီး မြို့နယ်၊ နတ်မောက်မြို့နယ်နှင့် မကွေးမြို့နယ်တို့မှဖြစ်ပြီး မင်းဘူး ခရိုင်နှင့် သရက်ခရိုင်တို့ ပါဝင် ယှဉ်ပြိုင်ကြကြောင်း သိရသည်။

"ပြိုင်ပွဲဝင် အလှပြယာဉ်တွေ အနေနဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု ကို ဖော်ထုတ်နိုင်ရမယ်။ ယာဉ်ရဲ့ အရောင်နဲ့ ယိမ်းအဖွဲ့တွေရဲ့ သရုပ်ဖော် ကပြမှုတွေကလည်း လိုက်ဖက်ရမယ်။ တေးသီချင်းတွေ ကလည်း မြူးကြွပြီး ယဉ်ကျေးမှုနဲ့ ကိုက်ညီမှုရှိရမယ်စတဲ့ စည်းကမ်းချက် တွေနဲ့ ကြည့်ပြီး အမှတ်ပေးရွေးချယ် ခဲ့တာပါ။ ယိမ်းအဖွဲ့အနေနဲ့လည်း ဝတ်စားဆင်ယင်မှု၊ အဖွဲ့ညီညွတ်မှု၊ တီးလုံးနဲ့ သံစဉ်လိုက်ဖက်မှုတွေကို ကြည့်ပြီး ရွေးချယ်ခဲ့ခြင်းဖြစ်ပါတယ်။ မြို့တွင်းမှာ ရေကစားမဏ္ဍပ်ပေါင်း ၁၆ ခု ရှိပါတယ်။ ဆုပေးမဏ္ဍပ်အနေ နဲ့က လေးခုရှိပါတယ်"ဟု မကွေး မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးက ပြောသည်။

အဆိုပါအခမ်းအနားသို့ မကွေး

တိုင်း ဒေသကြီး လုံခြုံ/နယ်စပ်ဝန်ကြီး၊ စာရင်းစစ်ချုပ်၊ လူမှုရေးဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ လျှပ် စစ်/စက်မှုဝန်ကြီး၊ မြို့နယ်အုပ်ချုပ် ရေးမှူးနှင့် တာဝန်ရှိသူများ၊ ယိမ်း အဖွဲ့များနှင့် ဒေသခံပြည်သူများတက် ရောက်အားပေးကြောင်း သိရသည်။

ဇူလိုင်မိုး(မြန်မာ့အလင်း)
ဓာတ်ပုံ-မေမိုးသဲ

သယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်များ နှစ်သစ်တွင် ခရီးသည်များကိုသက်ညှာစေချင်

မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှ စီးပွားရေးမြို့တော် ရန်ကုန်သို့ လာရောက်အခြေချ လုပ်ကိုင်နေသူ အများအပြားသည် တစ်နှစ်တစ်ကြိမ် ပိတ်ရက်ရှည်ရသော သင်္ကြန်ကာလတွင် မိမိတို့ဒေသများသို့ ပြန်ကြသည်။ ထို့ကြောင့် သင်္ကြန်ပိတ်ရက်ကာလတွင် ခရီးသွားသူများပြားလေ့ရှိရာ အဝေးပြေးယာဉ်စီးခလက်မှတ်နှုန်းထားများလည်း မြင့်တက်နေသည်မှာ နှစ်စဉ်ပင် ဖြစ်သည်။

သင်္ကြန်ပိတ်ရက်မတိုင်မီ ရန်ကုန်မှ နယ်များသို့ အသွားတွင် လည်းကောင်း၊ သင်္ကြန်ပိတ်ရက်များအပြီး နယ်မှ ရန်ကုန်သို့ ပြန်အလာတွင်လည်းကောင်း ခရီးသည်ဦးရေက ယာဉ်စီးရေထက်များသဖြင့်ခရီးသည်များ အခက်ကြုံရသည်။ အဆိုပါအခက်အခဲကို အကြောင်းပြု၍ ယာဉ်လက်မှတ်ခများကို ဈေးနှုန်းမြှင့်တင်ရောင်းချကြရာ ခရီးသည်များမှာ ပုံမှန်ဈေးနှုန်းထက် များစွာပိုသောနှုန်းဖြင့် လက်မှတ်များ ဝယ်ရသည်။

လက်မှတ်ခ ဈေးပိုပေးရသော်လည်း သက်သောင့်သက်သာ လိုက်ပါစီးနင်းရခြင်းမရှိဘဲ ကားများ၏ အလယ်လူသွားလမ်းများတွင် မတ်တပ်ရပ်၍လည်းကောင်း၊ ကုန်ပစ္စည်းတင်သောနေရာများတွင် ငုတ်တုတ်ထိုင်၍လည်းကောင်း စီးနင်းကြရသည်။ ကားများသာမဟုတ်ဘဲ ညအိပ်ခရီး ရေယာဉ်များစီးနင်းရာတွင်လည်း ကုန်ပစ္စည်းများကြားတွင် လိုက်ပါရခြင်းများ ရှိနေကြောင်း ရန်ကုန်သို့အလုပ်လာလုပ်နေကြကာ တစ်နှစ်တစ်ကြိမ် နယ်ပြန်ကြသည့် လူငယ်အချို့က ပြောသည်။

အဝေးပြေးခရီးစဉ်များ သာမက ရန်ကုန်မြို့တွင်း ခရီးသည်တင်ယာဉ်လိုင်းများကလည်း သင်္ကြန်ရက်အတွင်း ယာဉ်စီးခကို ပုံမှန်ထက်များစွာပိုယူကြသည်။သင်္ကြန်ရက်အတွင်း ခရီးသည်တင်ယာဉ်လိုင်းများ ပြေးဆွဲမှု မရှိသလောက်နည်းသဖြင့် ရှိသောကားကိုပင် တောင်းသလောက်ပေး၍ ခရီးသည်များ စီးကြရသည်။ အဆမတန် ကားခတိုးကောက်မှုအပေါ် ပြန်လည်ပြောဆိုသော ခရီးသည်များမှာ ကားပေါ်လူပုံအလယ်တွင် မခေျမင်းပြောဆိုခံရပြီး ကားပေါ်မှဆင်းရန် အပြောခံရခြင်းမျိုးအထိ ရန်ကုန်မြို့တွင်းခရီးသည်များ သင်္ကြန်ကာလတွင် ကြုံတွေ့ကြရသည်။

မြန်မာပြည်သူများ၏ သည်းခံခွင့်လွှတ်တတ်မှု၊ စာနာတတ်မှုများအပေါ် အခွင့်အရေးယူကာ အဝေးပြေးခရီးသည်တင်ယာဉ်လိုင်းများနှင့် ရန်ကုန်မြို့တွင်း ယာဉ်လိုင်းများက သင်္ကြန်ရက်အတွင်း စီးပွားရေးအကျိုးအမြတ်ရရှိရေး တစ်ခုတည်းကိုကြည့်ကာ လုပ်ဆောင်နေကြသည်။ စက်သုံးဆီဈေးနှုန်းကျဆင်းနေသည့် ၂၀၁၅ ခုနှစ်တွင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် ခရီးသည်တင်ယာဉ်လုပ်ငန်းများ လုပ်ကိုင်နေကြသူတို့၏ စီးပွားရေးဆန်စွာ လုပ်ဆောင်နေမှုကို ထင်ရှားစွာ တွေ့လာရသည်။ ငွေကြေး အကျိုးအမြတ်ရရှိရေး တစ်ခုတည်းကိုသာ ရှေးရှုထားပြီး ခရီးသည်များ အန္တရာယ်ကင်းရှင်းရေးနှင့် သက်သောင့်သက်သာဖြင့် သွားလာနိုင်ရေးတို့ကို ထည့်သွင်းစဉ်းစားကြခြင်းမရှိကြောင်း မီဒီယာများတွင် ဖော်ပြနေမှုများနှင့် လက်တွေ့ခံစားနေရသူများ၏ ပြန်လည်ပြောကြားချက်များအရ သိရှိနိုင်သည်။

သင်္ကြန်ပိတ်ရက်ကာလတွင် နယ်ပြန်ကြသော ခရီးသွားလုပ်ငန်း၏ ငွေကြေးပမာဏသည်လည်း လွန်စွာကြီးမားနေသည်ကို တွက်ချက်ကြည့်လျှင် သိနိုင်ပါသည်။ နယ်သို့ပြန်သော ခရီးသည်များ၏ ကားခနှင့် ရေလမ်းမှ သင်္ဘောခများကို ခရီးစဉ်အပေါ်မူတည်၍ ပုံမှန်ထက် ကျပ်ငါးထောင်မှ တစ်သောင်းခန့်အထိ ပိုမိုရယူလေ့ရှိကြသည်။ ခရီးသွားသူဦးရေမှာ အနည်းဆုံး ငါးသောင်းဝန်းကျင်ခန့်ရှိနိုင်သဖြင့် အဆိုပါခရီးသည်များထံမှ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများမှ ပိုယူလိုက်သည့် ငွေကြေးပမာဏသည် ကျပ်သိန်းထောင်ဂဏန်းတွင် ရှိနေပါသည်။

မြို့တွင်းယာဉ်လိုင်းအမှတ်အသား နဖူးစည်းကို ဖုံးကွယ်၍ အဝေးပြေးဝင်းအတွင်း ဂိတ်ထိုးထားသော ယာဉ်တစ်စီး။

ရန်ကုန်မှ မြစ်ဝကျွန်းပေါ်ဒေသပြေးဆွဲသည့် ရေယာဉ်တစ်စင်းပေါ်မှ ခရီးသည်များ။

သယ်ယူ ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ကြသည့် လုပ်ငန်းရှင်များမှာ ရန်ကုန်အခြေစိုက်တွင် ထောင်ဂဏန်း ဝန်းကျင်သာရှိသည်။ အဆိုပါ လူနည်းစုလုပ်ငန်းရှင်များက သင်္ကြန်ပိတ်ရက် ကာလအတွင်း စီးပွားရေးအကျိုးအမြတ်ရယူသည့် ဒဏ်ကို ရန်ကုန်မြို့သို့ လာရောက်အလုပ်လုပ်ကိုင်နေကြသည့် ဝင်ငွေနည်း လူတန်းစားများက ခံစားနေရသည်မှာ နှစ်စဉ်ထုံးစံလိုပင် ဖြစ်နေသည်။

သင်္ကြန်ရက်အတွင်း အများပြည်သူသွားလာရေး ဝန်ဆောင်မှုများ အဆင်ပြေချောမွေ့စေရန်နှင့် ဝန်ဆောင်မှုကောင်းများ ရရှိစေရန် သက်ဆိုင်ရာများက အလေးထားဆောင်ရွက်နေသော်လည်းထိရောက်မှုမှာ အားနည်းလျက်ရှိသည်။ သက်ဆိုင်ရာများက မေတ္တာရပ်ခံချက်၊ တားမြစ်ချက်များဖြင့် ယာဉ်စီးခများ ပိုမိုမကောက်ခံရေးအတွက် ဆောင်ရွက်နေသော်လည်း ယာဉ်စီးခဈေးနှုန်းများမှာ မြင့်တက်ဆဲ၊ ခရီးသည်များမှာ ငွေကြေး ပိုမိုကုန်ကျခံနေရဆဲပင်ဖြစ်သည်ဟု အထက်မြန်မာပြည်သို့ နှစ်စဉ် သင်္ကြန်ပိတ်ရက်အတွင်း ပြန်လေ့ရှိသည့် အမျိုးသမီးငယ်တစ်ဦးက ဆိုသည်။

အဝေးပြေးခရီးစဉ်များ သာမက ရန်ကုန်မြို့တွင်း ခရီးသည်တင်ယာဉ်လိုင်းများအနေဖြင့် ခရီးသည်များထံမှ ကားခပိုမယူရန် သက်ဆိုင်ရာက စည်းကမ်းချက်များ ထုတ်ပြန်ထားသော်လည်း ယခုနှစ် သင်္ကြန်ရက်များတွင် ရန်ကုန်မြို့တွင်းပြေးဆွဲသည့် ခရီးသည်တင်ယာဉ်အားလုံးမှာ ယာဉ်စီးခများ ပိုယူခဲ့ကြသည်။ ကားပေါ်အတက်အဆင်း အနည်းဆုံးငါးရာကျပ်ကို ပေါ်ပေါ်တင်တင်တောင်းယူခဲ့ကြပြီး ခရီးဝေးပါက ကျပ် တစ်ထောင်မှ တစ်ထောင့်ငါးရာအထိ ကောက်ခံခဲ့ကြသည်ဟု မေ ၁၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖတ်ရှုလိုက်ရသည်။

မြို့တွင်းပြေးဆွဲသော လိုင်းကားအချို့ကမူ သင်္ကြန်မတိုင်မီ နယ်ခရီးသွားများသည့်အချိန်တွင် ယာဉ်လိုင်းအမည်ရေးထားသည့် နဖူးစည်းကို စက္ကူဖြင့်ကပ်၍ ဖုံးပြီး အဝေးပြေးကားဝင်းများသို့ ဝင်ရောက်ကာ ခရီးသည်များသော လမ်းကြောင်းများကို ဝင်ရောက်ပြေးဆွဲကြသည်။ ရန်ကုန်မှ မြစ်ဝကျွန်းပေါ်ဒေသများသို့ပြန်ရန် ရေယာဉ် အခက်အခဲရှိသူများကို သင်္ဘောဆိပ်အနီးတွင် စောင့်ပြီး ပုံမှန်ကားခ သုံးထောင်ကျပ်ခန့်ခရီးကို ကျပ် ၇၀၀၀၊ ၉၀၀၀ စသည်ဖြင့် ကောက်ခံပြေးဆွဲကြကြောင်း၊ မြို့တွင်း ပြေးဆွဲသည့် အမှတ်အသားဖြစ်သော ယာဉ်နဖူးစည်းရှိ အထူးယာဉ်လိုင်း အမှတ်အသားများကို စက္ကူများကပ်၍ ဖုံးအုပ်ထားကြောင်း ဘိုကလေးနှင့် မော်ကျွန်းမြို့များသို့ ပြန်သည့် ခရီးသည်အချို့က ပြောသည်။

သင်္ကြန်ရက်အတွင်း ရန်ကုန်မြို့တွင်း ပြေးဆွဲရန် သဘာဝဓာတ်ငွေ့ အခက်အခဲရှိသဖြင့် ပြေးဆွဲခြင်းမပြုနိုင်ဟု ဆိုနေကြချိန်တွင် သတ်မှတ်ထားသည့် မြို့တွင်းခရီးစဉ်မဟုတ်သည့် အဝေးပြေးခရီးစဉ်ကို မည်သို့ဓာတ်ငွေ့ရယူပြေးဆွဲသည်ကို စဉ်းစား မရကြောင်း၊ မြို့တွင်းအထူးယာဉ်လိုင်းကအဝေးပြေးခရီးစဉ်ကို ပြေးဆွဲခြင်းသည် စည်းကမ်းပျက်ပြေးဆွဲခြင်းဖြစ်သော်လည်း ခရီးသည်များ သွားလာရေးအခက်အခဲဖြစ် နေချိန်တွင် ဝင်ရောက် ပြေးဆွဲပေးသည်ကိုပင် ကျေးဇူးတင်ရကြောင်းလည်း ခရီးသည် တစ်ဦးက ပြောသည်။

မြို့တွင်းနှင့်အဝေးပြေးယာဉ်လိုင်းများထက် ပို၍ဆိုးရွားသည်မှာ ရေလမ်းခရီးများတွင် ပြေးဆွဲနေသော သင်္ဘောလိုင်းများဖြစ်သည်။ သင်္ဘောခများကိုလည်း ပုံမှန်နှုန်းကျပ် ၁၅၀၀ မှ ကျပ် ၃၅၀၀ အထိ တိုးယူကြသော်လည်း အဝေးပြေးကားခရီးစဉ်များကဲ့သို့ သက်ဆိုင်ရာက တားမြစ် ပိတ်ပင်ခြင်း မရှိသေးပေ။ ထို့အပြင် ခရီးသည်များ အန္တရာယ်ကင်းရှင်းရေးအတွက် သက်ဆိုင်ရာက ညွှန်ကြားထားသော စည်းကမ်းများကိုလည်း ဖောက်ဖျက် နေကြဆဲဖြစ်သည်။ အသက်ကယ်အင်္ကျီများ ပြည့်စုံစွာထားရှိရန် သက်ဆိုင်ရာက ညွှန်ကြားထားပြီး စစ်ဆေးမှုများပြုလုပ်နေသော်လည်း ရေယာဉ်တစ်စင်းမှ အသက် ကယ်အင်္ကျီများကို အခြားတစ်စင်းပေါ် လွှဲပြောင်းပြီး ဆိပ်ကမ်းအတွက် အစစ်ဆေးခံရာတွင် ပြသနေကြကြောင်း သိရသည်။

ယခုအခါ သင်္ကြန်ကာလကို လွန်မြောက်ပြီး နှစ်သစ်သို့ရောက်ရှိပြီဖြစ်ပါသည်။ နှစ်သစ်ကို စိတ်သစ်လူသစ်ဖြင့် စတင်နိုင်ရန် ကြိုးစားကြရမည်ဖြစ်ပါသည်။ အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို လုပ်ကိုင်နေကြသူများအနေဖြင့် သင်္ကြန်ကာလတွင် စီးပွားရေးအကျိုးအမြတ်ရရှိရေး ဦးစားပေးလုပ်ကိုင်ခဲ့သည့် အစား ဝင်ငွေနည်းလူတန်းစားအများစုဖြစ်သော ခရီးသည်များကို သက်ညှာသောအားဖြင့် အများပြည်သူကို ဝန်ဆောင်မှုပေးရန် ဦးစားပေးလုပ်ကိုင်သောလုပ်ငန်းအဖြစ် ပြောင်းလဲပေးကြရန် လိုအပ်သည်။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို စီးပွားရေးအကျိုးအမြတ်ရယူသည့်လုပ်ငန်းအစား အများပြည်သူဝန်ဆောင်မှုပေးသောလုပ်ငန်းအဖြစ် ပြောင်းလဲလာကြပါက နှစ်သစ်အတွက် မင်္ဂလာရှိသောလုပ်ရပ်အဖြစ် ကြိုဆိုရမည်ဖြစ်ပါသည်။

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ – ခင်ဆိုင်

သရက်သီးစိမ်းများ ဈေးကောင်းရလျက်ရှိ ရန်ကုန်မြို့ဈေးကွက်သို့ အဓိကတင်ပို့

ရေတာရှည် မေ ၁၉

မိုးကြိုရာသီရောက်ပြီဖြစ်ရာ ရေတာရှည်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ ထွက်ရှိသော သရက်သီးစိမ်းများကို စတင်၍ ဈေးကွက်သို့ရောင်းချနေပြီဖြစ်ကြောင်း သိရသည်။

ရာသီအပြောင်းအလဲကြောင့် နေရာဒေသအတော်တော်များများတွင် ယခင်နှစ်ကထက် အသီးသီးနှုန်းသိသာစွာကျဆင်းခဲ့သဖြင့် ရောင်းချနိုင်သော သရက်သီးများမှာ ဈေးကောင်းရဖွယ်ရှိကြောင်း သိရသည်။ “သရက်သီးတွေ ဒီနှစ်သိပ်မသီးကြဘူး။ နောက်ပိုင်းမှာ ဈေးကောင်းလိမ့်မယ်လို့ထင်တယ်။ ခုကတည်းကဈေးကွက်မှာ ဈေးကောင်းတယ်လို့ ပြောလို့မရပေမယ့် တွက်ခြေကိုက်ကြတယ်”ဟု သရက်သီးစိုက်ပျိုးသော ကျေးရွာတစ်ခုဖြစ်သည့် ခင်တန်းလေးကျေးရွာမှ ဒေသခံတစ်ဦးကပြောသည်။

သရက်ခြံအများအပြားရှိပြီး ထွက်နှုန်းကောင်းသည့် ကျေးရွာများဖြစ်သည့် ဆွာဝပေါက်၊ ခင်တန်းလေး၊ ရွှေကဖောင်း၊ ကွမ်းအုံကျေးရွာများနှင့် စစ်တောင်းမြစ်အရှေ့ဘက်ခြမ်းရှိကျေးရွာများမှ မချစ်စုနှင့် ရင်ကွဲသီးများကို ဆွာမြို့ရှိ အဝယ်ဒိုင်များသို့ လှည်းဖြင့်လည်းကောင်း၊ ဆိုင်ကယ်များဖြင့်လည်းကောင်းတင်ဆောင်ကာ နေ့စဉ်လာရောက်ရောင်းချလျက်ရှိနေသည်။ ဆွာမြို့မှတစ်ဆင့် ရန်ကုန်အပါအဝင် မြို့ကြီးများသို့ ထပ်မံတင်ပို့ကြခြင်းဖြစ်သည်။

“မချစ်စုက တစ်ပိဿာကို ၄၅၀ ကျပ်၊ ရင်ကွဲက တစ်ပိဿာကို ၁၅၀ ကျပ်နဲ့ ဝယ်တာပါ။ အဓိကပို့တာ ရန်ကုန်ကို ရထားနဲ့ပို့ရတာပါ”ဟု အဝယ်ဒိုင်မှ အမျိုးသမီးကြီးတစ်ဦးကပြောသည်။ ဈေးကွက်ကောင်းမွန်ပြီး တရုတ်ဈေးကွက်အထိ တင်ပို့ရောင်းချသော စိန်တလုံးသရက်သီးမှာ အမှည့်ဈေးကွက်ဖြစ်၍ ယခုနှစ်အတွက် ဖြစ်နိုင်မည့် ပေါက်ဈေးကို မသိရှိရသေးကြောင်း သရက်သီးအရောင်းအဝယ်ဒိုင်များမှ သိရသည်။ **ကိုလွင်(ဆွာ)**

ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့်ဆုပေးပွဲ ကျင်းပ

သံတောင်ကြီး မေ ၁၉

ကရင်ပြည်နယ်သံတောင်ကြီးမြို့နယ်၌ ကရင်ပြည်သူ့ပါတီ (KPP) က ကြီးမှူးကျင်းပသော ပိုက်ကျော်ခြင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို မိုးလုံလေလုံအားကစားရုံ၌ မေ ၁၆ ရက်က ကျင်းပခဲ့သည်။

ဗိုလ်လုပွဲတွင် သံတောင်မြို့သစ်(က)အသင်းနှင့် သံတောင်မြို့သစ်(ခ) အသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး သံတောင်မြို့သစ်(က)အသင်းက အနိုင်ရရှိခဲ့သည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပထမဆုရရှိသော သံတောင်မြို့သစ်(က)အသင်းအား ငွေကျပ် နှစ်သိန်းနှင့် ဒုတိယဆုရရှိသော သံတောင်မြို့သစ်(ခ)အသင်းအား ငွေကျပ် တစ်သိန်းကို ကရင်ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစောခရစ္စတိုဖာ၊ (K.P.P)မှ တာဝန်ရှိသူများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ပေးအပ်ချီးမြှင့်ခဲ့သည်။ **သံတောင်ကြီး(မြန်/ဆက်)**

သက်ကြီးပူဇော်ပွဲ လှိုင်ကော်၌ ကျင်းပ

လှိုင်ကော် မေ ၁၉

လှိုင်ကော်မြို့မှ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကို သာသနာ့ဗိမာန်တော်ကြီး၌ မေ ၁၇ ရက်(နှစ်ဆန်းတစ်ရက်)က ကျင်းပခဲ့သည်။

ကန်တော့ပွဲတွင် အဘိုးအဘွားများအား ကန်တော့ချိုးဖြင့် ရှိခိုးကန်တော့ကြပြီး ဘိုးဘွားများကိုယ်စား အသက် ၉၆ နှစ်ရှိ အဘိုးဦးတင်မောင်က ဩဝါဒဆုပေးစကား ပြောကြားသည်။ ထို့နောက် ဘိုးဘွား ၁၇၆ ဦးအတွက် ငွေကျပ် ၂၆ သိန်းကျော် တန်ဖိုးရှိ လှူဖွယ်ပစ္စည်းများကို ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက ဦးဆောင်၍ ပေးအပ်လှူဒါန်းခဲ့ကြပြီး ကျန်းမာရေးချို့တဲ့နေသည့် ဘိုးဘွားများအား ဆေးကုသပေးမှုများလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကန်တော့ပွဲသို့ ကယားပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးမောင်၊ ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်လင်းမောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြသည်။ **(ခရိုင် မြန်/ဆက်)**

လေပြင်းတိုက်မိုးရွာသွန်းပြီး မိုးကြိုးထိ၍ တစ်ဦးသေ

တပ်ကုန်း မေ ၁၉

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရေအေးကျေးရွာ၌ မေ ၁၃ ရက် ညနေ ၅ နာရီခွဲခန့်တွင် လေပြင်းတိုက်ပြီး မိုးရွာသွန်းမှုကြောင့် လူနေအိမ်များ အမိုးလန်ပျက်စီးပြီး လူတစ်ဦး မိုးကြိုးထိမှန်သေဆုံးခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်မိုးရွာသွန်းမှုကြောင့် ရေအေးကျေးရွာအုပ်စု ရေအေးကျေးရွာတွင်လူနေအိမ် ၂၂ လုံး အမိုးများလန်ကျပျက်စီးခဲ့သည်။ ထို့ပြင်လေပြင်းတိုက်မိုးရွာချိန်အတွင်း မိုးကြိုးပစ်မှုကြောင့် ရေအေးကျေးရွာနေ တောင်ယာလုပ်သူ မောင်ဆွေထက်တင့်(၂၄)နှစ်သည် ရေအေးကျေးရွာ မြောက်ဘက် ၂ ဖာလုံခန့်အကွာ ၄င်းပိုင်ယာကွက်ထဲတွင် မိုးကြိုးပစ်ခံရ၍ မျက်နှာနှင့် လည်ပင်းညိုမည်းဒဏ်ရာများရရှိကာ သေဆုံးခဲ့ကြောင်း သိရသည်။ သေဆုံးသူအား ရဲဆေးစာဖြင့် တပ်ကုန်းခုတင် ၁၀၀ ဆေးရုံသို့ ပို့အပ်ခဲ့ပြီး ရွှေမြို့နယ်မြေရဲစခန်းက သေမှုသေခင်းဖွင့်လှစ်၍ စစ်ဆေးခဲ့ကြောင်း သိရသည်။ **(၄၁၇)**

မန်းရွှေစက်တော်ဘုရား ခြေတော်ရာပိတ်ပွဲ အောင်မြင်စွာကျင်းပပြီးစီး

ရွှေစက်တော် မေ ၁၉

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ရာဘုရားပွဲ ခြေတော်ရာပိတ်ပွဲကို မေ ၁၇ ရက်က အောင်မြင်စွာကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

ခြေတော်ရာပိတ်ပွဲတွင် မြို့နယ်သံဃနာယက ဩဝါဒဆရာတော်ကြီးများက ပရိတ်တရားတော်များဟောကြားပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ဒါယကာများက ဆရာတော် ၁၈ ပါးအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဩဝါဒဆရာတော်ကြီးများနှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌတို့က မန်းရွှေစက်တော်ဘုရားခြေတော်ရာအတွင်း ဖန်အုပ်ဆောင်းပြန်လည်ပိတ်သိမ်းကာ ခြေတော်ရာပိတ်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

ပိုင်ဇေ(မကွေး)

ရွှေလီမြို့တွင် မဟာသင်္ကြန်ပွဲ စည်ကားစွာကျင်းပခဲ့

ရွှေလီ မေ ၁၉

မြန်မာနိုင်ငံ မူဆယ်မြို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေသော တရုတ်နိုင်ငံ ယူနန်ပြည်နယ်ရှိ ရွှေလီမြို့၌ မဟာသင်္ကြန်ပွဲကို စည်ကားစွာကျင်းပခဲ့ကြောင်း သိရသည်။

ရွှေလီမြို့သည် မြန်မာနိုင်ငံသားအများအပြား ရောက်ရှိနေထိုင်ကြရာ နှစ်စဉ်မြန်မာသင်္ကြန်ပွဲကို ကျင်းပကြကြောင်းနှင့်ရွှေလီမြို့သင်္ကြန်ပွဲကို မြန်မာသင်္ကြန်ထက် ရက်အနည်းငယ်စော၍ ကျင်းပကာ ရက်စော၍ ပိတ်သိမ်းကြောင်း၊ ယခုနှစ် သင်္ကြန်ပိတ်ပွဲကို မေ ၁၄ ရက်ကကျင်းပခဲ့ကြောင်းသိရသည်။

“ရွှေလီမြို့ သင်္ကြန်ပိတ်ပွဲမှာ မြို့အတွင်းနေထိုင်ကြတဲ့ တိုင်းရင်းသားပေါင်းစုံရဲ့ အကအလှတွေ၊ အဆိုအတီးတွေနဲ့ဝတ်စုံပြည့်ဝတ်ဆင်ပြီး အခမ်းအနားကျင်းပတဲ့ ကွင်းကြီးထဲမှာ စနစ်တကျ ညီညီညာညာ ကပြခဲ့ကြပါတယ်။ ဒီပွဲကြီးကိုရွှေလီမြို့က မြို့တော်ဝန်နဲ့ တာဝန်ရှိသူတွေ၊ မူဆယ်ဘက်က ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးကိန်မိုင်၊ နကသ ညွှန်မှူးဦးသိန်းဝင်းနဲ့တာဝန်ရှိသူတွေ၊ ယဉ်ကျေးမှုအဖွဲ့တွေ၊ စာပေအဖွဲ့တွေလည်း တက်ရောက်ခဲ့ကြပါတယ်”ဟု ယဉ်ကျေးမှုအဖွဲ့ဝင်တစ်ဦးက ပြောသည်။

ရွှေလီမြို့ သင်္ကြန်ပွဲတော်နှင့် ပိတ်ပွဲအခမ်းအနားကို မြန်မာ့ဓလေ့ထုံးစံများအတိုင်း ကျင်းပခဲ့ကြပြီး ရွှေလီမြို့သို့ ရောက်ရှိနေကြသော ရှမ်း၊ ကချင်၊ ပလောင်စသည့် တိုင်းရင်းသားအများအပြား တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သိန်းဇော်(ရွှေလီဦး)**

လိပ်စင်းတောင်–မော်ကယ်လမ်းပိုင်းမှ
တံတားတည်ဆောက်ရေးလုပ်ငန်းခွင်တစ်ခု။

လိပ်စင်းတောင်-ပေပင်ချောင်-မော်ကယ်ကျေးရွာလမ်း အဆင့်မြှင့်တင်မှုများ ဆောင်ရွက်

ကျွန်းလှ မေ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်အနောက်ဘက်ခြမ်းကျေးရွာများ ရာသီမရွေးအခက်အခဲမရှိ သွားလာရေးလွယ်ကူစေရန်ရည်ရွယ်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေဖြင့် လိပ်စင်းတောင်-ပေပင်ချောင်-မော်ကယ် ကျေးရွာလမ်းကို ကျောက်ချောလမ်းအဆင့်မြှင့်တင်ခြင်း၊ ချောင်းကူးရေကျော်များနှင့် တံတားများတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လိပ်စင်းတောင်-ကုန်းစည်း ကျေးရွာလမ်းပိုင်း အရှည် ၇ မိုင်တွင် ကျောက်ချောလမ်းခင်းခြင်း၊ ရေကျော်နှင့် တံတားများတည်ဆောက်ခြင်းကို Royal Golden Power ကုမ္ပဏီနှင့် ဝေလမူ-မော်ကယ် ကျေးရွာလမ်းပိုင်း ကျောက်ချောလမ်းခင်းခြင်း၊ ရေကျော်နှင့် တံတားတည်ဆောက်ခြင်းကို Myanmar Land ကုမ္ပဏီတို့က တာဝန်ယူတည်ဆောက်နေခြင်းဖြစ်သည်။

“ကျွန်တော်တို့ ကျေးရွာချင်းဆက်လမ်းတွေက ယခင်ကမြေသားလမ်းခင်းပြီးပေမယ့် ချောင်းကူးရေကျော်တွေလည်းမရှိဘူး။ တစ်ရွာနဲ့တစ်ရွာကူးရာမှာ ချောင်းကျယ်တွေဖြတ်ကူးရပါတယ်။ အထက်တန်းကျောင်းနဲ့ တိုက်နယ်ဆေးရုံက ပေပင်ချောင်ကျေးရွာမှာရှိတော့ မိုးရာသီမှာ ဆရာ ဆရာမတွေ၊ ကျောင်းသား ကျောင်းသူတွေနဲ့ ရွာသူ ရွာသားတွေကျန်းမာရေးအတွက် သွားလာရေးခက်ခဲပါတယ်” ဒေသခံပြည်သူတစ်ဦးက ပြောသည်။

ယခုကဲ့သို့ ကျောက်ချောလမ်းအဆင့်မြှင့်တင်ခြင်း၊ ရေကျော်နှင့် တံတားများ တည်ဆောက်ပေးခြင်းတို့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးသည့်အပြင် ရွာသူရွာသားများကလည်း ကိုယ့်အားကိုယ်ကိုး လူကူးတံတားများ ဆောက်လုပ်လျက်ရှိရာ မကြာမီ လမ်းတစ်လျှောက်လုံးကို ရာသီမရွေးသွားလာနိုင်မည်ဖြစ်ပြီး သွားလာရေးလွယ်ကူလာတော့မည်ဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

မုန်တိုင်းထန်မယ့် ဘိုင်ယန်၊ နောက်တစ်ဆင့်လှမ်းမယ့် ဘာစီလိုနာ

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်တွေကို ဧပြီ ၂၂ ရက် နံနက်ပိုင်းမှာ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဒုတိယအကျော့ ပထမပွဲစဉ်အဖြစ် ဘာစီလိုနာနဲ့ပီအက်စ်ဂျီ၊ ဘိုင်ယန်မြူးနစ်နဲ့ ပေါ်တိုအသင်းတွေ အကြိတ်အနယ် ဆင်နွှဲကြမှာမို့ ရင်ခုန်ရဦးမယ့်ပွဲတွေအဖြစ် အားပေးရမှာဖြစ်ပါတယ်။

ဘာစီလိုနာနှင့် ပီအက်စ်ဂျီ

ပထမအကျော့ ပွဲစဉ်အဖြစ် ပီအက်စ်ဂျီကွင်းမှာ ကစားခဲ့တဲ့ပွဲမှာတော့ ဘာစီလိုနာတို့က သုံးဂိုး-တစ်ဂိုးနဲ့နိုင်ပွဲရရှိထားပါတယ်။ အခုဘာစီလိုနာကွင်းမှာ ကစားရမယ့်ပွဲဖြစ်တာမို့ ကမ္ဘာ့ထိပ်တန်းတိုက်စစ်အတွဲဖြစ်တဲ့ မက်ဆီ၊ ဆွာရက်ဇ်နဲ့နေမာတို့ရဲ့ ထိုးဖောက်မှုတွေကို ပီအက်စ်ဂျီ ခံစစ်မှူးတွေဖြစ်တဲ့ ဗန်ဒါဝီလ်၊ သီယာဂိုဆေးလ်ဗား၊ မာကွင်ဟို့စ်၊ မက်ဇ်ဝဲလ်တို့ ဟန့်တားဖို့ မလွယ်ပါဘူး၊ ပီအက်စ်ဂျီတို့ ပထမအကျော့မှာ ခံစစ်အမှားကြောင့် ဂိုးတွေပေးခဲ့ရသလို အခုပွဲမှာလည်း သီယာဂိုဆေးလ်ဗား ဒဏ်ရာမသက်သာရင် ဒေးဗစ်လုခ် ဝင်ကစားဖို့ရှိနေတာမို့ ခံစစ်ပိုင်းအထိုင်မကျမှု ဖြစ်နေဦးမှာပါ။ ဘာစီလိုနာတို့က အခုပွဲမှာ ၄-၃-၃ အခင်းအကျင်းနဲ့ပဲ ပွဲထွက်လာဖို့ရှိနေပြီး ကွင်းလယ်မှာ ရာကီတစ်၊ ဘူးစကွက်စ်နဲ့ အင်နီယေစတာတို့ကိုထားကာ ထိရောက်တိကျတဲ့ ဘောလုံးဖြန့်ဝေမှုနဲ့ တိုက်စစ်ကို ထက်မြက်အောင် ပံ့ပိုးပေးမှာ သေချာပါတယ်။ ဒီပွဲမှာ ပီအက်စ်ဂျီအတွက် နောက်တစ်ဆင့်တက်ဖို့ မျှော်လင့်ချက်ထက် ဂိုးပြတ်အသွင်းမခံရရေးဘဲ အာရုံစိုက်သွားမှာ ဖြစ်ပါတယ်။ ပီအက်စ်ဂျီနည်းပြ လောရင့်ဘလန့်ဟာ ဘာစီလိုနာကို ကျော်ဖြတ်ပြီးနောက်တစ်ဆင့်တက်ရေးဆိုတာ စိတ်ကူးယဉ်ဆန်လွန်းတာကို ပထမအကျော့ပွဲစဉ်မှာကတည်းက လက်ခံလိုက်ရပြီဖြစ်ပါတယ်။ ဘာစီလိုနာတို့ကတော့ အခုပွဲမှာလည်း ပြတ်သားတဲ့ရလဒ်ကို ပုံဖော်ထုဆစ်ဦးမှာဖြစ်ပြီး အဓိက ဇာတ်လိုက်တွေကတော့ မက်ဆီ၊ ဆွာရက်ဇ်၊ နေမာတို့ပဲ ဖြစ်ပါဦးမယ်။

ဘိုင်ယန်မြူးနစ်နှင့် ပေါ်တို

ပထမအကျော့ပွဲစဉ်မှာ ပေါ်တိုရဲ့ သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ယူသွားရလဒ်ကို ခေါင်းငုံ့လက်ခံခဲ့ရတဲ့ ဘိုင်ယန်မြူးနစ်တို့ အခုပွဲမှာ အမြင့်ဆုံးစိတ်ဓာတ်နဲ့ ခြေကုန်ဖွင့်ရတော့မှာဖြစ်ပါတယ်။ ပထမအကျော့ရလဒ်ကြောင့် ဖိအားများနေပြီဖြစ်တဲ့ ဘိုင်ယန်မြူးနစ်တို့က ၄-၃-၁-၂ အခင်းအကျင်းကို နည်းပြ ဂွါဒီယိုလာ ဆက်သုံးမယ်ဆိုရင်တော့ ကစားသမားပြောင်းလဲမှုတွေ ပြုလုပ်ရဦးမှာဖြစ်ပါတယ်။ မူလာ၊ လီဝန်ဒေါ်စကီး၊ ဂေါ့ဇီတို့ကို ဒီထက်ခြေစွမ်းပြနိုင်အောင်၊ တိုက်စစ်ထက်မြက်အောင် နေရာချရမှာဖြစ်သလို ဖိလစ်လမ်း၊ အလွန်ဆို၊ သီယာဂိုတို့ကိုလည်း ကွင်းလယ်ပိုင်း စွမ်းရည်မြင့်မားအောင် ပြင်ဆင်ရဦးမှာဖြစ်ပါတယ်။ ရော်ဘင်နဲ့ ရီဘာရီတို့ ကစားနိုင်ခဲ့ရင်တော့ အသင်းအတွက် ထောက်ပံ့မှု ကောင်းကောင်းရစေမှာဖြစ်တာမို့ နည်းပြ ဂွါဒီယိုလာအတွက် ဒီပွဲစဉ်က ကြီးမားတဲ့ စိန်ခေါ်မှုတစ်ရပ်ဖြစ်နေပါတယ်။ ပေါ်တိုဟာ ဆွာရက်ဇ်၊ မာတီနက်ဇ်၊ ဘရာဟီမီတို့ တိုက်စစ်နဲ့ ကွင်းလယ်မှာ ယာရဲရား၊ ကတ်စမဲရိုး၊ အိုလီဗာတောရက်စ်တို့ထားတဲ့ ၄-၃-၃ အခင်းအကျင်းနဲ့ ပွဲထွက်လာဖို့ ရှိနေပါတယ်။ ဒီဗျူဟာနဲ့ ပထမအကျော့မှာ ဘိုင်ယန်မြူးနစ်ကို ဖြိုလှဲခဲ့တာမို့ အခုပွဲမှာလည်း အဲဒီပုံစံကောင်းကို အသုံးပြုပြီး ပေါ်တိုတို့ ရင်ဆိုင်ပါဦးမယ်။ အိမ်ရှင် အခွင့်အရေးကောင်းရရှိပေမယ့် ခြေစွမ်းမုန်တိုင်းထန်ရမယ့်ပွဲစဉ်ဖြစ်နေတာတော့ အမှန်ပါပဲ။ ။

မိုးမြင့်လင်းလက်

ကာဆီးလက်နဲ့အတူရှိနေမယ်ဆိုတဲ့ အန်ဆယ်လော့တီ

ရီးရဲမက်ဒရစ်မှာ ကာလကြာရှည်ကစားနေတဲ့ ဂိုးသမား ကာဆီးလက်နဲ့အတူ လာမယ့်ရာသီမှာ ရှိနေမယ်လို့ နည်းပြအန်ဆယ်လော့တီက ပြောဆိုလိုက်ပါတယ်။ ဂိုးသမားကာဆီးလက်ဟာ လာမယ့်မေလမှာ အသက် ၃၄ နှစ်ပြည့်မှာဖြစ်ပါတယ်။ ဘာနေဗျူးက သူ့ကို ဆက်လက် ခေါ်ယူဖို့ စဉ်းစားနေပါပြီ။ သို့ပေမယ့် ၂၀၁၃ ခုနှစ် ဇွန်လက ရီးရဲမက်ဒရစ်နည်းပြဖြစ်လာတဲ့ အန်ဆယ်လော့တီက သူနဲ့ကာဆီးလက်တို့ဟာ လာမယ့်ရာသီမှာ ဆက်လက်ရှိနေလိမ့်မယ်လို့ မျှော်လင့်ထားကြောင်း ပြောဆိုလိုက်ပါတယ်။ လာမယ့်ရာသီမှာ ကျွန်တော်ရော ကာဆီးလက်ပါ ဘာနေဗျူးမှာ ဆက်လက်ရှိနေကြမှာပါ။ လက်ရှိကစားသမားအားလုံးနဲ့အတူ ကျွန်တော်တို့ ရှိနေမှာပါလို့ နည်းပြ အန်ဆယ်လော့တီက ဆိုပါတယ်။ ကာဆီးလက်ရဲ့လက်ရှိစာချုပ်ဟာ ၂၀၁၇ ခုနှစ်မှာ ကုန်ဆုံးမှာဖြစ်ပါတယ်။ သို့သော်လည်း ပြီးခဲ့တဲ့နှစ်က ရီးရဲမက်ဒရစ်မှာ ပါဝင်ကစားခဲ့မှု နည်းပါးခဲ့ပါတယ်။ သူဟာ ရီးရဲမက်ဒရစ်နဲ့အတူ ချန်ပီယံလိဂ်ဖလား သုံးကြိမ် ဆွတ်ခူးခဲ့သူဖြစ်ပါတယ်။ ကာဆီးလက်ဟာ အသက်အရွယ်ရလာပေမယ့် ရီးရဲမက်ဒရစ်အတွက် အဓိကအားထားရတဲ့ ဂိုးသမားအဖြစ် ရှိနေဆဲဖြစ်ပါတယ်။ ဒီအတွက်လည်း ရီးရဲမက်ဒရစ်က သူ့ကို လာမယ့်ရာသီမှာ ဆက်လက်အသုံးပြုနေဦးမယ့်အနေအထား ရှိပါတယ်။

ကောင်းမြတ်သူ-စုစည်းသည်

စတာလင်းရဲ့ ခြေစွမ်းကို နှစ် ၂၀ အတွင်း စောင့်ကြည့်ရမည်ဟု နည်းပြဘရီဒန်းရော်ဂျာ ပြောဆို

လီဗာပူးအသင်းရဲ့ ကြယ်တစ်ပွင့်ဖြစ်တဲ့ စတာလင်းရဲ့ခြေစွမ်းကို လာမယ့်နှစ် ၂၀ အတွင်းမှာ စောင့်ကြည့်သွားမယ်လို့ နည်းပြ ဘရီဒန်းရော်ဂျာက ပြောဆိုလိုက်ပါတယ်။ မကြာသေးမီက တိုက်စစ်မှူး စတာလင်းရဲ့ လုပ်ရပ်နဲ့ပတ်သက်ပြီး လီဗာပူးနည်းပြက စောင့်ကြည့်သွားရလိမ့်မယ်လို့ ပြောဆိုလိုက်ပါတယ်။ စတာလင်းဟာ လီဗာပူးအသင်းက တစ်ပတ် ပေါင် ၁၀၀၀၀၀ နဲ့ ထပ်မံစာချုပ်ဖို့ ကမ်းလှမ်းခဲ့ပေမယ့် ထပ်မံစာမချုပ်လိုကြောင်း ငြင်းဆိုခဲ့ပါတယ်။ စတာလင်းက သူ့အနေနဲ့ ငွေမလိုကြောင်း၊ ဆုဖလားများသာလိုကြောင်း ပြောဆိုပြီး စာချုပ်သစ်ချုပ်ဆိုဖို့ ငြင်းဆိုခဲ့တာပါ။ လူငယ်တွေဆိုတာ အမှားတွေ လုပ်တတ်ပါတယ်။ သူဘယ်လောက် အောင်မြင်တဲ့ကစားသမား ဖြစ်လာမယ်ဆိုတာ နှစ် ၂၀အတွင်း စောင့်ကြည့်ရမယ်လို့ နည်းပြရော်ဂျာက ပြောဆိုလိုက်ပါတယ်။ တောင်ပံ တိုက်စစ်မှူး စတာလင်းဟာ ဒါဘီမှာ အငှားချထားပြီး ပြန်လာပြီးနောက် ရှစ်ပွဲသာ လီဗာပူးအတွက် ကစားပေးနိုင်ခဲ့ပါတယ်။ သူဟာ ပြီးခဲ့တဲ့တနင်္လာနေ့က နယူးကာဆယ်နဲ့ ကစားရာမှာ အနိုင်ဂိုးသွင်းယူပေးခဲ့ပါတယ်။

ပရီမီယာလိဂ်သို့ရောက်ဖို့ ကြိုးစားနေတဲ့ ဒေါ့မွန်နည်းပြ ဂျာဂျမ်ကလော့

ဒေါ့မွန်နည်းပြ ဂျာဂျမ်ကလော့ဟာ ပရီမီယာလိဂ်သို့ရောက်ဖို့ ကြိုးစားနေတဲ့ နည်းပြတစ်ဦးဖြစ်တယ်လို့ အာဆင်နယ်နောက်တန်းကစားသမား ဂျာမနီနိုင်ငံသား မာတီဆက်ကာက ပြောဆိုလိုက်ပါတယ်။ အသက် ၄၇ နှစ်ရှိပြီဖြစ်တဲ့ ဂျာဂျမ်ကလော့ဟာ ဒီနှစ်ရာသီကုန်ဆုံးချိန်မှာ ဒေါ့မွန်အသင်းကို ခုနစ်နှစ်ကြာကိုင်တွယ်ခဲ့တဲ့ သက်တမ်းကုန်ဆုံးတော့မှာဖြစ်ပါတယ်။ သူဟာ ပရီမီယာလိဂ်ကိုရောက်ဖို့ ကြိုးစားနေတဲ့ နည်းပြပါ။ အင်္ဂလန်ကလပ်တွေကလည်း သူ့ကို စိတ်ဝင်စားနေကြပါတယ်လို့ အသက် ၃၀ အရွယ် မာတီဆက်ကာက ပြောဆိုလိုက်ပါတယ်။ ဂျာမန်နည်းပြ တစ်ဦးအနေနဲ့ ပရီမီယာလိဂ်မှာ စိန်ခေါ်မှုတွေရှိလာနိုင်တယ်လို့လည်း သူက ဆိုပါတယ်။ ဒေါ့မွန်အသင်းကို ၂၀၀၈ ခုနှစ်ကတည်းက ကိုင်တွယ်ခဲ့တဲ့ နည်းပြကလော့ဟာ လိဂ်ဖလားနှစ်လုံး ဆွတ်ခူးပေးနိုင်တဲ့အပြင် ၂၀၁၂-၂၀၁၃ ရာသီက ချန်ပီယံလိဂ်ဗိုလ်လုပွဲအထိ အရောက်ပို့ပေးနိုင်ခဲ့ပါတယ်။ သို့ပေမယ့် ဒီနှစ်မှာတော့ နံပါတ် ၁၀ အထိပဲ ချိတ်နိုင်ခဲ့ပါတယ်။ သူထွက်ခွာသွားတော့မှာဖြစ်တဲ့အတွက် ဒေါ့မွန်အတွက်တော့ မကောင်းပါဘူး။ ဂျာဂျမ်ကလော့ကို အာဆင်နယ်က ခေါ်ယူဖို့ အဆက်အသွယ်ပြုလုပ်ခဲ့တယ်လို့ ဆိုပါတယ်။ သို့ပေမယ့် အာစင်ဝင်းဂါးရှိနေတဲ့အတွက် အထမမြောက်ခဲ့ပါဘူး။ အခုအခွာမှာလည်း ပရီမီယာလိဂ်သို့ ပြောင်းမယ်ဆိုရင် မန်ယူ၊ အာဆင်နယ်တို့လို ထိပ်သီးအသင်းတွေရဲ့ နည်းပြ နေရာရမှ လုပ်နိုင်မယ့်အနေအထားရှိပါတယ်။ တန်းဆင်းဇုန်အတွင်းကအသင်းတွေကို ကယ်တင်ပေးတဲ့ နည်းပြတော့ ဖြစ်လာမှာ မဟုတ်ပါဘူး။ သို့ပေမယ့် ပရီမီယာလိဂ်နဲ့ ထိပ်သီးအသင်းတစ်သင်းသို့ ရောက်ရှိလာနိုင်တယ်လို့ ဘောလုံးကျွမ်းကျင်သူတွေက ခန့်မှန်းထားကြပါတယ်။

(၅၁) ကြိမ်မြောက် စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာ သက်ကြီးပူဇော်

စစ်တွေ မေ ၁၉

ရခိုင်ပြည်နယ် မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ကော်မတီ၏ ညွှန်ကြားချက်ဖြင့်(၅၁) ကြိမ်မြောက် စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာ သက်ကြီးပူဇော်ပွဲအခမ်းအနားကို မေ ၁၇ ရက် နံနက် ၉ နာရီက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ (၅၁)ကြိမ်မြောက် ရခိုင်ရိုးရာ သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ရခိုင်မင်္ဂလာစည်တော်ဖြင့် တီးခတ်ဖွင့်လှစ်ပြီး သက်ကြီးပူဇော်ပွဲ ကော်မတီဝင် ဦးစံညွန့်က ဧကပိုဒ်ရတုဖြင့် ရွတ်ဆိုပူဇော်သည်။ ယင်းနောက် မဟာသင်္ကြန်ပွဲတော် ကျင်းပရေး ကော်မတီနာယက ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက အမှာစကားပြောကြားပြီး သက်ကြီးပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးမောင်သာစိန်က သက်ကြီးပူဇော်ပွဲကျင်းပရခြင်းနှင့်ပတ်သက် ပြီးရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပြည်နယ် ဝန်ကြီးချုပ်နှင့်ဇနီးတို့က သက်ကြီးအဘိုးအဘွားများအား မင်္ဂလာရေစင်ဖြင့် ပက်ဖျန်း ပူဇော်ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး အမှူးပြုသည့် ဧည့်သည်တော်များ၊ မြို့လုံးကျွတ် သက်ကြီးပူဇော်ပွဲ ဖြစ်မြောက်ရေး ကော်မတီနှင့် အလှူရှင်ပြည်သူများက သက်ကြီးအဘိုးအဘွားများအား အလှူငွေနှင့် လှူဖွယ်ပစ္စည်းများပေးအပ်လှူဒါန်းကြပြီးနောက် အပူဇော်ခံ အဘိုးအဘွားများကိုယ်စား အဘိုးတစ်ဦးက ဆုတောင်းမေတ္တာပို့သသည်။

ဆက်လက်၍ (၅၁)ကြိမ်မြောက် မြို့လုံးကျွတ်ရခိုင်ရိုးရာ သက်ကြီးပူဇော်ပွဲကျင်းပရေးကော်မတီ၏ ယဉ်ကျေးမှုလုပ်ငန်း ဆပ်ကော်မတီမှ ယိမ်းအကအဖွဲ့များက "ရခိုင့်မူပိုင်ပြိုင်ယိုင်အက" ယိမ်းနှင့် "ရခိုင့်တန်ဆောင် ထွန်းလင်းပြောင်" ယိမ်းအကတို့ဖြင့် ဂါရဝပြု ဖျော်ဖြေပူဇော်ကြသည်။ အဆိုပါ သက်ကြီးပူဇော်ပွဲ အခမ်းအနားသို့ အသက် ၈၀ နှစ်နှင့်အထက် အဘိုးအဘွား ၁၀၈ ဦး တက်ရောက်အပူဇော်ခံကြပြီး ကျန်ရှိသော အဘိုးအဘွား ၈၀၉ ဦးကို သက်ကြီးပူဇော်ပွဲ ဖြစ်မြောက်ရေး ကော်မတီကမြို့ပေါ် ရပ်ကွက်များရှိ စုရပ်များတွင် အလှူငွေနှင့်လှူဖွယ်ပစ္စည်းများဖြင့် လှည့်လည်ပူဇော်ကြောင်း သိရသည်။

ဇော်နိုင်ထွန်း (iprd)

ညောင်ဦးမြို့ကျေးလက်တောရွာသင်္ကြန် ရေဝယ်ကစားကြရ

ညောင်ဦး မေ ၁၉

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်သည် နွေရာသီရောက်လျှင် ရေရှားသောကျေးရွာများရှိသည်။ နွေရာသီရောက်လျှင် ရေကိုဝယ်ယူသုံးစွဲရသည်။ အချို့ကျေးရွာများတွင် သောက်သုံးရေကန် ရှိသော်လည်း ကန်ရေဝင်မှုနည်းပါးသည်။ ကန်ရေမဝင်သည့်နှစ်ဆိုလျှင် ရေကိုဝယ်ယူသုံးစွဲရသည်။အချို့ကျေးရွာများတွင် စက်ရေတွင်းရှိသော်လည်း ရေလုံလောက်မှုနည်းပါးသေးသည်။ ရေမလုံလောက်သော်လည်း လူငယ်များသည် ယခုနှစ်သင်္ကြန်ကာလတွင် ရေကိုဝယ်ယူ၍ ပျော်ရွှင်စွာရေဆော့ကစားခဲ့ကြသည်။

"ကျွန်တော်တို့ရွာမှာ ရေပဒေသာပိုက်လိုင်းလည်းရှိပါတယ်။ စက်ရေတွင်းလည်းတစ်တွင်းရှိပါတယ်။ စက် ရေတွင်းဆိုရင် ယခုသင်္ကြန်ရက်ပိုင်းမှာ နေ့တိုင်းမောင်းပါတယ်။ စက်ရေတွင်းရေအလှူရှင်လည်းရှိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ရေကစားမဏ္ဍပ်တွေမှာ ရေမသုံးစွဲရဘူး။ ရွာကလူတွေခပ်တာနဲ့ ကုန်နေတယ်။ ကျွန်တော်တို့ ရေကားတစ်စီးကို ငွေကျပ် ၁၅၀၀၀ ပေးဝယ်ရတယ်။ ဂါလန်၁၅၀၀လောက်ပါတယ်။သင်္ကြန်မဟုတ်လဲဘဲ ရွာထဲကလူတွေရေကားကို ဝယ်သုံးရတယ်။ စက်ရေတွင်းစောင့်ခပ်မယ်ဆိုရင်လည်း အလုပ်ပျက်တာနဲ့မကာဘူး။ တစ်ညနေမှတစ်စည်လောက်ပဲ ရတယ်ဟု" ယဉ်ဆမ်းကျေးရွာမဏ္ဍပ်ဦးဆောင်သူ တစ်ဦးက ပြောသည်။

"ရွာကကလေးတွေ မြို့သွားမလည်ရင်ပြီးရောဆိုပြီး ရေကစားမဏ္ဍပ်တွေလုပ်ခဲ့တယ်။ ရွာကကလေးတွေက ရွာမှာပျော်စရာမရှိရင် ပခုက္ကူမြို့၊ ညောင်ဦး၊ ချောက်၊ ကျောက်ပန်းတောင်း၊ ပုပ္ပား စတဲ့လူစည်ကားတဲ့နေရာတွေကို သွားပြီးလည်ရင် တခုခုဖြစ်မှာစိုးရတယ်။ သွားလည်တယ်ဆိုရင်လည်းကားနဲ့ ဆိုင်ကယ်နဲ့ သွားကြတယ်။ အိမ်ကမိဘတွေက စိုးရိမ်ပူပန်ရတယ်။ ဒီလိုမဏ္ဍပ်ဆောက်ပြီး နံနက်ပိုင်းမှာ သံဃာတော်တွေဆွမ်းလောင်းတယ်။ စတုဒိသာကျွေးတယ်။ သက်ကြီးရွယ်အိုတွေကိုရေကုသိုလ်လုပ်တယ်။ ညနေပိုင်းမှာ အသံချဲ့စက် ဆောင်းဘောက်များနဲ့ မြူးမြူးကြွကြွ သီချင်းတွေကိုဖွင့်ပေးတယ်။ ရေကစားသူတွေလည်းရှိတယ်။ လူငယ်တွေ ကကြ၊ ခုန်ကြတဲ့သူတွေလည်းရှိတယ်။ အဲ့ဒီတော့ ရွာမှာပဲပျော်တာပေါ့"ဟု ရွာသာအေးရွာမှအမျိုးသမီးတစ်ဦးက ပြောသည်။

"ဒီနှစ်ရေဝယ်တာ ရေဖိုးတစ်သိန်းကုန်တယ်။ ကျွန်တော်တို့ လူငယ်တွေစုပြီးတော့ အကုန်ကျခံပါတယ်။ နောက်နှစ်ဆိုရင်လည်း ဒီထက်ပိုပြီးတော့ လုပ်ဆောင်ဦးမှာပါ။ ကိုယ့်ရွာမှာ ဒီလိုကုသိုလ်တွေလုပ်တယ်။ ညနေပိုင်းမှာရေကစားတယ်။ သက်ကြီးရွယ်အိုတွေကို ခေါင်းလျှော်ရေချိုးပေးတယ်ဆိုတော့ ကျွန်တော်တို့ လူငယ်တွေလည်း ကုသိုလ်ရတာပေါ့။ ဟိုဟိုဒီဒီ မသွားတော့ ကျွန်တော်တို့ မိဘတွေလည်း စိတ်ချမ်းသာတာပေါ့။ မိဘတွေက သူတို့မျက်စိအောက်က အပျော်မခံနိုင်ဘူးပြောတယ်။ ကျွန်တော်တို့လည်း ဒီနေ့ဒီရက်မှာ ဘယ်မှမသွားပဲ ကုသိုလ်တွေလည်းလုပ်တယ်။ မိဘတွေလည်းစိတ်ချမ်းသာတာပေါ့" ဟုကျေးရွာလူငယ်တစ်ဦးက ပြောသည်။

ကျော်ဌေး(ညောင်ဦး)

စတုတ္ထတန်းနှင့် အဋ္ဌမတန်းစာမေးပွဲကျရှုံးသူများ မေလတွင် ပြန်ဖြေရမည်

ရန်ကုန် မေ ၁၉

၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် အခြေခံပညာ ကျောင်းသား ကျောင်းသူများ၏စာမေးပွဲအောင်စာရင်းများကို မြို့နယ်အသီးသီး၊ ကျောင်းအသီးသီး၌ မြန်မာနှစ်ဆန်း ၂ ရက်နေ့(မေပြီ ၁၈ရက်) နံနက်ပိုင်းက ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်ရာ စတုတ္ထတန်းနှင့်အဋ္ဌမတန်း ကျရှုံးသူများ ပြန်လည်ကုစားစာမေးပွဲ ဖြေဆိုကြရမည်ဖြစ်ကြောင်း ရန်ကုန်အရှေ့ပိုင်းခရိုင် ပညာရေးမှူးရုံးမှ ကြေညာချက်ထုတ်ပြန်ထားသည်။

"စတုတ္ထတန်းနှင့်အဋ္ဌမတန်းကျရှုံးသူ ကျောင်းသား ကျောင်းသူများအနေဖြင့် ယခုလ မေပြီ ၂၇ ရက်နေ့မှာကျောင်းပြန်တက်ရမှာဖြစ်ပါတယ်။ စာမေးပွဲကိုတော့ မေ ၁၄၊ ၁၅၊ ၁၆ရက်တွေမှာ ပြန်လည်ဖြေဆိုရမှာဖြစ်ပါတယ်။ ပြန်လည်ဖြေဆိုမယ့် ကျောင်းသား ကျောင်းသူတွေအနေနဲ့ မိမိတို့ကျတဲ့ဘာသာရပ်ကိုသာ ပြန်လည်ဖြေဆိုရမှာဖြစ်ပါတယ်"ဟု သာကေတမြို့နယ် အခြေခံပညာအလယ်တန်းကျောင်းမှ ဆရာမတစ်ဦးက ပြောသည်။

ပြီးခဲ့သည့် ၂၀၁၄-၂၀၁၅ပညာသင်နှစ်တွင် စတုတ္ထတန်းနှင့် အဋ္ဌမတန်းများကို ခရိုင်စစ်စာမေးပွဲများအဖြစ် ပြောင်းလဲဖြေဆိုခဲ့ရာ အတန်းတင်စာမေးပွဲ မတိုင်မီကပင် အစမ်းစာမေးပွဲဖြေဆိုစဉ်အကျအရှုံးများပြားခဲ့သည်။ ကျောင်းများ၏ အောင်စာရင်းများအရ လူ ၁၀၀ တွင် ၁၂ဦးမှ ၂၅ဦးအထိသာ အောင်မြင်မှုရှိသည်ကိုတွေ့ရသည်။ ကျရှုံးသူအများစုမှာ တစ်ဘာသာမှ နှစ်ဘာသာအထိဖြစ်သည်။ အချို့မှာ ခြောက်ဘာသာစလုံး ကျရှုံးသူများလည်း ရှိသေးသည်။ အခြေခံပညာစတုတ္ထတန်းနှင့် အဋ္ဌမတန်းအောင်စာရင်းများထုတ်ပြန်ရာတွင် Aအဆင့်၊ B အဆင့်၊ C အဆင့်ဟူ၍ သတ်မှတ်ထုတ်ပြန်ထားသည်။ A အဆင့်မှာ ရမှတ်အများဆုံး၊ B အဆင့်မှာ ဒုတိယအမှတ်အများဆုံး ၊ C အဆင့်မှာ တတိယအမှတ်အများဆုံးဖြစ်သည်။ သို့ရာတွင် D အဆင့်မှာ ရမှတ် ၄၀ အောက်ရရှိသူများဖြစ်၍ ကျရှုံးသည့်ဘာသာရပ်များအလိုက် ပြန်လည်ကုစားစာမေးပွဲပြန်လည်ဖြေဆိုရမည့်ကျောင်းသားကျောင်းသူများဖြစ်ကြောင်း သိရသည်။ စာမေးပွဲဖြေဆိုကြမည့် စတုတ္ထတန်းနှင့်အဋ္ဌမတန်းကျောင်းသား ကျောင်းသူများအနေဖြင့် မေးခွန်းဟောင်းနှင့် ဖြေဆိုရမည် မဟုတ်ဘဲ ဖြေဆိုပြီးခဲ့သော အတန်းတင်စာမေးပွဲထက် တစ်ဆင့်နိမ့်သည့်မေးခွန်းများဖြင့် ဘာသာရပ်အလိုက် ဖြေဆိုကြရမည်ဖြစ်ကြောင်း သိရသည်။

စတုတ္ထတန်းပြန်ဖြေရမည့်ကျောင်းသား ကျောင်းသူများအနေဖြင့် ကျရှုံးသည့် ဘာသာရပ်များအတွက် မေပြီ ၂၇ ရက်တွင် ကျောင်းပြန်တက်ရမည်ဖြစ်ပြီး မေ ၁၄ ရက်တွင် နံနက် ၉ နာရီမှ ၁၀နာရီခွဲအထိ မြန်မာစာ၊ မွန်းလွဲ ၁နာရီမှ ၂ နာရီခွဲအထိ အင်္ဂလိပ်စာဘာသာရပ်၊ မေ ၁၅ ရက်တွင် နံနက် ၉ နာရီမှ ၁၀ နာရီခွဲအထိ သင်္ချာဘာသာ၊ မွန်းလွဲ ၁ နာရီမှ ၂ နာရီခွဲ အထိ သိပ္ပံဘာသာ၊ မေ ၁၆ ရက်တွင် နံနက် ၉ နာရီမှ ၁၀ နာရီခွဲအထိ လူမှုရေးဘာသာရပ်တို့ကို ပြန်လည်ဖြေဆိုကြရမည်ဖြစ်ကြောင်း သိရသည်။

သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-သက္က

အရှိန်ပြင်းစွာမောင်းသူကြောင့် သင်္ကြန်ရေကစားနေသူလေးဦး ဒဏ်ရာရရှိ

တာချီလိတ် မေ ၁၉

တာချီလိတ်မြို့ ဆန်ဆိုင်း (က) ရပ်ကွက် တပင်ရွှေထီး ကားဝပ်ရှော့ရှေ့တွင် ယာဉ်မတော်တဆမှုကြောင့် သင်္ကြန်ရေကစားနေသူလေးဦး ဒဏ်ရာရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေပြီ ၁၆ ရက် ညနေ ၄ နာရီခွဲက အောင်ပိုင်မောင်းနှင်လာသော ၉/--- အဖြူရောင် မော်တော်ယာဉ်သည် ပုံလို့လမ်းဆုံဘက်မှ မြို့ရှောင်လမ်းဘေးသို့ အတွင်းလမ်းကြောအတိုင်း မောင်းနှင်လာစဉ် အခင်းဖြစ်ရပ် တပင်ရွှေထီးကားဝပ်ရှော့ရှေ့ အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ခြမ်းလမ်းဘေးတွင် သင်္ကြန်ရေပက်ကစားနေသော မအားနာ (၃၄ နှစ်)၊ သားဖြစ်သူ သန်းမင်းထွန်း (၂ နှစ်)၊ ဇော်ဝင်းဖြိုး (၅ နှစ်) တပင်ရွှေထီးကားဝပ်ရှော့ဝင်း ဆန်ဆိုင်း(က) ရပ်ကွက် တာချီလိတ်မြို့နေသူနှင့် မစီးဆီးလျှာ (၁၄နှစ်) စက်မှုလယ်ယာရုံးဝင်း မယ်ခေါင်ရပ်ကွက် တာချီလိတ်မြို့နေသူတို့ကို ဝင်ရောက်တိုက်မိခဲ့သဖြင့် မအားနာ၊ သန်းမင်းထွန်း၊ ဇော်ဝင်းဖြိုးနှင့် မစီးဆီးလျှာတို့လေးဦး ဒဏ်ရရှိပြီး တာချီလိတ်မြို့ ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးကုသလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်ကို မဆင်မခြင် အရှိန်ပြင်းစွာမောင်းနှင်ပြီး လူများအား ဒဏ်ရာများရရှိအောင် မောင်းနှင်သူ ယာဉ်မောင်း အောင်ပိုင်(၁၉နှစ်) တာချီလိတ်နေသူကို တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

အော်ဂဲနစ်စိုက်ပျိုးရေးဆောင်ရွက်ရာတွင် လိုက်နာရမည့် အခြေခံစည်းမျဉ်းစည်းကမ်းများ

မေသူ

အော်ဂဲနစ် စိုက်ပျိုးရေးစနစ်သည် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်၍ လိုက်လျောညီထွေဖြစ်သော၊ တည်တံ့ခိုင်မြဲသော စိုက်ပျိုးရေးနည်းစနစ်တစ်ခုဖြစ်ပါသည်။ ဤစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်ခြင်းသည် ecosystem ကို ထိန်းသိမ်းပေးခြင်း၊ မြေဆီလွှာကို ကာကွယ်ထိန်းသိမ်းပေးခြင်း၊ ရေကိုသန့်စင်စေခြင်းနှင့် လေထုပတ်ဝန်းကျင်တွင် စိုက်ပျိုးရေးကြောင့် ဆိုးကျိုးဖြစ်ပေါ်မှုများကို လျော့နည်းစေခြင်းတို့ ဖြစ်စေပါသည်။

အော်ဂဲနစ်စိုက်ပျိုးရေးသည် စိုက်ပျိုးထုတ်လုပ်မှု အကူအညီများဖြစ်သည့် ဓာတုပိုးသတ်ဆေးနှင့် မြေဩဇာများနေရာတွင် အော်ဂဲနစ်စိုက်ပျိုးရေးစနစ်တွင် ခွင့်ပြုထားသော အကူအညီပစ္စည်းများကို အစားထိုးသုံးစွဲခြင်းဖြစ်သည်။ ဤနည်းစနစ်သည် ရှေးကျသော စိုက်ပျိုးနည်းစနစ်ဖြစ်သော်လည်း နည်းပညာဆိုင်ရာ ဇီဝသက်ရှိများ၏ ဖြစ်ပေါ်တိုးတက်မှုကိုအခြေခံ၍ ဖွံ့ဖြိုးတိုးတက်လာပါသည်။ အော်ဂဲနစ်စိုက်ပျိုးရေးသည် စိုက်ပျိုးမြေဧရိယာပေါ်မှ အထွက်နှုန်းကို အမြင့်မားဆုံးရရှိရန် ကြိုးစားခြင်း မဟုတ်ပါ။ စိုက်ကွင်းတစ်ခု၏ စုစုပေါင်းထုတ်လုပ်မှုသည် ဂေဟဗေဒဆိုင်ရာ ရှုထောင့်အပါအဝင် ဒေသအခြေအနေများနှင့် အကောင်းဆုံး လိုက်လျောညီထွေရှိမှုသည် အရေးအကြီးဆုံးဖြစ်သည်။

တောင်သူတစ်ဦးချင်းအနေဖြင့် အပူပိုင်းတွင်နေသည်ဖြစ်စေ(သို့) သမပိုင်းတွင်နေသည်ဖြစ်စေ၊ ဖြေရှင်းရမည့် နည်းလမ်းများစွာကို နေရာဒေသနှင့် စိုက်ကွင်းအခြေအနေများကိုမူတည်၍ ဆောင်ရွက်ရပါမည်။ ကျေးရွာ၊ ဒေသ၊ စိုက်ကွင်းတစ်ခုအတွင်း သီးနှံတစ်မျိုးတည်းကို ပြင်းထန်စွာစိုက်ပျိုးခြင်းသည် သဘာဝဂေဟစနစ်ကို ပျက်စီးစေနိုင်သဖြင့် ရှောင်ရှားရပါမည်။ တည်တံ့ခိုင်မြဲသော ဂေဟစနစ်စိုက်ပျိုးရေးသည် ထိုဒေသတွင်ရှိနေသော သက်ရှိများဖြစ်သည့် (Flora နှင့် Fauna) များကို စုဝေးလာစေ၍ ထိုစနစ်ကို ဆောင်ရွက်သင့်ပါသည်။

IFORM ၏ သဘောထားခံယူချက်အရ အော်ဂဲနစ်စိုက်ပျိုးရေးသည် ဒေသ/ကျေးရွာ/စိုက်ကွင်းတစ်ခုရှိ လူများ၏လူမှုစီးပွားရေး အခြေအနေများကို စဉ်းစားဆောင်ရွက်ပေးခြင်းပင်ဖြစ်သည်။ ဒေသတစ်ခုအပေါ် အော်ဂဲနစ်စိုက်ပျိုးရေးစနစ်၏ ရှင်သန်နိုင်မှုသည် ထိုဒေသတွင် နေထိုင်သောသူများ အော်ဂဲနစ်စိုက်ပျိုးရေးတွင် မည်မျှပါဝင်ဆောင်ရွက်လာသည် ဆိုသည့်အပေါ်တွင် များစွာမူတည်နေသည်။ အော်ဂဲနစ်စိုက်ပျိုးရေးကို ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာများတွင် ကိရိယာတစ်ခုအဖြစ်ပါဝင်အသုံးပြုနိုင်ခြင်းကြောင့် ကျေးလက်နေပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်မှုများကို ကျယ်ပြန့်စွာတွေ့မြင်ရမည် ဖြစ်ပါသည်။

အော်ဂဲနစ်စိုက်ပျိုးရေးစနစ်တွင် မြေဆီလွှာကောင်းမွန် ထက်သန်စေခြင်း

အော်ဂဲနစ်စိုက်ပျိုးရေးစနစ်၏ အရေးကြီးသော ရည်ရွယ်ချက်မှာ- မြေဆီလွှာကို ကောင်းမွန်ထက်သန်စေမှုကိုရရှိစေရန် အထောက်အပံ့ပြုပေးခြင်းဖြစ်သည်။ မြေဆီလွှာကောင်းမွန်ထက်သန်ခြင်းကို ၎င်းမြေတွင် စိုက်ပျိုးထားသော သီးနှံပင်အမျိုးအစားများဖြင့် တိုင်းတာနိုင်သည်။

ကောင်းမွန်သော မြေဆီလွှာသည် အပင်များရှင်သန်ကြီးထွားရန် ပါဝင်ဆောင်ရွက်ရာတွင် အပင်များအတွက် ရှင်သန်ကြီးထွားသည့် ကြားခံဖြစ်ခြင်း၊ အပင်အတွက် လိုအပ်သောရေကိုသိုလှောင်၍ ထောက်ပံ့ပေးခြင်း၊ အော်ဂဲနစ်ပစ္စည်းများ ဆွေးမြည့်ကျေပျက်စေခြင်း၊ မြေဆီလွှာအတွင်း ခိုအောင်းနေသောရောဂါပိုးများကို နှိမ်နင်းနိုင်သော စွမ်းရည်ရှိခြင်း၊ အာဟာရဓာတ်များကို ထိန်းသိမ်းထားခြင်းနှင့် အပင်မှစားသုံးနိုင်အောင် ထုတ်လွှတ်ပေးခြင်းတို့ ဖြစ်သည်။

အော်ဂဲနစ်စိုက်ပျိုးရေးနည်းစနစ်တွင် သမားရိုးကျစိုက်ပျိုးနည်းစနစ်နှင့် မတူသော သဘာဝမြေဩဇာများနှင့် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများကို မြေဆီလွှာအတွင်းထည့်သွင်း၍ သက်ရှိအဏုဇီဝများ အသက်ရှင်နေထိုင်နိုင်ရန် ဆောင်ရွက်ပေးသည်။ ဓာတုမြေဩဇာများ လုံးဝမသုံးစွဲဘဲ ဆွေးမြည့်နေသော အော်ဂဲနစ်မြေဆွေးများကို ထည့်သွင်းခြင်းဖြင့် အပင်အတွက် လိုအပ်သောအာဟာရကို တဖြည်းဖြည်းချင်း ထုတ်လွှတ်ပေးစေသည်။ မြေတွင်းရှိ အဏုဇီဝသက်ရှိများ၏ လုံလောက်စွာတည်ရှိမှုကြောင့် ၎င်းတို့က သီးနှံပင်လိုအပ်သော အာဟာရဓာတ်ကိုလုံလောက်စွာရရှိရန် အဆက်မပြတ် ထုတ်လုပ်ပေးခြင်းဖြစ်သည်။

ထို့ကြောင့် ယူနစ်ဧရိယာတစ်ခုတွင် သက်ရှိအရေအတွက်များစွာပါဝင်မှုသည် ထိုနေရာဒေသ၏ အမြင့်မားဆုံး ထုတ်လုပ်မှုကိုရရှိစေသည်။ သတိပြုရန်မှာ- မြေဆီလွှာ အရည်အသွေးတိုးတက်ကောင်းမွန်စေရန်နှင့် ထိန်းသိမ်းထားရန် အဓိကအရေးအကြီးဆုံးအချက်မှာ အော်ဂဲနစ်မြေဆွေးများကို အမြဲတမ်းသုံးစွဲနေရမည်ဖြစ်သည်။

မြေဆီလွှာတွင်ရှိသော စွမ်းရည်များသည် သုံးစွဲ၍မကုန်နိုင်သော် လည်း မှားယွင်းသောမြေအသုံးချမှု နည်းစနစ်များ၊ ထွန်ယက်ခြင်း၊ ရေသွင်းခြင်း စသည်တို့ကြောင့် မြေဆီလွှာအဆင့်အတန်းကျဆင်းမှုကို ကမ္ဘာ့အနှံ့အပြားဖြစ်ပေါ်စေကာ မြေဆီလွှာပျက်စီးခြင်းများ ဖြစ်ပေါ်ရပါသည်။

အော်ဂဲနစ်စိုက်ပျိုးရေးတွင် နေရာဒေသကိုလိုက်၍ မြေဆီလွှာကာကွယ်သည့်နည်းစနစ်များဖော်ပြခြင်း

စွတ်စိုသောအပူပြင်းဒေသ-မြင့်မားသောအပူချိန်၊ မိုးရေချိန်နှင့် စိုထိုင်းဆရှိခြင်းကြောင့် သီးနှံများကြီးထွားနှုန်းနှင့် ကျေပျက်နှုန်းမြန်ဆန်ပြီး အော်ဂဲနစ်များ လျင်မြန်စွာဆွေးမြည့်၍ ပျောက်ဆုံးနိုင်သည်။ ဤဒေသတွင် အာဟာရနှင့်ရေကို ထိန်းထားနိုင်ရန် အော်ဂဲနစ်ပစ္စည်းများနှင့် မြေဆွေးပါသော အပေါ်ယံမြေများကို မြေပေါ်တွင် ဖုံးအုပ်ပေးခြင်းဖြင့် ဆောင်ရွက်နိုင်သည်။ အပေါ်ယံမြေအားဆုံးရှုံးမှုမှ ကာကွယ်နိုင်ရန် မြေကိုထွန်ရေးတိမ်တိမ်ပြုလုပ်ခြင်း၊ သီးနှံသစ်တောစိုက်ခင်းများ ပြုလုပ်ခြင်းဆောင်ရွက်နိုင်သည်။ ထို့ပြင် တောင်ကုန်းဒေသများတွင် ထွန်ရေးပြုလုပ်ပါက ကွန်တိုအလိုက် ပြုလုပ်စိုက်ပျိုးရပါမည်။ ရည်ရွယ်ချက်မှာ အပေါ်ယံမြေဆီလွှာကို ထိခိုက်ပျက်စီးစေခြင်းမရှိဘဲ မြေဆီထက်သန်ကောင်းမွန်၍ မြေဆွေးဓာတ်ကြွယ်ဝစေရန်ဖြစ်ပါသည်။ စိုက်ပျိုးမှုများကြောင့် မြေဆီလွှာအဆင့်အတန်းကျဆင်းခြင်းနှင့် ခြောက်သွေ့ပျက်စီးခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။ ကျွဲ၊ နွားလွှတ်ကျောင်းခြင်းနှင့် တောမီးရှို့ခြင်းများကို ခွင့်မပြုပါ။

ခြောက်သွေ့သောဒေသ-နေ့စဉ်မြင့်မားသော အပူချိန်အတက်အကျများရှိခြင်း၊ မိုးရေချိန်နည်းပါး၍ခြောက်သွေ့သော လေများတိုက်ခတ်ခြင်းနှင့် ရေရှားပါးမှုသည် အရေးကြီးသော အဟန့်အတားအဖြစ် တွေ့ရသည်။ ရေပျောက်ဆုံးမှုလျော့နည်းစေရန် မြေနှင့်အပင်မှ ရေငွေ့ပျံဆုံးရှုံးမှု (Evaporation & Inspiration) လျော့နည်းအောင် လုပ်ဆောင်ရပါမည်။ ဥပမာအားဖြင့် - လေကာပင်စည်းရိုးတန်းများ စိုက်ပျိုး၍သော်လည်းကောင်း၊ အမြဲတမ်းမြေမျက်နှာပြင်ကိုဖုံးအုပ်ပေးပြီး အရိပ်ရစေရန်နှင့် လေတိုက်စားမှုလျော့နည်းအောင် လုပ်ပေးရပါမည်။ ထို့ပြင် ရေကိုသိုလှောင်ထားနိုင်သည့် နည်းစနစ်များ (Water harvesting Method) တို့ကို တိုးတက်ဖွံ့ဖြိုးစေပြီး မြေဆွေးပြုလုပ်သုံးစွဲခြင်းကိုလည်း ဆောင်ရွက်ရပါမည်။ အားလုံးသောနည်းစနစ်များစုပေါင်းပါဝင်အသုံးပြုရမည်။ ရေသွင်းခြင်းစနစ်ကို ဆောင်ရွက်ပေးပါက ရေပျောက်ဆုံးမှုလျော့နည်းပြီး ဆားပေါက်မြေ ဖြစ်ပေါ်မှုမှလည်း ကာကွယ်နိုင်ပါသည်။ ဤစနစ်တွင် တိရစ္ဆာန်မွေးမြူရေးနှင့်တွဲဖက်၍ ပဲမျိုးရင်းဝင်ပါသော စားကျက်စိုက်ခင်းစနစ်အဖြစ်လည်း ဆောင်ရွက်နိုင်ပါသည်။ ဤဒေသတွင် ရေရရှိမှုနည်းပါး၍ အော်ဂဲနစ်ပစ္စည်းများ အလွယ်တကူ ပျောက်ဆုံးခြင်းမရှိပါ။

အော်ဂဲနစ်စိုက်ပျိုးရေးတွင် မြေဆီလွှာတိုက်စားမှုမှကာကွယ်ခြင်းနှင့် မြေဆီလွှာစီမံခန့်ခွဲခြင်း

နှစ်ရှည်သီးနှံပင်များစိုက်ပျိုးသောစနစ်တွင် သာမန်အားဖြင့် မြေပြုပြင်ရန်မလိုပါ။ ဤအစား သစ်ရွက်စိမ်းမြေဩဇာကျွေးရန်အတွက် ပဲပင်များ၊ မြေဖုံးပင်များ စိုက်ပျိုးပါသည်။ အပူပိုင်းဒေသသီးနှံသစ်တောရောနှောစိုက်ခင်းများတွင် ပထမဆုံးစိုက်ခင်းစတင်သည့် အချိန်တွင်သာ မြေပြင်လေ့ရှိပြီး အခြေအနေလိုက်၍ လူ၊ တိရစ္ဆာန်၊ စက်များဖြင့်ဆောင်ရွက်သည်။ ကြီးမားသော သစ်တောဧရိယာများ၌ သမားရိုးကျနည်းစနစ်ဖြစ်သည့် တောခုတ်ခြင်းနှင့် မီးရှို့ခြင်းကိုမပြုလုပ်ရန် သေချာစွာစောင့်ကြည့်ဆောင်ရွက်ရပါမည်။ အော်ဂဲနစ်စိုက်ပျိုးရေးတွင် ဤစနစ်ကိုခွင့်မပြုဘဲ လှပ်မြေကို မီးရှို့ခြင်းမှ ရှောင်ရှားရပါမည်။ အကယ်၍ သီးနှံသစ်တောစိုက်ခင်း စတင်တည်ထောင်မည်ဆိုမှသာ တောခုတ်ခြင်းနှင့် မီးရှို့ခြင်းကိုသာ ခွင့်ပြုပါသည်။

သီးနှံစိုက်ပျိုးသောစနစ်တွင် မြေဆီလွှာကို သီးနှံပင်စိုက်ပျိုးရန် (သို့) ပေါင်းပြင်ရန်၊ မြေတွင်းသို့ သီးနှံအကြွင်းအကျန်များ ထည့်သွင်းရန်နှင့် ပေါင်းမြက်ရှင်းရန်အတွက် မြေပြင်လေ့ရှိရာတွင် မြေကိုနက်နက် ထယ်ထိုးခြင်းနှင့် မြေလှန်ခြင်းတို့ မပြုလုပ်ရပါ။ ထယ်ဝင်ပါက မြေကိုတောင်ကုန်းလျှောစောက် (slope)ကိုဖြတ်၍ မျဉ်းပြိုင်အတိုင်းပြုလုပ်၍ ကွန်တိုစိုက်ပျိုးခြင်းဖြင့် ရေတိုက်စားမှု ကာကွယ်ရမည်ဖြစ်ပါသည်။ မြေဆီလွှာ၏ အပေါ်ယံပိုင်းတွင် အော်ဂဲနစ်မြေဆွေးများ လုံလောက်စွာထည့်သွင်းပေးထားရမည်ဖြစ်ပြီး သီးနှံအကြွင်းအကျန်များကို မြေတွင်းနက်အောင် တူးဖော်ခြင်းမပြုလုပ်ရပါ။

သီးနှံပုံစံကို သေချာစွာ ပုံစံချမှတ်ဆောင်ရွက်ပေးပြီး မြေတွင်းရှိသက်ရှိ အဏုဇီဝများ (ဥပမာ။ တီကောင်) ရှင်သန်ရေးအတွက် အော်ဂဲနစ် မြေဆွေးများထည့်သွင်းခြင်း၊ စက်ကိုအသုံးပြု၍ မြေပြင်မည့်အစား Biological measure ကို အသုံးပြုခြင်း ဆောင်ရွက်ပေးရပါမည်။ သီးလှည့် စိုက်ပျိုးခြင်းဖြင့်မလိုလားသော ပေါင်းများကိုသေစေပြီး မြေဆီလွှာကို ကာကွယ်ထိန်းသိမ်းရာရောက်ပါသည်။ မှတ်သားရန်မှာ- ရာသီဥတုအခြေအနေ (နေ၊ လေ၊ မိုးရေ) ကို ဆန့်ကျင်၍ မြေဆီလွှာကိုကာကွယ်ပေးရန်အတွက် သီးနှံစိုက်ပျိုးနည်းစနစ်များတွင် မြေဖုံးပင်များထားရှိခြင်း (သို့) သီးနှံအကြွင်းအကျန်များ ဖုံးပေးခြင်းတို့ကို နားလည်သဘောပေါက်ရမည်ဖြစ်ပါသည်။

မြေဆီလွှာတိုက်စားမှု ပြင်းထန်စွာ ဖြစ်ပေါ်နိုင်သောနေရာများတွင် မြေနှင့် လေတိုက်စားမှုကြောင့် အာဟာရများပြုန်းတီးမှုမရှိစေရန်နှင့် မြေဆီလွှာအပေါ်ယံပိုင်းတွင် မြေဆီဩဇာထက်သန်စေရန် အထူးနည်းလမ်းများ ဆောင်ရွက်ပေးရပါမည်။ အကယ်၍ ဤကဲ့သို့သော တားဆီးကာကွယ်မှုများမပြုလုပ်ပါက စိုက်ကွင်းသာမက ဒေသတစ်ခုလုံး၏ မြေဆီလွှာပျက်စီးဆုတ်ယုတ်မှု ဖြစ်ပေါ်လာနိုင်သဖြင့် စိုက်ကွင်းတစ်ခု (သို့)ဒေသရှိ လူများအားလုံးဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။

လူသတ်မှုကျူးလွန်သူ လေးဦးအနက် နှစ်ဦးကို ဖမ်းဆီးရမိ

မော်လူး ဧပြီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ မော်လူးရဲတပ်ဖွဲ့စခန်းက လူသတ်မှုကျူးလွန်သည်ဟု မသင်္ကာသူလေးဦးအနက် နှစ်ဦးကို ဧပြီ ၁၆ ရက် နံနက် ၈ နာရီ မိနစ် ၂၀ က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲ ၁၂ နာရီခွဲက မော်လူးနယ်မြေရဲစခန်းမှ အရှေ့ဘက်တစ်မိုင်ခွဲအကွာရှိ ဝေဘူဝေဘာတောရကျောင်းအနီး တောင်ယာခင်းလုပ်ကိုင်နေသူ ဦးထွန်းမြတ်မှာ ယင်းတောင်ယာအခင်းတွင် ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးဝင်းတင့်က သတင်းပေးပို့ခဲ့သဖြင့် မော်လူးနယ်မြေရဲတပ်ဖွဲ့စခန်းမှ စခန်းမှူး ရဲအုပ်အေးမင်းသိန်းနှင့် တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ဦးထွန်းမြတ် (၆၀နှစ်)မှာ တောင်ယာခင်းတဲဘေးရှောက်ချုံဘေးတွင် ဒဏ်ရာများဖြင့် သေဆုံးနေသည်ကိုတွေ့ရှိခဲ့၍ ရဲဆေးစာဖြင့် မော်လူးတိုက်နယ်ဆေးရုံသို့တင်ပို့ကာ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိနိုင်ရေးအတွက် စုံစမ်းစစ်ဆေးဆောင်ရွက်ခဲ့သည်။ ဧပြီ ၁၆ ရက် နံနက် ၈ နာရီ မိနစ် ၂၀ တွင် ပြစ်မှုကျူးလွန်သူများဖြစ်သည့် ဝေယံဦး၊ မထားထားဝင်းတို့သည် အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်ကာ အမှုကျူးလွန်ပုံနှင့် ပတ်သက်၍ တာဝန်ရှိသူများက မှတ်တမ်းဓာတ်ပုံများရိုက်ယူပြီး အမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အရှည်နှစ်ပေခန့်ရှိ နှစ်ငါးမူးသစ်သားချောင်းတစ်ချောင်းကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

ယင်းအမှုနှင့်ပတ်သက်၍ မော်လူးနယ်မြေရဲတပ်ဖွဲ့စခန်းက ဝေယံဦး (၁၈နှစ်)နှင့် မထားထားဝင်း(၂၄နှစ်) တို့အား ဆက်လက်စစ်ဆေးရာ လူသတ်မှုကျူးလွန်သည့် ပြစ်မှုကျူးလွန်သူမှာ လေးဦးဖြစ်ပြီး ပြည့်စုံအောင် (၁၈နှစ်)နှင့် သိန်းဝင်းအောင်(၂၉နှစ်) နှစ်ဦးမှာ အခင်းဖြစ်ပြီးနောက် ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း သိရသဖြင့် ၎င်းတို့ကို ဖမ်းဆီးရမိနိုင်ရေးအတွက် ဆက်လက်စုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နီတိုး

မြန်အောင်တွင် မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲနှင့်ယိမ်းအဖွဲ့များဆုချီးမြှင့်

မြန်အောင် ဧပြီ ၁၉

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်တွင် မဟာသင်္ကြန်ပွဲတော် ဇာတ်ရုံမဏ္ဍပ်၌ ယိမ်းအဖွဲ့များ ဆုချီးမြှင့်ခြင်းနှင့်မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲအခမ်းအနားကို ဧပြီ ၁၆ ရက် ညက မြန်အောင်ပြည်သူ့ရင်ပြင် ဇာတ်ရုံမဏ္ဍပ်၌ကျင်းပရာ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု၊ ဌာနဆိုင်ရာ ပြိုင်ပွဲဝင်ယိမ်းအကအဖွဲ့များက ကပြသီဆိုဖျော်ဖြေကြသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်းဆွေ၊ ဦးအောင်မျိုးညွန့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းဖေ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ယိမ်းအဖွဲ့များကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အခမ်းအနားတက်ရောက်သူများနှင့် ယိမ်းအကအဖွဲ့လုပျိုဖြူများက မန်းတောင်ရိပ်ခိုသီချင်းဖြင့် သီဆိုဖျော်ဖြေကြကာ မဟာသင်္ကြန်ပိတ်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် မြန်အောင်ပြည်သူ့ရင်ပြင်ဇာတ်ရုံမဏ္ဍပ်၌ မြို့နယ်သံဃနာယက ဆရာတော်များဖြင့် အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခဲ့ကြကြောင်း သိရသည်။

မြို့နယ် ပြန်/ဆက်

သင်္ကြန်တွင်း ခုနစ်ရက် တရားစခန်း ဖွင့်လှစ်

လှိုင်ကော် ဧပြီ ၁၉

ကယားပြည်နယ် လှိုင်ကော်မြို့ မင်္ဂလာရပ်ကွက်ရှိ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ဧပြီ ၁၃ ရက်မှ ၁၉ ရက်အထိ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ခွဲ(၈၁)သည် (၁၄၆)ကြိမ်မြောက် ဝါပကာလ၊ သင်္ကြန်တွင်း ခုနစ်ရက်စခန်းကို နယ်လှည့်ဓမ္မကထိက ဆရာတော် အရှင်သုမနသာသနဓဇဓမ္မာစရိယသည် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း တန်ခူးလပြည့်ကျော် ၁၀ ရက် နံနက်ပိုင်းမှ ကဆုန်လဆန်း ၂ ရက်အထိ နိဗ္ဗာန်ရောက်ကြောင်း သစ္စာလေးပါး၊ ခန္ဓာဉာဏ်ရောက် တရားတော်များကို တစ်နေ့နှစ်ကြိမ် တရားဟောပြောပြသပြီး တစ်နေ့လေးကြိမ် တရားအားထုတ်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါတရားစခန်းတွင် အစိုးရရုံးပိတ်ရက်ဖြစ်သည်နှင့်အညီ ဌာနဆိုင်ရာဝန်ထမ်းများ အများအပြားဝင်ရောက်တရားဘာဝနာပွားများ အားထုတ်လျက်ရှိကြောင်းတွေ့ရှိရပြီး ဒုလ္လဘ၊ သီလရှင်ဝတ်သူများလည်း တွေ့ရှိရသည်။ အလှူရှင်များကလည်း စေတနာသဒ္ဓါတရားထက်သန်စွာ နေ့ဆွမ်းနှင့်အာရုံဆွမ်းများ ဘောဇနအာဟာရ ဆက်ကပ်လှူဒါန်းသူများ များပြားလျက်ရှိကြောင်း တွေ့ရသည်။

ရဲနောင်(လှိုင်ကော်)

ပြင်ဦးလွင်သင်္ကြန် ကမ္ဘာလှည့်ခရီးသည်များ ရထားလုံးစီးကာပျော်

ပြင်ဦးလွင် ဧပြီ ၁၉

မြန်မာ့နှစ်သစ်ကူး အတာရေသဘင်ပွဲတော်တွင် မြန်မာလူမျိုးတို့အားပါးတရ ပျော်ရွှင်ကြသကဲ့သို့ မြန်မာနိုင်ငံသို့ ရောက်ရှိလည်ပတ်နေကြသော ကမ္ဘာလှည့်ခရီးသည်များအနေဖြင့်လည်း အထူးအဆန်းဖြင့် ကြုံတောင့်ကြုံခဲ မြန်မာသင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာဝင်ရောက်ဆင်နွှဲလေ့ရှိကြသည်။

သင်္ကြန်ကာလအတွင်း ပြင်ဦးလွင်သို့ရောက်ရှိနေသော ကမ္ဘာလှည့်ခရီးသည်အချို့သည် မော်တော်ကား၊ မော်တော်ဆိုင်ကယ် စသည့်ယာဉ်အမျိုးမျိုးဖြင့် ရေပက်ခံထွက် လည်ပတ်နိုင်သော်လည်း ပြင်ဦးလွင်၏ အထင်ကရဖြစ်သည့် ရထားလုံးများစီးကာ ရေပက်ခံထွက်နေကြသည်ကို မြင်တွေ့ရသည်။

အင်္ဂလန်နိုင်ငံမှ လာရောက်လည်ပတ်သော မိသားစုတစ်စုမှ ပြင်ဦးလွင်(ခေါ်)မေမြို့သည် အင်္ဂလန်၌ပင် နာမည်ကျော်ကြားပြီး မသိသူမရှိကြောင်း၊ ယခုပြင်ဦးလွင်တွင်ရှိသော ရထားလုံးများမှာ အင်္ဂလန်မှ ထုတ်လုပ်ထားသော ရထားလုံးများဖြစ်သော်လည်း ယနေ့အချိန်တွင် အင်္ဂလန်၌ ဤကဲ့သို့ရထားလုံးများမရှိတော့သဖြင့် မြန်မာပြည် ပြင်ဦးလွင်သို့ မိသားစုရောက်ရှိခိုက် အမှတ်တရအဖြစ် ရထားလုံးစီးကာ ပျော်ပျော်ပါးပါး လည်ပတ်ကြခြင်းဖြစ်ကြောင်းနှင့်မြန်မာလူမျိုးတို့၏ နှစ်သစ်ကူးရေသဘင်ပွဲတော်အကြောင်းကို ကြားဖူးနေသော်လည်း ယခုမြန်မာပြည်ရောက်မှ တိုက်တိုက်ဆိုင်ဆိုင်ကြုံတွေ့ရသဖြင့် အလွန်ဝမ်းသာပျော်ရွှင်ကြောင်း၊ မြန်မာ့သင်္ကြန်ပွဲတော်သည် စိတ်ဝင်စားစရာကောင်းပြီး ချစ်ခင်နှစ်သက်စရာလည်းကောင်းကြောင်း ပြောကြားခဲ့သည်။

ကမ္ဘာလှည့် ခရီးသည်များသည် ပြင်ဦးလွင်မြို့၌ ရေပက်ခံထွက်လည်ပတ်ကြရင်းဖြင့် မြန်မာလူမျိုးတို့နှင့် ပျော်ပျော်ပါးပါးကခုန်ရေကစားကြကာ စတုဒိသာမဏ္ဍပ်များကိုလည်း စိတ်ဝင်တစားဖြင့် လေ့လာကြကြောင်း သိရသည်။

သက်နိုင်(ပြင်ဦးလွင်)

ထင်းများ အခမဲ့ဖြန့်ဝေ

မင်းဘူး(စကု) ဧပြီ ၁၉

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် မြောက်ဆားဗွက် ကြိုးဝိုင်းအကွက်အမှတ် (၁၇၊ ၁၉)တွင် သဘာဝတောထိန်းလုပ်ငန်းဧက ၂၀၀၀ ကို ထိန်းသိမ်းခဲ့ပြီး ဧက ၂၀၀ ကို ဓမ္မတာမျိုးစပ်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ထွက်ရှိလာသည့် ထင်း ၅ ဒသမ ၂၂ တန်ကို ဦးစီးအရာရှိ ဦးဝင်းဘိုက ဒေသခံပြည်သူများထံသို့ ဧပြီ ၈ ရက်တွင် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

သန်းဌေး(မင်းဘူး)

နှစ်ဆန်း ၁ ရက်နေ့တွင် ဇီဝိတဒါနငါးလွှတ်ပွဲကျင်းပ

မုံရွာ ဧပြီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ မြန်မာနှစ်ဆန်း ၁ ရက်နေ့ ဇီဝိတဒါနငါးလွှတ်ပွဲကို မုံရွာမြို့ ချင်းတွင်းမြစ်ကမ်းဇက်ဆိပ်တွင် ဧပြီ ၁၇ ရက်က ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ ဒုတိယဥက္ကဋ္ဌ၊ တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အဆင့် ကော်မတီ(၃)ရပ်မှ ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများတက်ရောက်ကြသည်။

အခမ်းအနားတွင်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် အဖွဲ့ဝင်များက ချင်းတွင်းမြစ်အတွင်းသို့ ဇီဝိတဒါနအဖြစ် ငါးမြစ်ချင်းအကောင်ရေ ၅၀၀၀၀၊ ရွှေဝါငါးကြင်းအကောင်ရေ ၅၀၀၀၀၊ ထိုင်းငါးခုံးမအကောင်ရေ ၅၀၀၀၀ စုစုပေါင်း ငါးအကောင်ရေ ၁၅၀၀၀၀ကို လွှတ်ပေးခဲ့သည်။

မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် သီတင်းသီလဆောက်တည်ခြင်း၊ သက်ကြီးပူဇော်ပွဲများကျင်းပခြင်း၊ သက်ကြီးဘိုးဘွားများကို လူငယ်များကခေါင်းလျှော်ပေးခြင်း၊ ခြေသည်း၊ လက်သည်းလှီးပေးခြင်း၊ ဘုရားကျောင်းကန်များကို သန့်ရှင်းရေးပြုလုပ်ပေးခြင်း၊ စေတီဘုရားများကို သန့်ရှင်းရေးပြုလုပ်ခြင်း၊ ရပ်ကွက်ကျေးရွာများနှင့် ဌာနဆိုင်ရာများရှိ အချက်အချာနေရာများတွင် အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ခြင်းများ၊ ဇီဝိတဒါနအဖြစ် ငါးလွှတ်ပွဲများ၊ နွားဘေးမဲ့ပွဲများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ဖိုးချမ်း(မုံရွာ)

ရေဆင်းစပ်မျိုးစပါးကွင်း လက်တွေ့သရုပ်ပြ

နေပြည်တော် ဧပြီ ၁၉

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တောင်သူများနှင့် စိုက်ပျိုးရေးဝန်ထမ်းများအား စိုက်ပျိုးရေးသုတေသနဌာန(ရေဆင်း)မှ စမ်းသပ်စိုက်ပျိုးထားသော ပုလဲသွယ်စပ်မျိုးစပါးများအား လက်တွေ့သရုပ်ပြသခြင်းကို ဧပြီ ဒုတိယပတ်က စိုက်ပျိုးရေးသုတေသနဌာန(ရေဆင်း)စံကွက်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စိုက်ပျိုးပညာပေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက အမှာစကားပြောကြားပြီး စိုက်ပျိုးပညာပေးရေးဌာန ညွှန်ကြားရေးမှူး ဦးအေးကိုကိုက စပ်မျိုးစပါးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့်က မျိုးရွေးချယ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသော တောင်သူများ၏သိရှိလိုသည်များကို မေးမြန်းမှုအပေါ် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ပြီး တောင်သူများကိုယ်တိုင် မိမိတို့စိတ်ကြိုက် စပ်မျိုးစပါးများကို ရွေးချယ်မဲပေးခဲ့ကြပြီး အခမ်းအနားသို့ နေပြည်တော်ကောင်စီနယ်မြေအတွင်းမှ တောင်သူများနှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ သတင်းမီဒီယာများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ကလေးငယ်နှစ်ဦး မိုးကာရေကန်အတွင်း ရေနစ်သေဆုံး

ဆိပ်ဖြူ ဧပြီ ၁၉

ဆိပ်ဖြူမြို့နယ် ထမ္မကောက်ကျေးရွာအနီး ယာခင်းအတွင်းရှိ မိုးကာခံရေကန်တွင် ဧပြီ ၁၃ ရက်က ကလေးငယ်နှစ်ဦး ရေဆင်းချိုးခဲ့ရာမှ ရေနစ်သေဆုံးမှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ ထမ္မကောက်ကျေးရွာအနီးရှိ ယာခင်းအတွင်းရှိ အလျား ၁၃ ပေ၊ အနံ ၁၃ ပေ၊ အနက် ၄ ပေခန့်ရှိ မြေကျင်းကို မိုးကာခံ၍ ရေထည့်ထားသောကန်တွင် ရှိုင်းသူဖြိုး (ခုနစ်နှစ်) ပထမတန်းကျောင်းသား ထမ္မကောက်ကျေးရွာ ဆိပ်ဖြူမြို့နယ်နေသူနှင့် တစ်ရွာတည်းနေ ကျော်မျိုးသူ (ခုနစ်နှစ်) ပထမတန်းကျောင်းသားနှင့်အတူ ကန်အတွင်း ရေဆင်းချိုးခဲ့ရာမှ ရေနစ်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါကလေးငယ်နှစ်ဦး ရေနစ်သေဆုံးခြင်းနှင့်ပတ်သက်၍ ဆိပ်ဖြူမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

ကျော်ဇေယျ

အမြို့မြို့အနယ်နယ်ပျံ့သည့်သတင်းစာ
မြန်မာ့အလင်းတွင် ကြော်ငြာပါ

နေ့စဉ် ကျန်းမာရေးနှင့် ဟင်းသီးဟင်းရွက်များ

သက်နိုင်(ပြင်ဦးလွင်)

ကမ္ဘာပေါ်ရှိလူသားတိုင်း အသက်ရှင်နေထိုင်နိုင်ရေးအတွက် နေ့စဉ်နှင့်အမျှ အစားအစာများမဖြစ်မနေ မှီဝဲစားသုံးနေရသည်။ ထိုကဲ့သို့ စားသုံးနေကြသည့်အထဲတွင် ဟင်းသီးဟင်းရွက်နှင့်သီးနှံများသည် အခြေခံအကျဆုံး အစာအရင်းအမြစ်ဖြစ်ပြီး ပရိုဂျူဆာ (Producer) ဟု ခေါ်ဆိုနိုင်၍ ကိုယ်ပိုင်အစာချက်လုပ်သော အစိမ်းရောင်အပင်များဖြစ်ကြသည်။

ဟင်းသီးဟင်းရွက်နှင့် သီးနှံများတွင် အသားဓာတ်၊ အဆီဓာတ်၊ ပရိုတင်း၊ သကြားဓာတ်၊ ဓာတ်ဆားနှင့် လူ့ကိုယ်ခန္ဓာအတွက် အသုံးဝင်သော အခြားဓာတ်ပေါင်းများစွာ ပါဝင်လျက်ရှိနေသည်။

သီးနှံများတွင်ပါဝင်သော အရည်ဓာတ်ကြောင့် အသားအရည်ကိုကြည်လင်ဝင်းပစေခြင်း၊ ရောဂါကင်းပြီး အသက်ရှည်ခြင်း၊ အမျှင်ဓာတ်ကြောင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါဝေဒနာများကို ကာကွယ်ပေးနိုင်ပြီး အထူးသဖြင့် ဝမ်းချုပ်ခြင်းရောဂါကို ကင်းရှင်းစေနိုင်ခြင်း စသည်တို့အပြင် အပင်သီးနှံများသည် ဇီဝကမ္မ (Physiology) ဆိုင်ရာ လုပ်ငန်းများအားလုံးအပေါ်တွင် အကျိုးပြုစေသည့် ကောင်းသောအကျိုးသက်ရောက်မှုများရှိကြသည်။

ထို့ကြောင့်လည်း လူသားတို့သည် အခြေခံစားကုန်ဖြစ်သည့် ဟင်းသီးဟင်းရွက်များကို နေ့စဉ်အားပြုစားသောက်လျက်ရှိနေကြသည်။ သို့သော် ယနေ့ခေတ်တွင် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ၏ နည်းပညာမကျွမ်းကျင်မှု၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများအလွန်အကျွံသုံးစွဲမှု၊ ဈေးကွက်လိုအပ်ချက်အရ ဓာတုဗေဒဆေးဝါးများကို မလိုအပ်ဘဲ သုံးစွဲနေမှုစသည့် အားနည်းချက်တချို့တို့ကြောင့် ဟင်းသီးဟင်းရွက်ကို စားသုံးနေသူများအတွက် ဘေးအန္တရာယ်ဆိုးကျိုးများ သက်ရောက်ခံစားရမှုများဖြစ်ပေါ်လျက်ရှိနေသည်ကို တွေ့မြင်နေရသည်။

လွန်ခဲ့သောရက်က မန္တလေးမြို့တွင် မိတ်ဆွေအိမ်ရှင်မတစ်ဦးသည် ဟင်းချက်ပြုတ်ရန်အတွက် ကန်စွန်းရွက်များကို ဈေးမှဝယ်လာပြီ အရိုးနှင့်အရွက်များကို သင်ယူနေချိန် မလိုအပ်သော အရိုးအနည်းငယ်ကို ဘေးတွင် အစာလာတောင်းနေသည့် ဘဲငယ်သုံးကောင်ကို ချကျွေးမိလိုက်သည်ဟုဆိုသည်။ အဆိုပါဘဲငယ်သုံးကောင်သည် ကန်စွန်းရွက်နှင့် အရိုးအနည်းငယ်ကိုစားပြီး မိနစ်အနည်းငယ်အတွင်း အကြောများဆွဲကာ သေဆုံးသွားကြသည်ဆို၏။ ဖြစ်စဉ်ကို သေချာလေ့လာသုံးသပ်ကြည့်လိုက်သော် ကန်စွန်းရွက်တွင် ပိုးသတ်ဆေးများနှင့် ဓာတုဆေးဝါးများ ကင်းစင်မှုမရှိသေးကြောင်း တွေ့ရှိနိုင်သည်။ ထိုကန်စွန်းရွက်ကို ရေစင်အောင်မဆေးကြောဘဲ လူတို့စားသုံးမိပါကလည်း စားသုံးသူတို့အတွက် အန္တရာယ်ဖြစ်နိုင်ပေသည်။

နောက်ထပ်ဖြစ်စဉ်တစ်ခုမှာ စားသောက်ဆိုင်တစ်ခုတွင် ဟင်းရွက်များကို ကြော်ပြီးပြီးချင်း မီးဖိုဒယ်အိုးပေါ်မှာ စားသောက်ရန်ပန်းကန်အတွင်းသို့ ထည့်လိုက်သောအခါ အလွန်မည်းနက်သွားပြီး အမြုပ်များထွက်လာသည်ဟု သိရသည်။ ထိုဟင်းရွက်များတွင်လည်း ပိုးသတ်ဆေးနှင့်ဓာတုဗေဒဆေးဝါး မည်မျှပါရှိနေကြောင်း အလွတ်တကူပင် ခန့်မှန်းသိရှိနိုင်ပေသည်။

ထို့ကြောင့် စိုက်ပျိုးထုတ်လုပ်သူများနှင့် ရောင်းချသူများမှ မည်သို့ပင်စိုက်ပျိုးရောင်းချနေစေကာမူ စားသုံးသူများမှ သတိဝီရိယထား၍ သေချာစိစစ် ဆေးကြောစားသုံးရန် လိုအပ်လျက်ရှိနေလေသည်။

စားသုံးသူများမှ **မိမိတို့စားသုံးမည့် ဟင်းသီးဟင်းရွက်များကို ပထမဦးစွာ ရေထဲတွင် မိနစ်အနည်းငယ်စိမ်ထားလိုက်ပါ။ ပိုးသတ်ဆေးနှင့် ဓာတုဆေးဝါးများပါရှိနေသော ဟင်းသီးဟင်းရွက်ဖြစ်နေပါက ရေပေါ်တွင် ဆီကွက်ကဲ့သို့ အကွက်အဝိုင်းငယ်လေးများ ပေါ်ထွက်လာသည်ကိုတွေ့ရှိရမည်ဖြစ်ပေသည်။ ထိုအခါ ဟင်းသီးဟင်းရွက်များရေနိုင်နိုင်ဖြင့် ထပ်ခါထပ်ခါဆေးကြောပါ။ ထိုသို့ဆေးကြောပေးသော်လည်း ဆီကွက်အဝိုင်းငယ်များကျန်ရှိနေပါက အဆိုပါဟင်းရွက်များသည် စားသုံးရန် မသင့်လျော်တော့ပါ။** သေချာပေါက် ဘေးအန္တရာယ်ပေးနိုင်မည်သာဖြစ်ပါသည်။

ထို့ကြောင့် ဟင်းသီးဟင်းရွက်နှင့် သီးနှံများသည် အစားအသောက်များထဲတွင် အခြေခံအကျဆုံးသော အစာအရင်းအမြစ်ဖြစ်ပြီး စားသုံးသူတို့အား များစွာအကျိုးပြုကြသော်လည်း မလိုလားအပ်သော ဘေးအန္တရာယ်ဆိုးကျိုးများ မဖြစ်ပေါ်စေရန်အတွက် သေသေချာချာဂရုပြု၍ ဆေးကြောစားသုံးသင့်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

ကယားပြည်နယ် အဋ္ဌမတန်းနှင့်စတုတ္ထတန်း နှစ်ဆုံးစာမေးပွဲအောင်/ ရှုံးစာရင်းများထွက်ရှိ

လွိုင်ကော် ဧပြီ ၁၉

အမှတ်(၂)အခြေခံပညာဦးစီးဌာန ကယားပြည်နယ်စာစစ်ဌာနတွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် အခြေခံပညာ အဋ္ဌမတန်းနှင့် စတုတ္ထတန်းစာမေးပွဲကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၅ ရက်အထိ ကျင်းပပြီးစီးခဲ့ရာ အဋ္ဌမတန်းတွင် ဝင်ရောက်ဖြေဆိုသူဦးရေ ၄၁၃၁ ဦးရှိပြီး စတုတ္ထတန်းဝင်ရောက်ဖြေဆိုသူဦးရေ ၆၂၃၂ ဦးရှိကြောင်း သိရသည်။

အဆိုပါ အဋ္ဌမတန်းနှင့် စတုတ္ထတန်းဖြေဆိုသူအောင်/ ရှုံးစာရင်းများ ဧပြီ ၁၈ ရက်က ထွက်ရှိခဲ့ရာ အဋ္ဌမတန်းတွင် ၄၀၃၁ ဦး ဝင်ရောက်ဖြေဆိုခဲ့သည့်အနက် အောင်မြင်သူ ၁၆၁၀ ဦးရှိပြီး ရာခိုင်နှုန်းအားဖြင့် ၃၉ ဒသမ ၉၄ ရှိကြောင်း သိရှိရပြီး စတုတ္ထတန်းတွင် ဝင်ရောက်ဖြေဆိုသူဦးရေ ၆၂၃၂ ဦးရှိခဲ့ရာ အောင်မြင်သူ ၄၈၈၆ ဦး အောင်မြင်ခဲ့ကြပြီး ရာခိုင်နှုန်းအားဖြင့် ၇၈ ဒသမ ၄၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ကယားပြည်နယ်တွင် အဋ္ဌမတန်းကို ဘာသာရပ်အလိုက် ကျ/ရှုံးသူဦးရေ ၂၄၂၀ ဦးရှိပြီး စတုတ္ထတန်းတွင် ကျ/ရှုံးသူဦးရေ ၁၃၄၆ ဦး ရှိကြောင်း သိရသည်။

အဆိုပါ အဋ္ဌမတန်းနှင့် စတုတ္ထတန်းတွင် ကျ/ရှုံးခဲ့ကြသော ကျောင်းသား ကျောင်းသူများကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြန်လည် ကုစားဖြေဆိုရန် ညွှန်ကြားထားသည်နှင့်အညီ ကယားပြည်နယ် ပညာရေးဌာနမှ ပြန်လည်ကုစားသင်ကြားဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါစာမေးပွဲကို မေ ၁၄ ရက်မှ ၁၆ ရက်အထိ တစ်ရက် နှစ်ဘာသာနှုန်းဖြင့် စစ်ဆေးသွားမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုသူသည် တစ်ဘာသာပျက်ကွက်ပါက သို့မဟုတ် တစ်ရက်နောက်ကျပါက စာမေးပွဲစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ရဲနောင်(လွိုင်ကော်)**

ပုသိမ်ကြီး၌ သက်ကြီးပူဇော်ပွဲ ကျင်းပ

ပုသိမ်ကြီး ဧပြီ ၁၉

မြန်မာနှစ်ဆန်း ၁ ရက် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ပုသိမ်ကြီးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧပြီ ၁၇ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုး၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမြစိုးနှင့် အဖွဲ့ဝင်များ၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်ဆန်းနှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြပြီး အသက် ၉၀ နှင့်အထက် အဘိုး၊ အဘွား ၅၀ တို့ကို လက်အုပ်ချီမိုး၍ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူစီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြကြောင်း သိရသည်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

KMD Education Services
Hot Line: 700895,220555
၂၀၁၄ - ၂၀၁၅ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ထူးချွန်စွာအောင်မြင်သော
ကျောင်းသား/ သူများ အတွက် KMD မှပေးအပ်ချီးမြှင့်သော ပညာတော်သင်ဆု
First Year Diploma in Computing (NCC, UK)
Higher National Diploma (SQA, UK)
ပညာတော်သင်ဆု - ၅၀%

PUN HLAING HOSPITAL
မြန်မာ့နှစ်သစ်ကူးအထူးအစီအစဉ်
ပန်းလှိုင်ဆေးရုံကြီးနှင့်ပန်းလှိုင်ဆေးခန်းတို့တွင်အဆင့်မြင့်ကျွမ်းကျင်သောဝန်ဆောင်မှုများနှင့်ကျန်းမာရေး
စစ်ဆေးခြင်းအစီအစဉ်များကို အထူးသက်သာသောနှုန်းထားများဖြင့် ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း
သတင်းကောင်းပါးအပ်ပါသည်။
April 1st ~ 30th Only
facebook Pun Hlaing Hospital
Email : marketing-phih@spa-mm.com

နတ်တလင်း၌ မြေတူးဖော်စဉ်တွေ့ရှိသည့် စေတီ နှစ် ၂၀၀ ကျော် သက်တမ်းရှိ

နတ်တလင်း ဧပြီ ၁၉

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် သရက်တပင်ကျေးရွာတွင် ရွာအတွင်းရှိ ခုံးတံတားပြုပြင်ရန်၊ အုတ်ဖုတ်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူးဦးမြင့်စိုး ဦးဆောင်၍ ရွာသူရွာသားများဝိုင်းဝန်းပြီး ကျောင်းကြီးရွာနှင့် သရက်တပင်သွားသော လမ်းဘေးရှိ ဦးမြင့်စိုးပိုင်ခြံမြေအတွင်း ဖေဖော်ဝါရီ ၁၅ရက်မှစတင်တူးရာ ၁၉ရက် ညနေ ၃ နာရီတွင် နဂါးလိုလိုနယား လိုလိုအကောင်၏ ကိုယ်ထည်ပိုင်းကို စတင်တွေ့ခဲ့သည်။

ဆက်လက်၍ တူးရာတွင် ဘုရားပုလ္လင်ထောင့်ပိုင်း ပေါ်လာသဖြင့် သက်ဆိုင်ရာဌာနများသို့ အကြောင်းကြားခြင်း၊ သံဃာတော်များ ပင့်ဖိတ်ပြီးပရိတ်တရားတော်များရွတ်ဖတ်ပူဇော်ခြင်း၊ ဆွမ်းလှူဒါန်းခြင်း၊ ကောင်းမှုကုသိုလ်များအတွက် ရေစက်ချအမျှပေးဝေခြင်းများ ဆောင်ရွက်ကြသည်။

မတ် ၂၈ ရက်တွင် ပြည်မြို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးဇော်မျိုးကျော်၊ ရှေးဟောင်းသုတေသနသင်တန်းကျောင်း ဦးစီးအရာရှိ ဦးထွန်းထွန်းအေး၊ နည်းပြ ဦးမာန်သစ်ငြိမ်းတို့ လာရောက် ကြည့်ရှုစစ်ဆေးခဲ့ရာ ယင်းစေတီမှာ ၁၉ရာစု ကိုလိုနီ ခေတ်ကဖြစ်ပြီး နှစ်ပေါင်း ၂၀၀ ကျော် ရှိပြီဖြစ်ကြောင်းနှင့် ကိုးတောင်ပြည့်စေတီ ဖြစ်သည်ဟု ပြောပြသည်။

ယင်းနေ့တွင် ငွေဖြင့်သွန်းလုပ် ပူဇော်ထားသော ဉာဏ်တော် သုံးလက်မခန့် ဘုရား နှစ်ဆူ၊ လုံးပတ်နှစ်လက်မ ပတ်လည်အမြင့် နှစ်လက်မခွဲ ကြေးခေါင်းလောင်း တစ်ခု၊ သစ်မြစ် လက်ဝါးပုံသဏ္ဌာန် တစ်ခုနှင့် ဥက္ကာခဲ ဆန်ဆန် အဖြူရောင်အခဲများတွေ့ရှိ၍ ဘုရားဖူးများ၊ လေ့လာလိုသူများ ဖူးတွေ့နိုင်ရန်ထားရှိသည်။

ဆက်လက် တူးဖော်ကြရာ စေတီပလ္လင်ပတ်လည်တွင် အရှေ့၊ အနောက်၊ တောင်၊ မြောက် အပေါက်လေးခုပါသော နဂါးရှစ်ကောင်ပတ်အုတ်ရိုးနှင့် အရုပ်များတွေ့ရသည်။ အရှေ့ပေါက် ဘယ်ညာတွင် နတ်ရုပ်နှစ်ရုပ်၊ အနောက်နှင့်တောင်၊ မြောက် အပေါက်တို့တွင် နဂါးဦးခေါင်းများ တွေ့ရသည်။

နဂါးအုတ်ရိုးက မြေအောက် လေးပေမြင့်ပြီး အုတ် ၁၆ လွှာဖြင့် ကာရံထားသည်။ အရှေ့တောင်ထောင့် မနုသီဟ၊ အနောက်တောင်ထောင့်တွင် မနုသီဟ၊ အနောက်မြောက် ထောင့်၌ နတ်ဘီလူးရုပ်တုနှင့် အရှေ့မြောက်ထောင့်တွင် ရင်ဘတ်လက်ယှက် နတ်ရုပ်တို့ဖြင့် အသီးသီးဝန်းရံထားသည်ကို တွေ့ရသည်။

နဂါး အရှည်ပေ ၂၀ စီရှိပြီး ကျောပြင်အကျယ် ၃ ပေ ၃ လက်မ၊ မျက်နှာစာတစ်ခုစီတွင် ၄၃ ပေ ရှည်၍ ဝင်ပေါက်များသည် သုံးပေအကျယ်ရှိသည်။ အလယ်ပလ္လင်နှင့် နဂါးအုတ်နံရံ အကွာအဝေး ၁၃ ပေ ခြောက်လက်မ၊ ပလ္လင်၏ထောင့်လေးထောင့်တွင် ခြင်္သေ့တစ်ကောင်စီရှိသည်။ လေ့လာရင်း ဘုရားဖူးလာလိုပါက နတ်တလင်းမြို့မှ အနောက်ဘက် နှစ်မိုင်ခန့်ကွာ ကျောင်းကြီးရွာနှင့် သရက်တပင်ရွာသွားသော လမ်းဘေးတွင်ရှိ၍ နတ်တလင်းမြို့ရောက်လျှင် မည်သူ့ကိုမဆို မေးမြန်းနိုင်ပြီး ဆိုင်ကယ်၊ သုံးဘီးကယ်ရီများဖြင့် လာရောက်နိုင်ကြောင်း တင်ပြအပ်ပါသည်။

တင်မြင့်-နတ်တလင်း

ကချင်၊ ရှမ်း၊ လီဆူ ဘိုးဘွား ၁၆၁ ဦးအား လွယ်ဂျယ်ရောက် မြန်မာများက သက်ကြီးပူဇော်

မိုးမောက် ဧပြီ ၁၉

ကချင်ပြည်နယ် မိုးမောက်မြို့နယ် လွယ်ဂျယ်မြို့ မြို့လယ်ဘုန်းတော်ကြီးကျောင်းတွင် ၁၃၇၇ ခုနှစ် နှစ်ဆန်း ၁ ရက်နေ့ နံနက် ၉ နာရီ က အသက် (၇၀)နှစ်နှင့်အထက် ဘိုးဘွားများအား သက်ကြီးပူဇော် ကန်တော့ပွဲကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့လယ်ကျောင်း သံဃနာယကဆရာတော်ဦးကောဝိဒ အမှူးပြုသော သံဃာတော်များ အား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး အသက် ၇၀နှင့် အထက် ရှမ်း၊ ကချင်၊ လီဆူ ဘိုးဘွား ၁၆၁ ဦးတို့ကို ထောက်ပံ့ငွေနှင့် အသုံးအဆောင်ပစ္စည်းများ၊ ကျန်းမာရေးဆိုင်ရာ ဆေးဝါးများဖြင့် ပူဇော်ကန်တော့ခဲ့ကြသည်။

သက်ကြီးပူဇော်ပွဲတွင် စုစုပေါင်း ငွေကျပ် ၁၆၁၀၀၀၀ လှူဒါန်းနိုင်ခဲ့ပြီး ယင်းပူဇော်ပွဲဖြစ်မြောက်စေရန် နယ်မြေခံတပ်ရင်းမှ ဒုတိယ ဗိုလ်မှူးကြီးဝင်းကျော်သူ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ နယ်မြေရဲစခန်းမှူး၊ ဌာနဆိုင်ရာများမှ ဦးစီးအရာရှိများနှင့် ဝန်ထမ်းမိသားစုများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်းပါဝင် လှူဒါန်းကန်တော့ခဲ့ကြကြောင်း သိရသည်။

ရင်ငြိမ်းပန်း

ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေး အသိပညာပေး

လားရှိုး မေ ၁၉

ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး အသိပညာပေး ပူးပေါင်းဆောင်ရွက်မှု သင်တန်းအမှတ်စဉ် (၁/၂၀၁၅) ဖွင့်ပွဲအခမ်းအနားကို ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူးရုံး (လားရှိုး)ခန်းမ၌ မေ ၇ ရက်က ကျင်းပသည်။

အခမ်းအနားသို့ ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး ပြည်နယ်၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဒုတိယ ပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် ရဲအရာရှိများ၊ သတင်းမီဒီယာများတက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်မြတ်မိုးက အမှာစကားပြောကြားရာ၌ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၂ ခုနှစ်များက ကျင်းပပြုလုပ်ခဲ့သော ရွေးကောက်ပွဲများတွင် ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများကိုအခြေခံပြီး အခက်အခဲများကို စနစ်တကျအောင်မြင်စွာ ကျော်လွှားနိုင်ရေးအတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် ဆောင်ရွက်နိုင်ရန် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး အသိပညာပေးသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

နေမျိုးနွယ်

အမျိုးသားတစ်ဦးအား အရက်ဆီဘူးအနီး သေဆုံးလျက်တွေ့ရှိ

မင်းလှ မေ ၁၉

မင်းလှမြို့နယ် ကုန်းကြီးကျေးရွာအနီးရှိ ဆောက်လုပ်ရေးကွင်းအတွင်းတွင် မေ ၁၃ ရက် ည ၁၀ နာရီက အမျိုးသားတစ်ဦး သေဆုံးနေကြောင်း သတင်းအရ မင်းလှမြို့မရဲစခန်းမှ ဒုရဲအုပ်ဇော်မင်းထိုက်နှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့ရာ သောင်းထွေး (၄၈နှစ်) ကုန်းကြီးရွာ မင်းလှမြို့နယ်နေသူအား ဆောက်လုပ်ရေးကွင်းရှိ တဲရှေ့ကွပ်ပျစ်ပေါ်တွင် အရှေ့ဘက်သို့ ခေါင်းလှည့်လျက် ပက်လက်အနေအထားဖြင့် ပြင်ပဒဏ်ရာမရှိဘဲ သေဆုံးနေပြီး ၎င်း၏ ခေါင်းရင်းသုံးပေခန့်အကွာတွင် အရက်အဆီ တစ်ဘူးကိုတွေ့ရှိခဲ့ကြောင်း၊ ၎င်းအမျိုးသားသေဆုံးခြင်းနှင့် ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ် သိရှိနိုင်ရန်အတွက် ဒုရဲအုပ်ဇော်မင်းထိုက်က တိုင်တန်းခဲ့သောကြောင့် မင်းလှမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

ကျော်ဇေယျ

ခရမ်းလွန်ရောင်ခြည် သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းမြင့်မားစွာရှိနေသော ယခုအချိန်တွင် ခရမ်းလွန်ရောင်ခြည်အန္တရာယ် ပိုမိုကျရောက်နိုင်ပါသည်။ ခရမ်းလွန်ရောင်ခြည်သည် လတ်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင်ညိုလာခြင်းတို့ဖြစ်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ရောဂါများ ဖြစ်ပွားနိုင်ပါသည်။

သို့ပါ၍ ပူပြင်းသော နေရောင်ခြည်ကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်း အလုပ်လုပ်ကိုင်သူများ၊ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားသူများ၊ သကြ်ာန်ရေကစားသူများ၊ ကလေးငယ်များအား အောက်ပါအတိုင်း သတိပြုကာကွယ်ရန်နှိုးဆော်အပ်ပါသည်။

၁။ ပူပြင်းသောနေရောင်ခြည်အောက်တွင် အလုပ်လုပ်ပါကမိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့အောင် ကာကွယ်ပါ။

၂။ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားရန် လိုအပ်ပါက မျက်နှာ၊ လည်ပင်း၊ ပခုံးတို့ပါ လုံခြုံသော ဦးထုပ်၊ ထီးစသည်တို့ကို ဆောင်းသွားပါ။

၃။ အဝတ်လွတ်ကင်းနေသော လက်၊ လည်ပင်းနှင့် ပခုံး စသည့်နေရာများကို သနပ်ခါးထူထူ (သို့) SPF 15+ ပါဝင်သော နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ ၁၅ မိနစ်ခန့် ကြိုလိမ်းရန်နှင့် နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ ၁၅ မိနစ်ခန့် ကြိုလိမ်းရန်နှင့် နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး ၂နာရီကြာပြီးတိုင်း နောက်တစ်ခါ ထပ်လိမ်းပါ။

၄။ ခရမ်းလွန်ရောင်ခြည်ကြောင့် မျက်စိထိခိုက်နိုင်ပါသဖြင့် အလှအပသက်သက်ထုတ်လုပ်ထားသော နေကာမျက်မှန်များထက် ၉၉ ရာခိုင်နှုန်း ကာကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို ရွေးချယ်အသုံးပြုပါ။

၅။ ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည်ကြောင့် ထိခိုက်မှုအန္တရာယ်ကိုပိုမိုခံစားရသောကြောင့် လူကြီးမိဘများအနေနှင့်
- အသက်တစ်နှစ်အောက်ငယ်သော ကလေးငယ်များကို နေပူထဲသို့ ခေါ်ဆောင်ခြင်းမပြုပါနှင့်။
- ကလေးများကို အရိပ်ထဲတွင်သာ ကစားပါစေ။
- အပြင်ထွက်ရန်လိုအပ်ပါက သနပ်ခါးထူထူ(သို့) နေရောင်ခံလိမ်းဆေးကို မျက်နှာ၊ လည်ပင်း၊ ပခုံး၊ နောက်ကြော၊ ခြေထောက်နှင့် ခြေဖမိုးပေါ်သို့လိမ်းပေးပါ။ ခရမ်းလွန်ရောင်ခြည်မဖောက်နိုင်သော အဝတ်ဝတ်ပေးပါ။ နေကာမျက်မှန်တပ်ပါ။ ဦးထုပ်၊ ထီးဆောင်းပေးပါ။

ကျန်းမာရေးဝန်ကြီးဌာန

မာလာတင်
အမျိုးသမီးကိုယ်ကာယအလှသင်တန်း

စာရင်းလက်ခံပြီ
၄-၅-၂၀၁၅ ရက် စမည်။
စုံစမ်းချိန်- နံနက် ၉ နာရီ
မှ
ညနေ ၃ နာရီအတွင်း

လူဦးရေ ကန့်သတ်သည်
အမှတ်(၂၉၇)၊ အခန်း(၆)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ရန်ကုန်မြို့
ဖုန်း-၃၈၄၉၂၄၊ ၃၇၉၇၃၅

ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(၁)၊ နဝမတန်း(K)မှ မသီတာအောင်နှင့် သတ္တမတန်း(B)မှ မရူပါအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးအောင်ဆန်း ၅/ကလထ(နိုင်) ၁၄၅၆၅၁ ဖြစ်ပါကြောင်း။
ဦးအောင်ဆန်း ၅/ကလထ(နိုင်)၁၄၅၆၅၁

အမည်ပြောင်း
မြိတ်မြို့နယ်၊ ကျောက်ဖျာကျေးရွာအုပ်စု၊ အဒွင်းရွာနေ အထက(၆) ကျွဲကူး၊ နဝမတန်း(B)မှ ဦးထွန်းဝေ၏သမီး မဖူးသက်ဝေအား မဖူးပွင့်ဝေဟု ပြောင်းလဲခေါ်ပါရန်။
မဖူးပွင့်ဝေ

ပြင်ဆင်ဖတ်ရှုပါရန်
ပန်းဘဲတန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆D², မြေကွက်အမှတ် II Class 14 မြေကွက်အား ဦးသိန်းဟန်+၂မှ ပိုင်ဆိုင်နှင့် စွန့်လွှတ်မြေပုံကူးလျှောက်ထားရာ ၃၀-၃-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ အချပ်ပို(ဂ)တွင် ပိုင်ဆိုင်နှင့် အရောင်းအစား ပိုင်ဆိုင်နှင့်စွန့်လွှတ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာဆုတောင်း

ကျွန်တော်များ **A.A.A** မိသားစု၏ ဖခင်ကြီး ဦးတင်ဝင်းအောင်နှင့် မိခင်ကြီး ဒေါ်ခင်ရီတို့သည် နှစ်ကိုယ်တစ်ဘဝအိမ်ထောင်ခရီးကို အေးအတူပူအမျှ မေတ္တာမယိုင်လဲဘဲ သစ္စာခိုင်မြဲစွာ ငယ်ကကျွမ်းနှင့် မခွဲစတမ်းလက်ကမ်းအတူ လျှောက်လှမ်းယှဉ်ခဲ့သည်မှာ ၂၀-၄-၂၀၁၅ရက်တွင် နှစ် (၅၀) ရွှေရတုတိုင်ခဲ့ပြီ ဖြစ်ပါသည်။ မိဘဝတ္တရားနှင့်အညီ သားသမီးများအပေါ် မေတ္တာရိပ်ပေး၍ ယနေ့တိုင် ဆုံးမလမ်းညွှန်စောင့်ရှောက်လျက်ရှိပါသော ဖခင်ကြီးနှင့် မိခင်ကြီးတို့အား နောင်စိန်ရတု မင်္ဂလာထက်ကျော်လွန်အသက်ရှည်လက်တွဲကြ၍ နန်းနိဗ္ဗူအတူလှမ်းနိုင်ကြပါစေကြောင်း ပူဇော်ဂါရဝဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

သားသမီးများ

ဦးမြင့်လွင်-ဒေါ်စီစီအောင် A.A.A ကုန်မျိုးစုံရောင်းဝယ်ရေး
ဦးဝင်းနိုင်-ဒေါ်သီသီအောင် A.A.A Wedding Hall & Restaurant
ဒေါ်ချိုချိုအောင် A.A.A ရေခဲမုန့်နှင့် Cyber Cafe
ဦးထက်နေအောင်-ဒေါ်ဥမ္မာစိုး A.A.A Mobile နှင့် Telenor Mobile ဖြန့်ချိရေး

မြေးများ

ဗိုလ်ကြီးစိုးလင်းမောင်-မရွှယ်မှူးပန်
မမေသိပ်ချစ်
မအေးချမ်းမော်
မောင်ဘုန်းသော်ခန့်
မောင်ဇွဲဝင့်ထက်

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန
လူမှုဖူလုံရေးရုံးချုပ်
ရုံးအမှတ်(၅၁)၊ နေပြည်တော်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့ လက်အောက်ရှိ ဆေးရုံကြီးများတွင် အသုံးပြုရန်လိုအပ်သော အောက်ပါဆေးပစ္စည်း ကိရိယာများကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ဝယ်ယူရန် စျေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်
ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ
(ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် /၂၀၁၅)
၁၃၇၇ ခုနှစ်၊ လ ရက်
(၂၀၁၅ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)
အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ၂၀၁၅ ခုနှစ်၊ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ရှေးဟောင်းအဆောက်အအုံ** ဆိုသည်မှာ ပုဒ်မ ၄ တွင် ဖော်ပြထားသော အဆောက်အအုံများကို ဆိုသည်။

(ခ) **ရှေးဟောင်းဇယားဝင်အဆောက်အအုံ** ဆိုသည်မှာ ဦးစီးဌာနက စောင့်ရှောက် ထိန်းသိမ်းပြုပြင်သော ရှေးဟောင်းအဆောက်အအုံများ စာရင်းတွင် ပါဝင်သော အဆောက်အအုံကို ဆိုသည်။

(ဂ) **ကာကွယ်ထိန်းသိမ်းခြင်း** ဆိုသည်မှာ အစွဲန့်ရှည်တည်တံ့စေရန်အလို့ငှာ ရှေးဟောင်းအဆောက်အအုံနှင့် ယင်း၏ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ခြင်း၊ ထိုအဆောက်အအုံကို ဝင်းကာရံခြင်းနှင့် အလွယ်တကူ ဝင်ရောက်နိုင်ရန် လိုအပ်သည့်အတိုင်း ပြုလုပ်ခြင်း၊ ရှေးမူမပျက် ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်း၊ ဆေးကြောသုတ်သင် မွမ်းမံခြင်းတို့ကို ရှေးဟောင်းသုတေသနဆိုင်ရာ အင်ဂျင်နီယာ နည်းလမ်း၊ ဓာတုဗေဒနည်းလမ်းအပါအဝင် သိပ္ပံနည်းကျ ထိန်းသိမ်း ပြုပြင်ခြင်းနှင့် အခြားနည်းလမ်းများဖြင့် ထိန်းသိမ်း**ကာကွယ်စောင့်ရှောက်ခြင်း**တို့ကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ယဉ်ကျေးမှုဝန်ကြီးဌာနကို ဆိုသည်။

(င) **ဦးစီးဌာန** ဆိုသည်မှာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနကို ဆိုသည်။

(စ) **ဦးစီးဌာနက လွှဲပြောင်းတာဝန်ပေးခြင်းခံရသည့်ဌာန** ဆိုသည်မှာ ပြည်နယ်၊ တိုင်းဒေသကြီးများတွင် ဖွင့်လှစ်ထားသော ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ဌာနခွဲများကို ဆိုသည်။

အခန်း(၂)
ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရှေးဟောင်းအဆောက်အအုံများ အစွဲန့်ရှည်တည်တံ့စေရေးအတွက် ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာ မူဝါဒကို အကောင်အထည်ဖော်နိုင်ရန်၊

(ခ) သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူတို့၏ ပြုလုပ်မှုကြောင့်ဖြစ်စေ၊ အခြားအကြောင်းများကြောင့်ဖြစ်စေ ရှေးဟောင်းအဆောက်အအုံများ ယိုယွင်းပျက်စီးခြင်း မရှိစေရေးအတွက် ကာကွယ်ထိန်းသိမ်းနိုင်ရန်၊

(ဂ) ရှေးဟောင်းအဆောက်အအုံများကို ကာကွယ်ထိန်းသိမ်းခြင်းဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေရန်နှင့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာစေရန်၊

(ဃ) ရှေးဟောင်းအဆောက်အအုံများ၏ တန်ဖိုးကြီးမားမှုကို အများပြည်သူတို့ သိရှိနားလည်နိုင်ကြစေရန်၊

(င) ရှေးဟောင်းအဆောက်အအုံများ ဖျက်ဆီးမှုမခံရစေရေးအတွက် ကာကွယ်စောင့်ရှောက်ရန်၊

(စ) ရှေးဟောင်းအဆောက်အအုံများကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်က သဘောတူလက်ခံထားသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း၊ ဒေသဆိုင်ရာ သဘောတူညီချက်များ ဌာနမှသတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒများနှင့်အညီ ဆောင်ရွက်ရန်။

အခန်း(၃)
ရှေးဟောင်းအဆောက်အအုံအဖြစ်သတ်မှတ်ခြင်း

၄။ ရှေးဟောင်းအဆောက်အအုံဟု ဦးစီးဌာနက စုံစမ်းစစ်ဆေးသည့်နေ့ရက်မတိုင်မီ နှစ်ပေါင်း ၁၀၀ က တည်ရှိသော သမိုင်းကြောင်းအရဖြစ်စေ၊ ယဉ်ကျေးမှုအရဖြစ်စေ၊ ဗိသုကာနှင့် အနုပညာလက်ရာအရဖြစ်စေ၊ ခေတ်ကာလအရဖြစ်စေ၊ ရှေးဟောင်း သုတေသနဆိုင်ရာအရဖြစ်စေ၊ တန်ဖိုးကြီးမားသောကြောင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သည့် မြေပေါ်မြေအောက်တွင် သော်လည်းကောင်း၊ ရေပေါ်ရေအောက်တွင်သော်လည်းကောင်း တည်ရှိသည့် ရွှေ့ပြောင်းနိုင်သော သို့မဟုတ် မရွှေ့မပြောင်းနိုင်သော အောက်ပါတို့ကို ရှေးဟောင်းအဆောက်အအုံများဟု သတ်မှတ်သည်-

(က) စေတီ၊ ပုထိုး၊ ဂူဘုရား၊ ဘုန်းတော်ကြီးကျောင်း၊ အုတ်ကျောင်း၊ ဇရပ်၊ သိမ် အပါအဝင် သာသနိကဆိုင်ရာ အဆောက်အအုံများ၊ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ အဆောက်အအုံများ၊ အုတ်ကုန်းများ၊ ပြိုကျပျက်စီးသွားပြီဖြစ်သည့် အပျက်အစီးများ၊

(ခ) ရှေးမြို့ဟောင်း၊ နန်းတော်၊ မြို့ရိုး၊ ကျုံး၊ မြေကတုတ်၊ တံခါး၊ မုခ်ဝ၊ မြို့ဝင်ပေါက်၊ ခံတပ်များ၊ လူနေအဆောက်အအုံများ၊ လူနေရာဌာန၊ ဥယျာဉ်၊ အလုပ်လုပ်ရာဌာနနှင့် ရှေးဟောင်းလူများ နေထိုင်ခဲ့သည့် ကုန်းဟောင်းများ ယင်းတို့၏ အကြွင်းအကျန်များ၊

(ဂ) သဘာဝအလျောက် တည်ရှိသည့် သို့မဟုတ် လူတို့ဖန်တီးသည့် ခိုအောင်း နေထိုင်ခဲ့သောဂူ၊ သဘာဝလိုဏ်ဂူ သို့မဟုတ် ရှေးဟောင်းကျောက်ဂူ၊ အခြားခိုအောင်းရာ နေရာနှင့် ရှေးဟောင်းလူများ သွားလာနေထိုင်ခဲ့သည့် ကုန်း၊ ရိုး၊ ချိုင့်၊ ကျင်း၊ လျှိုမြောင်၊ ကမ်းဆင့်နှင့် ပရိုင်းမိတ်များအပါအဝင် အခြားကျောက်ဖြစ်ရုပ်ကြွင်းများ တွေ့ရှိရာ ကျစ်ချောင်များစသည့် ဘူမိသဘာဝပတ်ဝန်းကျင်နေရာများ၊

(ဃ) ရှေးခေတ်လူတို့ အသုံးအဆောင်ပစ္စည်းများ ပြုလုပ်သည့်နေရာ၊ အိုးဖို၊ စဉ့်ဖို၊ သံချက်ဖိုနှင့် အခြားသတ္တုကျိုချက်သည့်ဖိုများနှင့် ဆက်စပ်နေရာများ၊

(င) ရှေးဟောင်းဖြစ်သည့် ဆောက်လုပ်ထုထောင်ထားသော အဆောက်အအုံ၊ ဖို့လုပ်ထားသော လမ်း၊ တံတား၊ တူးဖော်ထားသောနေရာ၊ တူးထားသောရေတွင်း၊ ရေကန်၊ ရေအိုင်နှင့် အထိမ်းအမှတ်အဖြစ် ပြုလုပ်ထားသော ကျောက်ပုံ၊ ကျောက်တိုင်၊ ကျောက်စု၊ သင်္ချိုင်းတွင်း၊ သင်္ချိုင်းတောင်ပို့၊ မြေမြှုပ်သင်္ဂြိုဟ်သောနေရာ၊ သင်္ဂြိုဟ်သော အဆောက်အအုံဗိမာန်၊

(စ) ကမ္ပည်းကျောက်စာ၊ မော်ကွန်းစသည်တို့နှင့် ၎င်းတို့ကို ထားရှိရာ အဆောက်အအုံ သို့မဟုတ် ကျောက်စာဂူ၊ အထိမ်းအမှတ်အဖြစ် ပြုလုပ်စိုက်ထူထားသည့် အရာဝတ္ထုများ၊ တိုင်များ၊ ကျောက်ချပ်များ၊

(ဆ) ဝန်ကြီးဌာနက ကွင်းဆင်းစစ်ဆေးပြီး ရှေးဟောင်းဇယားဝင် အဆောက်အအုံအဖြစ် မှတ်တမ်းထားရှိသည့် အခြားအဆောက်အအုံများ။

အခန်း(၄)
ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းခြင်း၊ အပ်နှံခြင်းနှင့် လက်ခံခြင်း

၅။ ရှေးဟောင်းအဆောက်အအုံအဖြစ် သတ်မှတ်ထားသည့် သက်တမ်းဖြစ်သော နှစ်ပေါင်း (၁၀၀)အတွင်း အကျုံးမဝင်သော်လည်း ယဉ်ကျေးမှု၊ သမိုင်း၊ ဗိသုကာ၊ အနုပညာလက်ရာ တန်ဖိုးကြီးမား၍ နိုင်ငံတော်မှ ကာကွယ်ထိန်းသိမ်းသင့်သည့် အဆောက်အအုံများနှင့် နေရာများကို ရှေးဟောင်းအဆောက်အအုံအဖြစ် သတ်မှတ်သည်။

၆။ ဝန်ကြီးဌာနသည် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) ရှေးဟောင်းအဆောက်အအုံများကို အစွဲန့်ရှည် တည်တံ့စေရန် ထိန်းသိမ်းခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း၊

(ခ) ရာသီဥတုဒဏ်၊ သဘာဝဘေးဒဏ်၊ အခြားနည်းလမ်းတစ်ခုခုကြောင့် ပျက်စီးမှုနှင့် လူတို့၏ပယောဂပြုလုပ်မှုကြောင့် ပျက်စီးမှုမဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်ထိန်းသိမ်းခြင်း၊

(ဂ) ရှေးဟောင်းအဆောက်အအုံများကို ပြည်သူလူထုက ဂုဏ်ယူမြတ်နိုး တန်ဖိုးထားလိုသော စိတ်ဓာတ်နှင့် ထိန်းသိမ်းလိုသော စိတ်ဓာတ်များဖြစ်ပေါ်စေရန် ပညာပေးအစီအစဉ်များ ဆောင်ရွက်ခြင်း။

၇။ ဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံတစ်ခုခုနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ယဉ်ကျေးမှု၊ သမိုင်း၊ ဗိသုကာ၊ အနုပညာလက်ရာတန်ဖိုးကြီးမား၍ ဌာနက ထိန်းသိမ်းထားသော အခြားမည်သည့် အဆောက်အအုံတစ်ခုခုနှင့်စပ်လျဉ်း၍ဖြစ်စေ အစွဲန့်ရှည် တည်တံ့စေရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်း၍ ရှေးဟောင်းအဆောက်အအုံများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

အချပ်ပို (ခ) သို့

ယမန်နေ့မှအဆက်

၁၁။ ရှေးဟောင်းဝတ္ထုပစ္စည်း ဟုတ်/မဟုတ်နှင့် စပ်လျဉ်း၍ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ) အရ ဦးစီးဌာန၏ တင်ပြချက်အပေါ် ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

အခန်း(၆)
ရှေးဟောင်းဝတ္ထုပစ္စည်းတွေ့ရှိကြောင်း သတင်းပို့ခြင်း

၁၂။ ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူမရှိသော ဝတ္ထုပစ္စည်းတစ်ခုခုကို တွေ့ရှိသူသည် အဆိုပါဝတ္ထုပစ္စည်းများမှာ ရှေးဟောင်းဝတ္ထုပစ္စည်းဖြစ်ကြောင်းသိရှိလျှင် သို့မဟုတ် သိတန်ရာသော အကြောင်းရှိလျှင် ထိုသို့တွေ့ရှိသည့်အချိန်မှ ၂၄ နာရီအတွင်း သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးသို့ သတင်းပို့ရမည်။

၁၃။ (က) ပုဒ်မ ၁၂ အရ သတင်းပေးပို့ချက်ကို လက်ခံရရှိသော ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ ဆက်လက်သတင်းပို့ရမည်ဖြစ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များကို ချက်ချင်းဆောင်ရွက်၍ သတင်းလက်ခံရရှိသည့် နေ့ရက်မှ ၇ ရက်အတွင်း ဦးစီးဌာနသို့ အကြောင်းကြားရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ(က)အရ အကြောင်းကြားချက်ကို ရရှိသည့်အခါ ရှေးဟောင်းဝတ္ထုပစ္စည်း ဟုတ်/မဟုတ် စစ်ဆေးခြင်းနှင့် လိုအပ်သလို ထိန်းသိမ်းစောင့်ရှောက်ခြင်း သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်စေခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

အခန်း(၇)
ရှေးဟောင်းဝတ္ထုပစ္စည်းနှင့်စပ်လျဉ်း၍ ခွင့်ပြုချက် လျှောက်ထားခြင်း

၁၄။ (က) အောက်ပါတစ်ခုခုကို ဆောင်ရွက်လိုသော ဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် ခွင့်ပြုချက်ရရှိရန် ဦးစီးဌာန သို့မဟုတ် ဦးစီးဌာနက လွှဲအပ်တာဝန်ပေးခြင်း ခံရသည့်ဌာနသို့ သတ်မှတ်ချက် များနှင့်အညီ လျှောက်ထားရမည်-

(၁) ရှေးဟောင်းဝတ္ထုပစ္စည်းကို မြေပေါ်မြေအောက်၊ ရေပေါ် ရေအောက်မှ တူးဖော်ခြင်း သို့မဟုတ် ရှာဖွေခြင်း၊

(၂) နိုင်ငံအချင်းချင်း ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်အရ ပြပွဲတွင် ခင်းကျင်းပြသရန်၊ သုတေသနပြုရန် သို့မဟုတ် ကာကွယ်ထိန်းသိမ်းခြင်းပြုရန်အလို့ငှာ ရှေးဟောင်းဝတ္ထုပစ္စည်းကို ပြည်ပသို့ သယ်ယူခြင်း သို့မဟုတ် ပို့ဆောင်ခြင်း၊

(၃) ရှေးဟောင်းဝတ္ထုပစ္စည်းကို ပြည်တွင်းတွင် တစ်နေရာမှ တစ်နေရာသို့ သယ်ယူခြင်း သို့မဟုတ် ပို့ဆောင်ခြင်း၊

(၄) ဦးစီးဌာန၏ လက်ဝယ်တွင် ထိန်းသိမ်းထားသော ရှေးဟောင်းဝတ္ထုပစ္စည်းကို ဓာတ်ပုံရိုက်ကူးခြင်း၊ ဗီဒီယိုဖြစ်စေ၊ ရုပ်ရှင်ဖြစ်စေ ရိုက်ကူးခြင်း သို့မဟုတ် စီးပွားရေးအလို့ငှာ ပုံတူပွားခြင်း၊

(၅) ဦးစီးဌာန၏လက်ဝယ်တွင် ထိန်းသိမ်းထားသော ရှေးဟောင်းဝတ္ထုပစ္စည်း၏ ပုံကို စီးပွားရေးအလို့ငှာ မိတ္တူပွားယူခြင်း သို့မဟုတ် ပုံကူးယူခြင်း။

(ခ) ဦးစီးဌာန သို့မဟုတ် ဦးစီးဌာနက လွှဲအပ်တာဝန်ပေးခြင်းခံရသည့် ဌာနသည် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က)အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုချက်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

အခန်း (၈)
ပြစ်မှုနှင့် ပြစ်ဒဏ်များ

၁၅။ မည်သူမဆို ရှေးဟောင်းဝတ္ထုပစ္စည်းကို ခွင့်ပြုချက်မရှိဘဲ ပြည်ပသို့ သယ်ယူခြင်း သို့မဟုတ် ပို့ဆောင်ခြင်းဖြစ်စေ၊ ယင်းသို့ ပြုမှုအားထုတ်ခြင်းဖြစ်စေပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး ၅ နှစ်မှ အများဆုံး ၁၀ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၁၆။ မည်သူမဆို ရှေးဟောင်းဝတ္ထုပစ္စည်းကို မူလပုံစံပျက်ယွင်းစေခြင်း သို့မဟုတ် ဖျက်ဆီးခြင်းဖြစ်စေ၊ ခွင့်ပြုချက်မရှိဘဲ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်မှ တူးဖော်ခြင်း သို့မဟုတ် ရှာဖွေခြင်းဖြစ်စေပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး ၃ နှစ်မှ အများဆုံး ၇ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၁၇။ မည်သူမဆို ရှေးဟောင်းဝတ္ထုပစ္စည်းကို စီးပွားရေးအလို့ငှာရောင်းချရန် ရည်ရွယ်ချက်ဖြင့် စုဆောင်းထားရှိခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်းဖြစ်စေ၊ စီးပွားရေးအလို့ငှာ ရောင်းချခြင်း သို့မဟုတ် ဝယ်ယူခြင်းဖြစ်စေပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၅ နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့် အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၁၈။ မည်သူမဆို ခွင့်ပြုချက်မရှိဘဲ အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်-

(က) ရှေးဟောင်းဝတ္ထုပစ္စည်းကို မြန်မာနိုင်ငံအတွင်း တစ်နေရာမှ တစ်နေရာသို့ သယ်ယူခြင်း သို့မဟုတ် ပို့ဆောင်ခြင်း၊

(ခ) ဦးစီးဌာန၏ လက်ဝယ်တွင် ထိန်းသိမ်းထားရှိသော ရှေးဟောင်းဝတ္ထုပစ္စည်းကို ဓာတ်ပုံရိုက်ကူးခြင်း၊ ဗီဒီယိုဖြစ်စေ၊ ရုပ်ရှင်ဖြစ်စေ ရိုက်ကူးခြင်း သို့မဟုတ် စီးပွားရေးအလို့ငှာ ပုံတူပွားခြင်း၊

(ဂ) ဦးစီးဌာန၏ လက်ဝယ်တွင် ထိန်းသိမ်းထားရှိသော ရှေးဟောင်းဝတ္ထုပစ္စည်း၏ ပုံကို စီးပွားရေးအလို့ငှာ မိတ္တူပွားယူခြင်း သို့မဟုတ် ပုံတူကူးယူခြင်း။

၁၉။ မည်သူမဆို ရှေးဟောင်းဝတ္ထုပစ္စည်းနှင့် စပ်လျဉ်း၍ ပုဒ်မ ၁၂ပါ ပြဋ္ဌာန်းချက်နှင့်အညီ သတင်းပေးပို့ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်။

အခန်း (၉)
အထွေထွေ

၂၀။ ဝန်ကြီးဌာနသည် မြန်မာ့မူရင်းမဟုတ်သော ရှေးဟောင်းဝတ္ထုပစ္စည်းနှင့် စပ်လျဉ်း၍-

(က) မူလပိုင်ဆိုင်သူဖြစ်ကြောင်း အထောက်အထားခိုင်လုံစွာ တင်ပြတောင်းခံလာသော နိုင်ငံတစ်ခုခု၊ ဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား အဆိုပါပစ္စည်းကို ဥပဒေနှင့်အညီ ပြန်လည်လွှဲပြောင်း ပေးအပ်နိုင်သည်။

(ခ) မည်သည့်နိုင်ငံ၊ ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကမျှ တင်ပြတောင်းခံခြင်းမရှိလျှင် ယင်းပစ္စည်းကို နိုင်ငံတော်ပိုင်အဖြစ်သိမ်းယူပြီး သင့်လျော်သလို စီမံခန့်ခွဲဆောင်ရွက်နိုင်သည်။

၂၁။ ဝန်ကြီးဌာနသည် ရှေးဟောင်းဝတ္ထုပစ္စည်းတည်ရှိသည်ဟု ပေါ်ပေါက်သောမြေကို သို့မဟုတ် ထိုမြေ၏ တစ်စိတ်တစ်ဒေသကို မြေသိမ်းအက်ဥပဒေအရ နိုင်ငံတော်အကျိုးငှာ သိမ်းယူနိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၂၂။ ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခုတွေ့ရှိသူ သို့မဟုတ် အပ်နှံသူအား ယင်းပစ္စည်းနှင့် စပ်လျဉ်း၍ ပိုင်ရှင်ဟု မှတ်ယူခြင်းမပြုဘဲ အကျိုးခံစားခွင့်ရှိသူဟုသာ မှတ်ယူရမည်။

၂၃။ ဝန်ကြီးဌာနသည် ရှေးဟောင်းဝတ္ထုပစ္စည်းကို ကာကွယ်ထိန်းသိမ်းခြင်းပြုနိုင်ရန်ဖြစ်စေ၊ ရှေးဟောင်းဝတ္ထုပစ္စည်းကို ဝယ်ယူရန်ဖြစ်စေ စေတနာအလျောက် လှူဒါန်းသောငွေကို လက်ခံထိန်းသိမ်းပြီး စီမံခန့်ခွဲနိုင်သည်။

၂၄။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၂၅။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့တင်ပို့ရန် မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့် အညီ စီမံခန့်ခွဲသည့် အမိန့်ချမှတ်ရမည်။

၂၆။ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၂၈ ဖြင့် ရုပ်သိမ်းသည့် ၁၉၅၇ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၂၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည်၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ဦးစီးဌာနသည် ညွှန်ကြားချက်ကို လည်းကောင်း ထုတ်ပြန်နိုင်သည်။

၂၈။ ၁၉၅၇ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများအက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

အချပ်ပို(က)မှ

(ခ) ရှေးဟောင်းအဆောက်အအုံကို ပြုပြင်မွမ်းမံရန်နှင့် မပျက်စီးအောင် ထိန်းသိမ်းထားရန်အလို့ငှာ ပိုင်ရှင်နှင့်ညှိနှိုင်း၍ ထိန်းသိမ်းပြုပြင်ခြင်း၊

(ဂ) ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူမရှိသော ရှေးဟောင်းအဆောက်အအုံကို နိုင်ငံတော်ပိုင်အဖြစ် သတ်မှတ်၍ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ရှေးဟောင်းအဆောက်အအုံတစ်ခုခုကို နိုင်ငံတော်အကျိုးငှာ သိမ်းယူပြီး ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(င) နိုင်ငံတော်အတွင်း ဒေသအသီးသီးရှိ ရှေးဟောင်းအမွေအနှစ်ဆိုင်ရာတန်ဖိုးကြီးမားသည်ဟု သတ်မှတ်သော ရှေးဟောင်းအဆောက်အအုံများကို ထိန်းသိမ်းထားရှိခြင်းနှင့် ပြည်သူလူထု လေ့လာကြည့်ရှုနိုင်ရန် ပြသခြင်း။

၈။ ဝန်ကြီးဌာနသည်-

(က) ပုဂ္ဂိုလ်တစ်ဦးဦးက ပိုင်ဆိုင်သည့် လက်ဆောင်ရရှိသည့်၊ သေတမ်းစာအရဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ လက်ခံရရှိသည့် သို့မဟုတ် အမွေဆက်ခံရရှိသည့် ရှေးဟောင်းအဆောက်အအုံ၊ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာတန်ဖိုးရှိသည့် မည်သည့်အဆောက်အအုံကိုမဆို လာရောက်အပ်နှံပါကလက်ခံ၍ ထိန်းသိမ်းထားရှိနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ လက်ခံထိန်းသိမ်းထားသော ရှေးဟောင်းအဆောက်အအုံအား အပ်နှံသူ သို့မဟုတ် အဖွဲ့အစည်းတို့သည် ပိုင်ဆိုင်ကြောင်း အထောက်အထားအခိုင်အမာ တင်ပြနိုင်သူကိုသာ အကျိုးခံစားခွင့်ရှိသူအဖြစ်သတ်မှတ်၍ ယင်းအဆောက်အအုံအတွက် သင့်လျော်သော ချီးမြှင့်ငွေပေးအပ်နိုင်သည်။

၉။ (က) ဝန်ကြီးဌာနသည် ထိခိုက်ဆွေးမြည့်ခြင်း၊ ပျက်စီးခြင်း၊ ပုံသဏ္ဌာန်ပြောင်းလဲခံရခြင်း သို့မဟုတ် ရွှေ့ပြောင်းခံရမည့် အန္တရာယ်ရှိခြင်း၊ အကြောင်းကြောင်းကြောင့် ပျက်စီးနိုင်သည်ဟု ထင်မြင်ယူဆရသော ရှေးဟောင်းအဆောက်အအုံကို သက်ဆိုင်ရာ ပိုင်ရှင် သို့မဟုတ် ပိုင်ဆိုင်ခွင့်ရှိသူထံမှ သင့်လျော်သောတန်ဖိုးဖြင့် ဝယ်ယူပြီး ထိန်းသိမ်းစောင့်ရှောက်ခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ(က)အရ ဝန်ကြီးဌာန၏ ဆောင်ရွက်နိုင်ခွင့်သည် အောက်ပါ ရှေးဟောင်းအဆောက်အအုံများနှင့် သက်ဆိုင်ခြင်းမရှိစေရ-

(၁) တိုင်းရင်းသားတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာအရ အသုံးပြုနေသော ရှေးဟောင်းအဆောက်အအုံနှင့်ဘာသာရေးဝတ်ပြုကိုးကွယ်မှုအတွက် အမှန်တကယ်အသုံးပြုနေသော ရှေးဟောင်းအဆောက်အအုံ၊

(၂) ပိုင်ရှင်က မိမိ သို့မဟုတ် မိမိ၏ဘိုးဘွားစဉ်ဆက် သို့မဟုတ် မိမိ၏မိသားစုတွင် ပါဝင်သူတစ်ဦးဦးနှင့် ပတ်သက်၍ ခိုင်လုံသောအကြောင်းပြချက်ဖြင့် ကိုယ်ပိုင်ထိန်းသိမ်းထားရှိလိုသည့် ရှေးဟောင်းအဆောက်အအုံ။

၁၀။ ဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းခြင်း၊ အပ်နှံခြင်း၊ လက်ခံခြင်းများနှင့် စပ်လျဉ်းသည့် လုပ်ငန်းတာဝန်များကို ဦးစီးဌာနသို့ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

အခန်း(၅)
ရှေးဟောင်းအဆောက်အအုံကို စစ်ဆေးခြင်း

၁၁။ ဦးစီးဌာနသည်-

(က) အဆောက်အအုံ တစ်ခုခုနှင့်စပ်လျဉ်း၍ ရှေးဟောင်းအဆောက်အအုံ ဟုတ်၊ မဟုတ် စိစစ်ရန် လိုအပ်ပါက စစ်ဆေးပြီး အဆုံးအဖြတ်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဆောင်ရွက်ရာတွင် ရှေးဟောင်းအဆောက်အအုံ ဟုတ်၊ မဟုတ် အဆုံးအဖြတ်ပေးရေးအတွက် အငြင်းပွားဖွယ်ရာကိစ္စတစ်စုံတစ်ရာပေါ်ပေါက်လျှင် ဝန်ကြီးဌာနသို့တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၁၂။ ရှေးဟောင်းအဆောက်အအုံ ဟုတ် မဟုတ်နှင့်စပ်လျဉ်း၍ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) အရ ဦးစီးဌာန၏ တင်ပြချက်အပေါ် ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

အခန်း(၆)
ရှေးဟောင်းအဆောက်အအုံတွေ့ရှိကြောင်း သတင်းပို့ခြင်း

၁၃။ ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူမရှိသော မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်မှ ရှေးဟောင်းအဆောက်အအုံကိုတွေ့ရှိသူသည် အဆိုပါအဆောက်အအုံမှာ ရှေးဟောင်းအဆောက်အအုံဖြစ်ကြောင်းသိရှိလျှင် သို့မဟုတ် သိတန်ရာသောအကြောင်းရှိလျှင် သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးသို့ အမြန်ဆုံးသတင်းပေးပို့ရမည်။

၁၄။ (က) ပုဒ်မ ၁၃ အရ သတင်းပေးပို့ချက်ကို လက်ခံရရှိသော ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ ဆက်လက်သတင်းပို့ရမည်ဖြစ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များကို ချက်ချင်းဆောင်ရွက်၍ အမြန်ဆုံး ဦးစီးဌာနသို့ အကြောင်းကြားရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ(က) အရ အကြောင်းကြားချက်ကို ရရှိသည့်အခါ ရှေးဟောင်းအဆောက်အအုံဟုတ်မဟုတ် စစ်ဆေးခြင်းနှင့် လိုအပ်သလို ထိန်းသိမ်းစောင့်ရှောက်ခြင်း သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်စေခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

အခန်း(၇)
ကြိုတင်ခွင့်ပြုချက်လျှောက်ထားခြင်း၊ စိစစ်ခြင်းနှင့် ထုတ်ပေးခြင်း

၁၅။ အောက်ပါကိစ္စရပ်တစ်ခုခုကို ဆောင်ရွက်လိုသော ဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် တည်ဆဲအခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည့်အပြင် ဤဥပဒေအရလည်း ကြိုတင်ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်-

(က) ရှေးဟောင်းအဆောက်အအုံ၏ မူလပုံသဏ္ဌာန်ကိုဖြစ်စေ၊ မူလလက်ရာကိုဖြစ်စေ၊ ပြောင်းလဲခြင်းမရှိစေဘဲ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်း ဆောင်ရွက်ခြင်း၊

(ခ) ရှေးဟောင်းအဆောက်အအုံကို ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ ဝင်းခြံ နယ်နိမိတ် တိုးချဲ့ခြင်း၊

(ဂ) ရှေးဟောင်းအဆောက်အအုံအနီးတွင် အဆောက်အအုံအသစ်တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း သို့မဟုတ် ပြုပြင်ခြင်း သို့မဟုတ် ဝင်းခြံကာရံခြင်း သို့မဟုတ် ချဲ့ထွင်ခြင်း၊

(ဃ) ရှေးဟောင်းအဆောက်အအုံ၏ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ တစ်ခုလုံးကို ဖြစ်စေ ပြုပြင်ဆောင်ရွက်ခြင်း၊ မွမ်းမံထိန်းသိမ်းခြင်း၊

(င) ရှေးဟောင်းအဆောက်အအုံများကို အင်္ဂတေသရွတ်ကိုင်ခြင်း၊ မွမ်းမံခြင်း၊ ထုံးသုတ်ခြင်း၊ ဆေးသုတ်ခြင်း၊ ရွှေသက်နန်းကပ်ခြင်း၊ ထီးတင်ခြင်း၊

(စ) ရှေးဟောင်းအဆောက်အအုံအနီး၌ သိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း၊ မုခ်ဦး၊ တံတိုင်း၊ ဗြိဟ်တိုင်၊ တံခွန်တိုင်၊ ရုပ်တုများ၊ နတ်ရုပ်များနှင့် အခြားအဆောက်အအုံများ အသစ်တည်ဆောက်ခြင်း၊

(ဆ) ရှေးဟောင်းအဆောက်အအုံများအား မူလလက်ရာအတိုင်း ပြန်လည်ဖြည့်စွက်တည်ဆောက်ခြင်း၊

(ဇ) ရှေးဟောင်းအဆောက်အအုံတည်ရှိရာနေရာများသို့ ကွင်းဆင်းလေ့လာရှာဖွေခြင်းနှင့် တူးဖော်သုတေသနပြုခြင်း၊

(ဈ) ရှေးဟောင်းအဆောက်အအုံကို ဂေါပက သို့မဟုတ် အဖွဲ့အစည်းများဖွဲ့စည်း၍ ထိန်းသိမ်းစောင့်ရှောက်ခြင်း။

၁၆။ ဦးစီးဌာန သို့မဟုတ် ဦးစီးဌာနက လွှဲအပ်တာဝန်ပေးခြင်းခံရသည့်ဌာနသည် ပုဒ်မ ၁၅ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

အခန်း (၈)
တားမြစ်ချက်များ

၁၇။ မည်သူမျှ ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူမရှိသော ရှေးဟောင်းအဆောက်အအုံတွေ့ရှိခြင်းနှင့်စပ်လျဉ်း၍ ဤဥပဒေပါ သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ သတင်းပို့ရန် ပျက်ကွက်ခြင်းမရှိရ။

၁၈။ မည်သူမျှ ရှေးဟောင်းအဆောက်အအုံ၏ သတ်မှတ်ထားသော ပရဝဏ်အတွင်းတွင် အောက်ပါတစ်ခုခုကို မပြုလုပ်ရ-

(က) ရှေးဟောင်းအဆောက်အအုံကို ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေရန် ဆောင်ရွက်ခြင်း၊

(ခ) ရှေးဟောင်းအဆောက်အအုံ၏ မူလပုံသဏ္ဌာန်ကိုဖြစ်စေ၊ မူလလက်ရာကိုဖြစ်စေ ပြောင်းလဲစေရန် ရည်ရွယ်ချက်တစ်ခုခုဖြင့် ပြုလုပ်ခြင်း၊

(ဂ) ရှေးဟောင်းဝတ္ထုပစ္စည်းရှာဖွေရန် တူးဖော်ခြင်း၊

(ဃ) ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက်ရတနာ သို့မဟုတ် ဓာတ်သတ္တုရှာဖွေရန် တူးဖော်ခြင်း၊ ရေနံ၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ သွယ်တန်းခြင်း၊ စက်ရုံ အလုပ်ရုံများတည်ဆောက်ခြင်း၊ မဟာဓာတ်အားလိုင်းများ သွယ်တန်းခြင်း၊ လမ်းဖောက်လုပ်ခြင်း၊ တံတားတည်ဆောက်ခြင်း၊ လေယာဉ်ကွင်း တည်ဆောက်ခြင်း၊ ဆည်မြောင်း၊ တာတမံများ တည်ဆောက်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း၊

(င) ရေတွင်း၊ ရေကန်၊ တူးမြောင်း၊မွေးမြူရေးကန်များ တူးဖော်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း၊

(စ) ကျောက်ထုတ်လုပ်ခြင်း၊ မိုင်းဖောက်ခွဲခြင်းနှင့် တုန်ခါအောင်ပြုလုပ်ခြင်း၊

(ဆ) ရှေးဟောင်းအဆောက်အအုံမှ မူလအစိတ်အပိုင်းများ၊ အနုပညာလက်ရာပစ္စည်းများ ဖြုတ်ခွာယူခြင်း၊ ဖယ်ရှားခြင်း၊

(ဇ) ရှေးဟောင်းအဆောက်အအုံ၏အနီးနှင့် ပတ်ဝန်းကျင်မြင်ကွင်း၌ ဦးစီးဌာနက ဒေသအလိုက် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ကိုက်ညီခြင်း မရှိသော အဆောက်အအုံကို ဆောက်လုပ်ခြင်း၊

(ဈ) ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် ရှေးဟောင်းအဆောက်အအုံကို ထိခိုက်စေနိုင်သည့် အခြားဆောင်ရွက်မှု တစ်စုံတစ်ရာ ပြုလုပ်ခြင်း။

၁၉။ မည်သူမျှ ရှေးဟောင်းအဆောက်အအုံမှ သတ်မှတ်ထားသော ဇုန်ယာအတွင်းတွင် ဤဥပဒေအရ ထုတ်ပေးသည့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အောက်ပါတစ်ခုခုကို မပြုလုပ်ရ-

(က) ရှေးဟောင်းအဆောက်အအုံကို ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်း ဆောင်ရွက်ခြင်း၊

(ခ) အဆောက်အအုံအသစ်တည်ဆောက်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဝင်းခြံနယ်နိမိတ် တိုးချဲ့ခြင်း၊

(ဂ) မြို့၊ ရပ်ကွက်၊ ကျေးရွာများအား တိုးချဲ့ခြင်း၊

(ဃ) ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ဟိုတယ်များ၊ စက်ရုံ အလုပ်ရုံများအပါအဝင် အဆောက်အအုံအသစ်များ တည်ဆောက်ခြင်း၊

(င) သိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း၊ မုခ်ဦး၊ တံတိုင်း၊ ဗြိဟ်တိုင်၊ တံခွန်တိုင်၊ ရုပ်တုများ၊ နတ်ရုပ်များနှင့် အခြားအဆောက်အအုံများ အသစ်တည်ဆောက်ခြင်း၊

(စ) လမ်းဖောက်လုပ်ခြင်း၊ တံတား၊ ဆည်မြောင်း၊ တာတမံ တည်ဆောက်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း၊

(ဆ) မြေမျက်နှာသွင်ပြင် ပျက်စီးစေသည့် ရွှေကျင်ခြင်း၊ မြေတူးဖော်ခြင်း၊ အုတ်ဖုတ်ခြင်း၊ ရေတွင်းရေကန်၊ ချောင်း၊ မြောင်း၊ လျှို/ ချိုင့်များ တူးခြင်း၊ ဖို့ခြင်း၊ မြေညှိခြင်း၊ မိုင်းခွဲခြင်း၊ ကျောက်တူးခြင်း၊ ကျောက်စရစ်/ သဲထုတ်ယူခြင်း၊ ကုန်းများ၊ တောင်များ ဖြိုဖျက်ခြင်း၊

(ဇ) ရှေးဟောင်းအဆောက်အအုံကို ထိခိုက်စေမည့် တုန်ခါမှုများဖြစ်ပေါ်စေသော ယာဉ်ကြီးများ၊ ကုန်တင်ယာဉ်များသွားလာခြင်း၊

(ဈ) ထွန်ယက်စိုက်ပျိုးခြင်း၊ ဥယျာဉ်စိုက်ပျိုးခြင်း၊ တိရစ္ဆာန်များမွေးမြူခြင်း၊ ခြံစည်းရိုးများပြုလုပ်ခြင်း၊ ရှေးဟောင်းအဆောက်အအုံများသို့ သွားမရအောင် ခြံခတ်ခြင်း၊

(ည) ဦးစီးဌာနမှ ထိန်းသိမ်းစောင့်ရှောက်ထားသော ရှေးဟောင်းအဆောက်အအုံကို စီးပွားရေးအလို့ငှာ ဓာတ်ပုံဖြစ်စေ၊ ဗီဒီယိုဖြစ်စေ၊ ရုပ်ရှင်ဖြစ်စေရိုက်ကူးခြင်း သို့မဟုတ် ပုံတူပွားခြင်း၊ ပုံစံငယ်ပြုလုပ်ခြင်း ။

အခန်း (၉)
ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၀။ မည်သူမဆို ပုဒ်မ ၁၇ ပါပြဋ္ဌာန်းချက် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်အနည်းဆုံး ၃ နှစ်မှ အများဆုံး ၇ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၂၁။ မည်သူမဆို ပုဒ်မ ၁၈၊ ပုဒ်မခွဲ (က၊ ခ၊ ဂ၊ ဃ၊ င၊ စ၊ ဆ၊ ဇ၊ ဈ) ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၅ နှစ်ထက် မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၂၂။ မည်သူမဆို ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ည) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၃။ မည်သူမဆို ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၄။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်အရ ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် တရားရုံးသည် အောက်ပါအမိန့်တစ်ခုခုကိုလည်း ချမှတ်ရမည်-

(က) တည်ဆောက်ထားသည့် အဆောက်အအုံကို ဖျက်သိမ်းစေခြင်း၊

(ခ) တိုးချဲ့ထားသည့် အဆောက်အအုံ သို့မဟုတ် ဝင်းခြံနယ်နိမိတ်ကို မူလအတိုင်း ပြန်လည်ပြုလုပ်စေခြင်း၊

(ဂ) ပုံသဏ္ဌာန်ပြောင်းလဲပြင်ဆင်ထားသည့် အဆောက်အအုံ သို့မဟုတ် မြေကို မူလပုံသဏ္ဌာန်အတိုင်း ပြန်လည်ပြုလုပ်စေခြင်း။

၂၅။ မည်သူမဆို ပုဒ်မ ၂၃ အရ ချမှတ်သည့်အမိန့်ကို လိုက်နာရန် ပျက်ကွက်လျှင် ယင်းအမိန့်ကို လိုက်နာရန်ပျက်ကွက်သည့် နေ့အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ် ကျပ်ငါးသောင်းမှ ကျပ်တစ်သိန်းအထိ ချမှတ်ခြင်းခံရမည်။

အခန်း (၁၀)
အထွေထွေ

၂၆။ ဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံတည်ရှိသောမြေကို သို့မဟုတ် ထိုမြေ၏ တစ်စိတ်တစ်ဒေသကို မြေသိမ်းအက်ဥပဒေအရ နိုင်ငံတော်အကျိုးငှာ သိမ်းယူနိုင်ရေးအတွက် သက်ဆိုင်ရာနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၂၇။ ရှေးဟောင်းအဆောက်အအုံတစ်ခုခု တွေ့ရှိသူ သို့မဟုတ် အပ်နှံသူအား ယင်းအဆောက်အအုံနှင့်စပ်လျဉ်း၍ ပိုင်ရှင်ဟု မှတ်ယူခြင်းမပြုဘဲ အကျိုးခံစားခွင့်ရှိသူဟုသာ မှတ်ယူရမည်။

၂၈။ ဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံကို ကာကွယ်ထိန်းသိမ်းနိုင်ရန်ဖြစ်စေ၊ ရှေးဟောင်းအဆောက်အအုံကို လွှဲပြောင်းရယူရန်ဖြစ်စေ၊ စေတနာအလျောက် လှူဒါန်းသောငွေကို လက်ခံထိန်းသိမ်းပြီး စီမံခန့်ခွဲနိုင်သည်။

၂၉။ ဤဥပဒေပုဒ်မ ၂၂ နှင့် ၂၃ တို့ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၀။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် သက်သေခံ အဆောက်အအုံသည် တရားရုံးရှေ့သို့တင်ပို့ရန် မလွယ်ကူသောကြောင့် ယင်းသက်သေခံအဆောက်အအုံကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့် အမိန့်ချမှတ်ရမည်။

၃၁။ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်စောင့်ရှောက်ရေး ရဲတပ်ဖွဲ့ (Cultural Heritage Police) ဖွဲ့စည်းရန် ဝန်ကြီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခွင့်ရှိသည်။

၃၂။ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၂၈ ဖြင့် ရုပ်သိမ်းသည့် ၁၉၅၇ ခုနှစ် ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော လုပ်ထုံးလုပ်နည်းများ ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ ဦးစီးဌာနသည် အမိန့်နှင့် ညွှန်ကြားချက်များကို လည်းကောင်း ထုတ်ပြန်နိုင်သည်။

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

စီအင်န်ဂျီယာဉ်များအား ၂၄ နာရီပတ်လုံး ဖြည့်တင်းပေးနိုင်တော့မည့် စီအင်န်ဂျီ အရောင်းဆိုင်အမှတ် (၀၄၂) (ထောက်ကြန့်) တည်ဆောက်ပြီးစီး

ကမ္ဘာပေါ်ရှိ နိုင်ငံအများအပြားတွင် သဘာဝဓာတ်ငွေ့အား မော်တော်ယာဉ်သုံးလောင်စာဆီအဖြစ် ပိုမိုအသုံးပြုလာကြကြောင်း လေ့လာသိရှိရပါသည်။ ထို့အပြင် ကမ္ဘာ့နိုင်ငံအသီးသီး၏ မြို့ကြီးများတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီတို့ဖြင့် မောင်းနှင်အသုံးပြုခြင်းဖြင့် များပြားလှသည့်မော်တော်ယာဉ်များမှ ထွက်ရှိသည့် ကာဗွန်ဓာတ်ငွေ့များကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လေထုညစ်ညမ်းမှုများဖြစ်ပေါ်၍ ကမ္ဘာလုံးဆိုင်ရာအပူချိန်မြင့်တက်မှုကို ပိုမိုအားပေးရာရောက်ပြီး သက်ရှိများအတွက် အန္တရာယ်တိုးမြင့်လျက်ရှိကြောင်း သိပ္ပံပညာရှင်များက လေ့လာဆန်းစစ်၍ သတိပေးမှုများအား တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။ ယနေ့အချိန်တွင် ကမ္ဘာ့နိုင်ငံအသီးသီး၌ သန့်ရှင်းသောလောင်စာဆီ (Clean Fuel) ဟု သတ်မှတ်ထားသော သဘာဝဓာတ်ငွေ့အား မော်တော်ယာဉ်သုံး လောင်စာဆီအဖြစ် အစားထိုးအသုံးပြုလာခြင်းကြောင့် သဘာဝပတ်ဝန်းကျင်နှင့်သက်ရှိလောကအား ထိခိုက်မှုအထိုက်အလျောက်လျော့နည်း သက်သာလာသည်ကို လေ့လာဆန်းစစ်မှုများအရ သိရှိရပါသည်။ ထို့ကြောင့် အမေရိကန်၊ ကနေဒါ၊ နယူးဇီလန်၊ သြစတြေးလျ၊ ဘရားဇီး၊ အာဂျင်တီးနား စသည့်နိုင်ငံများတွင် လောင်စာအရည်များ အစားသဘာဝဓာတ်ငွေ့အား မော်တော်ယာဉ်သုံးလောင်စာအဖြစ် အတိုင်းအတာတစ်ခုအထိ အသုံးပြုလျက်ရှိသည်။ အာရှဒေသအတွင်း ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ တရုတ်နှင့် မြန်မာနိုင်ငံတို့တွင် သဘာဝဓာတ်ငွေ့သုံးမော်တော်ယာဉ်များအား သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

သဘာဝဓာတ်ငွေ့သည် ရေနံနှင့် ရောနှောတွေ့ရှိသော သဘာဝဓာတ်ငွေ့ (Associate Gas) အဖြစ်သော်လည်းကောင်း၊ လေဆီဟုခေါ်သော Condensate နှင့်ရော၍ စိုထိုင်းသဘာဝဓာတ်ငွေ့ (Wet Gas) အဖြစ်လည်းကောင်း၊ သဘာဝဓာတ်ငွေ့ချည်းသက်သက် (Dry Gas) တို့အဖြစ်လည်းကောင်း ရှာဖွေတူးဖော်ထုတ်လုပ်ရရှိပါသည်။ ဓာတုဖွဲ့စည်းမှုအရ သဘာဝဓာတ်ငွေ့သည် ဟိုက်ဒရိုဂျင်မော်လီကြူးနှင့် ကာဗွန်မော်လီကျူးများဖြင့် ဖွဲ့စည်းထားပါသည်။ ပါဝင်ဖွဲ့စည်းထားသော ဟိုက်ဒရိုဂျင်မော်လီကြူးနှင့် ကာဗွန် မော်လီကြူးအချိုးအစားတို့အရ မီသိန်း၊ အီသိန်း၊ ပရိုပိန်း၊ ဗျူတိန်း၊ ပင်တိန်း၊ ဟက်စိမ်းနှင့် ဟတ်တိန်းစသည်ဖြင့် အမျိုးအစားများသတ်မှတ်ထားရာ မီသိန်း အများဆုံးပါဝင်သောသဘာဝဓာတ်ငွေ့အား မော်တော်ယာဉ်သုံး ဖိအားမြှင့်သဘာဝဓာတ်ငွေ့စီအင်န်ဂျီ (Compressed Natural Gas, CNG) အဖြစ် များစွာ အသုံးပြုလျက်ရှိပါသည်။

မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်များသိုလှောင်ရန် ဆီတိုင်ကီ (Filling Tank) အားအသုံးပြုသကဲ့သို့ သဘာဝဓာတ်ငွေ့သိုလှောင်ရန်အတွက် ဖိအားမြှင့်စက် (Compressor) အသုံးပြု၍ ဖိအားဖြင့် သဘာဝဓာတ်ငွေ့အား ဖိအားမြှင့်ဓာတ်ငွေ့လှောင်ကန် (High Pressure Cylinder) အတွင်းသို့ သိုလှောင်ဖြည့်တင်းအသုံးပြုရပါသည်။ ထို့ကြောင့် ဖိအားမြှင့် သဘာဝဓာတ်ငွေ့ (Compress Natural Gas, CNG) စီအင်န်ဂျီဟု ခေါ်ဝေါ်ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ၁၉၈၆ ခုနှစ်မှစ၍ စီအင်န်ဂျီစီမံချက်ကို စွမ်းအင်ဝန်ကြီးဌာနမှ စတင်ဆောင်ရွက်ခဲ့ပြီး ရန်ကုန်မြို့၊ ချောက်မြို့နှင့် ရေနံချောင်းမြို့များတွင် ခရီးသည်တင် စီအင်န်ဂျီယာဉ်အစီး ၅၀၀ ခန့်ဖြင့် စတင်တပ်ဆင်စမ်းသပ်အသုံးပြုခဲ့ပါသည်။ ၂၀၀၄ ခုနှစ် ဩဂုတ်လမှစတင်၍ လောင်စာဆီသုံးမော်တော်ယာဉ်များမှ သဘာဝဓာတ်ငွေ့သုံးမော်တော်ယာဉ်များအဖြစ် ပြောင်းလဲရေးစီမံချက်အား အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်ခဲ့ရာ ယခုအချိန်၌ ရန်ကုန်တိုင်းဒေသကြီးအတွင်း မော်တော်ယာဉ် ၂၆၈၄၉ စီး၊ မကွေးတိုင်းဒေသကြီးအတွင်း၌ မော်တော်ယာဉ် ၄၆၃ စီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း မော်တော်ယာဉ် ၇၂၈ စီးတို့အား စီအင်န်ဂျီသုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင် အသုံးပြုလျက်ရှိပါသည်။

စီအင်န်ဂျီသုံးမော်တော်ယာဉ် အများဆုံးရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း မော်တော်ယာဉ်သုံး စီအင်န်ဂျီဖြည့်တင်းပေးလျက်ရှိသည့် သဘာဝဓာတ်ငွေ့ဆိုင် ၄၀ မှာ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ကြီးကြပ်မှုဖြင့် စီအင်န်ဂျီသုံးမော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့နေ့စဉ် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ မှော်ဘီမြို့နယ်၊ တိုက်ကြီးမြို့နယ်၊ လှည်းကူးမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်း ပဲခူးမြို့နယ်ဒေသများမှ ပြည်သူများသွားလာမှုအဆင်ပြေစေရန် စီးတီးဘတ်စ်များ၊ မီနီဘတ်စ်များ၊ ဒိုင်နာယာဉ်များနှင့် ဟိုင်းလပ်မော်တော်ယာဉ်များအား ခရီးသည်သယ်ယူပို့ဆောင်ရေးအတွက် ပြေးဆွဲခွင့်ပြုခဲ့ပါသည်။ အဆိုပါမော်တော်ယာဉ်များအနက်မှ ဟိုင်းလပ်မော်တော်ယာဉ်များမှာ မကြာခဏ ယာဉ်တိမ်းမှောက်မှုများနှင့် ယာဉ်မတော်တဆမှုများကြောင့် သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှုများ များပြားလာ၍ ဟိုင်းလပ်မော်တော်ယာဉ်များအား ၂၀၁၄ ခုနှစ် မေလ ၁ ရက်နေ့မှစ၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပြေးဆွဲခြင်းအား ကန့်သတ်ခဲ့ပါသည်။ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်များမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း တည်ရှိနေခြင်းကြောင့် စီအင်န်ဂျီသုံးမော်တော်ယာဉ်များ သဘာဝဓာတ်ငွေ့ဖြည့်တင်းရန် အခက်အခဲရှိလာသည့်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကန့်သတ်ဧရိယာပြင်ပတွင် စီအင်န်ဂျီအရောင်းဆိုင်တစ်ဆိုင် တည်ဆောက်ဖြည့်တင်းပေးနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ အစီအစဉ်အရ စီအင်န်ဂျီအသုံးပြု ဟိုင်းလပ်မော်တော်ယာဉ်ခန့်မှန်း ၁၂၃၆ စီး အတွက် စီအင်န်ဂျီအရောင်းဆိုင်တည်ဆောက်ရန် မူလလျာထားခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် တပ်ကြီးကုန်းကျေးရွာအုပ်စု ရန်ကုန်-ပြည်လမ်းမကြီးအနီးတွင် စီအင်န်ဂျီအရောင်းဆိုင်တစ်ဆိုင် ဖွင့်လှစ်နိုင်ရေးအတွက် စွမ်းအင်ဝန်ကြီးဌာနမှ အကြိုလေ့လာ မှုများ ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါနေရာသည် ပဲခူးဒေသမှ မော်တော်ယာဉ်များလာရောက် သဘာဝဓာတ်ငွေ့ဖြည့်တင်းရန် ခက်ခဲမှုရှိခြင်းနှင့် ခန့်မှန်းစုစုပေါင်း ယာဉ်စီးရေ

မော်တော်ယာဉ်သုံး စီအင်န်ဂျီ အရောင်းဆိုင်အမှတ် (၀၄၂) (ထောက်ကြန့်) တည်ဆောက်ပြီးစီးမှုအခြေအနေ။

၁၂၃၆ စီးခန့် စီအင်န်ဂျီဖြည့်တင်းရာတွင် ကြန့်ကြာမှုရှိနိုင်သည့်အတွက် လိုအပ်မည့် ကားရှစ်စီးတစ်ပြိုင်တည်း သဘာဝဓာတ်ငွေ့ဖြည့်တင်းနိုင်မည့် ဓာတ်ငွေ့ဖြန့်ဖြူးစက် (Dispenser) လေးခုတပ်ဆင်ရန် မြေနေရာအကျယ်အဝန်း မရရှိနိုင်ခြင်းတို့ကြောင့် အဆိုပါနေရာအစား အခြားတစ်နေရာကို ထပ်မံရှာဖွေရွေးချယ်ခဲ့ပါသည်။

ထိုသို့ ထပ်မံရှာဖွေရွေးချယ်ခဲ့ရာတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် (ထောက်ကြန့်မြို့ရှောင်လမ်း) ဘွတ်ကြီးကျေးရွာအုပ်စု ရဲစုကျေးရွာအနီး ဧရိယာအကျယ်အဝန်း (၁.၅၇) ဧကရှိ မြေနေရာသည် မှော်ဘီ၊ တိုက်ကြီး၊ လှည်းကူးနှင့် ပဲခူးမြို့နယ်များမှ စီအင်န်ဂျီသုံး မော်တော်ယာဉ်များ လွယ်ကူသွက်လက်လျင်မြန်စွာ ဝယ်ယူဖြည့်တင်းနိုင်ခြင်း၊ ကန့်သတ်စည်ပင်သာယာရေးနယ်နိမိတ်မှလွတ်ကင်းပြီး အဓိကလမ်းမကြီးများ ယာဉ်ကြောပိတ်ဆို့မှုမှ ရှောင်ရှားနိုင်ခြင်း၊ အဖျောက်-ရန်ကုန် ပင်မသဘာဝဓာတ်ငွေ့ပိုက်လိုင်းနှင့် အနီးဆုံးနေရာဖြစ်ခြင်း၊ လူနေရပ်ကွက်များအား မဖြတ်သန်းဘဲ သဘာဝဓာတ်ငွေ့ပိုက်လိုင်း အမြန်ဆုံးဆက်သွယ်တည်ဆောက်နိုင်မည့် ပတ်ဝန်းကျင်ဖြစ်ခြင်း၊ စီအင်န်ဂျီဆိုင်အတွက် လုံခြုံ၍၊ ဘေးအန္တရာယ်ကင်းရှင်း၍ ကားရှစ်စီးတစ်ပြိုင်တည်း ဖြည့်တင်းနိုင်မည့် Dispenser လေးခုတပ်ဆင်ရန် လုံလောက်သောမြေနေရာ အကျယ်အဝန်းရှိခြင်းတို့ကြောင့် စီအင်န်ဂျီဆိုင်အမှတ် (၀၄၂) တည်ဆောက်ရန် မြေနေရာရွေးချယ်ပြီး လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပါသည်။

စီအင်န်ဂျီအရောင်းဆိုင်အမှတ် (၀၄၂) တည်ဆောက်ခဲ့ရာတွင် အချိန်မီပြီးစီးနိုင်ရန်အတွက် အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်း၊ ပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းနှင့် စက်တပ်ဆင်ခြင်းလုပ်ငန်းဟု အပိုင်းလေးပိုင်းခွဲခြား၍ စွမ်းအင်ဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ကာယ၊ ဉာဏဝန်ထမ်းကြီးများမှ ဆောင်ရွက်လျက်ရှိပါသည်။

အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်း၏ ၉၀% ပြီးစီးနေပြီဖြစ်ပြီး ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက် နေ့တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ပါသည်။

လျှပ်စစ်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်း၏ ၈၀% ပြီးစီးနေပြီဖြစ်ပြီး ၂၀၁၅ ခုနှစ် မတ်လအတွင်း အပြီးတပ်ဆင်သွားမည်ဖြစ်ပါသည်။

အဖျောက်-ရန်ကုန် သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှ စီအင်န်ဂျီဆိုင်အမှတ် (၀၄၂)သို့ ၆ လက်မ ပိုက်လိုင်းအရှည် (၂.၅)မိုင် သွယ်တန်းခြင်းလုပ်ငန်းမှာ ယခုအခါလုပ်ငန်း၏ ၃၂% ပြီးစီးနေပြီဖြစ်ပြီး ၂၀၁၅ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် ဆက်သွယ်ပြီးစီးမည်ဖြစ်ပါသည်။

စက်နှင့်ဆက်စပ်ပစ္စည်းများအား အာဂျင်တီးနားနိုင်ငံမှ မှာယူထားပြီးဖြစ်ရာ စီအင်န်ဂျီမော်တော်ယာဉ် ရှစ်စီးအား တစ်ချိန်တည်း ဖြည့်တင်းနိုင်မည့် Air Cooling (ASPRO) အမျိုးအစား ဖိအားမြှင့်စက် (Compressor Unit) လေးခုမှာ ၂၀၁၅ ခုနှစ် ဧပြီလ ၁၀ ရက်ခန့်တွင် ရောက်ရှိမည်ဖြစ်ပြီး ၂၀၁၅ ခုနှစ် ဧပြီလကုန်တွင် တပ်ဆင်ပြီးစီးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

စီအင်န်ဂျီဆိုင်အမှတ် (၀၄၂) အား ၂၀၁၅ ခုနှစ် ဧပြီလကုန်တွင် ဖွင့်လှစ်၍ စီအင်န်ဂျီများစတင်ရောင်းချနိုင်ရန်အတွက် စွမ်းအင်ဝန်ကြီးဌာန၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ကာယ၊ ဉာဏလုပ်သားကြီးများအနေဖြင့် နေမအား၊ ညမနား ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါဆိုင်ဖွင့်လှစ်ပြီးပါက မှော်ဘီမြို့နယ်၊ တိုက်ကြီးမြို့နယ်၊ လှည်းကူးမြို့နယ်နှင့် ပဲခူးမြို့နယ်များသို့ ပြေးဆွဲနေသော ဟိုင်းလပ်၊ ဒိုင်နာအမျိုးအစား စီအင်န်ဂျီယာဉ်များအား ၂၄ နာရီပတ်လုံး စီအင်န်ဂျီ ဖြည့်တင်းပေးတော့မည်ဖြစ်ရာ ရန်ကုန်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းသို့ သွားရောက်ဖြည့်တင်းရန် မလိုအပ်သောကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ လျော့နည်းကျဆင်းသွားမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

ကိုမျိုး(စွမ်းအင်)

မိုးကြိုးဘေးအတွက် လိုက်နာရန်အချက်များ

ယခုအခါ မိုးကြိုးဘေးအန္တရာယ်မှာ အဖြစ်များလာသော ဘေးအန္တရာယ်တစ်မျိုးဖြစ်လာသည့်အတွက် ပြည်သူများအနေဖြင့် မိုးကြိုးဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ကာကွယ်နိုင်ရန်လျှပ်စီးလက်ခြင်း၊ မိုးခြိမ်းခြင်းများ ဖြစ်ပေါ်ပါက အောက်ပါအချက်များအား အထူးဂရုပြုလိုက်နာသင့်ပါသည်။

၁။ အိမ်အပြင်တွင်ရောက်ရှိနေပါက
(က) အိမ်ထဲသို့ချက်ချင်းပြေးဝင်ပါ။ သံ/သတ္တုပစ္စည်းများကို လက်တွင်ကိုင်မထားပါနှင့်။
(ခ) သစ်ပင်၊ ဓာတ်တိုင်နှင့်သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်၊ နိမ့်သောနေရာတွင်နေပါ။
(ဂ) ရေကူးကန်၊ ရေကန်၊ မြစ်ချောင်း၊ အင်းအိုင်စသည့်နေရာများတွင်ရှိနေခဲ့လျှင် ရေထဲမှချက်ချင်းတက်ပြီး လုံခြုံသည့် အခိုအကာနေရာရှာ၍နေပါ။
(ဃ) အိမ်အပြင်ဘက်တွင် လူစုလူဝေးနှင့်ဖြစ်နေပါက သီးခြားစီဖြန့်ခွဲနေပါ။
(င) ကွင်းပြင်တွင်ထီးထီးကြီးမနေပါနှင့်။
(စ) သင့်ဆံပင်၊ မွေးညင်းများထောင်လာခြင်း၊ ကြက်သီးထလာခြင်းတို့ကို စတင်ခံစားရပါက မိုးကြိုးပစ်တော့မည့်လက္ခဏာဖြစ်သည်။ ထိုသို့ဖြစ်ပွားပါက ဒူးတုပ်ထိုင်ချလိုက်ပြီး သင့်လက်နှစ်ဖက်ကိုဒူးပေါ်သို့ယှက်တင်၍ ခန္ဓာကိုယ်ကို ကွေးညွှတ်ထားပါ။ လုံးဝန်းသော ပုံသဏ္ဌာန်ဖြင့်နေပါ။ မြေပြင်ပေါ်တွင် ပြားပြားဝပ်မှောက်မနေပါနှင့်။ ထိုသို့မှောက်နေပါက သင့်ခန္ဓာကိုယ်သည် ပို၍ကြီးမားသော မိုးကြိုးပစ်မှတ်ဖြစ်သွားနိုင်ပါသည်။
(ဆ) လှေသမားများ၊ ရေကူးသမားများအနေဖြင့် ဖြစ်နိုင်သမျှ ကမ်းသို့ကပ်ပါ။

၂။ အိမ်တွင်း၌ရှိနေပါက
(က) အဆောက်အအုံများ၏ အလယ်တွင်သာနေပါ။ ရေပိုက်များနှင့်ရေဆေးခွက်များအနီးတွင် မနေပါနှင့်။ (မိုးကြိုးလျှပ်စီးမှ တစ်ဆင့် ဓာတ်လိုက်တတ်သည်)
(ခ) ပြတင်းပေါက်များနှင့်ဝေးကွာသောနေရာတွင်နေပါ။
(ဂ) တယ်လီဖုန်းဆက်သွယ်ပါက တယ်လီဖုန်းလိုင်းမှတစ်ဆင့် မိုးကြိုးထိမှန်နိုင်သဖြင့် ဖုန်းများမသုံးပါနှင့်။
(ဃ) တီဗွီ၊ ရေဒီယို၊ လျှပ်စစ်ထမင်းအိုး၊ လျှပ်စစ်မီးပူ၊ လျှပ်စစ်မီးဖိုနှင့် ကွန်ပျူတာစသည့် လျှပ်စစ်နှင့်ဆိုင်သော ပစ္စည်းများကို ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။
(င) လျှပ်စီးလက်သောအခါ သင့်အိမ်အတွင်းရှိ သံ/သတ္တုနှင့်ဆက်စပ်ပစ္စည်းများအတွင်းသို့ လျှပ်စီးဝင်နေနိုင်၍ ရေမချိုးပါနှင့် မည်သည့်သံ/သတ္တုပစ္စည်းကိုမျှမကိုင်ပါနှင့်။
(စ) အဆောက်အအုံများတွင် မိုးကြိုးလွှဲများကြိုတင်တပ်ဆင်ထားပါ။
(ဆ) မိုးကြိုးအပစ်ရပ်ပြီး နာရီဝက်ကျော်ကြာမှ အိမ်ပြင်သို့ထွက်ပါ။
(ဇ) မီးပျက်သွားပါက ဓာတ်မီး(သို့မဟုတ်) အရေးပေါ်မီးများကိုသာ အသုံးပြုပါ။

၃။ ကားမောင်းနေပါက
(က) အရှိန်ကိုလျှော့ပါ၊ လမ်းဘေးသို့ချရပ်ပါ၊ ကားထဲတွင်သာ ဆက်နေပါ။
(ခ) ကားရပ်ထားစဉ် အရေးပေါ်အချက်ပြမီးကို ဖွင့်ထားပါ။
(ဂ) သစ်ပင်ကဲ့သို့ ရှည်လျားမြင့်မားသည့်အရာများနှင့် ဝေးရာတွင်နေပါ။ ၎င်းအရာများသည် လေပြင်းဒဏ်ကြောင့်သော်လည်းကောင်း၊ မိုးကြိုးပစ်သည့်ဒဏ်ကြောင့်သော် လည်းကောင်း လဲကျနိုင်ပါသည်။
(ဃ) ကားထဲတွင်မည်သည့် သံ/သတ္တုပစ္စည်းကိုမျှ မကိုင်ပါနှင့်။
(င) ရေလွှမ်းနေသောလမ်းပေါ်တွင် ကားမမောင်းပါနှင့်။

ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန

ရေစကြို ဆင်တဲကျေးရွာပြည်သူများ ပျိုးပင်ပန်းပင်များ စိုက်ပျိုးရောင်းချခြင်းဖြင့် စီးပွားရေးအဆင်ပြေ

ရေစကြို ဧပြီ ၁၉

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်အတွင်း ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်တို့ ဆုံစည်းရာ မြစ်ဆုံအနီးရှိ ကျွန်းထဲကျေးရွာအုပ်စုတစ်ခုဖြစ်သော ဆင်တဲကျေးရွာ အုပ်စုလေးသည် ပန်းပင်ပျိုးပင်များ၊ ပန်းပင်များစိုက်ပျိုးကာ စီးပွားဖြစ်ရောင်းချကြခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြလျက်ရှိသည်ဟု သိရသည်။

ဆင်တဲကျေးရွာအုပ်စုအတွင်းတွင် ဆင်တဲကျေးရွာ၊ နတ်ပေးကျေးရွာ၊ ခြံရာကျေးရွာ၊ မြောက်ရွာကျေးရွာ၊ ကျွန်းညိုကျေးရွာ၊ လှေခုတ်ကျေးရွာဟူ၍ ကျေးရွာပေါင်းခြောက်ရွာရှိရာတွင် လှေခုတ်ကျေးရွာတစ်ရွာတည်းသာ တောင်သူလုပ်ငန်းလုပ်ကိုင်ကြ၍ ကျန်ကျေးရွာငါးရွာမှာ ခြံစိုက်ပျိုးခြင်းဖြင့် စီးပွားရေးအဆင်ပြေကြလျက်ရှိသည်ဟု သိရသည်။ အဆိုပါကျေးရွာများမှ ထွက်ရှိသော ပျိုးပင်အမျိုးမျိုးနှင့် ပန်းပင်များမှဖူးပွင့်ကြသော ဘုရားပန်းအမျိုးမျိုးတို့ကို မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်သို့ တင်ပို့ကာ ရောင်းချလျက်ရှိသည်ဟု သိရသည်။

ဆင်တဲကျေးရွာအုပ်စုသည် ယခင်က လယ်ယာလုပ်ငန်းအား အဓိကလုပ်ကိုင်ခဲ့ကြသော်လည်း ဧရာဝတီမြစ်ကမ်းအနီးတွင်တည်ရှိသော ကျေးရွာတစ်ရွာဖြစ်သောကြောင့် မြစ်ကမ်းပါးပြိုကျသဖြင့် လယ်ယာမြေများစွာ ဆုံးရှုံးခဲ့ကြရသည်ဟု သိရသည်။ ထို့ကြောင့် မြေအနည်းငယ်တွင် စိုက်ပျိုးကာ ဝင်ငွေရရှိနိုင်သော ခြံစိုက်ပျိုးခြင်းလုပ်ငန်းအား လုပ်ကိုင်ခဲ့ကြသည်ဟု သိရသည်။ ထိုကဲ့သို့ ခြံစိုက်ပျိုးခြင်း၊ ပျိုးပင်များရောင်းချခြင်းများကို လွန်ခဲ့သော နှစ်ပေါင်း ၂၀ ခန့်ကတည်းကပင် လုပ်ကိုင်ခဲ့ကြသည်ဟု သိရသည်။

"ကျွန်တော်တို့ ဆင်တဲကျေးရွာအုပ်စုမှာ လှေခုတ်ကျေးရွာကလွဲပြီး ကျန်တဲ့ ကျေးရွာတွေက ခြံစိုက်ပျိုးရောင်းချခြင်းနဲ့ စီးပွားရေးအဆင်ပြေကြပါတယ်၊ ဆင်တဲကျေးရွာအုပ်စုကထွက်တဲ့ ပျိုးပင်အမျိုးမျိုးနဲ့ ပန်းပင်အမျိုးမျိုးကို မြန်မာနိုင်ငံနေရာအနှံ့ တင်ပို့ရောင်းချကြပါတယ်၊ ကျွန်တော်တို့ ဆင်တဲကျေးရွာက ရေစကြိုမြို့နယ်ထဲမှာ ပါဝင်ပေမယ့် မြင်းခြံမြို့နဲ့ ပိုနီးပါတယ်၊ ဆင်တဲကျေးရွာနဲ့ကပ်လျက်က ပေါက်တောကျေးရွာဆိပ်ကမ်းကနေ မြင်းခြံကိုထွက်တဲ့ ည ၂ နာရီမော်တော်နဲ့ ပျိုးပင်တွေ၊ ပန်းတွေကို စနစ်တကျထုပ်ပိုးပြီး မြင်းခြံကို သယ်ယူသွားပါတယ်၊ မနက်မှာ မြင်းခြံကားကွင်းကနေ မလှိုင်၊ တောင်သာ၊ မိတ္ထီလာ၊ ပခုက္ကူ၊ မန္တလေး၊ ရန်ကုန်အစရှိတဲ့ မြို့ကြီးတွေကို ပထမဆုံးထွက်တဲ့ ကားတွေနဲ့ ပျိုးပင်တွေ ပန်းတွေကို နေ့စဉ်တင်ပို့ရောင်းချလျက်ရှိပါတယ်"ဟု ခြံစိုက်ပျိုးသူ ဦးကျော်ဆန်းက ပြောသည်။ ပျိုးပင်များကို သီးသန့်ပျိုးကာ ရောင်းချကြသူများသည် တစ်နှစ်လျှင် ငွေကျပ် ၂၅ သိန်းခန့် ရလေ့ရှိသည်ဟု သိရသည်။ ပျိုးပင်များကို ယခင်က ရန်နဘိုကျေးရွာမှ ထွက်သော ရန်နဘိုပျိုးပင်ထည့်အိုးလေးများဖြင့်ထည့်ကာ မြစ်ကြီးနားမြို့၊ တမူး၊ ရန်ကုန်မြို့ စသည့် ဝေးလံ သောနေရာများသို့ သယ်ယူရောင်းချခဲ့ကြ၍ ယခုအချိန်တွင် သယ်ယူရလွယ်ကူစေရန် ပျိုးအိုးများအစား ပလတ်စတစ်များကို အစားထိုးအသုံးပြုလျက်ရှိသောကြောင့် ယခင်ထက် ပျိုးပင်အရေအတွက်များစွာ လွယ်ကူစွာ သယ်ယူရောင်းချနိုင်သည့်အတွက် ဝင်ငွေပိုမိုရရှိကြသည်ဟု ပျိုးပင်ရောင်းချသူတစ်ဦးက ပြောပြသည်။

အဆိုပါကျေးရွာများမှ ခြံစိုက်ပျိုးသူများသည် ကံ့ကော်၊ ရှောက်၊ သံပရာ၊ အာဆီယံ သပြေ၊ ဂန္ဓမာ၊ သရက်၊ စံပယ်၊ ဇွန်၊ နှင်းဆီ အစရှိသည့် ပန်းပင်၊ ပျိုးပင်အမျိုးမျိုးကို စီးပွားဖြစ်ရောင်းချကြရာတွင် အဓိက အမြတ် အများဆုံး ရသည့် ပန်းပင်မှာ ဂန္ဓမာပန်းဖြစ်သည်ဟု သိရသည်။ တောင်သူလုပ်ငန်းနှင့် ခြံစိုက်ပျိုးရေးလုပ်ငန်းအား နှိုင်းယှဉ်ပါက စိုက်ပျိုးကုန်ကျစရိတ်မှာ တူညီသော်လည်း အမြတ်ငွေချင်းကွာခြားသည်ဟု သိရသည်။ လယ်ယာတစ်ဧက စိုက်ပျိုး၍ရရှိသော အမြတ်ငွေနှင့် ဂန္ဓမာပန်းပင်စိုက် ဧက ဝ ဒသမ ၅ စိုက်ပျိုးရရှိသော အမြတ်ငွေမှာ အတူတူပင်ဖြစ်သည်ဟု သိရသည်။

ထို့ကြောင့်ပင် မြေအနည်းငယ်ပေါ်တွင် စိုက်ပျိုးကြခြင်းဖြင့် အမြတ်ငွေများ များရရှိသော ခြံလုပ်ငန်းအား ဆင်တဲကျေးရွာအုပ်စု တစ်ခုလုံးနီးပါး လုပ်ကိုင်ကြခြင်း ဖြစ်သည်ဟု သိရသည်။

အိမွန်ဆွေ(ရေစကြို)

ဇာတိမာန်ရွှေ့လျားစာကြည့်တိုက် အသုံးပြုလိုသည့် ရပ်ကွက်ဓမ္မာရုံများ ဆက်သွယ်နိုင်

မန္တလေး ဧပြီ ၁၉

နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသားလူငယ်များ အသိပညာဗဟုသုတဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် သီရိမာလာအနောက် အကွက်(၁၂) ရွှေလောင်းညွန့်ရပ်ရှိ ဇာတိမာန်လူငယ်စာဖတ်အသင်း၏ အစီအစဉ်ဖြင့် ဇာတိမာန်ရွှေ့လျား စာကြည့်တိုက်ကို အောင်မြေသာစံမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ရပ်ကွက်ဓမ္မာရုံများတွင် ဧပြီ ၂၁ရက်မှ မေ ၂၉ ရက်အထိ အခမဲ့ငှားရမ်းအသုံးပြုနိုင်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"လူငယ်တွေ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာအုပ်စာတမ်းများကို အိမ်တိုင်ရာရောက် အခမဲ့ငှားရမ်းဖတ်ရှုနိုင်ရန် စီစဉ်ရခြင်းဖြစ်ပါတယ်။ ရပ်ကွက်ဓမ္မာရုံများဟာ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် အရေးပါသောနေရာတစ်ခုဖြစ်ပြီး ဘာသာရေး၊ သာသနာရေးကိစ္စများသာမက လူမှုရေးကိစ္စများဆောင်ရွက်ရာမှာ အဓိကကျသော နေရာတစ်ခုဖြစ်ပါတယ်။ ဇာတိမာန်ရွှေ့လျားစာကြည့်တိုက်များတွင် ကလေးငယ်များနှင့် လူငယ်များဖတ်ရှုနိုင်သော စာအုပ်တစ်ထောင်ကျော်ပါရှိပြီး လူငယ်များနှစ်သက်သည့် ဂိမ်းကစားစရာများကိုလည်း ထည့်သွင်းထားပါတယ်။ ဓမ္မာရုံတစ်ခုတွင် အနည်းဆုံး နေ့စဉ်တစ်နာရီ ငှားရမ်းအသုံးပြုနိုင်ပါတယ်။ မည်သည့်အခကြေးငွေမျှ ပေးစရာမလိုဘဲ လုံးဝအခမဲ့အသုံးပြုနိုင်ပါတယ်။ အသုံးပြုလိုသော ရပ်ကွက်များနှင့် ဓမ္မာရုံများအနေဖြင့် ဖုန်း ၀၉-၄၄၄၀၃၅၈၂၅သို့ ဆက်သွယ်နိုင်ပါတယ်"ဟု ၎င်းက ပြောကြားသည်။

တင်မောင် (မန်းကိုယ်ပွား)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ရေဘေးအတွက် ကြိုတင်ပြင်ဆင်ခြင်း

(၁) ရေမကြီးမီ ဆောင်ရွက်ရန် အချက်များ

(က) မိုးလေဝသသတင်းကို ဂရုပြုနားထောင်ပါ။
(ခ) ရေဘေးမှ လွတ်ကင်းနိုင်သည့် အခိုင်အမာအဆောက်အအုံများ၊ ကုန်းမြင့်များ ကြိုတင်သတ်မှတ်ထားပါ။
(ဂ) သတ်မှတ်နေရာများသို့ ရောက်ရှိမည့် ပြေးလမ်းကြောင်းများ ကြိုတင်ရွေးချယ်ထားပါ။
(ဃ) ရေတွင်ပေါ်နိုင်သည့် ငှက်ပျောပင်ကဲ့သို့ အပင်များစိုက်ပျိုးထားပါ။
(င) အရေးကြီးစာရွက် စာတမ်းများ ရေမစိုနိုင်အောင် ပလတ်စတစ်ဖြင့် သေချာစွာထုပ်ပိုးထားပါ။
(စ) အဝတ်အစား၊အစားအစာ၊ ဆေးဝါး၊ ဓာတ်မီး၊ မီးခြစ်၊ဖယောင်းတိုင် စသည့်ပစ္စည်းများ အသင့်ဆောင်ထားပါ။
(ဆ) သယ်ယူပို့ဆောင်သွားလာရေးအတွက် လှေ၊ ပဲ့ထောင်၊မော်တော်၊ စက်သုံးဆီ စသည်များ ကြိုတင်စီစဉ်ထားပါ။
(ဇ) ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှုများ၌ ပူးပေါင်းပါဝင်ဆောင်ရွက်ပါ။
(ဈ) သရုပ်ပြ အစမ်းလေ့ကျင့်မှုများ ပြုလုပ်ထားပါ။

(၂) ရေကြီးခြင်း သတိပေးချက်ရရှိပါက ဆောင်ရွက်ရန် အချက်များ

(က) အစားအစာ၊ ဆေးဝါး၊ သောက်ရေတို့နှင့်အတူ လုံခြုံစိတ်ချရသော အဆောက်အအုံနှင့် ကုန်းမြေမြင့်သို့ အချိန်မီရွှေ့ပြောင်းပါ။
(ခ) သစ်တုံး၊ ဝါးဖောင်ငယ်၊ ကားတာယာကျွတ်၊ ဗောကွင်း၊ လူတစ်ဦးဖက်တွယ်နိုင်သည့် ဝါးပိုး ၊ဝါးဆစ်ပိတ်များ ဆောင်ထားပါ။
(ဂ) ကလေးငယ်များအား ရေစီးတွင်မျောပါမည်စိုး၍ ကြိုးဖြင့်ချည်နှောင်ထားခြင်းမျိုး၊ မိသားစုလိုက် ချည်နှောင်ထားခြင်းမျိုးကို ရှောင်ရှားပါ။
(ဃ) ရေဘေးအန္တရာယ် သတိပေးချက်ရရှိပါက ပင်လယ်ကမ်းခြေဒေသများ၊ အနိမ့်ပိုင်းဒေသများ၊ လယ်ကွင်းပြင်များတွင် နေထိုင်ခြင်းမှရှောင်ရှားပါ။
(င) မြစ်ချောင်း၊ ကမ်းပါး၊ မြေပြိုနိုင်သည့်ဒေသများသို့ သွားလာခြင်းမှရှောင်ရှားပါ။

(၃) ရေကြီးနေစဉ် ဆောင်ရွက်ရန်အချက်များ

(က) မြစ်ရေအခြေအနေ သတင်းထုတ်ပြန်ချက်ကို အမြဲနားထောင်ပါ။
(ခ) ရေလွှမ်းနေသည့် နေရာများသို့ လမ်းလျှောက်သွားလာခြင်းမှ ရှောင်ရှားပါ။
(ဂ) ခြောက်လက်မခန့်မြင့်သော ရေစီးသည် လူကိုမျောပါစေနိုင်သောကြောင့် ရေထဲဖြတ်ကူးခြင်း၊ ဖြတ်လျှောက်ခြင်းမပြုရ။ မလွှဲမရှောင်သာ၍ ဖြတ်လျှောက်ရပါက တုတ်ဖြင့် စမ်းထောက်ပြီးမှသွားပါ။
(ဃ) မြွေနှင့်အဆိပ်ရှိသော သတ္တဝါများ၏ အန္တရာယ်ကို သတိထားရှောင်ရှားပါ။
(င) လျှပ်စစ်အန္တရာယ်မှ ကင်းဝေးစေရန် လျှပ်စစ်မီးကြိုး၊ တိုင်များနှင့်ဝေးရာတွင် နေထိုင်ပါ။
(စ) မြစ်ချောင်း၊ ကမ်းပါး၊ မြေပြိုနိုင်သည့်နေရာများသို့ သွားလာခြင်းမှ ရှောင်ရှားပါ။
(ဆ) သောက်သုံးရေသန့်ရှင်းမှုကို တတ်နိုင်သမျှ လုပ်ဆောင်ပါ၊ ဝမ်းရောဂါမဖြစ်စေရန် ရေကိုကျိုချက်သောက်ပါ။

(၄) ရေကြီးပြီးနောက် ဆောင်ရွက်ရန်အချက်များ

(က) တာဝန်ရှိသူများက အန္တရာယ်မရှိကြောင်းကြေညာမှ အိမ်ကိုပြန်လာပါ။
(ခ) မိသားစုဝင်အားလုံး စုံ၊ မစုံစစ်ဆေးပါ။
(ဂ) ကျန်းမာရေးအခြေအနေ စစ်ဆေးပါ၊ လိုအပ်ပါက ဆေးခန်း၊ ဆေးရုံ ပို့ပါ။
(ဃ) မိမိအိမ်/ခြံ၊ လမ်း ၊ ရပ်ကွက်၊ကျေးရွာများအတွင်း သန့်ရှင်းရေးဆောင်ရွက်ပါ။
(င) ရေနစ်မြုပ်ထားသော လျှပ်စစ်ပစ္စည်းများကို ကျွမ်းကျင်သူများဖြင့် သေသေချာချာ စစ်ဆေးပြီးမှ သုံးစွဲပါ။
(စ) ရေကြီးထားသောကြောင့် လမ်း၊တံတား၊ အိမ်များ အချိန်မရွေး ပြိုကျနိုင်သည့်အတွက် သတိပြုပါ။
(ဆ) အဆိပ်ရှိသတ္တဝါများ ခိုအောင်းနေတတ်သဖြင့် သတိပြုပါ။
(ဇ) အိမ်ပတ်ဝန်းကျင်ကို ပိုးသတ်ဆေး၊ ထုံး၊ ဆားဖျန်းပါ။
(ဈ) ရေကို ကျိုချက်သောက်ပါ။

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန